
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၈၂၀၅၁၂
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၄၅၃၀၆၁၂

■

စီစဉ်သူ □ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် □ ၂၀၁၂၊ ဇူလိုင်လ
အုပ်ရေ □ ၅၀၀
မျက်နှာဖုံး □ မြတ်မင်းဟန်
ကွန်ပျူတာစာစီ □ *Maw Maw*
အတွင်းဖလင် □ *Quality*

■

ပုံနှိပ်သူ

နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း (မြဲ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၅၀၀ ကျပ်

ရ၉၅ ・ ရ၃
ညိုမှိုင်း။ မောင် (သန်လျင်)
အဝီစိမိုးမျှော် ဒုတိယပိုင်း / မောင်ညိုမှိုင်း(သန်လျင်)–ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၂။
၂၄၄–စာ ၊ ၁၃ စင်တီ × ၂၀ ・ ၅ စင်တီ။
(၁) အဝီစိမိုးမျှော် ဒုတိယပိုင်း

BURMESE CLASSIC .com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိုးကြိုးပုပ္ပ | ၁ |
| ၂။ | အဝီစိတံခါးခေါက်သံ | ၁၁ |
| ၃။ | ဝိညာဉ်ရှိသောမြို့ | ၂၀ |
| ၄။ | မရွှေဂုဏ်ပေးတဲ့ အိပ်မက်ဆန်း | ၃၀ |
| ၅။ | မောင်သက်ရှည်ကို အမြန်တွေ့ပါရစေ . . . | ၄၁ |
| ၆။ | ပါဒသမိုင်းရဲ့သက်သေလက်ကျန်လူ ကိုသက်ရှည် | ၄၉ |
| ၇။ | ပါဒကို တူးဆွဂုဏ်တင်သူများ | ၅၅ |
| ၈။ | မရွှေဂုဏ်ဘုရား သဲလွန်စ | ၆၄ |
| ၉။ | စုန်းမချောချောနဲ့ နှစ်ပါးသွားကချင်တဲ့လူ | ၆၇ |
| ၁၀။ | အဆိပ်ပြယ်ဘုန်းကြီး | ၈၉ |
| ၁၁။ | တောကြီးမြွေတောက် လိုက်တဲ့နေ့ခင်း | ၁၀၃ |
| ၁၂။ | ကပ္ပိယ ချေး(ချိုး)ပန်း | ၁၂၃ |
| ၁၃။ | အရှုးတဘောင် ဖအောင်စည်သံဟိန်း | ၁၃၃ |
| ၁၄။ | အရှုးထွန်းခြစ် ကျောင်းတော်ဝင်ခန်း | ၁၅၃ |
| ၁၅။ | ဝှါထက်ရှုးတဲ့အရှုး ရှိသေးပါကလားဟဲ့ နော | ၁၆၂ |
| ၁၆။ | ဂန္ဓိရတောရဲ့ မာယာပရိယာယ်များ | ၁၆၇ |
| ၁၇။ | ဘဝင်မြင့် အိမ်မည်းကြီး | ၁၈၉ |
| ၁၈။ | အရှုးပါးစပ်က နတ်စကား | ၂၃၀ |
| ၁၉။ | ဖြူဖွာကြီးလေးပါးပေးတဲ့တဘောင် | ၂၅၂ |
| ၂၀။ | လက်တစ်ဖက် ဖြတ်ပစ်လိုက်ရတဲ့ သူ့ခိုး | ၂၈၂ |
| ၂၁။ | ရပ်ကြီးသူတို့ ဟန်မှုပိုမို | ၂၈၈ |
| ၂၂။ | အရှုးဘဝမှ ရဟန်းဘဝသို့ | ၂၉၇ |
| ၂၃။ | သက်နံးဝတ်ကို ထိုင်တောင်းပန်တဲ့ ညီအစ်မသုံးယောက် | ၃၀၄ |
| ၂၄။ | ဘုန်းကြီးလူထွက် ငါးပိချက် . . . ကံကောင်းလှချည်ရဲ့ | ၃၂၉ |
| ၂၅။ | ငရဲမကြောက်သူများရဲ့ သန်းခေါင်ယံရက်စက်ပွဲ | ၃၃၆ |
| ၂၆။ | ဘဝဟောင်းက အမေ | ၃၅၆ |
| ၂၇။ | မောင်ရှင်လို ရေစာကျွေးတဲ့ည | ၃၆၃ |
| ၂၈။ | အကြောင်းဆိုင်တော့ နှစ်လောင်းပြိုင်များ ဖြစ်နေရော့မှာလား | ၃၇၈ |
| ၂၉။ | နောက်ကြောင်းပြန်ဝရဇိန် | ၃၈၄ |
| ၃၀။ | အဝီစိခရီးသွားလက်မှတ်ရသူများ | ၃၉၀ |
| ၃၁။ | တပ်တောင်တာဗိုလ်ထုနဲ့ လူစုလို့ လာကြိမ်းဝါးသူများ | ၃၉၆ |
| ၃၂။ | အရှုးငါးယောက် ဆေးသောက်တဲ့နေ့ | ၄၁၆ |
| ၃၃။ | နိဗ္ဗာန်မိုးမျှော် | ၄၂၅ |


www.burmeseclassic.com

www.burmeseclassic.com

ပထမပိုင်းမှ နောက်ဆုံးဇာတ်သိမ်းခန်းအား
ပြန်လည်ဖော်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အဝင်ဖြင့် အိမ်မည်ကြီး

❑

တောလည်း ငြိမ်သက်အေးချမ်းစပြုနေပြီမို့ အကြောက်လည်းပြေလာတယ်။ သူတို့ ဘုရားပျက်ကုန်းရှာခြင်းကို ခဏရပ်ပြီး သစ်ပင်ရိပ်အောက်မှာ ထိုင်နားလိုက်ကြတယ်။

''ဆက်ပြောပါဦးဘုရား''

''ငတုံးတွေ ... ဘာမှနားမလည်ဘူး ဘုရား''

''တောက် ... အရှုံးတော့ကွာ ... ဟင်း။ မင်းဒုက္ခပေးလို့ ဖြစ်ရတာ''

''ကျုပ်က ဘာဒုက္ခပေးလို့တုံး။ ပြော ...''

''မင်းဘာလို့ ငါတို့နာမည်တွေကို လိုက်ခေါ်ရတာလဲ''

''ခင်ဗျားတို့ လူမဟုတ်လားဗျ''

''အေး ... လူပဲ၊ ဘာဖြစ်လဲ''

''လူမို့လို့ လူနာမည်ခေါ်တာဥစ္စာ။ ဘာလဲ တိရစ္ဆာန်တွေလို 'ဟေ့' တို့၊ 'ဟဲ့'တို့၊ 'ဟိုကောင်' တို့ ခေါ်ရမှာလား။ ပြော ...''

''ဒါ ... အဓိကရတောကွ အရှုံးရ။ လူနာမည်မခေါ်ရဘူး။ မင်းမသိဘူးလား''





''သိသားပဲ။ သိလို့ ရှုံးတောင်ရှုံးနေဥစ္စာ။ ဟွန်း ...''

''သိရင် မင်းဘာလို့ ငါတို့နာမည်တွေ လျှောက်အော်ခေါ်ရတာလဲ။ ပြော ...''

''ဒါလား''

''ဟုတ်တယ် ... ပြော''

''အရှုံးဦးရေတိုးပွားအောင် ခေါ်ရတာပါဗျာ။ ဟား ... ဟား .. ဟား ... ဟား ...''

''အဲ ... အဲ ... ကန်တော့ပါဘုရား။ ဘွာ ... ဘွာ ...''

''တော်ကြတော့ ... စကားများမနေကြနဲ့။ မင်းတို့ငါတို့ လေးယောက်ဟာ ရှေးဘဝရေစက် ပဋ္ဌာန်းဆက်နဲ့ ဒီနေရာ ဒီအလုပ်စခန်းမှာ လာဆုံကြတာ။ ဒါ ထူးတယ်။ စောစောက ဘယ်ရောက် ... အဲ ... အဲ ကျတ်တစ္ဆေ ဘယ်လောက်ဆိုးသလဲဆိုရင် တို့အညာမှာ နာမည်ကြီးဆိုင်းဆရာ၊ စိန်ကျောက်ဆည်ဆိုတာ ရှိတယ်ကွယ့်။ တစ်နေ့ ရွာသားကြီးနှစ်ယောက်က ဆိုင်းလာငှားတယ်''

''ဘယ်ရွာမှာ တီးရမှာတုံးဗျာ''

''ဆယ့်နှစ်ကြိုးကုန်းရွာမှာပါ ရှာစား''

''အလှူပွဲလား၊ ရှပ်ဒေသးပွဲလားဗျ''

''သီးသီးသန့်သန့်'ညွှန့်ခံဖျော်ဖြေပွဲပါ။ ကျုပ်တို့အိမ်ကြီးရှင်က လူတစ်မျိုးဆရာ။ ပိုက်ဆံအလွန်ချမ်းသာတယ်။ ဒါပေမင့် မာနကြီးတယ်။ သူကိုယ်တိုင်ကလည်း သဘင်အနုပညာအကြောင်းကို အောက်ခြေသိမ်းသိတယ်။ သူ့သမီးကလည်း အဆိုရော၊ အကရော ပိုင်နိုင်ကျွမ်းကျင်တယ် ခုပွဲက သူ့သမီးအလိုကျ ကချင်တာရော၊ သူ့အိမ်ဝိုင်းက တပည့်သားမြေးဆွေမျိုးများကို ပျော်ရွှင်စေချင်လို့ရော စီစဉ်ရတဲ့ပွဲပါခင်ဗျား''

ဒါနဲ့ ဈေးစကားပြောလို့ တည့်သွားတယ်။ ဆိုင်းလာငှားသူကလည်း စရံငွေအချို့ကို ပေးချေခဲ့တယ်။

''ကျွန်တော်တို့ လာကြိုရမလားရှာစား''



www.burmeseclassic.com

www.burmeseclassic.com



"ဗိုကောင်းတာပေါ့ဗျာ။ ကျုပ်တို့လည်း ဆယ့်နှစ်ကြိုးရွာဆိုတာ မရောက်ဖူးသေးဘူးဗျ။ ဒါနဲ့နေပါဦး ဦးလေးကြီးရဲ့ ..."

(ဆိုင်းလာငှားသည့်လူကြီးအမည်မှာ ဦးခေါင်းတုံးဟုခေါ်၏။ ဆိုင်းတုံးကြီးနှင့်ဖြစ်ပြီး ကာယကံရှင်၏ အစ်ကိုတော်သူဟုသိရ၏။)

"ဟုတ်ကဲ့ ... မေးပါ ရှာစား ... ရှိမေးပါ"

"ဘာကြောင့် ဆယ့်နှစ်ကြိုးရွာလို့ ခေါ်ရတာတုံးခင်ဗျာ"

"ဩော် ... ဟော ... ဒါလား ရှာစားရဲ့၊ ဒီလို ... ရှာစားရေ မသိရင်တော့ ကဝေစုန်းမျိုး ဆယ့်နှစ်ကြိုးတွေ စုဝေးရှာတည်နေတဲ့ ရွာလို့ ထင်ရသပေါ့ဗျာ။ ဒါပေမင့် အဲဒီလို ကဝေရွာ၊ စုန်းရွာမဟုတ်ဘူး ... ရှာစားရဲ့။

ဟိုးလွန်ခဲ့သည့် ကာလတုန်းကပေါ့။ သီပေါမင်း ပါတော်မူပြီးစ အချိန်မှာပေါ့ဗျာ။ ကျုပ်တို့ရွာဘက်က ရုပ်သေးရုပ်စုံမင်းသားကြီးကိုင် မင်းသမီးကြီးကိုင် ထွက်တယ်ခင်ဗျ။ အဲဒီတုန်းက ဆယ့်နှစ်ကြိုးရွာမဟုတ်သေးဘူး။ ရွာဘုကြီးလို့ခေါ်တယ်"

"ဘာလို့ ရွာဘုကြီးလို့ ခေါ်ရသတုံး"

"ရွာလယ်ခေါင်မှာ တောင်ကုန်းခုံးခုံးကြီးရှိတယ်။ ရွာကလည်း ကျောကုန်းကြီးလို ပြန့်ပြီး အဲဒီပြန့်ကြီးပေါ်မှာ တောင်ကုန်းခုံးခုံးကြီးက ဘုကြီးတင်နေသလို အဝေးကကြည့်ရင် သိသာလို့ ရွာဘုကြီးခေါ်တာ။ နောက်ပိုင်း နောင်အခါ ရုပ်သေးမင်းသမီး အမေပုတို့၊ သံချိုကိုင် ဦးကျော်လှတို့ ခေတ်ရောက်တော့ ကျုပ်တို့ရွာက ရုပ်သေးကြိုးဆွဲများ လွှတ်ကိုထွက်သကိုး ရှာစားရဲ့။

ရုပ်စုံအတော်များများကို ကျုပ်တို့ရွာက ရုပ်သေးကြိုးဆွဲများက နိုင်နိုင်နင်းနင်းကိုင်နိုင်လို့ ရုပ်ကြိုးစင်၊ ရုပ်သေးစင်များက ဆိုင်းဆရာ၊ သဘင်ဆရာများက ကျုပ်တို့ရွာကို ဆယ့်နှစ်ကြိုးကိုင်ရွာလို့ ခေါ်တာဗျ။ ရုပ်သေးမှာ ဆယ့်နှစ်ကြိုးဆိုတာ ရှားတဲ့ပညာရှင်ပဲဗျ။ ရုပ်မျိုးစုံ ကြိုးကိုင်ခေါ်တာပေါ့ ရှာစားရယ်"

"ဟုတ်ပါပြီဗျာ ...။ ဒါဆို အဖိတ်နေ့မနက် လာကြိုပေါ့ဗျာ"





"လှည်းဘယ်နှစီးဆို ရမလဲရှာလား"

"လှည်းသုံးစီးဆို ရပါတယ်ဗျာ။ ပစ္စည်းနှစ်စီး လူတစ်စီးပေါ့"

"ဆရာကြီးတို့အိမ်ကြီးရှင်ရဲ့မင်းသမီးကရော သီချင်းရရဲ့မဟုတ်လား"

"ရှာစားတို့ရတဲ့သီချင်းပဲ ညဥ့်ဝက် ဆိုကမှာပါ။ ဟိုရောက်မှ မင်းသမီးနဲ့ ညှိနှိုင်းတာပေါ့"

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့"

"ကိုင်း ... ကျွန်တော်တို့ ပြန်မယ်ဗျာ။ စိတ်ချပါရစေနော် ... ရှာစား။ သူတို့ကလည်း စိန်ကျောက်ဆည်ဆိုင်းမှ ဆိုင်းလို့ထင်တာခင်ဗျ။ အဟဲ ... ဟဲ ... ဟဲ ..."

"စိတ်ချပါဗျာ ...။ စရံလည်းယူပြီးညစ္စာ၊ လူရွှင်တော်သုံးယောက်ထည့်ပါမယ်။ အဆိုတော်ထဲက မန္တလာမြင့်မြင့်ချိန်တို့၊ ရွှေမန်းသူ ညိုညိုမိမ်းတို့လည်း ပါမှာပါ"

"ရှာစား ဖြစ်နိုင်ရင် မိန်းကလေးအဆိုအက မခေါ်ခဲ့ပါနဲ့ဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရပါတယ်ခင်ဗျ"

"သွားပြီဗျို့"

အဲဒါ နောက်အဖိတ်နေ့လည်းကျရော လှည်းသုံးစီးရောက်လာပြီး ရှာစားတို့ ဆိုင်းပစ္စည်းများကိုတင်လို့ တစ်နေကုန်ခရီးကို လှည်းနဲ့ထွက်ခဲ့ကြတယ်။ ရွာတွေရွာတွေလည်း ဖြတ်ခဲ့ကြတယ်။

ဒီလိုနဲ့ တောတန်းတစ်ခုကိုဖြတ်၊ သချိုင်းသုံးခုကို ကျော်ပြီး လွင်ပြင်ကြီးကို ဖြတ်လည်းပြီးရော မြစ်ကမ်းကြီးနံဘေးက ရွာကြီးတစ်ရွာကို ရောက်ပါရော။

ရောက်တယ်ဆို ရွာကလူတွေ မိန်းမယောကျ်ား ကလေးလူကြီး လှည်းသုံးစီးနားကို ဝိုင်းလာကြ၊ အထူးအဆန်းလို့ ဝိုင်းကြည့်ကြတယ်။ ရွာကိုကျော်ပြီးရော ရွာဖျားက ရေနံချေးဝနေတဲ့ တိုက်ခံအိမ်ခြံဝင်းကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲကိုရောက်သွားမှ လှည်းကိုရပ်တယ်။ လူရွယ်လူကြီးပိုင်းက ပစ္စည်းများကို ဝိုင်းကူချပေးကြတယ်။

အားလုံးရဲ့မျက်နှာများပေါ်က ဖော်ရွေတဲ့ အပြုံးများက သီးနေ့ဝေနေတယ်။ ဒီမှာ ထူးခြားချက်တစ်ခုကို ရှာစားကြီးစိန်ကျောက်ဆည် သွားတွေ့လိုက်တယ်။ အဲဒါ အခြားမဟုတ်ဘူး။

အိမ်သူအိမ်သားများအားလုံးနီးပါးဟာ နားရွက်ကြီးတွေကြီးပြီး ထူကားနေတာပဲ။ ကြွက်နားရွက်ကြီးတွေလိုပဲ။

ပြီး . . . မိန်းမများရဲ့လက်တွေက ပဲကြီးရေစိမ်တွန့်သလို တွန့်နေတာပဲ။ မျက်နှာမတွန့်ဘူး။ လက်တွေ၊ ခြေတွေ တွန့်ရှုံ့နေတာပဲ။

ပျိုရွယ်သူလည်း တွန့်နေတာပဲ။

အအိုအရွယ်ကောင်းတွေလည်း ခြေရောလက်ရော တွန့်နေတာပဲ။

အမယ်ကြီးအို တွန့်သလို တွန့်နေတာ။ ဒါပေမင့် အားလုံးလိုလိုရုပ်ရည်သန့်တယ်၊ ချောမောလှပတယ်။ ကိုယ်လုံးကိုယ်ပေါက် ဖြူးတယ်။ စိုတယ်။ အိတယ်။ တင်းတယ်။ နွဲ့တယ်။ မကြိုက်မရှိဘဲ။

အဲဒါ အောက်ထပ်ခန်းကျယ်မှာ နေရာချ။ အငြိမ့်ကမည့်နေရာချပုံက မြေဝိုင်းအငြိမ့်သဘောပဲ။ အခန်းကကျယ်တော့ လူကြည့်မည့်နေရာကို ဖျာတွေခင်းပေးထားတယ်။

ရောက်ပြီး မကြာဘူး။ ဆိုင်းအဖွဲ့သား (၁၀)ယောက်ကို ထမင်းကျွေးတယ်။ ဘူးသီးနဲ့ ကြက်သားကာလသား အရည်သောက်ချက်လေးစားလို့ကောင်းမှကောင်းဗျာ။ ဆန်ကလည်း ပြောင်းနဲ့ရောချက်ထားတဲ့ ပြောင်းဆန်အိအိစေးစေးလေး။

ငံပြာရည်ချက်နဲ့ မန်ကျည်းရွက်ချဉ်သုတ်နဲ့။ မိုးမျှော်ငရုပ်သီးတို့စရာ၊ ခရမ်းရေလုံပြုတ်တို့စရာ မြိန်မှမြိန်ပဲ။

စားလို့ပြီးရော မင်းသမီးဆိုသူ ရောက်လာလေရဲ့။

အံမယ် . . . ညိုညိုချောချောလေးဗျ။ ဆံရစ်ဝိုင်းကြီးနဲ့ ဖွံ့ဖွံ့ကားကား၊ ခါးကျဉ်ကျဉ်၊ ရင်မောမောတင်းတင်းကြီး။





ပြုံးလိုက်ရင် သွားတက်ကလေးက ဖွေးခနဲပေါ်ပြီး နဂိုအလှကို ပိုကျက်သရေရှိစေတဲ့ အလှကျက်သရေအိုးလေးပဲ။ မဟာနဖူးကျယ်လေးနဲ့။

"ရှာစား . . . ဒါ ဒီအိမ်ကြီးက မြေဝိုင်းမင်းသမီး ခင်ခင်ဒိုးလေးပဲခင်ဗျ။ ဟိုအပေါ်ထပ်ကဆင်းလာတာ သူ့မိဘနှစ်ပါးပါခင်ဗျ"

တောင်ရှည်ပုဆိုးဝတ်ထားတဲ့ နှုတ်ခမ်းမွေးကားကားနဲ့ လူခန့်ခန့်ကြီးနဲ့၊ ပိုးရင်ဖုံးအကျႌ၊ ပိုးထဘီနဲ့ မဟာဆန်ဆန်အမျိုးသမီးစုံတွဲ ဆင်းလာနေတာကို မြင်ရတယ်။ သူတို့နှစ်ဦးက ပန်းကနုတ်ဖောက်ကျောမှီပါ ကုလားထိုင်ပေါ်မှာ စမတ်ကျကျထိုင်ပြီး အကဲခတ်လို့ . . .

"မိဒိုး . . ."

"ရှင် . . . အဘ"

"ဒါ . . . ဟိုမြို့ကြီးပေါ်က ဆိုင်းဆရာရှာစား စိန်ကျောက်ဆည်ဆိုတာပဲ။ ဒီည ပွဲမဝင်ခင် ကြိုတင်ကျင်းပတဲ့အနေနဲ့ ညည်းဆိုမည့်သီချင်းတီးလုံးတိုက်ကြတာပေါ့"

"ဟုတ်ကဲ့ ရှင့်"

ဒီမှာ ဆိုင်းဆရာရှာစား စိန်ကျောက်ဆည်က မောင်းကိုတီးရင်း ညိုချောမလေး မင်းသမီးမိဒိုးလေးကို မေးရော . . .

"မင်းသမီး"

"ရှင် . . . ရှာစားကြီး"

"အရင် ဘယ်ဆိုင်းဝိုင်းများနဲ့ တွဲဖက်ကပြဖူးတုံးခင်ဗျာ"

"မန္တလေးက ရှာစားစိန်ငှက်ကြီး၊ ရှာစားကြီး စိန်ဒုံးပျံ၊ ပြီး . . အမရပူရက ဆိုင်းဆရာ စိန်လက်ျာတို့နဲ့ တွဲကဖူးပါတယ်ရှင့်"

"ဟာ . . . နာမည်ကြီးဆိုင်းဆရာများနဲ့ တွဲကဖူးတာပဲကိုး"

"ဟုတ်ကဲ့ရှင်"

"ကျုပ်နာမည်ရော ကြားဖူးရဲ့လားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . .။ ကြားဖူးတာ ကြာပါပြီရှင်။ ရှာစားကြီးနဲ့ တွဲဖက်ကပြချင်လို့ တမင်ဖိတ်ခေါ်ရတာပါရှင်။ ရှာစားကြီးက အငြိမ့်ဆိုင်းလောကမှာ နာမည်ကြီးမှန်းသိပေမင့် ခုမှ မြင်ဖူးရပါသရှင့်"

"ဒီညှ ဘာသီချင်းများ ဆိုမှာတုံးဗျ . . ."

"ကျွန်မက အဆိုတော်မင်းသမီး လေဘာတီမမြရင်ရဲ့သီချင်းနဲ့ အကကို စွဲလမ်းပါတယ်ရှင်။ ကျွန်မရဲ့မိခင်ကြီးဒေါ်မြရှိုးကလည်း လေဘာတီရဲ့သီချင်းနဲ့ အကများကိုပဲ ငယ်ငယ်ကတည်းက ဦးစားပေးသင်ပေးခဲ့ပါတယ်ရှင့်။

ဒါကြောင့် အမေမြရင်ရဲ့ 'အလှူ့ရှင်' သီချင်း။ 'စစ်ကိုင်းတောင်'၊ 'ခင့်သဘော' ပြီး နန်းတော်ရှေ့ဆရာတင်ရေးလို့ ဒေါ်ကြည်အောင်ဆိုပေးတဲ့ 'သုံးရွှေလည်သီချင်း'၊ 'ဇာတိနွယ်သီချင်း' တို့ကို ဆိုပါမယ်ရှင်"

"ကိုင်း . . . ဒါဆို စလိုက်ကြစို့ရဲ့။ ဘယ်သီချင်းနဲ့ စမတုံး"

"အလှူ့ရှင်သီချင်းနဲ့ စတာပေါ့ ဆရာရယ်"

ဒါနဲ့ ရှာစားစိန်ကျောက်ဆည်က မောင်းနဲ့ အလှူ့ရှင်သီချင်းကို စလို့ပျိုးလိုက်တယ်။

"ဓောအာရုံတွင် ××× ရည်းစားသည်က ဂုဏ်ငယ်တယ်ထင် ××
တောင်းပန်တဲ့ရင်ရင် ××× ကပါရစေ ××× ရှင် ×××
မပိုင်ခင်စိတ်စွဲ ××× အငြိမ့်ထဲ မကစေချင် ××× မဒီခင် ×××
အတည်ပင် ××× အစ်ကိုများ ကာယသား ×××
ကိုင်း ××× ကျွန်မကိုချစ်ရှာ့ မေတ္တာအစစ်ပင် ×××
အသစ်တင် ××× မောင်တော့ ××× မောင်တော့ ×××
အလှူ့ရှင်မှန်း ××× အားလုံးသိကြပါတယ်ရှင် ×××
အပိုင်နော်ကြဲလိုက်သခင် ××× တိုင်ပေါ်အလံစိုက်ချင် ××× "

ကြည့်စမ်း . . . ကောင်းလိုက်တဲ့အသံနယ်။ ရှာသားစိန်ကျောက်ဆည်သာမကဘူး။ နဲ့ဆရာ မန္တလာမြရော၊ ပတ်မတီးမိုးတိမ်ရော၊ လူရွှင်တော် ပါကြီးနဲ့ပါလေး၊ ပါးပါးတို့ပါ သူမရဲ့ ခြေဆင်းသီချင်းသံနောက်ကို စီးပါသလို ဖြစ်သွား ငေးသွားကြပါရော။

---

စိတ်ကူးသစ်စာပေ



ဒါတောင် အကကို မမြင်ရသေးဘူး။

" . . . အငြိမ့်မင်းသမီးများ ရည်းစားထားတော့ . . .
လူဆိုတာမျိုးနော် . . . သဘောနည်းနည်းကြီးဦးမှပေါ့ . . .
သခင်ရယ် . . ."

"အကပါ နည်းနည်းထည့်ပါ မင်းသမီးရေ"

လူရွှင်တော် ကိုပါလေးကပြောတာ။ ဒီမှာ လူရွှင်တော် ကိုပါကြီးနဲ့ ကိုပါးပါးတို့ကပါ ဝင်ထောက်ခံပါရော။

"အသံက ရှယ်ပဲဗျို့။ အကပါလုပ်ပါ . . . မင်းသမီးရေ"

ဒါနဲ့ မင်းသမီး မိဒိုးလေးက ရှိုးရှိုးအိမ်နေ ထဘီအင်္ကျီနဲ့ ထရပ်လိုက်ပြီး အသံနဲ့အတူ အိုက်တင်ကိုပါ ထည့်ပြီးဆိုတော့တာပဲ။

"မီးရောင်အောက်ကိုဝင်ရင် . . . လူပြက်တွေနဲ့တွဲတော့ . . .
မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့ပြောတော့ . . .
သူ့သဘောက အလွန်တစ်ရာ မကြည်မလင် . . .
. . . အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ရှင် . . .
အပိုင်နော်ကြဲလိုက်သခင် . . . တိုင်ပေါ်အလံစိုက်ချင် . . ."

ရှာစားက အသံနဲ့ဟန်ကို သဘောကျလို့ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး အားလုံးကို ပြုံးပြတယ်။ ကောင်းတယ်။ တွဲလို့ ပြိုင်လို့ရပြီပေါ့။

ဒီမှာပဲ အတီးပိုဒ် တီးလုံးဝင်ရော။ မင်းသမီး မိဒိုးလေးက အလှည့်အပတ်၊ အတွန့်၊ အကွန့်၊ အညွန့်၊ အသွက်၊ အမိအဖော့၊ အကြွအလှများနဲ့ ပြုံးပြ၊ နွဲ့ပြ၊ နမူနာကပြလိုက်တာ လက်ခုပ်သံကို ညံသွားတယ်။

တိုတိုပြောကြပါစို့ကွာ။

နေလည်းဝင်ရော ခန့်ခန့်ညားညား၊ ချောချောသန့်သန့် ဝတ်ကောင်းစားလှများဝတ်ဆင်ပြီး လှလှပပပြင်ဆင်ထားသည့် အရွယ်မျိုး ယောကျ်ား မိန်းမ လေးငါးဆယ်ခန့်ဝင်ရောက်လာပြီး ဖျာများပေါ်မှာ နေရာယူကြလေရဲ့။ အချို့က ဆေးလိပ်ကြီးတွေကို အုန်းခွက်ခံပြီးဖွာလို့။ အချင်းချင်းလည်း ပြောဆိုနှုတ်ဆက် ရယ်မောကြလို့ဗျ။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အောက်လင်းမီးအိမ်ကြီးတွေ၊ အိမ်အောက်ထပ်မှာ အစီအရီထွန်း။ အငြိမ့်ကမည့်နေရာနဲ့ ဆိုင်းဝိုင်းဝန်းကျင်မှာလည်း အင်္ဂလန်လုပ် အောက်လင်းမီးအိမ်ကြီးများက မီးစာသံတရှဲရှဲနဲ့ လင်းထိန်နေတာပဲ။

အိမ်ထဲမှာ ပရိသတ်ပြည့်လျှံနေလို့ မဆံ့တော့ လှည်းဝိုင်းလေးငါးဝိုင်းက အိမ်အပြင်မှာ ဖျာခင်းကောက်ရိုးခင်း နေရာယူကြ။ ပြီး လှည်းဝိုင်းပေါ်က မိသားစု စောင်ခြုံခေါင်းမြီးခြုံကြည့်ကြ။

ဈေးသည် စားစရာမုန့်သည်များဖြစ်ကြတဲ့ ပြောင်းဖူးသည်၊ ကောက်ညှင်းထုပ်သည်၊ မုန့်ဟင်းခါးသည်၊ မုန့်စလင်းတောင်သည်၊ မုန့်လေပွေသည်၊ အကြော်သည်များတော့ လုံးဝမရှိဘူး။ ဩော် ... ရွာအလှူပွဲ၊ ဘုရားပွဲမဟုတ်တော့ ပွဲဈေးတန်းမရှိဘူးပေါ့။ ဒီပွဲက ပိုက်ဆံရှိဆွေမျိုးတစ်စု သီဆိုကပြ အာသာဆန္ဒပြတဲ့ပွဲကိုး၊ သီးသန့်ကပွဲကိုး။

ဒီလိုနဲ့ ညြွှန့်ဆိုင်းတီးပြီးရော ဆိုင်းပါ လူရွှင်တော်များရဲ့ လေပြည်ခန်းထွက်တယ်။ သူတို့ပြီးမှ အိမ်ကြီးရှင်းမင်းသမီး ခင်ခင်ဒိုးလေး အငြိမ့်ခန်းထွက်တယ်။

ခင်ခင်ဒိုးလေးက ပဏာမကနိတော့ခန်းအကနဲ့ အဖျော်အလတ်လေးကပြီး ရိုးရာသဘင်အနုပညာသမ္မဖြေကို လျှပ်စီးလက်သလိုပြပြီး ခဏနားချိန်မှာ လူရွှင်တော်သုံးဦးက ဟာသပြက်လုံးများကို ပြက်ကြတယ်။

"ကိုပါလေးရော ..."

"ရှိပါ့ ... ကိုပါကြီးရေ"

"ကိုပါးပါး ... ခင်ဗျ"

"အနားမှာရှိပါ့ ... ကိုထူထူရေ"

"ဟာ ... ပါးပါးတို့ကတော့ လုပ်ရောမယ်ဗျာ"

"ကိုပါလေးရော မေးပါရစေဗျာ"

"မေးပါ ... ကိုပါးပါး။ ဘာများ မေးချင်လို့တုံးဗျာ"

"ပါလေးတို့၊ ပါကြီးတို့ဆိုတာ ဘာအဓိပ္ပာယ်တုံးဗျာ"

"ပါလေးဆိုတာ မသိဘူးလား"

"မသိလို့ပေါ့ ကိုပါလေးရယ်"





"ပါတယ်ဆိုတဲ့ အဓိပ္ပာယ်တော့ သိမှာပေါ့"

"ဟုတ်ကဲ့ ... သိပါတယ်။ နေရာတကာပါတယ်၊ လေးစားပါတယ်၊ ရှိသေပါတယ်၊ အသင့်ရှိပါတယ်၊ ဆက်ကပ်လှူဒါန်းပါတယ်၊ အဲဒီမှာ 'ပါ'ဆိုတာ ပါနေတာကိုး ... ကိုပါလေးရဲ့"

"လေးရော သိလား"

"အလေး၊ တင်းတောင်း၊ နည်းနည်းလေး။ ဟုတ်တယ် မဟုတ်ရား ... ရို ... ဟို ... ဟို ..."

"ပညာရှိသားပဲ"

"ရှိဆို တားတို့အဖေက သုံးဘွဲ့ရကိုးလို့ ... အဟင့်"

လူရွှင်တော် ကိုပါးပါးက ကလေးသံနဲ့ပြောတယ်။ ကလေးဟန်လုပ်ပြတယ်။

"အံမယ် ... ကိုပါးပါးတို့အဖေက သုံးဘွဲ့ရ ..."

"အင်းပေါ့လို့ ... အဟင့် ..."

"အင်းပေါ့က ဟုတ်ပါပြီ၊ အဟင့်က ဘာရောဂါတုံး"

"ဖွတ်စအိုနာ ... အဲလေ ... လုပ်ပြီနော် ... အဟင့် ..."

"လုပ်ပါဦးဗျ။ ကိုပါးပါးတို့အဖေသုံးဘွဲ့က ..."

"ဟုတ်ကဲ့ ... သူခိုး၊ ဓားပြ၊ လူလိမ်ဘွဲ့ပါ"

"ဝါး ... ဟား ... ဟား ... ဟား ..."

"ဖြောင်း ..."

"အဖေရေ့ ..."

"အကောင်းမှတ်လို့ နားထောင်နေတာ မျိုးကောင်းမျိုးသန့်ပဲ"

"ဟုတ်ကဲ့"

"သန့်ဆို ရန်ကုန်ဘူတာကြီးမျိုးကိုး"

"ကီလီဘောတ်တားမျိုးရိုးနဲ့စပ် ... ဟာ ... ကိုပါလေးတို့ကတော့ဗျာ ... လုပ်ပါဦး ... ကိုပါလေးလို့ ဘာကြောင့်ခေါ်သတုံး"

"ကျုပ်က ပညာရှိတာကိုး"

"အလို ... ဘယ်လိုမျိုးရိုးနဲ့ရှိတာတုံးခင်ဗျ။ လုပ်ပါဦးဗျ"



www.burmeseclassic.com

www.burmeseclassic.com



“လယ်တီပဏ္ဍိတ ဦးမောင်ကြီး ကြားဖူးလား”

“ဟုတ်ကဲ့ … နာမည်ကြီး၊ ပညာရှိကြီးပဲ ခင်ဗျာ။ ဘာတော်တုံး ဟင်”

“အိမ်နီးနားချင်းပါ”

“ဝါး … ဟား … ဟား … ဟား …”

“သြော် … အရင်းအချာထဲကပဲကိုး။ ဆက်ပြောပါဦး … ကိုပါလေးရယ်”

“ပညာရှိ ပုပ္ပားဦးကျော်ရင် ကြားဖူးမှာပေါ့”

“ဟုတ်ကဲ့ … လယ်တီဦးကျော်ရင်လို့ ခေါ်သမို့လား။ ပညာရှိပဲဗျ …။ ဒါလည်း ဘကြီးလား၊ ဦးလေးလားဟင်”

“ရွာက ကိုသာအေးနဲ့ ညီအစ်ကိုသုံးဝမ်းကွဲလို့ ပြောတာ”

“ဟား … ဟား … ဟား … ဟား … ဟား …”

“ဝါး … ဟား … ဟား … ဟား …”

“ဟုတ်ကဲ့ …။ အဲဒီလောက်ရင်းချာမှန်း မသိလို့ပါနော် … နော် …”

“ကိစ္စမရှိပါဘူး … မေးလို့ဖြေရတာပါ ကြွားတာမဟုတ်ပါဘူး”

“ဟုတ်ကဲ့ … ကြွားပေးပါဦး ကိုပါလေးရေ …”

“ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကြားဖူးလား … ကိုပါးပါး”

“ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး၊ မြန်မာ့ငြိမ်းချမ်းရေးဖခင်ကြီး၊ မြန်မာပညာရှိ၊ ‘စတာလင်’ ငြိမ်းချမ်းရေးဆုရ ပုဂ္ဂိုလ်ကြီးပဲဥစ္စာ ကြားဖူးတာပေါ့။ တကယ့်မျိုးချစ်ပုဂ္ဂိုလ် ပညာရှိကြီးပါခင်ဗျ။ အဲဒါ ကိုပါလေးတို့ အဘိုးလား ဟင်”

“မဟုတ်ဘူး။ ရွာက မအေးညွန့်ဘကြီး

“ဝါး … ဟား … ဟား … ဟား …”

“အဟတ် … အဟတ် … အဟတ် … ဟေး …”

“ရယ်ရတယ်ကွာ”

“ပြောင်လည်းပြောင်တဲ့ လူပြက်ဟေ့”

---

စိတ်ကူးသစ်စာပေ



“ကိုပါလေး …”

“ပြော … ကိုပါးပါး … ကျုပ်အကြောင်း သိပြီလား”

“ဒါကြောင့် သူများတွေပြောတာ ယုံလိုက်ပြီဗျ”

“အံမယ် … သူများတွေက ကျုပ်ကို ဘယ်လိုချီးမွမ်းလို့တုံး”

“ပါလေးဆိုတာ အခြားမဟုတ်ဘူးတဲ့”

“အခြားမဟုတ်ရင် ဘာတဲ့တုံး။ ရင်ခုန်လိုက်ပါဘိဗျာ”

“ပါရင်လေးတာ … သံတုံးတွေ၊ ကျောက်ခဲတွေစားပြီး အီးယိုလို့တဲ့ခင်ဗျာ”

“ဟုတ်တာပေါ့ …။ တစ်ခါစား ငါးပိဿာ … ဟား … ကိုပါးပါးက လုပ်တော့မယ်ဗျာ”

“နောက် အပျိုကြီးတစ်ယောက်က ပြောသေးသဗျ”

“အမ် … အမ် … မယ် … မယ် … အပျိုကြီးတစ်ယောက်က …”

“အင်း …”

“အဟိ … အပျိုကြီးက ချောချောတောင့်တောင့်ပဲလား … ဟင် ဟင်လို့”

“သွားခေါ်တယ်”

“အမလေး …”

“အသားမည်းတာမှ သပိတ်ရောင်ပေါက်တယ်”

“မ … မပြောပါ … ပါနဲ့တော့ ကိုပါးပါး”

“ဝတာလည်း ရာဝင်အိုးအတိုင်းပဲ”

“တောင်းပန်ပါတယ် ကိုပါးပါးရယ်။ မိတ်ဆက်မပေးပါနဲ့ဗျာ”

“အဲဒီအပျိုကြီးက ပြောတာ”

“ဟို … ဟို … မင်္ဂလာစကားပဲလား ဟင် … ဟင်”

“ပါလေးဆိုတဲ့ အဓိပ္ပာယ်က လျှို့ဝှက်စကားတဲ့”

“အံမယ် … သူက … ဒါ … ဒါ … သိတယ်ပေါ့ … ဟုတ်လား”

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ...။ ဒါနဲ့ ကျုပ်က ဒါဆို ပါလေးအဓိပ္ပာယ်ကို ပြောပါ အမေရယ်လို့ မေးရော။ ဒီမှာ သူကရှင်းပြတယ်"

"ဘယ်လိုရှင်းပြတုံး ဆရာရယ်။ မင်္ဂလာစကားပဲ ဟုတ်လား ဟင်လို့"

"ပါလေးဆိုတာ လူများရင် လူကြားထဲရောက်နေရင် လျှို့ဝှက် သုံးဖို့စကားတဲ့"

"အ ... အ ... မိပ္ပာယ်က ..."

"အပေါ့သွားချင်တာကို ပြောတာတဲ့"

"အမရေး ... သားမှားပြီ ... အမေရဲ့ ... ဟီး ..."

"ဝါး ... ဟား ... ဟား ... ဟား ..."

"အဟေး ... ဟေး ... ဟေး ... ဟေး ..."

"ပါကြီးဆိုတဲ့ အဓိပ္ပာယ်ရော ပြောပြရဦးမလား"

ဒီမှာ လူရွှင်တော် ကိုပါကြီးက ပျာပျာသလဲ အနားကိုရောက်လာပြီး ...

"အမ်မယ် ... အမ်မယ် ... ငါ့ဘာသာ အလှူပွဲမှို့ ဘုရားတရား စိတ်လေးနှလုံးသွင်းပြီး ..."

"မင်းသမီး ခင်ခင်ဒိုးလေးအနားမှာ ကပ်ထိုင်ချွဲနေတာမဟုတ်လား"

"ဟို ... အစ်ကိုရို့ကလည်း သူများတွေကြားရင် တကယ်အဟုတ်ထင်နေမှဖြင့် ... ဟီး ... ဟီး ... သွပ်ပြား ရှက်ပါဘိ ... အဟီး"

လူရွှင်တော်ကိုပါကြီးက မိန်းမလိုအိုက်တင်လုပ်ပြီး မျက်နှာကို လက်ဝါးနဲ့ကာလို့ ရှက်စနိုးလုပ်ပြနေတယ်။

"အလို ... ဒါ ရှက်တဲ့ရုပ်"

"အဟင့် ... တိုးတိုးပြောပါဆို ... အဟင့်"

"အမ်မယ် ... ရှက်တဲ့ရုပ်ကလည်း ပုဆိုးရေစိုကို မုန့်ကြိုးလိန် ရုပ်ပေါက်အောင် ညှစ်နေတဲ့အတိုင်းပဲ"

"အဲဒါ နည်းနည်းရှက်နေလို့"





"ဟုတ်လား ... များများရှက်ရင် ဘယ်လိုပုံမျိုးတုံး"

"သုံးလွှန်းတင်ကြိုး ကျစ်တဲ့အတိုင်းပဲ"

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အစ်ကိုပါးပါး ..."

"ဘာတုံး ... ဘာတုံး ... ငါ့ကိုလာမကျစ်နဲ့"

"သူများကိုရော ဘယ်လိုအဓိပ္ပာယ်ဖွင့်တုံးလို့ အဟင့်"

"အဟင့်တဲ့ ... နတ်ကတော်ဂန်ဒူးစံဖေ မြွေကိုက်တဲ့ရုပ်မျိုးနဲ့ ဟင်း"

"ပြောပါဆို ... သွပ်ပြားကြားချင်လို့ ဟာကို ... ဟာကို ... အဟင့် ..."

"ပါကြီးဆိုတဲ့စကားရဲ့ အဓိပ္ပာယ်ကလည်း လျှို့ဝှက်စကားပဲတဲ့"

"အဲဒီလိုပြောကြတယ်"

"ဟုတ်တယ်"

"တန်ဘိုးကြီးမှာပဲနော် ... အစ်ကို ဟင့်။ ပြောပါဦး ... အစ်ကိုရယ် 'ပါကြီး' ဆိုတဲ့နာမည်ရဲ့ အဓိပ္ပာယ်ကို အကျယ်ဖွင့်ပုံလေး ဂုဏ်ယူစရာလေး"

"ပါကြီးဆိုတဲ့ အဓိပ္ပာယ်က ..."

"ဟုတ်ကဲ့"

"လူတောသူတောထဲမှာ ..."

"ဟုတ်ကဲ့ခင်ဗျ ... သင်းနေမှာပဲ ... အဟိ"

"ဗိုက်နာရင် ..."

"ဗျာ ... ဗျာ ..."

"ဝမ်းသွားချင်ရင် ..."

"ကို ... ကို ... ပါး ... ပါး ..."

"အိမ်သာတက်ချင်ရင် အချင်းချင်း လျှို့ဝှက်ပြောတဲ့စကားတဲ့"

"ကိုပါးပါး ..."

"အမိန့်ရှိပါ ဇာတ်ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို ... ကျုပ် ... ကျုပ်နာမည်ကိုပါကြီး ... ဆို ဆို ... တာ ... ချေးယိုချင်တယ်လို့ အဓိပ္ပာယ်ရတဲ့စကား"

"မှန်လိုက်လေ ဆရာရယ်။ ရက်(စ်) အောရိုက်၊ ဘဲရီးဂွတ်၊ ဘဲမဂွတ်၊ ဘဲမုဆိုးမဂွတ်၊ မန်ဒါလီဂွတ်၊ မန်ဒါလီနဲ့ ဘဲနဲ့စပ်ကျတဲ့ ဘဲမန်ဒါလီဂွတ်ဗျာ"

"ကိုပါးပါး ..."

"ဆိုဗျာ ... ကိုပါကြီး။ အဓိပ္ပာယ် ကောင်းရဲ့လားခင်ဗျ"

"ကျုပ် ဒီနေ့ကစပြီး လူရွှင်တော်နာမည်ပြောင်းမယ်ဗျာ"

"ပြောင်းဖို့ကောင်းတာ ကြာပြီပေါ့ ... ကိုပါကြီးရယ်"

လုပ်ပါဦးဗျာ။ ဘယ်လိုနာမည်ကောင်းများ ပြောင်းမှာတုံး"

"အိမ်သာလို့"

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟား ... ဟား ... ဟား ... ဟား ... ရှီး ... ရှီး ... ရှီ"

ပရိသတ်က သူတို့သုံးဦးရဲ့ပြက်လုံးများကို သဘောကျပြီး အားရပါးရရယ်ကြတယ်။

"ကိုပါလေးရော ..."

"ရှိပ့ါ ... ကိုပါးပါးရေ"

"ကိုပါကြီး"

"အိမ်သာ အသင့်"

"ဟာ ... လုပ်တော့မယ် ... အစ်ကိုတို့ရေ။ ကျုပ်တို့ရွာခံမင်းသမီးလေးနဲ့ ပရိသတ်ကို ထပ်မံပွဲထုတ်မိတ်ဆက်ကြဦးစို့လား ... အစ်ကိုတို့ရေ"

"မင်္ဂလာအချိန်တော် ကျရောက်ပြီကိုး ... ကိုပါးပါးရဲ့"

"ချစ်စရာကောင်းတဲ့ အငြိမ့်မင်းသမီးလေးနာမည်က ဘယ်သူတဲ့တုံး ... ကိုပါကြီးရဲ့"

"ခင်ခင်ဒိုးလေး ... ခေါ် ... မဒိုးလေးပါတဲ့ခင်ဗျာ"

"အရွယ်လည်းကောင်း ..."





"ဟုတ်ကဲ့"

"အဆင်းကလည်းလှ"

"အိမ်ကမိန်းမနဲ့တူပါ့ဗျာ"

"နှသာဆီနဲ့ အီးကိုများ မွှန်းနေတာ"

"အသံကလည်း ကောင်းမှကောင်းဗျာ"

"လောဘာတီမမြရင်အတိုင်းဆို မလွန်ပါဘူးခင်ဗျ"

"ပြောနေစကားကြော ရှည်ပါတယ်ခင်ဗျာ"

"ဟုတ်ကဲ့ ... ကိုပါးပါးရေ"

"ထုတ်ပြမှ အဟုတ်လှတာကိုမြင်ပြီး ယုံမှာကိုးဗျ ... ကိုပါကြီးရ"

"ကိုပါးပါး ..."

"ဘာတုံး ... ကိုပါကြီး၊ ပြော ..."

"ထုတ်ပြတိုင်း ကောင်းတာမဟုတ်ဘူးဗျ"

"ဟ ... ဘာဖြစ်လို့တုံး ... ကိုပါကြီးရ ... လုပ်စမ်းပါဦး"

"ပါလေးတို့အဖေ ဦးပါကာဝ် သိတယ်မဟုတ်လား"

"သိတယ်လေ ... လူနံပိန် ကျွဲချိုလိန်ဥစ္စာ"

"ပါလေးတို့အဖေ ဦးပါကာဝ်ကြီးက သူ့မိန်းမကို ခဏခဏထုတ်ပြလို့ ထ,တုတ်ပြီးပါရောလားဗျ"

"ကိုပါကြီး ... ပါလေးတို့အဖေက ဘာထုတ်ပြလို့ သူ့မိန်းမ ထ တုတ်ရတာတုံး"

"ဘဲဥ ..."

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အဟီး ... ဟီး ... ဟီး ... ဟေး ... ဟေး ... ဟေး .."

"အဟတ် ... အဟတ် ... အဟတ် ..."

တောပရိသတ်က လူရွှင်တော်သုံးယောက်ရဲ့ ပြက်လုံးများကိုနားထောင်ပြီး တဝါးဝါးတဟားဟားနဲ့ အူရွှင်ပျော်မြူးနေကြရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း ... ကိုပါးပါးရေ၊ ရွှေမင်းသမီးလေးကို ခေါ်ဗျာ။ ပရိသတ်က မျှော်နေရှာပြီဗျ"

"ဟုတ်ပ့ါဗျာ ...။ ဒါကြောင့် ပန်းသဇင် နန်းအသွင်နဲ့လိုက်ပါသတဲ့ ... အဆန်းမထွင်ပါပါဘူးခင်ဗျာ ... လမ်းမှာမြင်ရင်လည်း မှတ်မိကြပါတဲ့ လေဘာတီမမြရင်ဝင်စားသလို ... အသွင်မခြား ... အယဉ်တစ်ပါးဖြစ်ပေစေတဲ့အငြိ ... အပျိုး ... မွေးတဲ့ ... ညီမလေး ... မိဒိုးလေးရေ"

သို့ကလို ကိုပါးပါးရဲ့ အငြိမ့်ခေါ် အချိုးလေးလည်းချိုးရော ဆိုင်းဝိုင်းက ခြေခင်းလေးတီးပေးလိုက်၊ မင်းသမီး ခင်ခင်ဒိုးလေးက အကလှမ်းချက်ကို ဆိုင်းကွက်နဲ့တွဲဖက်ပြီး ပရိသတ်ကို ကန်တော့ဦးညွှတ်လိုက်တယ်။

ပရိသတ်က အံ့သြကြရော။

"ဟဲ့ ... အဲဒါ ဘယ်သူတုံးဟဲ့"

"ခင်ခင်ဒိုးလေးလေ ..."

"ဟင် ... ဘဘဦးရွှေနံ့သာရဲ့သမီး ခင်ခင်ဒိုး"

"ဟုတ်တာပေါ့တော် ...။ မင်းသမီးဝတ်စုံ ဗလာထဘီ ခါးတောင်းနဲ့ဆိုတော့ နတ်သမီးလေးထင်ရတာကိုး။ အေ့ ..."

"လှလိုက်တာအေ"

"ချွေးမတော်ချင်လိုက်တာဟယ်"

"အံမယ် ... အဘွားကြီး ရပ်တန်းကရပ်နေ"

"ဘာကိစ္စကြောင့် ရပ်ရမှာတုံးအေ့။ ချွေးမတော်ချင်လို့ ချွေးမတော်ချင်တယ်ပြောတာဥစ္စာ။ ညည်းက ဘာကြောင့် နာရတာတုံး"

"ကျုပ်သားနဲ့က ဖိတ်စာတောင်ရိုက်ပြီးပြီ သိလား"

"အံမယ် ... ညည်းက ကြီးကျယ်လို့။ ညည်းတို့ဘာသာ ဖိတ်စာပဲရိုက်ရိုက်၊ အုန်းနှီခေါက်ဆွဲပဲ ချက်နေချက်နေ မိဒိုးလေးက ဘာလုပ်လိုက်လဲ ညည်းသိလား"

"ပြောစမ်းပါဦး ... ဘာလုပ်သတဲ့တုံး၊ ဘာလုပ်သတဲ့တုံး"

"ဂါတ်တဲကို တိုင်ထားသတဲ့အေ့ ... မှတ်ထား"

---

စိတ်ကူးသစ်စာပေ



"ဝါး ... ဟား ... ဟား ... ဟား ... ဒေါ်မြင့်ယာ ... ဗိုင်တယ်တော့"

"ကိုင်း ... တော်ကြပါတော့။ စကားနိုင်လုမနေပါနဲ့။ ဟိုမှာ မင်းသမီး စကားပြောနေတယ်"

"တော်မှာပါ ... အေ ... မပြောတော့ပါဘူး။ ချွေးမအသံက အိမ်မှာ နေ့တိုင်းကြားနေရတာပါအေ"

ကိုင်း ... အဲဒါသာ ကြည့်ကြတော့။

မင်းသမီးမဒိုးလေး မီးရောင်အောက်မှာ ဗိတ်ကပ်နှုတ်ခမ်းနီလေးနဲ့ လှချင်တိုင်းလှနေတာကို ကြည့်ပြီး ပွဲကြည့်ပရိသတ် ဆွေတော်မျိုးတော်တွေ၊ ချွေးမတော်ချင်လို့ အဖြစ်သည်းနေပုံတွေရယ်။

"အစ်ကိုတို့ရေ ..."

"ဒိုးရေ ... ညီမရေ ..."

"ကိုပါးပါး ..."

"ရှိပ့ါခင်ဗျ ..."

"ကိုပါလေး ..."

"ချစ်လျက်ပါဗျာ"

"နာတော့မယ် ...။ ငါနဲ့ ဖိတ်စာဝေပြီးပြီနော် ... ဟင်း ... ဟင်း ..."

"ကိုပါကြီး ..."

"ကိုပါကြီး ..."

မင်းသမီးက ကိုပါကြီးလို့ နှုတ်ခွန်းဆက်ခေါ်ရော လူရွှင်တော် ကိုပါကြီးက စိတ်ကောက်သလိုဟန်နဲ့ တစ်ဖက်ကိုလှည့်နေရာ။

"အစ်ကိုပါကြီး ..."

"ဟော့တော့ ... ဒုက္ခပါပဲ။ အစ်ကိုပါလေးတို့၊ အစ်ကိုပါးပါးတို့"

"ဘာတုံး ... ဒိုးလေးရဲ့"

"အစ်ကိုပါကြီးကို ညီမခေါ်တာ၊ နှုတ်ဆက်တာ ခေါ်လို့မရဘူး။ ပြန်မပြောဘူး။ ဘာဖြစ်နေလဲမသိဘူး။ လုပ်ကြပါဦး ... အစ်ကိုတို့ရဲ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာဖြစ်တာလဲ သိလား"

"မသိလို့ စုံးရိမ်ပြီး မေးရတာပေါ့ အစ်ကိုရယ်"

"အေး ... မသိရင် မှတ်ထား။ အဲဒါ ခါးအောက်ပိုင်း လေဖြတ်တဲ့ရောဂါ"

"အဲဒါလေ ..."

"ဟုတ်တယ် ...။ အဲဒါတင်မကဘူး ဟိုရောဂါပါ ဖြစ်နေတာ"

"ဘာရောဂါတုံး ... အစ်ကိုပါလေးရဲ့။ မြန်မြန်ပြောပါရှင်"

"တိုနာ"

"အို ... ဘုရား ... ဘုရား ... ဒါဆို ... သူ ... သူ ... သေတော့မှာပေါ့"

"မြန်မြန်သေလေ ကောင်းလေ"

ပရိသတ်က မင်းသမီးနဲ့ လူရွှင်တော်တို့ အတိုင်အဖောက် ဟာသလုပ်နေတာကိုလည်းကောင်း၊ လူရွှင်တော်ကိုပါကြီး မျက်နှာရှုံ့မဲ့ ခံစားသရုပ်ဆောင်နေသည်ကိုလည်းကောင်း ကြည့်ပြီး တဝါးဝါးဖြစ်နေကြရဲ့။

"အစ်ကိုပါလေး ..."

"ဘာတုံး ... ညီမလေးရဲ့"

"သူ့ခမျာ သနားပါတယ် အစ်ကိုရယ်"

"မသနားနဲ့။ ဒါမျိုးက သနားရင် အိမ်ဦးခန်း ချီးတက်ယိုရော"

"ဝါး ... ဟား ... ဟား ... ဟား ... ဟား ..."

"အစ်ကိုတို့ရယ် ... သူ့ရောဂါသက်သာအောင် ဆေးလေးဘာလေး တိုက်ကြပါဦး အစ်ကိုတို့ရဲ့။ မတော် ဇာတ်ခုံပေါ် ဟိုဒင်းဖြစ်သွားမှဖြင့် ..."

"ဒိုးလေး ..."

"ရှင် ... အစ်ကို"

"သူ့ရောဂါကို ပျောက်အောင်တိုက်ရမည့်ဆေးက ရှားတယ်"

"အလို ... ရှားရအောင် ဘယ်လိုဆေးမို့လို့လဲ အစ်ကိုရဲ့"





"သူ့ရောဂါကျအောင် ပျောက်အောင် တိုက်ရမည့်ဆေးက သုံးလင်ကွာ၊ နှစ်လင်သေ မုဆိုးမရဲ့ ဂျိုင်းမွေးပဲ"

"ဘုရားရေ ..."

"အဲဒီ သုံးလင်ကွာ နှစ်လင်သေ မုဆိုးမရဲ့ ဂျိုင်းမွေး (၃၇)ပင်ကို မီးမြှိုက်ပြီးရှူမှ သူအတက်ရောဂါကျပြီး ညည်းကို ပြန်စကားပြောနိုင်မယ်။

"ဘုရား ... ဘုရား ... အံ့သြစရာပဲနော်။ ဒါဆိုလည်း အမြန်ရှာပြီး မီးမြှိုက်မှိုင်းတိုက် ရှူနိုင်းပါလားအစ်ကို"

"သုံးလင်ကွာမိန်းမက ရှာလို့ရတယ်"

"ဟုတ်လား ... ဘယ်သူတုံးဟင်"

"ပါကြီးရဲ့အမေပဲ"

"အို ..."

"နှစ်လင်သေမဟုတ်လို့ ခက်နေတယ်။ ပါကြီးအမေက တစ်လင်သေဖူးပြီးပြီ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

"ကံတော့ကောင်းပါတယ်။ အခုနောက်ဆုံးပေါင်းနေတဲ့ ယောက်ျားက ပါးပါးရဲ့အဖေ မုဆိုးဖိုကြီး ..."

"အဲဒီတော့ ဘယ်လိုလုပ်မှာတုံး၊ အကြံထုတ်ပါဦး အစ်ကိုရဲ့"

"ပါကြီးရဲ့ပထွေးကို အဆိပ်ကျွေးသတ်ရင် ပါကြီးအမေ နှစ်လင်သေ မုဆိုးမဖြစ်မယ်"

"ဒီတော့ ..."

"အဲဒီကျမှ အဘွားကြီးရဲ့ ချိုင်းမွေး(၃၇)ပင်ကို နှုတ်ပြီး သူ့သားကို ရှူနိုင်းရမယ်"

"ဒါဆိုလည်း မြန်မြန်လုပ်ကြပါရှင်"

"အေး ... ဒါကြောင့် ရှာစားရေ ... လူရွှင်တော်ပါကြီး ဟိုနှာရောဂါအမြန်ပျောက်ဖို့ ဆေးပင်အရှာထွက်မှာမို့ ဟောဒီလက်ထဲက ငှက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တောင်ခေါ်း အသွားတလှပ်လှပ်နဲ့ တအားဖြတ်မည့်အရေး ရှာစားစိန်ကျောက် ဆည်ရေ ... ဗိန်းမောင်းနဲ့ပို ... အင်္ဂလိမာလတဲ့ဟော့ ...''

ဒီမှာ ဆိုင်းဝိုင်း ဗိန်းမောင်းအဆူကိုတီး၊ လူရွှင်တော်ကိုပါလေးက ထင်းခွဲတဲ့ဓားမကြီးကိုင်ပြီး ခါးတောင်းကြိုက်လို့ အင်္ဂလိမာလတဲ့ဟော့လို့ အော်ပြီးလိုက်ရော မူလကျီအိုက်တင်လုပ်နေတဲ့ လူရွှင်တော်ကိုပါကြီးလည်း လန့်ဖျပ်ပြီး ရှေ့ကပြေး၊ ပါလေးနဲ့ မင်းသမီးလည်း ကြောက်ပြီးရော ပြေး၊ နောက်ဆုံး ဇာတ်ခုံပေါ်မှာ အမောဆို့ပြီး လဲကျ၊ လဲကျတာတောင် မင်းသမီးအပေါ်ကို ပါကြီးက မှောက်လျှက်လဲကျရင်းက ပြောလိုက်သေးတယ် ...

''ပထွေးသေတာ ဝမ်းသာလိုက်တာ'' တဲ့။

ဟာသတစ်ခန်းရပ်တော့မှ အားလုံး ထရပ်လိုက်ကြပြီး ...

''အစ်ကိုတို့ရေ ...''

''ဒိုးရေ ... ညီမရေ ...''

''ညီမလေး အစ်ကိုတို့ကို ပြောစရာရှိလို့ အစ်ကိုရဲ့''

''ပြောစရာရှိတာ ပြောလေညီမရဲ့''

''ပြောရမှာ ... ရှက် ... လို့ အစ်ကိုတို့ရဲ့ ... ခစ်''

''အမ်မယ် ... ကောင်မလေးက ငယ်ငယ်လေးနဲ့ ... ရှက် ... လို့ ... ခစ်''

''ကိုင်း ... ပြော ... ဘာတုံး''

''ရှက် ... လို့ ... ခစ်''

''ပြောပါ ... အစ်ကို့ကို တိုးတိုးလေးပြော။ ဘာတုံး''

''ခစ် ...''

''အဟင့် ...''

''ရှက် ...''

''သေဟ ... ဂန်းတာမလေး''

လူရွှင်တော်ကိုပါကြီးက မူလကျီဟန်လုပ်နေတဲ့ မင်းသမီးရဲ့တင်ပါးကို စက္ကူခေါက်နဲ့ ရိုက်လိုက်တော့ 'အမလေး ... ငါ့ညီမလေး နာသွားပါ





ပြီ' ဆိုပြီး ပါလေးက တင်ပါးကိုပွတ်ပေးမလို့ အလုပ်၊ လူရွှင်တော်ပါးပါးက ပါလေးရဲ့ပုဆိုးကို ဆွဲထားတယ်။

''လွှတ်ပါ ... ပါးပါး''

''မလွှတ်ဘူး။ မင်း အခု ဘာလုပ်မလို့တုံး''

''မိဒိုးလေးတင်ပါးမှာ အရိုးထင်သွားလို့ ဥုဖွလို့ မန်းပေးမလို့''

''မလုပ်နဲ့''

''မလုပ်လို့ မရဘူး။ ဟိုမှာ ယောင်ကိုင်းနေတယ်''

''ကိစ္စမရှိဘူး။ ငါ ထုံးဆနွင်း (နနွင်း)လူးပေးလိုက်မယ်''

''ဖြောင်း ...''

''အမလေး ... မအေးညွန့်''

ကိုပါကြီးက ပါးပါးရဲ့တင်ပါးကို စက္ကူခေါက်နဲ့ရိုက်မှ ပရိသတ်က တဝါးဝါးရယ်ကြပါရော။

''အစ်ကိုတို့ရေ ...''

''ဗျာ ... ဗျာ ...''

''ပျော်ကြရဲ့လား ... အစ်ကိုတို့ရဲ့''

''ဖွယ်ဖွယ်ရာရာ အလှကလေးများနဲ့ ရယ်စရာညလေးပါ ညီမရေ''

''ပြောစရာရှိတယ်ဆိုတာ ... ဒီလိုအစ်ကိုရဲ့''

''လာပြန်ပြီလား။ ဒီမှာတွေ့လား ထုံးဆနွင်း ... ဟင်း ... ဟင်း''

''ကဲ ... ပြော၊ ဘာတုံး''

''ကျွန်မရည်းစားက ဒီညလာမယ်တဲ့''

''အံမယ် ... ဒိုးလေး၊ ညည်းက ရည်းစားနဲ့''

''ဟုတ် ...''

''ညီမရည်းစားက ဘယ်မှာတုံးဗျ''

''ပွဲခင်းထဲမှာ''

''ဝေး ... ဝေး ... ဝေး ...''



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဟေး ... ဟေး ..."

ပရိသတ်ထဲက ကာလသားများက ပျော်မြူးပြီး ဝေးဟေးနဲ့ အသံပေးလာတယ်။ လက်ခေါက်မှုတ်ကြတယ်။

"ပွဲခင်းထဲမှာ ဒိုးလေးရည်စား ရောက်နေတယ်ဆိုတော့ ဘယ်သူများပါလိမ့်ကွယ်"

"ဒီမှာ ... ဒီမှာဗျို့"

"ကျွန်တော်ခင်ဗျ ... ကျွန်တော် ..."

"မဟုတ်ဘူး။ ငါကွ ... ငါ ... ငါ ..."

"ဟေ့ ... ဟေ့ ... လူမှားမယ်နော်။ အဘမှ အဘအစစ်"

"ဝါး ... ဟား ... ဟား ... ဟား ..."

"ဝေး ... ဟေး ... ဟေး ... ဟေး ..."

"ပါလေးရေ ..."

"ဗျာ ... ကိုပါကြီး"

"မိဒိုးလေးရည်စားက များလှချည်လားကွာ ဟင်"

"ရွာမှာ အိမ်စောင့်ကျန်ခဲ့တဲ့ အသက် (၇၀) ကျော်လူတွေကြားရင် ပြေးလာတန်းစီဦးမှာဗျ"

"ဟိုသွားမရှိတဲ့ ဘကြီးကလည်း လက်ညှိုးထောင်သေးသဗျာ"

"အဲဒါ ညိုမှိုင်းဘကြီးဟဲ့"

"ငါ ဟိုသီချင်း သွားသတိရတယ် ပါကြီးရေ"

"ဘယ်သီချင်းတုံး ... ကိုပါးပါးရေ"

"ဟိုသီချင်းလေ ...။ ဘဲအုပ်က တစ်ရာ နှစ်ရာ၊ မဗေဒါက တစ်ခွက်တည်း"

"ဖြောင်း ..."

"အမေ့"

"မဗေဒါက တစ်ပင်တည်းပါ ... သေနာကျရဲ့"

"ဩော် ... အစ်ကိုတို့ရေ ..."

"ညီမလေးရေ"





"ကျွန်မချစ်သူရည်းစားကလေ ကျွန်မအငြိမ့်ကတာကို မကြိုက်ဖူးတဲ့"

ဒီမှာ လှည်းယာဉ်ပေါ်က ကာလသားအချို့ အော်ပြန်ပါရော။

"အစ်ကိုကြီးကတော့ ကြိုက်တယ်ဟေ့"

"မောင်လေးလည်း ကြိုက်တယ် ... အစ်မဒိုးရေ"

"အိမ်မှာပဲနေပါ။ မောင်ကြီး အဝအပြ လုပ်ကျွေးပါ့မယ်"

"ဝါး ... ဟား ... ဟား ... ဟား ... ပိုင်သကွာ"

"သူက ဘာပြောလဲသိလား အစ်ကို"

"အဝအပြ လုပ်ကျွေးပါမယ်တဲ့"

"အို ... စကားကောင်းကောင်းပြောနေရင် ဖောက်ပြီ ... သူကလေ .. သဝန်သိပ်တိုတာ အစ်ကိုရဲ့။ ကျွန်မကို အခြားကာလသားတွေ ကြည့်တာ မကြိုက်ဖူးတဲ့"

"ချစ်တာကိုး ညီမရဲ့"

"မီးရောင်အောက်မှာ လူရွှင်တော် လူပြက်တွေနဲ့တွဲတာ မကြိုက်ဖူးတဲ့"

"ညီမရယ် ... အစ်ကိုတို့လည်း အလုပ်သဘောအရ ပြောရဆိုရ နောက်ရတာပါကွယ်။ သူ့ကို ရှင်းပြပါကွယ်"

"သူက သူ့ကိုယ်သူ အလှူ့ရှင်မှန်း သိပ်သိစေချင်တာ အစ်ကိုရဲ့"

"မြတ်နိုးလို့ပါ ညီမရယ်။ ခွင့်လွှတ်ပေးလိုက်ပါကွယ်"

"ဒါကြောင့် ကျွန်မက အများရှေ့မှာပဲ သူ့ကိုပြောလိုက်ချင်တယ် အစ်ကိုရဲ့"

"ညီမလေးက ဘယ်လိုများ ပြောချင်လို့တုံးဗျာ"

ဒီမှာ ရွာစားစိန်ကျောက်ဆည်က နန်းတော်ရှေ့ဆရာတင်ရေးပြီး လေဘာတီမမြရင်သီဆိုတဲ့ အလှူ့ရှင်သီချင်းကို ခြေဆင်းခင်းပေးလိုက်တယ်"

ခြေဆင်း ။ ။ ဇာအာရုံတွင် ××× ရည်းစားသည်က



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ငယ်တယ်ထင် ××× တောင်းပန်တဲ့ရင်ရင် ×××
ကပါရစေရှင် ××× မပိုင်ခင်စိတ်စွဲ ××× အငြိမ့်ထဲမကစေချင်
ကပါရစေရှင် ××× မဒီခင်အတည့်ပင် ×××
အစ်ကိုများ ကာလသားတိုင်းက ××× ကျွန်မကချစ်ရှာ ×××
မေတ္တာစစ်စစ်ပင် ××× အသစ်ထင် ××× မောင်တော့ ×××
မောင်တော့ ××× အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ရှင် ×××
အပိုင်နော်ကြဲလိုက်သခင် ××× တိုင်ပေါ်အလံစိုက်ချင် ××× ''

''ဒိုးရေ ... ဒိုးရေ ... ညီမလေးရေ ...''

''မြရင် လူဝင်စားလေးတဲ့လားဟဲ့''

''××× အငြိမ့်မင်းသမီးများ ရည်စားထားတော့ လူဆိုတာမျိုးနော်
သဘောနည်းနည်းကြီးဦးမှပေါ့ ××× သခင်ရယ် ×××
မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့တွဲတော့ ×××
သူ့သဘောက အလွန်တစ်ရာမကြည်မလင် ×××
(ဒြော် ××× မြရင် ××× မြရင် ××× )[၂]
ချစ်ကြပေသရှင် ××× ပြေတစ်ခွင် သူ့အချစ်မျိုးဟာ ×××
ဘယ်အချိုးအစားလည်း တကယ်အားမရနိုင်ရှာအောင်ပင် ×××
ပေါ်ပေါ်ထင်ထင် ××× ဖြစ်ချင်ကြလျှင် ××× အလှူ့ရှင်မှန်း ×××
အားလုံးသိကြပါတယ်ရှင် ××× အပိုင်နော်ကြဲလိုက်သခင် ×××
တိုင်ပေါ်အလံစိုက်ချင် ××× ဟေ့ ××× ''

ဒီမှာ အငြိမ့်မင်းသမီး မိဒိုးလေးက ဗလာထဘီအနားကို ခြေဖျား နဲ့ခပ်ရင်း ဆိုင်းဆရာစိန်ကျော်ဆည်ကို မျက်စလေးပစ် မေးလေးဆတ် ပြလိုက်ရော ...

မိဒိုးရဲ့အလှနဲ့အသံမှာ နစ်မျောဝင်စားနေတဲ့ ဆိုင်းဆရာ စိန် ကျော်ဆည် လူမိသလို ခံစားလိုက်ရလို့ ရှက်ပြုံးလေးတစ်ချက်ပြုံးပြီး ဟန် ပါပါလက်မြှောက်လို့ ပတ်လုံးများကိုမွှေ့လိုက်ရင်း အတီးပိုဒ်ကို တိတ်တနိုး အချစ်ရောစွက်လို့ လက်သံပြောင်ပြောင် တီးပစ်လိုက်တယ်။





ရွာစားဆိုင်းဆရာ စိန်ကျော်ဆည်ကိုယ်တိုင် အားရပါးရပြုံးကာ ရင်ကော့ မော့ကာ ဆက်ကာတီးပြီဆိုတော့ ...

ဒိုးတီး ပတ်မတီး မောင်ကြီးကလည်း 'ကဆစ်' 'ကွန့်ဆစ်' ဒိုး ဆစ်များကိုအားရပါးရတီးလိုက်တာ အကနဲ့အတီး ပြိုင်နေသလိုပဲ။

ပရိသတ်ကလည်း အကကိုတစ်လှည့် အတီးကိုတစ်လှည့် ကြည့် ပြီး ကောင်းလိုက်တာဟု အဖန်ဖန် ချီးကျူးနေကြတယ်။

'' ××× အီဂျစ်နဲ့အင်္ဂလန် နိုင်ငံခြားကို မောင်သွားထားပါလား။ သူများမကြည့်စေချင်ရင်''

''ထားရမှာပဲ။ အီဂျစ်နဲ့ အင်္ဂလန်မကဘူး နတ်ပြည်ခြောက်ထပ် မှာ သော့ခတ်ထားမှာ''

''အံမယ် ... ပါလေး ... မင်းကရော နတ်ပြည်ရောက်မှာမို့ လား''

''ငါက နတ်ပြည်မရောက်လို့ ဘယ်ရောက်ရမှာလဲ''

''အငိစိလေ''

''ဝါး ... ဟား ... ဟား ... ဟား ...''

''ခွိ ... ခွိ ... ခွိ ...''

''စာရေးတဲ့ဆရာတောင် ××× အိမ်မလာရပေါင် ×××
မောင်ပြောထားလေသလား ××× ပျိုတစ်ပါးမသိပေါင် ××× ''

''သီချင်းရေးတဲ့ နန်းတော်ရှေ့ဆရာတင်မကဘူး၊ ပါကြီးတို့ ပါးပါး တို့တောင် ခြံဝမရပ်ရဘူးပြောထားတာ''

''ဟ ... ငါတို့က ဘာလုပ်မှာမို့တုံး ... ပါလေးရ ဟင်''

''ကောက်ရိုးပုံမြင်ရင် ဆွဲစားမှာစိုးလို့''

''သေဟ ...''

''ဝါးဟားဟားဟား ပြောင်တယ်ကွာ''

''ဝါသနာကို မတားနဲ့တော့ရှင် ×××
သည်လိုနေရာ အများကလည်း သနားကြဖွယ် ××× မြမြရှင် ×××
ကျွန်မ ကချင် ××× သည်းခံတော့ဘိုကေလင် ××× ''



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံကျော်ပါသရှင်"

"သိပါတယ် ... သိပါတယ်ခင်ဗျ"

"ပြိုင်စံပေါ်စရာ မမြင် ×××"

"ဟုတ်ပါတယ်၊ မှန်ပါတယ်ခင်ဗျ"

"နိုင်ငံကျော်ကြီးပါရှင် ××× နန်းတော်ရှေ့တင် ×××"

"တတ်ပါတယ် ... တော်ပါတယ်ခင်ဗျ"

"သူကလည်း တစ်ခုထွင်ရင်၊ သူကလည်း တစ်ခုထွင်ရင် ×××
အလှူ့ရှင်မှန်း အားလုံးသိကြပါတယ်ရှင်။ စာစီညွန်းဖွဲ့လျှင် ×××
နာမည်အလွန်ထည့်ချင် ×××"

ဆိုင်းဝိုင်းအတီးနဲ့ မင်းသမီးအကတို့ဟာ စင်ပေါ်မှာ အပြိုင်ကို ကနေတာ။ အဲဒီသီချင်းပြီးတော့ ဆရာရွှေတိုင်ညွန့်ရေးပြီး အဆိုတော်မကြည် အောင်သီဆိုတဲ့ အဖော်တွေစုံညီ ဒင်းနားပါတီကို အင်္ဂလန်ခြေထိုးနဲ့ ကသွား တာ လှမှလှ၊ ကြွမှကြွ၊ မွမှမွပါပဲ"

ပြီးတော့ နန်းတော်ရှေ့ဆရာတင်ရဲ့ ပျို့ဖာတီနွယ်သီချင်း၊

မိဒိုးလေးရဲ့ ...

ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်၊ လက်ရေတစ်ပြင် တည်း ရှေးကထက်ပိုမိုချစ်ကြတယ် သီချင်းသံက ပွဲခင်းကို လွှမ်းနေတယ်။

ပရိသတ်ကလည်း ဆိုင်းဆရာစိန်ကျောက်ဆည် မင်းသမီးမိဒိုးလေး ကို ပိုးတီးလေးတီးပြီး အကောင်းဆုံးပို့ပေးနေမှန်းကို ရိပ်မိကြတယ်။

မင်းသမီး မိဒိုးလေးနဲ့ လူရွှင်တော်သုံးယောက်ကလည်း ရိပ်စား မိပြီး မြှောက်ပင့်ပေးကြလို့ အတီးနဲ့အဆို ချွေးဒီးဒီးကျ အားပြိုင်နေကြ တာ လက်ခုပ်သံမစဲဘူး။

"မိဒိုးလေးဟေ့နော်"

"ကြိတ်ထားဒိုးလေး"

"စိန်ကျောက်ဆည်ကွ ... ရွာစား ဘာတဲ့တုံး"

"ချွေးကျရင် မွေးမြူနေရမဟေ့ ... စိန်ကျောက်ဆည်ကွ"





သူ့လူသူအားပေး၊ ကိုယ့်လူကိုယ်အားပေး၊ ပျော်စရာကောင်းလိုက် တာ။ ညဥ့်သန်းခေါင်ကျော်လာခဲ့ပြီ။ မင်းသမီးကလည်း အဆိုမရပ်ဘူး၊ အက မရပ်ဘူး။

သည်မှာ မင်းသမီးမိဒိုးလေးက သီချင်းတိုက်တုန်းကမပါတဲ့ နန်း တော်ရှေ့ဆရာတင်ရေးတဲ့ 'သုံးရွှေ့လည်' သီချင်းကို ကောက်ကာငင်ကာ ဆိုပါရော။ ပညာစပြပြီလေ။

သမ္ဘာမရင့်တဲ့ဆိုင်းဆရာဆို ပရိသတ်ရှေ့မှာ အရှက်ကွဲရော။

ရွာစားစိန်ကျောက်ဆည်ကလည်း အငြိမ့်ပွဲ၊ ဇာတ်ပွဲများနဲ့ အပွဲပွဲ နွှဲလာသည့် ဆိုင်းဆရာဆိုတော့ သူကောက်ဆိုရင် ကိုယ်ကလည်း အသင့် ကောက်တီးပဲ။ တောပြီး ပျိုးပြီးသားပဲ။

(ဟိုရှေးတုန်းက တီးတဲ့ပုံရှည် ×××

ဆိုင်းတွေဝိုင်းတွေ မပေါ်ခင်ကကွယ် ××× တီးကြဦးမယ် ×××

မြင်သေးတယ် ××× ရေဒိုးကြီးလောက် ရှိပေလိမ့်မယ် ×××

စည့်အိုးကြီးလောက် ကြီးပေလိမ့်မယ်)၂

(ဗုံရှည်ကြီးလို့ခေါ်ပါတယ် ××× တီးမှုပြီးရတယ်)၂

(သပြေပန်းပင်ကို ဝိုင်းလို့ကတယ် ×××

ဇာတ်သမားဟန်တွေ ပြချင်သေးတယ်)၂

ထဘီစွန်တောင်ဆွဲလို့ ကရတယ် ×××

(အရောင်တင်မခြယ် ××× နဂိုအလှ အလှပါကွယ်)၂

အဲဒါမှ ဒါမှ ××× အာဂသဘင်သည် ××× ရှေးခေတ်ဟောင်းကို

အောက်မေ့ပါတော့တယ် ×××"

နောက်ဆုံး ရွှေတိုင်ညွန့်ရေးတဲ့ **စုံတော့မြိုင်** နဲ့ နန်းတော်ရှေ့ ဆရာတင်ရေးခဲ့တဲ့ **အောင်နိမိတ်** သီချင်းနှစ်ပုဒ်ကို အသံပညာပြဆိုပြီး အယဥ် အနု အခန့်လေး ပညာပိုင်းပြကပြီးတော့မှ ပွဲကို သိမ်းလိုက်တယ်။

ပွဲသိမ်းချိန်က မိုးသောက် (၁)နာရီအချိန်။

မိုးလင်းရင် ပရိသတ်ကို ကျွေးမွေးဧည့်ခံရမှာမို့ ပွဲသိမ်းရတယ်ပါ လို့ ကြေငြာရင်း တစ်စခန်းရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲရပ်ပြီးတော့ မင်းသမီးမိဒိုးလေးက ဆိုင်းဝိုင်းရှေ့ကို လာရှိ တယ်။

"မိဒိုးလေး ..."

"ရှင် ... ဆရာ"

"ကောင်းလှချည်လား ... မိဒိုးလေးရယ်။ ကျုပ် အောက်ပြည် ရော၊ မြစ်ဝကျွန်းပေါ်ရော အထက်မြန်မာပြည်မှာပါ ဆိုင်းပွဲ၊ ရုပ်သေးပွဲ ဇာတ်ပွဲ၊ အငြိမ့်ပွဲ အတော်များများကို လိုက်တီးဖူးတယ်။ ညည်းလို အသံ ရော အကရော အလှရော စွယ်စုံတော်တဲ့ မင်းသမီး၊ သီချင်းစုံရတဲ့ မင်း သမီးကို မတွေ့ဖူးဘူး"

"ဆရာရွာစားကြီးက ကျွန်မကို မြှောက်နေပါပြီ ... အဟင့်"

"တကယ်တော်လို့ တော်တယ်ချီးမွမ်းရတာပါ နှမ"

"ဆရာတို့ ဆိုင်းဝိုင်းတော်ကြီးကလည်း လက်ကျလက်န အတီး အသား စည်းဝါးနရီပိုင်လို့ သီချင်းမျိုးစုံကို ကြိုက်ရာရွေးတီးနိုင်လို့ပါဆရာ"

"မိဒိုးလေး ..."

"ရှင် ... ဆရာရွာစားကြီး"

"နောင်ကို ကျုပ် ပွဲစဉ်များရှိရင် မိဒိုးလေး ပါဝင်ကူညီကပြပေး နိုင်မလား။ ကျုပ် ညကြေး ထိုက်ထိုက်တန်တန်ပေးပါ့မယ်ဗျာ"

"မဖြစ်ပါဘူး ဆရာရွာစားကြီးရယ် ... ရွာစားကြီးရှင့်"

"ပြောပါ ... မိဒိုးလေး"

"ဟောဒါ ရွာစားကြီးဆရာသမားနဲ့ မိဒိုးလေးတို့ ရင်းနှီးမှုအထိမ်း အမှတ် အမှတ်တရလက်ဆောင်ပါ ရွာစားကြီး။ ယူပါရှင့်"

မိဒိုးလေးက ရွာစားစိန်ကျော်ဆည်ကို သူမအငြိမ့်ကတုန်းက ခြုံတဲ့ ကြည်ပြာရောင်ပိုးပန်းပွားပါ ပန်းလည်တင် ပဝါတစ်ပိုင် လက်ဆောင် ပေးတယ်။

ရွာစားစိန်ကျော်ဆည် အံ့ဩလွန်း၊ ဝမ်းသာလွန်းလို့ ကြည်ပြာ ရောင် ပိုးပန်းပွားပဝါလေးကို လှမ်းယူပြီး ရင်ခွင်မှာအပ်ထားလိုက်တယ်။ ရေမွှေးနံ့လေး သင်းလို့ရယ်။

---

စိတ်ကူးသစ်စာပေ



"ကျွန်မ အငြိမ့်သိပ်ကချင်နေတာပါ ရွာစားကြီးရယ်။ ကျွန်မရဲ့ အဘွားကလည်း ရှေးခေတ်တော်သုံး အငြိမ့်မင်းသမီးကြီးပါ။ အဘိုးက သဘင်ဝန်မျိုးရိုးပါ။ ခုတော့ သူတို့မရှိတော့ပါဘူး။ ခရီးပွဲစဉ်သွားရင်း မော် တော်မှောက်လို့ အားလုံး ကွယ်လွန်သွားကြတယ်။

ကျွန်မ အလွန်ကချင်တဲ့အငြိမ့်ကို အဘတွေ၊ ဦးကြီးတွေမိဘအမျိုး တွေကောင်းမှုကြောင့် ကျွန်မ တစ်ညလုံးနီးပါး အငြိမ့်ကခွင့်ရတာ။ ဆရာ ရွာစားကြီးတို့ ဆိုင်းပညာရှင်များရော၊ မိဘလူကြီးများကိုပါ အထူးကျေးဇူး တင်နေပါတယ် ဆရာရွာစားကြီးတို့ရယ်။

ကျွန်မ ဘယ်ဘဝ၊ ဘယ်အခြေအနေကို ရောက်ရောက်၊ ရွာစား ကြီးတို့ကို မမေ့ပါဘူးရှင်။ ကျွန်မဘက်ကရော ကျွန်မတို့အိမ်ရှင်များဘက် က ရွာစားကြီးတို့အပေါ် ပြောမှားဆိုမှား၊ အပြုအမူအမှားများ၊ မရိုမသေ မလေးမခန့် ရိုင်းပျူမှုများရှိနေရင် ကိုယ့်သမီးလေး ပျော်ချင်လွန်းလို့ပြော တဲ့ ပြုမူတဲ့အမှားလို့ သဘောထားပြီး ခွင့်လွှတ်ပေးပါလို့ ပြောဆိုတောင်းပန် ရင်း အစ်ကိုဆရာရွာစားကြီးတို့အားလုံးကို ကျွန်မ ကန်တော့တောင်းပန် ပါတယ် ... အစ်ကိုရွာစားကြီးရယ်"

မိဒိုးလေးက ထူးဆန်းအံ့ဖွယ်စကားများကို အားရပါးရပြောပြီး နောက် နံနက်မိုးမသောက်ခင် လင်းကြက်မအော်ခင်မှာဘဲ ရွာစားစိန်ကျော် ဆည်တို့ဆိုင်းအဖွဲ့ကို ဆိုင်းဝိုင်းရှေ့မှာ ရွာလူကြီးများနှင့်အတူထိုင်ပြီး ရိုရို သေသေ ကန်တော့ရှာတယ်။

"သာဓု ... သာဓု ... သာဓု ... ငါ့နှမ ... ငါ့နှမလေးရဲ့ မိဘ ရိုးရာအနုပညာအမွေအနှစ်ကို ထိန်းသိမ်းတဲ့ စိတ်ဓာတ်ကိုလည်း အစ်ကို တို့က လေးစားပါတယ်။ တန်ဖိုးထားပါတယ်။ ညီမတို့ဘက်က အစ်ကိုတို့ အပေါ်မှာ ချေ့ဝတ်ကျေကြပါတယ်။ အားလုံးကို သတိရနေမှာပါ။ ကျေးဇူး လည်း တင်ပါတယ်ကွယ်"

သည်မှာ အကြီးအကဲလူကြီးတစ်ဦးက ရွာစားကြီးရဲ့လက်ထဲကို ကျန်ဆိုင်းဘိုးငွေပေးချေပြီး ဆိုင်းဆရာများ စားရေးသောက်ရေးကို စီစဉ် ကြတယ်။ ❁

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်မင်းသမီး ခင်ခင်ဒိုးလေးကလည်း ဆိုင်းဆရာရှာစားကြီးရဲ့ မျက်နှာကို မျှော်လင့်အားကိုး ရှက်ရွံ့အားနာသော မျက်နှာလေးနှင့် မော့ကြည့်ပြီး သူ့အဖော်မိန်းမကြီးရဲ့ ဆွဲခေါ်ရာနောက်ကို လိုက်ပါသွားခဲ့ရတယ်။

သည့်နောက် ရှာစားကြီး စိန်ကျောက်ဆည်တို့အဖွဲ့ကို အိမ်တော်ပါ လူကြီးလူရွယ်များက အရက်မျိုးစုံ၊ စားဖွယ်အမြည်းမျိုးစုံနဲ့ ညှော်ခံကြတယ်။ မောပန်းနေတော့ အားရပါးရစားသောက်ပြီးနောက် အဲဒီဝန်းကျင်မှာပဲ မှုးယစ်ပြီး အိပ်ပျော်သွားကြပါရော။ တစ်ညလုံး ချွေးဒီးဒီးကျ တီးရမှုတ်ရလွန်းသမို့ ဆိုင်းအဖွဲ့သားအားလုံး ခေါင်းအုံးပေါ် ခေါင်းချရော တစ်ခါတည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျ သွားကြတာပဲ။

ဘယ်ကလောက်အထိ အိပ်ပျော်သွားခဲ့သလဲမသိဘူး။ ကြည်နူးစရာကောင်းလိုက်တဲ့ဘဝရယ်။

ရှာစားစိန်ကျောက်ဆည်နဲ့ မင်းသမီးခင်ခင်ဒိုးလေးရယ်၊ လက်ချင်းချိတ်ပြီး သဲသောင်ဖွေးဖွေး ပင်လယ်ကမ်းပါးပေါ်မှာ ပြေးလွှားပျော်မြူးကြည်နူးနေတာ ...

ခေါင်းပေါ်မှာ စင်ရော်ငှက်ကြီးတွေ ထဝဲပျံပြီး ကောင်းချီးပေးလိုက်၊ လင်းပိုင်ကြီးတွေက ရေပြင်ကနေ ခေါင်းထောင်ကခုန်ပြီး ဩဘာပေးလိုက် ...

ဒီမှာ ခင်ခင်ဒိုးလေးက ထဘီရင်လျားနဲ့ ရေထဲကိုဆင်းသွားတယ်။ စိန်ကျောက်ဆည်ကိုလည်း မျက်ခုံးလေးချီပြီး လက်ယပ်ခေါ်နေတယ်။ သူမ ရေထဲဆင်းသွားတာ ခေါင်းပဲပေါ်တော့တယ်။

စိန်ကျောက်ဆည် ရေထဲကို ဒိုင်ဗင်ထိုးဆင်းပြီး ချစ်သူခင်ခင်ဒိုးလေးရှိရာ ကူးသွားရော ခင်ခင်ဒိုးလေး မရှိတော့ဘူး။

ဘယ်နားကပေါ်လာမှာလဲလို့ လိုက်လှည့်ကြည့်သော်လည်း ခင်ခင်ဒိုးလေးရဲ့အစအနကို လုံးဝမမြင်ရဘူး။

"ဒိုးရေ ... ဒိုးလေး ..."

"မိဒိုးရေ ... မိဒိုး ... မင်းဘယ်မှာလဲ ... ဒိုး ..."

စိတ်ကူးသစ်စာပေ



သူ ပင်လယ်ရေနက်ထဲမှာ ချစ်သူခင်ခင်ဒိုးလေးရဲ့အမည်ကို ရင်ကွဲသံနဲ့ တကြော်ကြော်အော်ခေါ်ရင်း လှည့်ပတ်ရှာနေမိတယ်။

လှိုင်းပုတ်သံတဝုန်းဝုန်းက ချောက်ချားစရာကောင်းနေပြီး ပင်လယ်ဒီရေလှိုင်းလုံးများကလည်း သူ့ကို တွန်းယူသွားလိုက်၊ ရေထဲဆွဲချလိုက်။

"ဒိုးရေ ... ဒိုး ..."

"မိဒိုးလေးရေ ... ဒိုး ... ညီမလေး ..."

ပြန်ထူးသံလည်း မကြားရဘူး။ သူ့ခေါ်သံများကလည်း တဝုန်းဝုန်း ရိုက်လိုမ့်လူးတက်လာနေတဲ့ လှိုင်းလုံးပုတ်သံကြားမှ ကျိုးကြေပျောက်ကွယ်သွားတယ်။

သူ ချစ်သူအတွက် ရင်ဖိုစိုးရိမ်လာပြီး ...

မဟုတ်မှလွဲရော ချစ်သူခင်ခင်ဒိုးလေး ရေအောက်မှာ တစ်ခုခုဖြစ်နေပြီလား။

ရေငန်မိကျောင်းများ ဆွဲသွားရော့လား။

ဒါမှမဟုတ် ပင်လယ်ငမန်းများ ချီသွားရော့သလား။

သူ ချစ်သူကို ဒီအတိုင်း ပစ်ထားခဲ့ရမှာလား။

အကျိုးမသိ၊ အကြောင်းမသိ၊ သေပြီလို့ ပြောရမှာလား။

ချစ်ခြင်းရာဇဝင်မှာ ချစ်သူရဲ့မျက်ရည်နဲ့ ရှိုက်သံကို ဥပေက္ခာပြုပြီး တစ်ကိုယ်ကောင်းဆန်တဲ့ သရဖူဆောင်းခြင်းမျိုးနဲ့ ဒုတိယမြောက်မိန်းမကို မိဖုရားမြှောက်ပြီး ဝမ်းသာအောင်ပွဲခံနေရမှာလား။

အဲဒါကရော စစ်မှန်တဲ့ချစ်ခြင်းရဲ့ ဘာစွာတရားလား။

ဒါက အချစ်ကို ကိုးကွယ်ယောင်ဆောင်၊ မြတ်နိုးယောင်ဆောင်၊ တန်ဖိုးထားယောင်ဆောင်ပြီး ကာမယောင်တိုက်ကို ပြာကျအောင် မီးမြှိုက်ရယ်မောနေတဲ့ သူယုတ်မာစည်းပိုင်းထဲကအချစ်ကို အမြီးကျက်အမြီးစား ခေါင်းကျက်ခေါင်းစား လူစားမျိုးရဲ့အလုပ်။

သူက သစ္စာပျက်စာရင်းမှာ အလျှင်းမပါ။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စိန်ကျောက်ဆည် လှိုင်းလုံးများစီးချင်းထိုး နပန်းလုံးနေသည့်ကြား မှ ရေအောက်ကို ငုပ်သွားလိုက်တယ်။

ချစ်သူ ဘယ်နားမှာလဲ၊

ခင်ခင်ဒိုးလေး ဘယ်မှာလဲ၊

ကျိန်းစပ်နေတဲ့မျက်လုံးကို အစွမ်းကုန်ဖွင့်ပြီး ရေလွှာအနံ့မှာ လိုက် ရှာနေချိန် ...

သူ့ခန္ဓာကိုယ်ကို တစ်စုံတစ်ယောက်က နောက်ကနေ အမြန်ကိုင် လှုပ်လိုက်လို့ ဖြုန်းခနဲ လှည့်ကြည့်လိုက်ရော ...

''ဒကာ ... ဒကာတို့ ... ထ ... ထ ...''

''ဒကာလေးတို့ ... ဒကာလေးတို့ ... ထကြလေ။ အို ... ဘယ်လိုဖြစ်နေကြတာတုံး''

လှုပ်ခေါ်နေသည့်အသံကြောင့် လန့်ပြီးထလိုက်ရော ...

''ဟင် ...''

''ဟာ ...''

''ဘုရားရေ ...''

ရွာစားစိန်ကျောက်ဆည် မြင်လိုက်ရတာက ရဟန်းအိုကြီးတစ်ပါး သူတို့ကိုလှုပ်နှိုးနေတာ။ စိန်ကျောက်ဆည်ရော၊ ကြေးတီး၊ မောင်းတီး၊ ပတ်မ တီး၊ စည်းကိုင်နဲ့ နဲ့ဆရာ ရွှေနွယ်ရိုးတို့ပါ အတင်းလူးလဲ ကုန်းထကြတယ်။

သူတို့ မိုးသောက်အရုဏ် မင်္ဂလာအေးရေခင်း တီးရမှာလေ။

ကြည့်စမ်း ...

မိုးစင်စင်လင်းရုံမကဘူး၊ နေရောင်က သူတို့အပေါ်မိုးကျ ပူစွတ် နေပြီ။ ဆိုင်းဝိုင်းများကလည်း မြေပြင်မှာ အသင့်။

ဟ ... ဟ ... ညတုန်းကအိမ်ကြီး ဘယ်ရောက်သွားသတုံး။

မင်းသမီး ခင်ခင်ဒိုးလေးရောဟ။

ဟင် ... လူတွေ၊ ညော်ပရိသတ်တွေ တစ်ယောက်မှမရှိပါလား။

ညတုန်းကလာတဲ့ လှည်းအုပ်၊ နွားအုပ်၊ လူအုပ်တွေရော။

စိတ်ကူးသစ်စာပေ



အနီးမှာ ဘာဆိုဘာမှမရှိ။ လွင်တီးခေါင်ကြီး။ ဝါးရုံခြောက်လေး နှစ်ရုံသုံးရုံက လေတိုက်ရင် ယိမ်းနွဲ့လို့။ ခပ်လှမ်းလှမ်းမှာ သင်္ချိုင်းကုန်း။

''အရှင်ဘုရား ...''

''ဒကာကြီးတို့ နိုးကြ သတိရကြပြီလား''

''မှန်ပါ။ ဒါနဲ့ကိုယ်တော် ... အိမ်မည်းကြီးရော၊ လူတွေရော ဘယ် ရောက်ကုန်ပလဲ ဘုရား''

''ဒကာတို့ ...''

''မှန်ပါ ... အမိန့်ရှိပါဘုရား''

''ဒကာတို့ကို ဘုန်းကြီး မမြင်ဖူးဘူး။ ဘယ်အရပ်ကတုံး။ ဒီနေ ရာမှာ ဘာလာလုပ်လို့ ဆိုင်းဝိုင်းပစ္စည်းတွေနဲ့ ရောက်နေသတုံး''

ဒါနဲ့ ရွာစားစိန်ကျောက်ဆည်က သူတို့ကို ကပွဲမှာတီးဖို့ လာငှား ပုံ၊ ကြိုပုံကနေ ညတုန်းက အငြိမ့်မင်းသမီး မိဒိုးလေးနဲ့ တစ်ညလုံး အငြိမ့် ကကြ၊ တီးကြ၊ ပရိသတ်များနဲ့ တဝါးဝါး တဟားဟား ပျော်ရပုံကို ပြော ပြလိုက်ရော ...

''ဒကာတို့ ...''

''ဘုရား ...''

''အရင်တုန်းကရော ဒီအရပ်ကို ရောက်ဖူးသလား''

''ဒါ ပထမဦးဆုံးအကြိမ် ရောက်ဖူး တီးဖူးခြင်းပါ ဘုရား''

''ကိုင်း ... ဒါဆို ဆိုင်းဝိုင်းတွေ ပြန်သိမ်း၊ ကြုံရာတွေ့ရာလှည်း ငှားပြီး အမြန်ပြန်ကြပေရော့ ...''

''အရှင်ဘုရား ... ဘာ ... ဘာဖြစ်လို့ပါလဲ ဘုရား ... အမိန့် ရှိပါဘုရား''

''ဒါဟာ လူနေကုန်းမဟုတ်ဘူး''

''ဟို ... ဟို ... လူနေကုန်းမဟုတ်ရင် ဘာကုန်းလဲဘုရား''

''ဟိုမှာတွေ့လား ... သင်္ချိုင်းကုန်း''

''ဗျာ ...''

''ဟင် ...''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဗျ ... ဘုရား ... ဘုရား ..."

ဒီမှာ ဘုန်းကြီးအိုကြီးက တစ်နေရာကို လက်ညှိုးထိုးပြတယ်။

"တွေ့လား ...။ မြေပုံဟောင်းတွေ၊ ကျင်းတွေ၊ သစ်သားငုတ် မှတ်တိုင်အကျိုး ငိုးတိုးငုတ်တုတ်တွေ။ အဲဒါ ဂျပန်ခေတ်တုန်းက လူသေ ကောင်စွန့်တဲ့ မြှုပ်တဲ့၊ သင်္ချိုင်းတစပြင်ပဲ။ ဂျပန်ခေတ်မှာ ကာလဝမ်းရောဂါ ကြီးဖြစ်လို့ ဒီဝန်းကျင်ရွာတွေ ရွာလုံးကျွတ်သေတယ်။

တစ်ခါ လွတ်လပ်ရေးရကာစမှာ ပလိပ်ရောဂါဆိုးကြီးဝင်လို့ ရွာ လုံးကျွတ် ထပ်သေကြတယ်။ ဒီသင်္ချိုင်းမှာပဲ စွန့်ပစ်ကြ မြှုပ်ကြရတယ်။ နောက်ဆုံး မြေမမြှုပ်နိုင်ဘဲ အိမ်ထဲ တဲထဲမှာပဲ သေကြလို့ အဆုံးမှာ ရွာ ကို မီးတိုက်သင်္ဂြိုဟ်ခဲ့ရတဲ့ တစပြင်ပဲ။

ခုတော့ မကျွတ်မလွတ်သူ လူ့အလွှာမျိုးစုံဟာ သူတို့ရှင်စဉ်က ဘဝလေးကို ပြန်လိုချင်ကြလို့ အမျိုးမျိုးသောအဆင်းသဏ္ဌာန် များဖန်ဆင်း လို့ လူတွေကို လှည့်စားကြတယ်။ အပျင်းဖြေကြတယ်။

အချို့ဆိုရင် ခြောက်လှန့်ကျီစားကြမ်းတာ ရှိတယ်။ အချို့ ရူးသွပ် သွားတယ်။ ဒါကြောင့် ဒီနေရာဝန်းကျင်ကို လူအများ၊ ရွာနီးချုပ်စပ်များ က ရှောင်ကြတယ်။ ညနေဝင်ရင် လုံးဝ ဖြတ်သွားဖြတ်လာ မလုပ်ဘူး။ ကိုင်း ... ဟိုမှာ လှည်းငါးစီးလာနေတယ်။ သွားတားကြစမ်း"

"အရှင်ဘုရား ..."

"ဘာတုံး"

"တပည့်တော်တို့ကို နာနာဘာဝတွေများ လှည့်စားခံရတာလား ဘုရား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်လိုဖြစ်ပြီး ဒီသင်္ချိုင်းကုန်းပမ်းကျင် ရောက်နေရတာ လဲဘုရား"

"အိမ်ရှင်က ဦးရွှေနှံသာတဲ့ ... ဟုတ်လား"

"မှန်ပါဘုရား ...။ သူ့သမီး မခင်ခင်ဒွေးဆိုသူက က,ပါတယ် ဘုရား"





"သီးသီးသန့်သန့် ကဖို့လာငှားတာ ... ဟုတ်လား"

"မှန်ပါဘုရား ...။ အိမ်ခြံကျယ်ကြီးထဲမှာ လူကုံထံရှေးရိုးလူ ကြီးမိန်းမအသွင်သဏ္ဌာန်နဲ့ ပွဲကြည့်ပရိသတ် လေးငါးဆယ်ခန့်ရှိပါတယ် ဘုရား။ အငြိမ့်ကတော့ အပြင်သူစိမ်းဝင်ကြည့်လို့မရအောင် ခြံစည်းရိုး တံခါးကို ပိတ်ထားပါတယ်ဘုရား"

"အင်း ... အင်း ... ဟုတ်ပေပေါ့ ... ဟုတ်ပေပေါ့။ ဒါ သူတို့ ကိုယ်သူတို့ မဟာမျိုး၊ မဟာနွယ်၊ မင်းမျိုးမင်းနွယ်၊ ဘော်ဝင်မျိုး၊ ဘော်ဝင် နွယ်ဆိုပြီး အသားလွတ်ဘဝင်မြင့်နေတဲ့ မန္တလေးကပြောင်းလာတဲ့ ရွှေနှံသာ တို့လက်ချက်ပဲ"

"တပည့်တော်တို့ နားမရှင်းလို့ အသေးစိတ်ရှင်းပြပါလားဘုရား"

"ဒီလို ဆိုင်းဆရာရေ ... အဲဒီရွှေနှံသာတို့အုပ်စု တစ်မျိုးလုံး က သူတို့ကိုယ်သူတို့ ရှေးမင်းမျိုးအနွယ်လိုလို၊ သဘင်ဝန်မျိုးရိုးလိုလို၊ ရွာ စားမျိုးလိုလိုနဲ့ ပြောပြီး ဒီအရပ်မှာ လာနေကြတာ"

"မြို့ပေါ်မှာ ဘာလို့မနေတာလဲဘုရား"

"သူတို့လျို့ဝှက်ချက်နဲ့သူတို့ ရှိမှာပေါ့ကွယ်။ ခက်တာက သူတို့က ချမ်းလည်းချမ်းသာတယ်။ သူတို့ဆွေမျိုးကျေးကျွန်များနဲ့ သီးခြားအိမ်ဝိုင်း ဖွဲ့ပြီး ရွာလူထုနဲ့ ခပ်ကင်းကင်းနေကြပေမင့် အဆိုအက ဝါသနာပြင်းပြ တယ်ကွယ်။ မဆိုမက,ရရင် မနေနိုင်ဘူး။ သူ့သမီးလေးက အကအဆို ကောင်းလို့ ကြားရဖူးတယ်။ အဲဒီလိုမှ တစ်နှစ်တစ်ခါ မဆိုမကရရင် လပြည့် နေ့လိုညမျိုးမှာ ရူးသလိုဖြစ်တယ်လို့ အတွင်းလူအချို့ပြောတာ ကြားဖူး တယ်။

ဒါကြောင့် မင်းတို့ကို တကူးတကန့် ကြိုက်ကြေးပေးခေါ်သုံးတာ ပေါ့။ သို့သော် သူတို့ရဲ့သဘာဝက သူတို့အတွင်းရေးလျှို့ဝှက်ချက်ကို အများ သိမှာ၊ သူစိမ်းများသိမှာ စိုးရိမ်ကြတယ်။ ဒါကြောင့် ဆိုပွဲများပြီးရင် အရက် သေစာအမူးတိုက်ပြီး မေ့မျောသတိလက်လွတ်ဖြစ်ချိန် လူအုပ်နဲ့မ,ရွှေ့ပြီး သူတို့အိမ်အရပ်နဲ့ အလှမ်းဝေးရာကို စွန့်ထားလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ငွေကြေးကိုတော့ ထိုက်ထိုက်တန်တန် ပိုပိုသာသာ ချထားလေ့ရှိတော့ ဟိုးအရင်အရင် ဆိုင်းဆရာများလည်း မင်းတို့လိုကြုံဖူးပေမင့် ငွေအများကြီးပေးခဲ့လေ့၊ ထားခဲ့လေ့ရှိလို့ သူတို့မိသားစုကို ပြဿနာ လုပ်လေ့မရှိဘူး။

ပြောရရင် သူတို့လည်း သူတို့ရောဂါ၊ သူတို့ဝေဒနာနဲ့ သူတို့ပဲ ကွယ့်။ ဘဝင်မြင့်ရောဂါလို့ ခေါ်ရမလား၊ စိတ္တဇရောဂါလို့ ခေါ်ရမလားမသိဘူး။ ခွင့်သာလွှတ်လိုက်ကြပါ ... ဒကာတို့ရယ်။ ကိုင်း ... ကိုင်း ... ဟိုမှာလည်း လှည်းတွေလာနေတယ်။ ရပ်နိုင်းကြစမ်း''

အဝေးကနေ လှည်းငါးစီးလာနေတာကို မြင်လို့ ဘုန်းကြီးကပြောတော့ ပတ်မတီးက အမြန် လှည်းလမ်းကြောင်းကနေ ရပ်လို့ တားတယ်။

လှည်းသမားတွေက မရပ်ဘူး။

ဟဲ့ ... ဟဲ့ ... နဲ့ နွားများကို ကြိမ်တို့ပြီး မောင်းပါရော။

ဒါနဲ့ ဘုန်းကြီးက ရှေ့ကနေ လူလုံးဝင်ပြတော့မှ ဆရာတော်ကို မှတ်မိသွားကြတယ်။ ဆရာတော်ဘုန်းကြီးက အကျိုးအကြောင်း နည်းနည်း ရှင်းပြတော့မှ အားလုံး သဘောပေါက်ပြီး ...

ဆိုင်းပစ္စည်းများ လှည်းပေါ်ဝိုင်းတင်လို့ ဟိုးမြို့ရှိရာအရပ်ကို လှည်းနဲ့ထွက်ခဲ့ကြတယ်။

လှည်းထွက်ကာနီးမှာ ဆရာတော်ကို ဦးအကြိမ်ကြိမ်ချခဲ့ကြတယ်။ ဆရာတော်ဘွဲ့အမည်က ဘုန်းကြီးဦးသီလတဲ့။

နာမည်ကြီး၊ တန်ခိုးကြီးဆရာတော်လို့ လှည်းဆရာများက ပြောကြတယ်။ သူတို့ ဆရာတော့်အပါးကနေ ထွက်ခဲ့ကြတော့ ဆရာတော်က အဝေးကနေ ရပ်ကြည့်နေတယ်။ ဒါတောင် သူ...နားထဲမှာ သူတို့နာမည် ခေါ်သံများ ကြားနေရ၍ တောင်မြောက်ဝဲယာ လိုက်ရှာကြည့်ရင်း 'ဖွ ဖွ' ဟု လုပ်ခဲ့ရတယ်။

မှန်တာပြောရရင် သူတို့ ဒီလိုဖြစ်ရပ်ဆန်းကြယ်မျိုး သူများပြောတာကြားဖူးတယ်။ ကိုယ်တွေ့မကြုံဖူးဘူး။ ခုတော့ သည်းထိတ်ရင်ဖို ဖြစ်





ရပ်ဆန်းကြယ်ကို ကိုယ်တိုင်ကြုံရပြီး အံ့သြလည်း အံ့သြ၊ ရှက်လည်းရှက် ဖြစ်ခဲ့ရတယ်။

ဟုတ်ရဲ့လားလို့လည်း ပြန်ဝေဖန်သုံးသပ်ကြတယ်။

အားလုံး ငြင်းလို့မရဘူး။

ဆိုင်းဆရာ စိန်ကျောက်ဆည်ရဲ့ လည်ပင်းပေါ်မှာ ပိုးပဝါလေး တစ်ထည်ရောက်နေတယ်။

ပြီး ငွေဒင်္ဂါးက (၂၅) ပြား။

ဒါ အိမ်ရှင်လူကြီးများပေးလိုက်တဲ့ ဆိုင်းခငွေဒင်္ဂါး (၂၅) ပြား။ ဖွေးဖွေးဝင်းလက်လို့။

ကိုင်း ... မယုံလို့ ရရောလား။

ဒီမှာ လှည်းသမားများပြောကြသည့် ဤသချိုင်းကုန်းရဲ့ ထူးဆန်း အံ့ဖွယ်ဖြစ်ရပ်များကား ရေးလို့မကုန်၊ ပြောလို့မကုန်။

''ဆိုင်းဆရာ ...''

''ဟုတ်ကဲ့အဘ''

''နောင်ကို ဒီရွာဝန်းကျင်က ဆိုင်းလာငှားရင် လုံးဝမလိုက်နဲ့''

''ဟုတ်ကဲ့''

''ခင်ဗျားတို့လို ဆိုင်းဆရာလူရိုးရိုးကိုမပြောနဲ့ ကျုပ်ရွာကျောင်းက ကျောင်းထိုင်ဘုန်းကြီးတောင် အသုဘသရဏဂုံတင်ဖို့လာပင့်တာ ဒီကုန်းပဲ။ မျက်စိမှိတ်ပြီး တရားဟောဆုံးလို့ မျက်စိဖွင့်ကြည့်ရော မသာလည်း မရှိဘူး၊ အိမ်ရှင်လည်းမရှိဘူး။ ရှေ့မှာ ကင်းလိပ်ခွေအသေကောင် ကျောက်တုံးပေါ် ပုပ်သေနေတာပဲမြင်ရတယ်။ မှတ်ထား ...။ အဲဒီလိုကုန်း''

ဒီမှာ နောက်ထပ် လှည်းသမားတစ်ဦးက ပြောလိုက်သေးတယ်။

''ကျုပ်တို့ တစ်ခါတုန်းက ဒီရှေ့ကနေ လှည်းသုံးလေးစီး ဖြတ်မောင်းသွားကြတာ နွားတွေက ဒီသချိုင်းကုန်းကိုဖြတ်ရရင် လန့်ကြတာများတယ်။ ဒီတော့ လန့်တဲ့နွားလှည်းက ရှေ့ကနေဒုန်းစိုင်းပြေးတော့ နောက်က လှည်းကလည်း 'သာအေးရေ ... ငါတို့ကို စောင့်ပါဦး၊ ဘရွှေရေ ... လှည်း ဖြည်းဖြည်းမောင်းပါဟ'နဲ့ ကြောက်ကြောက်လန့်လန့် အော်ပြောကြရော။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်လုံးတွေကလည်း လှည်းလမ်းကြောင်းမှာ လုံးထ ပိတ်မှောင်နေတယ်။ ဒီမှာပဲ ဟိုသချိုင်းကုန်းတစပြင်သချိုင်းကနေ 'သာအေးရေ •• ငါတို့ကို စောင့်ပါဦးဟ၊ ဘရွှေရေ ••• နင့်လှည်း ဖြည်းဖြည်းမောင်းပါဟ' နဲ့ ခေါ်သံအော်သံတွေ ကြားလို့ လှမ်းကြည့်ရော ••• ဘုရား ••• ဘုရားဆိုင်းဆရာရေ ••• ဆံပင်ဖားလျားနဲ့ မိန်းမတွေရော၊ ထဘီရင်လျားနဲ့ မိန်းမတွေရော၊ အသားဝါဝါထိန်ထိန်နဲ့ မိန်းမကြီးတွေနဲ့ အင်္ကျီပုဆိုးမပါတဲ့ ကလေးအုပ်က အော်ခေါ်နေတာဗျ။

ကလေးအုပ်ကလည်း 'မောင်း ••• မောင်း'၊ 'ဟဲ့နွား ••• ဟဲ့နွား'၊ 'ပြေးလဟ ••• ရှန်းလဟ'၊ 'ပြေး ••• ပြေး'နဲ့ ညာသံပေး •••

ဆံပင်ဖားလျှားနဲ့ မိန်းမအုပ်ကလည်း လက်ခုပ်လက်ဝါးတီးပြီး •

''သာအေးရေ'၊ 'ဘရွှေရေ'၊ 'အောင်ဘု' ရေ ခေါ်ပါရော။

''အဲဒါ လူလား၊ နာနာဘာဝတွေလား''

''မသိဘူး။ ဘာလို့လဲဆိုတော့ ဒီသချိုင်းကုန်းတစပြင်သချိုင်းမှာ ဘယ်တုန်းက လူယောကျ်ား၊ လူမိန်းမ၊ လူကလေး မြင်ရဖူးလို့တုံး။ နောက်ဆုံး လှည်းကို တရကြမ်းဒုန်းစိုင်းပြီး မောင်းလာလိုက်ကြတာ ကျုပ်တို့ရွာလည်းဝင်ရော နွား (၆)ကောင်လည်း လျှာထွက်ပြီး ဒူးတုတ်လက်တုတ်လဲကျ ပြန်မထနိုင်ဖြစ်ခဲ့ရတယ်။


''ဦးလေးတို့ရွာကအသိတွေ ခေါ်တာမဟုတ်ဘူးပေါ့''

''မဟုတ်ဘူး။ ကျုပ်တို့ရွာမျိုးရွာဆွေတွေ ဒီသချိုင်းကို ဘာကိစ္စလာရမှာလဲ။ လူစိမ်းမျက်နှာတွေ။ မျက်နှာတောင် ဝါဖန့်ဖန့်ကြီးတွေ။ ဘယ်အရပ်သူ အရပ်သားများလည်းမသိဘူး''

''သူတို့ခေါ်နေတုန်း လှည်းရပ်ရင် ဘာလုပ်မလဲမသိဘူး''

''အမယ်လေး ••• မရပ်ရဲဘူးဆရာ။ လှည်းများရပ်လိုက်ရင် အကုန်လုံး လှည်းပေါ်တက်လာပြီး ဝုန်းဒိုင်းကြဲကြရင် သေကုန်မှာဗျ''

✿ ✿ ✿




www.burmeseclassic.com

www.burmeseclassic.com

## ဘီဘီမိုးမျှော် ဒုတိယပိုင်း

| ၁၀ |

## ဘုရားပါးစပ်က နတ်စကား

❑

ဘုန်းတော်ကြီး ဦးရက္ခိတက သူတို့အရပ်ဒေသက ဖြစ်ရပ်ဆန်းကြယ် ကျက်ကုန်းအတွေ့အကြုံအကြောင်းကို ပြန်ပြောင်းပြောပြတော့ ကပ္ပိယကြီးနဲ့ ချစ်မိုးကြီးတို့ ကြက်သီးမွေးညင်းထောင်ထပြီး ခေါင်းကြီးသလိုဖြစ်သွားတယ်။

''ဖွ ...ဖွ ...''

''ဉီ ...ဉီ ...သွားဟ ...သွားဟ ...''

''ဘာဖြစ်လို့တုံး ...ကပ္ပိယကြီး''

''ဟို ...ဟို ...ကြက်သီးမွေးညင်းထပြီး ခေါင်းနားပန်းကြီးသွားလို့ပါဘုရား''

''ဒါကြောင့် တောထဲတောင်ထဲရောက်ရင် နာမည်ကို မခေါ်ကြနဲ့လို့ ရှေးလူကြီးသူမများ၊ တောလိုက်မုဆိုးများက ပြောတာ။ ကျက်ခွေးလိုပဲ သင်းခွေချုပ်ဆိုတဲ့ သတ္တဝါကလည်း လူနာမည်ခေါ်တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... တိရစ္ဆာန်က လူနာမည်ကိုခေါ်တယ် ဟုတ်လား ဘဘုန်း"

ဘုန်းကြီးရဲ့တူ ချစ်မိုးကြီးက သူ့ဘကြီးကို ပြန်မေးနေတာ။

"ဟုတ်တယ် ...။ သင်းခွေချပ်ဆိုတာ တောထဲမှာ အလွန်ထူးဆန်းတဲ့ ဂမ္ဘီရဆန်းကြယ် သတ္တဝါတစ်မျိုးပဲကွယ့်။ သူ့ကို မြင်ဖူးလား"

"ဟင့်အင်း ... မမြင်ဖူးဘူး"

"မြင်ဖူးတယ်"

ကပ္ပိယကြီးက မြင်ဖူးတယ်လို့ပြောတယ်။ အရှူးကိုထွန်ခြစ်က နှာခေါင်းမွေးများကို လက်နဲ့ဆွဲနှုတ်ရင်း သူတို့ကိုကြည့်နေတယ်။

"သင်းခွေချပ်ရဲ့ကိုယ်ပေါ်မှာ မာကျောတဲ့ ငါးအကြေးခွံလို့ အကြေးခွံဖတ်တွေရှိတယ်။ အမြီးကရှည်တယ်။ ပြားတယ်။ လိပ်လို့ရတယ်။ နှုတ်ခမ်းက ကြွက်စုပ်နှုတ်ခမ်းလို ရှည်တယ်။ ရှည်လျားတဲ့လျှာနဲ့ အစာကိုဖမ်းစားတယ်။

ပုရွက်တို့၊ ခြတို့၊ ပလူတို့၊ တွားသွားသတ္တဝါပေါက်စတို့ကို စားလေ့ရှိတယ်။ ခြေလေးချောင်းသတ္တဝါတစ်မျိုးပဲ။ တို့မြန်မာတိုင်းရင်းသားတွေရော၊ ထိုင်း၊ မလေးရှားနဲ့ ကပ္ပလီအသားမည်းနိုင်ငံများမှာပါ။ သင်းခွေချပ်ရဲ့အကြေးခွံကို ဖောက်ပြီး ကြိုးနဲ့သီ လည်ပင်းမှာ ကလေးလူကြီး ဆွဲလေ့ရှိကြတယ်"

"ဘာဖြစ်လို့ဆွဲရတာတုံး ဘဘုန်း"

"အမှောင့်ပယောဂကို ဒီသင်းခွေချပ်ရဲ့အခွံက ကာကွယ်ပေးနိုင်တယ်လို့ ယုံကြည်ကြလို့ပဲ"

"တကယ်ရော ဟုတ်သလားဘုရား"

"စိတ်ရဲ့ယုံကြည်မှုပါပဲ။ ဘုန်းကြီးတို့ကတော့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးသာလျှင် အဓိက ယုံကြည်ကိုးကွယ်အားထားရာလို့ သဘောထားတယ်။ သင်းခွေချပ်မှာ အဓိကထူးခြားချက် နှစ်ချက်ရှိတယ်။

"အဲဒါ ဘာလဲဘုရား"





"ပထမအချက် ... သစ်ပင်ကြီးများပေါ်မှာ အကိုင်းမှာ နေလေ့ရှိတယ်။ လူသံ၊ တိရစ္ဆာန်သံကြားရင် သင်းခွေချပ်က သူ့ကိုယ်လုံးကို ဘောလုံးတစ်လုံးလို လုံးပတ်ဖွဲ့ရစ်တင်းပြီး အောက်က လူပေါ်။ သတ္တဝါပေါ်ကို ခုန်ချ လိမ့်ချလေ့ရှိတယ်"

"ဟုတ်"

"ဟုတ်တယ် ... သံလုံးတစ်လုံး သပိတ်သံလုံးလို မာတင်းနက်ပြောင်နေတယ်။ အဲဒီသင်းခွေချပ်အလုံး သစ်ပင်အောက်က လူခေါင်းပေါ် ပခုံးပေါ်ပြုတ်ကျရင် ခေါင်းကွဲ၊ ဦးနှောက်ပွင့်ပြီး သေရင်သေ၊ မသေရင် ပခုံးရိုးကျိုးရော။ အဲဒီလိုမှမဟုတ်ရင် လန့်ဖျပ်ချောက်ချားပြီး ဦးနှောက်ပျက်ရူးသွားရော။ လူမရှိတော့မှ အလုံးကိုပြန်ဖြည်ပြီး လိုရာခရီးကို သွားလေ့ရှိတာ။ သင်းခွေချပ်ရဲ့ အံ့ခမန်း စွမ်းရည်ပဲ"

"ဒုတိယ အံ့သြဖို့ကောင်းတဲ့အချက်က သင်းခွေချပ်ဟာ လူနာမည်ကိုမှတ်ပြီး ပြန်ခေါ်တဲ့ ထူးခြားချက်ပဲ။ တောထဲမှာ လူစုကွဲရင် အမည်ခေါ်ကြရော။ အဲဒါ အမည်ကို သင်းခွေချပ်က မှတ်ထားတာ။ လူကိုပါ မှတ်မိထားတာ။ သိပ်အံ့သြဖို့ကောင်းတယ်။

အဲဒါ ခေါ်သံတိတ်သွားရင် အဲဒီလူရဲ့အမည်၊ မောင်ဘ၊ မောင်လှ၊ ဒါမှမဟုတ် မခင်၊ မကြွင် စသည်တို့ရဲ့အမည်ကို ခေါ်ရော။ ကိုယ့်လူခေါ်တယ်မှတ်လို့ သွားမိရင် နောက်ဆုံး တောထဲမှာ မျက်စိမှောက်ပြီး ကျားစာ၊ ကျားသစ်စာ ဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ် ဆင်နင်းလို့ သေချင်သေ၊ ဝံကုတ်လို့ သေချင်သေ၊ ဒါမှမဟုတ်ရင် လန့်ပြီး ရူးသွားရော။ ဒါကြောင့် တောထဲမှာ နာမည်မခေါ်နဲ့။ 'ဂူး' 'ဟူး' လို့ အသံပေး။ တုံးခေါက် အချက်ပေးလို့ ပြောရတာ"

"အရှင်ဘုရားရော သင်းခွေချပ်နဲ့ ကြုံဖူးလား"

"ကျုပ် ကြုံဖူးတယ်"

"အလို ... ခင်ဗျားက ..."

"မင်းက ကြုံဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရက် (စ်)"

"အလဲ့ . . ."

အရှူးကိုထွန်ခြစ် နှာခေါင်းမွှေးနှုတ်ရင်းက လှမ်းပြောလိုက်လို့ အားလုံး စိတ်ဝင်စားသွားကြတယ်။

"ဒကာလေး . . . ကြုံခဲ့လို့လား"

"မှန်ပါဘုရား"

"ဘယ်လိုကြုံရလို့တုံး"

"ဟုတ်မှလုပ်ပါ . . . ထွန်ခြစ်ရာ။ မင်းကလည်း"

"ကပ္ပိယကြီး . . ."

"ဘာတုံး"

"ကျုပ်က မညာဘူး။ မလိမ်ဘူး။ မခိုးဘူး"

"ဘာဆိုင်လို့တုံး"

"လိမ်တာ ညာတာ ခိုးစားတာ ခင်ဗျား ကပ္ပိယ"

"အမ်မာ . . . မင်းမြင်လို့လား။ မင်းက စွပ်စွပ်စွဲစွဲ ငါလုပ်ရရင်ကွာ"

"မှတ်ထားဗျ . . . ကပ္ပိယကြီးရ။ ငရဲပြည်ကိုရောက်တာ ခေါင်းတုံးတွေများတယ်လို့ အရှင်သူမြတ်ကြီးတွေက မိန့်ဆိုတယ်၊ အဲဒါ ဘာလို့လဲ သိလား"

"ပြောပါဦး . . .။ မင်းက ပိဋကတ်သုံးပုံအောင်ပြီးသားဆိုတော့"

"ဝိနည်းသိက္ခာပုဒ်ကို လုံအောင်မစောင့်နိုင်လို့ဗျ။ ဝိနည်းကျိုးလို့ ငရဲကျတာ အရှင်ဘုရား မှန်ပါရဲ့လားဘုရား"

"မှန်ပါတယ် ဒကာ"

"ဒါကြောင့် ဆရာတော်ကြီးများက ရဟန်းသံဃာအများကို ဂရုပြုဖို့ သတိထားဖို့ အတိုချုံးပြောတော့ ငရဲပြည်မှာ ခေါင်းတုံးတွေများတယ်လို့ ပြောတာ"

"မင်းပါ သွားရဦးမှာ။ မကြာပါဘူး"





"သို့သော် ငရဲရောက်ခေါင်းတုံးတွေရဲ့ ခြေဖဝါးအောက်မှာ ဘယ်သူတွေရှိသလဲ သိလား။ ခင်ဗျားသိလား"

"ပြောပါဦး။ ပိဋကတ်အိုးကွဲကြီးရဲ့"

"ခင်ဗျားတို့ ကပ္ပိယအချို့နဲ့ ဂေါပကလူကြီးအချို့ပဲဗျာ"

"ဘာ . . . ဘာ ဆိုင်လို့လဲ။ မင်းက စော်စော်ကားကား"

"ဘုန်းကြီးမှ မဘုဉ်းရသေး ဆွမ်းချက်ရင်း ဦးဦးဖျားဖျား မြည်းတာစားတာ ခင်ဗျားတို့ ကပ္ပိယအချို့ပဲ။ ဆွမ်းခံလို့ရတဲ့ ဟင်းကောင်းလေးများကျရင် ညနေစာအတွက် ဖွက်တာလည်း ခင်ဗျားတို့ ကပ္ပိယအချို့ပဲ။

ဘုရားဂေါပကလူကြီးအချို့လည်း ဒီအတိုင်းပဲ။ ပါးစပ်ကပြောတော့ ဘုရားပြုပြင်ရန်၊ ရွှေချရန်၊ တန်ဆောင်းဇရပ်ပြင်ရန်ဆိုပြီး အလှူခံတယ်။ ရလာရင် အဲဒီငွေ၊ အလှူခံငွေနဲ့ အချို့ ထမင်းဝယ်စားတယ်။ ဆေးလိပ်၊ ကွမ်းယာ၊ လက်ဖက်ရည်သောက်တယ်။

အချို့ နေ့တွက်ယူလိုက်သေးတယ်။ အချို့ သံဖိုး၊ သစ်ဖိုး၊ သွပ်ဖိုး၊ ဘိလပ်မြေ၊ အုတ်ဖိုး တင်ရိုက်ပြီး ဘုန်းကြသေးတယ်။ သူတို့၊ ခင်ဗျားတို့သေရော ငရဲပြည် တန်းရောက်ရော။ ရောက်ရင် အောက်ဆုံးမှာပဲ ချိုးကပ်တာ ခင်ဗျားတို့လို အလွဲသုံးစား ကပ္ပိယအချို့နဲ့ ဘုရားလူကြီးအချို့ပဲ"

"ဟော့ကောင်အရူး . . . ငါ ဒီလိုလူစားမျိုး မဟုတ်ဘူး"

"ခင်ဗျားမဟုတ်ရင် သေလို့ကတော့ နတ်ပြည်ရောက်မှာပေါ့ဗျာ။ ဗိမ္ဗိသာရမင်းကြီးရဲ့ အဆွေအမျိုးတွေကတော့ ဖုဿဘုရားရှင်လက်ထက်မှာ ဖုဿဘုရားအမှူးပြုတဲ့ သံဃာ (ကိုးသောင်း) မဟိန္ဒမင်းရဲ့သားတော်သုံးပါး အပါအဝင် နောက်ပါရဟန်း အခြွေအရံတစ်ထောင်တို့အတွက် ဆွမ်းချက်ပြုတ်ကျွေးသည့်တာဝန် ယူကြရတယ်။

သံဃာတော်များအတွက် ချက်ပြုတ်ထားတဲ့ စားဖွယ်သောက်ဖွယ်များကို သံဃာတော်များမကပ်လှူမီ ငိုယိုပူဆာနေတဲ့ သူတို့ကလေး သား



www.burmeseclassic.com

www.burmeseclassic.com



သမီးများကို နေ့စဉ်နေ့တိုင်း ခူးခပ်ကျွေး။ သူတို့လည်း ဦးဦးဖျားဖျား ယူ ငင်စားသောက် အလှူသုံးစားလုပ်ကြတယ်။

အဲဒါ အလုပ်အကျွေးကပ္ပိယ ရှစ်သောင်းလေးထောင်ပေါ့။ သူတို့ ကပ္ပိယအလုပ်အကျွေးအုပ်စု သေလည်းသေရော ချက်ချင်း ပြိတ္တာဘုံကို ရောက်သွားတာပဲ။ ဘယ်လောက် အလှူသုံးစားလုပ်တဲ့အကျိုးကို ဆိုးဆိုး ဝါးဝါး ခံစားရသလဲဆိုရင် . . . အဟွတ် . . . အဟွတ် . . . အဟမ်း . . . (၉၂) ကမ္ဘာလုံးလုံး . . . အဟမ်း . . . အဟမ်း . . . ဒုဂ္ဂတိဘအားဖြင့် လှည့် လည်ခဲ့ရတယ်။

ဘုရားလေးဆူကြားမှာ ပြိတ္တာဘုံသားတွေဖြစ်ပြီး စားရမဲ့ သောက် ရမဲ့ဘဝနဲ့ ကျင်လည်ခဲ့ရတယ်။ နောင်အခါ မြတ်စွာဘုရားပွင့်လို့ ဗိမ္ဗိသာရ မင်းကြီး ပြိတ္တာဆွေမျိုးများကို ရည်စူးလှူပေးအမျှဝေမှ သာဓုခေါ်နိုင်ပြီး ပြိတ္တာဘုံသားဘဝက ကျွတ်လွတ်သွားခဲ့တယ်။ အဲဒါ ခင်ဗျားသိရဲ့လား။ ကြားဖူးရဲ့လား . . . အဟမ်း . . . အဟမ်း . . . အဟမ်း . . .''

ကြည့်စမ်း . . .။ အရှုးက ခါးထောက်လက်ညှိုးထိုးပြီး သူ့လို သံဃာန်ဘောနေတဲ့ ကပ္ပိယကို ဩဝါဒပေးနေလို့ ကပ္ပိယမျက်နှာကြီး နီရဲ ဒေါ်ဖောင်းနေပါရော။

ချစ်မိုးကြီးကတော့ အရူးပါးစပ်က နတ်စကားထွက်နေလို့ အရမ်း ကို အံ့ဩနေတယ်။ ပေါက်ကရရွတ်ဆိုနေတဲ့ အရူးထွန်ခြစ်မှ ဟုတ်ရဲ့လား လို့လည်း သံသယဝင်ရမလို ဖြစ်နေတယ်။

ဘုန်းတော်ကြီး အရှင်ရက္ခိတကတော့ လူသူရှင်းလှတဲ့ တောထဲ မှာ ဘုရားစကား၊ တရားစကားပြောတတ်နေတဲ့ အရူးထွန်ခြစ်ကို ကြည့် ပြီး ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးလို့။

''အရှင်ဘုရား . . .''

''ဘာတုံး . . . ဒကာလေး''

''အခု တပည့်တော်ပြောတာ မှန်ရဲ့လားဘုရား''





''မှန်ပါတယ်။ ဒါနဲ့ ဒကာလေး . . . ဒီအကြောင်းများကို ဘယ် လိုလုပ်ပြီး ပြောပြနိုင်တာတုံး . . . ဒကာမောင်ထွန်ခြစ်ရဲ့''

''မှန်ပါဘုရား။ အခု တပည့်တော်စိတ်ကောင်းလေးများ ဝင်နေ ရင် နောက်ကြောင်းပြန်အားလုံးကို သတိရသလိုရှိပြီး ပြန်ပြောနိုင်ပါတယ် ဘုရား။ ဒီအကြောင်းတွေကို ပြန်ပြောနိုင်ရတာလည်း တပည့်တော် စာတတ် လွန်းလို့ ဖတ်လွန်းလို့ မဟုတ်ပါဘူးဘုရား။ တပည့်တော် ရေးတတ်ဖတ် တတ်ရုံသာသာ တတ်ပါတယ် ကိုယ်တော်။

တပည့်တော်သူငယ်ချင်း ကိုမောင်ရှင်ဆိုသူပြောပြလို့ သိရတာပါ ဘုရား။ ကိုယ်မောင်ရှင်က တပည့်တော်တို့နဲ့ တစ်ချိန်တုန်းက သောက် ဖော်စားဖက်ပါဘုရား။ ဒါပေမင့် ကိုမောင်ရှင်က တက္ကသိုလ်ဥပစာတန်းအထိ စာသင်ဖူးသူ၊ စာမျိုးစုံဖတ်သူပါဘုရား။ အဲဒါ အရက်ဝိုင်းရောက်ရင် သူက ရာဇဝင်၊ မဟာဝင်ဗုဒ္ဓဝင်များကို မှတ်မှတ်သားသား အာဘောင်အာရင်းနဲ့ ပြောဟောလေ့၊ ငြင်းခုန်လေ့ရှိလို့ သိရတာပါဘုရား''

''ခုရော သူ ရှိသေးသလား''

''မှန်ပါ။ တစ်နေ့ သူ အရက်မူးလွန်ပြီး လယ်ထွန်စက်နဲ့ အတိုက် ခံရပါတယ်ဘုရား။ လယ်ထွန်စက်အောက်ကို ရောက်သွားတာ လူတိုင်းမြင် ရလို့ ပြားချပ်ပြီး သေပြီလို့ မှတ်ယူကြပါတယ်ဘုရား''

''သေရောလားဟဲ့''

''သေဘူးဘုရား။ ဘီးလေးဘီးအောက်မှာ မေ့နေတယ်။ အဲဒါ ဆွဲ ထုတ်ပွေ့ပြီး ဆေးရုံကိုခေါ်သွားရတယ်။ ဆေးရုံမှာ တစ်နာရီလောက် သတိ လစ်နေတယ်။ သတိပြန်ရတော့ သူ ဘာမှမဖြစ်ဘူးတဲ့။ တော်သေးတာပေါ့ လယ်ထွန်စက်မောင်းတဲ့ ကိုကျောက်ဂျက်ကြီးကို ရဲကဖမ်းထားပြီးနေပြီလေ။

အဲဒါ ကိုမောင်ရှင်က ကိုကျောက်ဂျက်က ဝင်တိုက်တာမဟုတ်ပါ ဘူး။ သူ မူးပြီး ထွန်စက်ကို ဝင်တိုက်တာပါလို့ သွားဝန်ခံလို့ ကိုကျောက် ဂျက် အရေးယူမခံရတာပါဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းပါတယ် ဘုရား။ အဲဒီနေ့ အဲဒီအချိန် ဆေးရုံကပြန်ဆင်းလာပြီးနောက်ပိုင်း ကိုမောင်ရှင် လုံးဝ အရက်မသောက်တော့ဘူးဘုရား။ အရက်သောက်ဖို့သွားခေါ်လည်း လုံးဝကို မလိုက်တော့ဘူးဘုရား။ အချိန်ရသမျှ ပရိတ်ကြီးဆယ့်တစ်သုတ်စာအုပ်ကို ဖတ်ရွတ်နေတယ်။ အပေါင်းအသင်းများကိုလည်း အရက်မသောက်ဖို့ အရက်ဖြတ်တရားဟောတယ်။ အရက်သောက်ဖော်များက အံ့သြကြလို့ပေါ့။

ဘာကြောလဲဘုရား ... သူ ရဟန်းဝတ်သွားတယ်။ အခု ကျိုက်အင်းဘုရားမှာ သုံးဝါရနေပါရောလား။ စောစောက ကပ္ပိယ အလွဲသုံးစားလုပ်လို့ ပြိတ္တာဖြစ်ရတဲ့တရားကို သူပြန်ဟောလို့ သိရစွဲရ ပြောနိုင်ရတာပါဘုရား''

''သူကရော ဘာကြောင့် အရက်ပြတ်ရသတုံး''

''သူ ရဟန်းဝတ်ဘဝနဲ့ ပြန်ပြောပြတာကတော့ သူ သတိလစ်မေ့မြောသွားချိန်မှာ ထူးဆန်းတဲ့နေရာကို ရောက်သွားခဲ့သတဲ့ဘုရား။ သူရောက်သွားတာ အရက်ပင်လယ်တဲ့။ အဲဒါ ဝမ်းသာလွန်းလို့ အရက်တွေကို ငုံ့ငုံ့သောက်လိုက်တာ သောက်လို့မဝဘူးဆိုပဲ။ သောက်လို့ဝရော သူ့ဗိုက်ကြီးက တင်းတောင်းသုံးလေးလုံးစာ ဖောင်းကားပြီး အရက်တွေကနား၊ ပါးစပ်၊ နှာခေါင်း၊ ချက်၊ စအို ဒွါရကိုးပေါက်ကနေ စီးလျှံကျတာပိတ်လို့လည်းမရဘူး၊ ကုန်လည်း မကုန်နိုင်ဘူးတဲ့။

တစ်ခါ ဗိုက်ထဲက အရက်ကုန်ခါနီးရောက်ရင် ဗိုက်ဖျဉ်းစွဲပြီး ပူတင်းပြောင်နေတဲ့ ကိုယ်လုံးတီး အရက်သမားကြီးတွေတဲ့။ အရပ်က (၇)တောင်လောက်မြင့်တယ်။ အဲဒီ ကိုယ်လုံးတီး ဗိုက်ဖျဉ်းစွဲ စရည်းအိုးအရပ်(၇)တောင် အမူးသမားကြီးငါးဦးက သူ့ပါးစပ်ကိုဖြဲပြီး အရက်ပင်လယ်ထဲက အရက်တွေကို ရေအိုးနဲ့ခပ်ခပ်ပြီး လောင်းထည့်တာ အော်လို့လည်းမရဘူး၊ တားလို့ ငြင်းလို့လည်း မရဘူးတဲ့။

ဗိုက်ထဲမှာ အရက်တွေ တင်းတောင်းသုံးလေးလုံးလောက် ပြည့်ပြီး ဖောင်းလာရင် အရပ် (၇)တောင် ဖျဉ်းစွဲလူကြီး (၅)ဦးက သူ့ကိုယ်ပေါ်





တက်ခုန်၊ နင်း ... သူက သေပါပြီဗျ ... ကယ်ကြပါဗျ ... အော် ... အရက်တွေက ဒွါရကိုးပေါက်ကနေ အကုန်ပြန်ပန်းထွက်၊ ကုန်ရင် ပြန်ဖြည့်ထပ်နင်း ... အော် ... ပန်း ...

''သောက်ဦးမလားဟ''

''အား ... မသောက်တော့ပါဘူးဗျ ... အား''

''နင်းဟေ့ ... နင်းဟ ... နာနာနင်းကြဟ''

''ကျား ... ကျား ... ခုန်ဟ ... မြင့်မြင့်ခုန်ပါ၊ နင်းပါဟ .. ကြိတ်ကြိတ်''

''ဗွမ်း ... ဗွမ်း ...''

''အား ... မလေးဗျ''

''ဗျင်း ... ဗျစ် ... ရှူး ...''

''နင်းပြီး ကြိတ်ဟေ့။ ကြိတ်ပြီး ဆောင့်ဟ။ ကဲဟာ ... ကိုင်းဟာ ...''

''ပြိုင်တူ ခုန်မယ်ဟေ့။ အသင့် ... တစ် နှစ် သုံး ... ကျား''

''အရက်ကို သောက်ဦးမလားကွ''

''မသောက်တော့ပါဘူးဗျ ... အား ...''

''နင့်လောက်သောက်တာ နင်ရှိသဟ။ သောက်စမ်း ... သေစမ်း သေသေ ...''

''ရော့ ... သောက် ... သေအောင်သောက်ရမယ်ဟေ့''

''အား ... အား ... မ ... မ ... သောက်ပါရစေနဲ့ဗျ ... အမလေး''

''ထပ်ဖြည့် ...''

''အား ... အူး ... ဖူး ... ပူး ...''

''ဗိုက်ထဲပြည့်ရင် အားလုံးတက်ခုန်မယ်ဟေ့''

''တစ် ... နှစ် ... သုံး ... ခုန် ...''



www.burmeseclassic.com

www.burmeseclassic.com



"အမေရေ . . . အမေ . . . အမေ . . . အား . . . အား . . . ဘုရား ကယ်တော်မူပါ . . . ဘုရား . . . ဘုရား ကယ်တော်မူပါ ဘုရား။ အမယ်လေးဗျ . . . ဝေါ့ . . . ဝေါ့ . . ."

"ဗွက် . . ."

"အော့ . . . အော့ . . . ဝေါ . . ."

"ဗွမ်း . . ."

"အား . . . အူး . . . ဂူး . . . အူး . . . အူး . . . အီး . . ."

ပါးစပ်ကလည်း အမေ့ကိုတ၊ ဘုရားကိုတ၊ ကြောက်ကြောက်လန့်လန့် အော်ဟစ်နေတုန်းမှာပဲ ဟိုကောင်းကင်ကနေ ရဟန်းတစ်ပါး သူ့ရှိရာကို မတ်တတ်ရပ် သပိတ်ပိုက်ဆင်းလာတာ မြင်ရော . . .

ဒါ သာမန်ရဟန်း မဖြစ်နိုင်ဘူး။

ရဟန္တာဖြစ်ရမယ်လို့ လုံးဝယုံကြည်လိုက်ပြီး . . .

ရဟန္တာရှိရာကို လက်အုပ်ချီကန်တော့လိုက်ရော 'ဝုန်း' ဆိုတဲ့ အသံဟိန်းဟိန်းကြီးနဲ့ ဂျိုင်းဆိုတဲ့ မိုးကြိုးပစ်သံ၊ လျှပ်စစ်မီးဝင်းလက်သွားတာကို မြင်ရပြီး . . .

စောစောက သူ့ကို အရက်ပင်လယ်ရေ ဖွတ်တိုက်ပြီး ဗိုက်ပေါ်တက်နင်း ခုန်ပေါက်ညှင်းဆဲနေတဲ့ အရပ် (၇)တောင် ဗိုက်ဖျဉ်းစွဲလူရမ်းကား ငမူးကြီးငါးဦး 'အမလေး' လို့အော်ရင်း တစ်ကိုယ်လုံး မီးစွဲလောင်လို့ ပြေးကြပါရောတဲ့။

ပြေးတာမှ သချိုင်းကုန်းထဲကို အော်ပြီးပြေးတာ။ ကိုမောင်ရှင်ကလည်း အံ့သြလွန်းလို့ ကြောက်ကြောက်နဲ့ လှမ်းကြည့်လိုက်တော့ . . .

သချိုင်းကလည်း ရှောမသချိုင်းကြီးတဲ့ဘုရား။

အုတ်ဂူကြီးတွေက အိမ်ငယ်တစ်လုံးစာမက ကြီးတာတဲ့။

နာမည်ရေးထားတဲ့ သစ်သားမှတ်တိုင်တွေက တောင်ပူစာလို လူသေမြှုပ်မြေပုံပေါ်မှာ အုန်းပင်၊ ထန်းပင်နီးပါးမျှကို မြင်နေရှိနေတာတဲ့။

မှတ်တိုင်ပေါ်မှာ သူ့နာမည်လည်း ရေးစိုက်ထားတာ မြင်ရသတဲ့။





ပြီး သူနဲ့သောက်ဖော်သောက်ဖက် အရက်သမားသူငယ်ချင်းတွေရဲ့ အမည်များလည်း အထင်းသား မြင်နေရသတဲ့။

သချိုင်းရဲ့အမည်ကိုလည်း အများမြင်သာအောင် စာလုံးအကြီးကြီးနဲ့ ရေးထားတာကို ဖတ်ကြည့်တော့ . . .

'သူ့ရာမရဏာသချိုင်း' တဲ့။

စောစောက မိုးကြိုးပစ်ခံရပြီး မီးစွဲနေတဲ့ အရပ် (၇) တောင် ဗိုက်ဖျဉ်းစွဲ အမူးသမားကြီးငါးဦးဟာ အုတ်ဂူကြီးများပေါ်မှာ လူးလိမ့်ပြီး အော်ဟစ်သူက အော်ဟစ်၊

မြေပုံတွေပေါ်မှာ လူးလိမ့်ပြီး မီးကိုငြိမ်းဖို့ ကြိုးစားသူက ကြိုးစားရင်း နောက်ဆုံး ဖျဉ်းစွဲနေတဲ့ဝမ်းဗိုက်ကြီးတွေ ပေါက်လို့ အရက်တွေ ဗိုက်ထဲကရော၊ ဒွါရကိုးပေါက်ကရော စီးကျပြီး မျက်လုံးပြူး အော့အန်ပြီး သေကြပါရောတဲ့။

အချို့က သေကာနီးမှာ မရှိမဆန့်အသံနဲ့ ကြုံးအော်ကြတယ်တဲ့။

"ဟော့ကောင် . . . မောင် . . . ရှင် . . ."

"မင်း . . . လာ . . . ခဲ့ . . . ဝေါ့ . . . ဝေါ့ . . ."

"မောင်ရှင် . . . လာခဲ့ . . . လာ . . . ခဲ့ . . . အ . . . ခု . . . လာခဲ့ . . ."

ကြောက်စရာကောင်းလိုက်တာတဲ့ ဘုရား။ မြေပုံကို လက်ဝါးဆန့်ကောလောက်ကြီးတွေနဲ့ တဘုန်းဘုန်းရိုက်ပြီး ခေါ်နေတာတဲ့။

မြေကြီးကို သိမ့်သိမ့်တုန်နေတာပဲတဲ့။

တစ်ယောက်သော အရက်သမား သူ့ရာမိတ္တာကောင်ကြီးက မီးစွဲတန်းလန်းနဲ့ သူ့ရှိရာကို လက်ဆန့်တန်းပြေးလာပြီး . . .

"မောင် . . . ရှင် . . . မင်း . . . ငါတို့နဲ့ . . . အတူ . . . နေ . . . ရမယ်ဟေ့"

"ဘုရား . . . ဘုရား . . . ကယ်တော်မူပါ ဘုရား"

"ရဟန္တာအရှင်သူမြတ်ကြီး ကယ်တော်မူပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်ကလည်း ကြောက်လွန်းလို့ ဘုရားကို အားကိုးတကြီးတ၊ သံဃာရဟန္တာအရှင်သူမြတ်ကြီးကို ကိုးကွယ်အားထားရာအဖြစ် တရော၊ သူရာကောင် မိစ္ဆာပြိတ္တာကြီးတွေ လေပွေလေဆင်နှာမောင်းက မွှေ့လိုမ့်သယ်သွားသလို ပါသွားပြီး အုတ်ဂူနဲ့ မြေပုံမှတ်တိုင်များကြားမှ လုံးဝပျောက်ကွယ်တိတ်ဆိတ်သွားခဲ့သတဲ့။

သူ ကြောက်စိတ်ပြေလို့ သတိတရမော့ကြည့်လိုက်ရော ...

ရဟန္တာအရှင်သူမြတ်ကြီးဟာ သပိတ်ကိုပိုက်ပြီး ကောင်းကင်ထန်းတစ်ဖျားအမြင့်ကနေ မောင်ရှင်ကိုစိုက်ကြည့်ပြီး ပြန်တော့လို့ နှုတ်ကဆိုလိုက်တယ်။

မောင်ရှင်ကလည်း 'မှန်ပါ့ဘုရား' လို့ ဝန်ခံပြီး လက်အုပ်ချီကန်တော့ ကြည့်ညိုနေချိန်မှာပဲ ရဟန္တာအရှင်သူမြတ်ကြီးလည်း တရွေ့ရွေ့နဲ့ မိုးကောင်းကင်ထဲမှာ ပျောက်ကွယ်လို့သွားပါသတဲ့ဘုရား။

သူ သတိရသည့်အချိန်မှာ သူ ဘာဒဏ်ရာမှမရဘူး။

အမှန်တကယ် ထွန်စက်ဘီးကြီး ကြိတ်သေရမည့်ဘေးက လွတ်ခဲ့ရတာကို အံ့သြလို့ မဆုံးဘူး။ ဒါနဲ့အတူ လွင့်မျောဝိညာဉ်ဘဝမှာ မြင်ခဲ့ရသည့်အမြင်ဆိုးဘဝဆိုးကိုလည်း စိုးရိမ်ကြောက်ရွံ့လာတယ်။

ဒါနှင့်အတူ ...

အရက်ကြောင့် ခံစားရမည့်ဘဝ နိမိတ်ဆိုးကို ကြိုသိကြိုမြင်လာတယ်။

အဲဒီဘဝဆိုးနဲ့ ကြမ်းတမ်းခက်ခဲစွာ သေရတော့မည့်ဘေးက လွတ်မြောက်လာရခြင်းကလည်း ...

ဘုရား၊ တရား၊ သံဃာ (ရဟန္တာ) မြတ်သုံးပါးကြောင့်ပဲလို့ လားရာကတိ ကြိုသိမြင်ပြီးနောက်ပိုင်း ...

အရက်ကို လုံးဝဖြတ်လို့ ကျိုက်အင်းဘုရားမှာ ရဟန်းဝတ်နေလိုက်တာ ဦးဇင်းမောင်ရှင် ... ဦးဇင်းမောင်ရှင်နဲ့ လူကြည်ညို ရှင်ကြည်





ညိုပါပဲဘုရား။ စောစောက ငရဲရောက်ကပ္ပိယများရဲ့ဘဝကိုလည်း ဦးဇင်းမောင်ရှင်ပြောပြလို့ သိရတာပါဘုရား"

"အိမ်း ... ဟုတ်ပေရဲ့ ... ဟုတ်ပေရဲ့ဗျာ။ ဗိမ္ဗိသာရမင်းရဲ့ (၉၂) ကမ္ဘာ ဆွေမျိုးများ၊ ဖုဿတုရားရှင်လက်ထက်တော်က မဆင်မခြင်ပြုမူတဲ့ အမှားကြောင့် ပြိတ္တာဖြစ်ရတာ အမှန်ပါပဲ။ သူတို့ ကကုသန်ဘုရားပွင့်တော့လည်း ချဉ်းကပ်ပြီး မိမိတို့ အစားအဝတ်ရမည့်အခါကာလကို မိန့်ကြားပါဘုရားလို့ ပြိတ္တာများကလျှောက်သကွယ့်။

အဲဒီမှာ ကကုသန်ဘုရားရှင်က ...

"ငါဘုရားတွင် မလျှောက်ထားကြနှင့်။ ငါဘုရားနောက် မြေကြီးတစ်ယူဇနာစုံတက်သောအခါ ကောဏာဂုံဘုရား ပွင့်တော်မူမည်။ အဲဒီအခါကျမှ လျှောက်ထားကြလို့ မိန့်ကြားခဲ့တယ်။

"မှန်ပါဘုရား"

"ဘဒ္ဒကမ္ဘာမှာ ဒုတိယမြောက် ကောဏာဂုံဘုရားပွင့်ရော ဘုရားရှင်ထံ ချဉ်းကပ်လျှောက်ထားကြပြန်ရော။ ဘယ်သောအခါမှ ဝတ်ရမဲ့ စားရမဲ့ ဒုက္ခက လွတ်မြောက်မှာလည်းပေါ့။

ဒီမှာ ကောဏာဂုံဘုရားရှင်က ...

"ငါဘုရားနောက်မှာ မြေကြီးတစ်ယူဇနာစုံတက်က ကဿပဘုရားပွင့်လိမ့်မည်။ အဲဒီအခါကျမှ လျှောက်ကြလို့ မိန့်တယ်။ တစ်ခါ မြေကြီးတစ်ယူဇနာစုံတက်ပြီး ကဿပဘုရားပွင့်လာရော ပြိတ္တာများက မေးလျှောက်ပြန်ပါရော။ သူတို့ဒုက္ခ ဘယ်တော့မှ လွတ်ပါမည်လဲ ဘုရားတဲ့။

အဲဒါ ကဿပဘုရားရှင်က ...

"ငါဘုရားနောက် မြေကြီးတစ်ယူဇနာ စုံတက်လာရင် ဂေါတမဘုရားရှင် ပွင့်လိမ့်မယ်။ အဲဒီကျရင် လွန်ခဲ့သည့် (၉၂) ကမ္ဘာက အဆွေအမျိုး အကြီးအမှူးပြုလုပ်ခဲ့သောသူသည် ဗိမ္ဗိသာရမင်းကြီးဖြစ်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်များကို ဆွမ်းအလှူပေးပြီး သင်တို့ပြိတ္တာဆွေမျိုးများအားလုံးကို အမျှပေးဝေလိမ့်မည်။ အဲဒီကျရင် သင်တို့ သ[illegible]ခါကြ



www.burmeseclassic.com

www.burmeseclassic.com



တော့။ သာစုခေါ်နိုင်မှ ပြိတ္တာဘဝဒုက္ခဆင်းရဲက လွတ်မြောက်ပြီး သင်တို့ စားရသောက်ရဘဝကို ရောက်ပြီး တင့်တယ်ကြလိမ့်မည်လို့ မိန့်တယ်။

အဲဒီလိုအသံကြားရတာနဲ့ကို ပြိတ္တာတွေ ဝမ်းသာလွန်းလို့ နက်ဖြန်ပဲ စားသောက်ရမည့်အလား ပျော်ရွှင်ကြသတဲ့။ ဒီလိုနဲ့ မြေကြီးတစ်ယူဇနာစွံ့တက်လာပြီးရော လူ့ပြည်မှာ ဂေါတမဘုရားရှင် ပွင့်ပါရော။

အကြီးအမှူးက ဗိမ္ဗိသာရမင်းကြီးဖြစ်လေတော့ မင်းကြီးက ဘုရားအမှူးပြုသည့် သံဃာတော်များကို ရှေးဦးဆွမ်းကပ်လှူတယ်။ သို့သော် ဘဝဟောင်း (၉၂) ကမ္ဘာက တော်စပ်ခဲ့ဖူးသည့် ဆွေမျိုးများကိုရည်စူးပြီး အမျှမပေးဝေမိဘူး။ ဟိုက သာစုခေါ်ချင်လို့ ကမ္ဘာပေါင်းများစွာ ဒုက္ခဆင်းရဲနဲ့ စောင့်နေတာလေ။

ဒီမှာ ပြိတ္တာတွေက ညဥ့်အချိန်မှာ မင်းကြီးကို ကိုယ်ထင်လာပြပြီး ကြောက်မက်ဖွယ် ရုပ်ဆင်းသဏ္ဍာန် အသံများကို ပြုရော။ ဗိမ္ဗိသာရမင်းကြီး ကြီးစွာလန့်ပြီး မိုးလင်းတော့ ဒီအဖြစ်ကို ဘုရားရှင်ထံ မေးလျှောက်ခဲ့တယ်။

ဘုရားရှင်က မကြောက်လန့်ဖို့ သတိပေးပြီး ပြိတ္တာတို့ရဲ့ ရှေးဘဝဖြစ်စဉ်ကို ဟောကြားမှ မင်းကြီး နားလည်လာခဲ့တယ်။

သည်မှာ ဗိမ္ဗိသာရမင်းကြီးဟာ (၉၂) ကမ္ဘာက ဆွေမျိုးတော်စပ်ခဲ့ဖူးသည့် ပြိတ္တာများကို သီးသီးသန့်သန့်ရည်စူးပြီး အဲဒီနေ့နံနက်မှာပဲ ဘုရားအမှူးရှိတဲ့ ပင့်သံဃာများကို ဆွမ်းခဲဖွယ်ဘောဇဉ်၊ သင်္ကန်း စသည်ကို လှူဒါန်းတယ်။

"ဤအလှူဒါန မှန်သမျှတို့သည် အကျွန်ုပ်၏ဘဝဘဝက တော်စပ်ခဲ့သော အဆွေအမျိုးများအတွက် ဖြစ်စေသတည်း" ဟု ရည်စူးအမျှပေးဝေလိုက်ရော၊ အဲဒီကျမှ ပြိတ္တာရှစ်သောင်းလေးထောင်တို့က အားရဝမ်းသာ သာစုခေါ်လိုက်ကြတယ်။

သာစုခေါ်လိုက်သည့် တစ်ပြိုင်နက်တည်းမှာပင် ...

နတ်ခဲဖွယ်ဘောဇဉ်များ၊





နတ်ဝတ်တန်ဆာများ၊

နတ်ဘုံဗိမာန်များ၊

နတ်ရေကန်နဲ့ နတ်ယာဉ်ရထားတွေ ချက်ချင်းဖြစ်ပေါ်ခံစားရတယ် ဒကာ။ ဒါကြောင့် စာတတ်သည့် ပညာရှိဆရာတော်များက ဆုံးမသြဝါဒပေးရတာပေါ့။ ဘုရားပစ္စည်း၊ သံဃာပစ္စည်း အလွဲသုံးစားမလုပ်နဲ့။ လုပ်ရင် (၉၂) ကမ္ဘာ ဒုက္ခရောက်တဲ့ ပြိတ္တာဘဝမျိုး ကြုံရမယ်လို့ ဟောရ သတိပေးရတာပေါ့။

"ကိုင်း ... ကိုရွှေကပ္ပိယကြီး ... ကျုပ်တို့ပြောတာ နားလည်ရဲ့လား"

"ဟွန်း ... မင်းကွာ ... မင်းနော် ... ဆရာတော်ကို အားနာလို့နော်"

အရှုးကိုထွန်ခြစ်က ဘုန်းကြီးရှေ့မှာ လူတတ်လုပ်၊ အရှုးက တစ်မူးသာပြုလို့ ကျောင်းနေကပ္ပိယကြီး ဒေါသ်ွးနေပါရော။

"ကိုထွန်ခြစ် ..."

"ဘာတုံး"

"ခင်ဗျား ... သင်းခွေချပ်အခေါ်ခံရတဲ့ကိစ္စ ပြောဦးလေဗျာ"

"အေး ... ပြောမယ်။ တိုတိုပဲ ပြောမယ်ကွာ။ ဆာလည်းဆာနေပြီ၊ ပင်လည်း ပင်ပန်းနေပြီကွ။ အေး ..."

"ပြောဗျာ"

"ငါနဲ့ မဆိုးစေဥ္စရယ်၊ ငဖေဆိုတဲ့ကောင်ရယ် ဒီတောထဲမှာ တောကြောင်လိုက်ထောင်ကြတာကွ။ ငါတို့လည်း တောအတွေ့အကြုံမရှိတော့ မဆိုးစေဥ္စနဲ့ လူကွဲရောဟေ့။ မဆိုးစေဥ္စဟာ ဒဏ်ရာရတောကြောင်နောက်ကို လိုက်ရင်း လူကွဲသွားတာကိုး။

ငါနဲ့ငဖေလည်းကွဲရော ... အဲဒါ ငါက ငဖေရေခေါ် ... ငဖေကထွန်ခြစ်ရေခေါ်နဲ့ ... နောက် ... ဘာကြာလဲ ငါ့နာမည်ခေါ်သံကြားလို့ ကြားရာအရပ်ကို လိုက်ရှာတာ ငဖေကိုမတွေ့ရဘူးဟေ့။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံက သစ်ပင်အမြင့်ပေါ်က ခေါ်လိုက်၊ သစ်ပင်အနိမ့်က ခေါ်လိုက်၊ အဝေးကခေါ်လိုက်၊ အနီးကခေါ်လိုက်နဲ့။ နောက်ဆုံး ငါလည်း ငဖေ လမ်းမှားပြီးခေါ်နေတယ်မှတ်လို့ ခေါ်သံကြားရာ လိုက်ရင်းလိုက်ရင်း ရောမညောင်ပင်ကြီးတစ်ပင်ရှေ့ကို ရောက်သွားရောဟေ့။ ဟာ ... ငါ့လူ ရာ အရပ်ပုပုနဲ့ မိန်းမငါးယောက်ကို ငါမြင်ရပါရောဟ။ အရပ်ကလည်း ပု သမှ ခြောက်လက်မနီးပါးခန့်ပဲရှိမယ်လို့ ထင်ရတယ်။

ထဘီရင်လျားနဲ့ ရေအိုးလေးသေးသေး ကွမ်းသီးလုံးခန့်တွေ ရွက်လို့။ ငါလည်း ဒီလောက်သေးတဲ့ လူပုလေးများကို ခုမှပဲ အထူးအဆန်း မြင်ဖူးတယ်။ မှင်စာလို့ခေါ်ရမှာလား၊ သူယောင်မယ်သေးသေးလေးလို့ ခေါ်ရမလားမသိဘူး။

ဒါနဲ့ စကားပြောမလို့ လူလုံးလည်းပြလိုက်ရော ...

အရပ်ပုသေးသေး မိန်းမလေးငါးယောက်ဟာ ငါ့မြင်တာနဲ့ ခေါင်းပေါ်ကရေအိုးလေးတွေ ပစ်ချပြီး ညောင်ပင်နောက်ကို အလန့်တကြား ဝင်ပြေးပါရောဗျာ။ အဲဒါ ညောင်ပင်ကိုပတ်ပြီးရှာတာ သူတို့က ရှေ့ကနေပတ်ပြေး၊ ငါက နောက်ကလိုက်၊ ဝိုင်းကြီးပတ်ပတ်ဖြစ်နေတာ။

အခေါက်ပေါင်းမနည်းဘူး။

လူကသာ သေးတာဆရာရေ ... ပြေးပုံက ယုန်များပြေးသလို မြန်သဗျာ။ နောက်ဆုံး ငါလည်းမောဟိုက်နေပြီ၊ ရပ်ပါဦး ... ပြောစရာရှိလို့ပါလို့ အော်ပြောလည်း သူတို့ကမရပ်ဘူး။ ရှေ့ကနေပြေး ...

ငါကလည်း ရပ်ဖို့အော်ရင်း လိုက်၊

"ဟော့ကောင် ..."

"ဟော့ကောင် ... ထွန်ခြစ်"

"ထွန်ခြစ် ..."

တင်ပါးကို နောက်ကနေ ဆောင့်ကန်လိုက်မှ ငါလည်း မြေပြင်မှာလဲကျပြီး သတိရမောဟိုက် လျှာထွက်နေပါရော။

"ထွန်ခြစ် ..."

---

စိတ်ကူးသစ်စာပေ



"ဗျာ ... ဗျာ ... ကို ... စဥ္ ..."

"မင်း ဘာဖြစ်နေတာတုံး"

"မော ... မော ... အမလေး ... ရေ ... ရေ ... တိုက်ကြပါဗျာ"

စဥ္စက ရေဘူးကမ်းပေးလို့ ရေကို အားရပါးရသောက်လိုက်တော့ လူက အမောပြေပြီး လန်းသလိုရှိသွားရော။

"ဟော့ကောင် ... ထွန်ခြစ်"

"ဗျာ ..."

"မင်း ဘာလို့ ညောင်ပင်ကို တစ်ယောက်တည်း ပတ်ပြေးအော်နေရတာလဲ။ ရူးနေလို့လား ... ဟုတ်လား"

"မဟုတ်ဘူး။ လူ ... လူပုပုလေးတွေ ... တွေ့လို့"

"ဘာ ... လူပုပုလေးတွေ။ မင်းရူးပြီ ဟော့ကောင် ... ရူးပြီ"

ဒါနဲ့ ငါက ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြတယ်။ သူတို့လည်း အံ့အံ့သြသြဖြစ်ပြီး လန့်သလိုရှိရောဟေ့။

"လာ ... လာ ... ထွက်ကြစို့။ ဒီတောက ကြမ်းတယ်။ သိုက်တောလိုလို၊ ဥစ္စာစောင့်တောလိုလို၊ ပညာသည်တွေမြှုပ်တဲ့တောလိုလို နာမည်ကြီးတယ်။ မင်းတို့ကို ငါပြောသားပဲ။ လူကွဲရင် နာမည်မခေါ်နဲ့ဆို။ အခု မင်းတို့နာမည်ကိုခေါ်နေတာ တောထဲက သင်းခွေချပ်တွေပဲ။

ကံကောင်းလို့ပေါ့ကွာ ... သင်းခွေချပ်ရှိတဲ့ သစ်ပင်အောက်ကို ရောက်ရင် သင်းခွေချပ်က သူ့ခန္ဓာကိုယ်ကို ဘောလုံးလို၊ သံလုံးလို လုံးခွေပြီး အောက်ကလူရဲ့ဦးခေါင်းပေါ်ကို ခုန်ချတာဗျာ။ အဲဒီကျရင် ဦးခေါင်းကွဲပြီး သေရော။ မှတ်ထား ..."

"ကိုစဥ္ ..."

"ဘာတုံး"

"ဟို ... ဟို ... အရပ်တစ်မိုက်လောက်ရှိတဲ့ မိန်းမပုပုသေးသေး လေးတွေက ဘာတုံးဗျ ဟင်"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလား ... ငါ့အထင်တော့ တစ္ဆေလား၊ မှင်စာလား၊ ဒါမှမဟုတ် သူယောင်မယ်တွေလားပဲ။ ဒီလိုမှမဟုတ်ဘူးဆိုရင် မင်းတောထဲမှာ မျက်စိလည်ပြီး အမြင်မှောက် တောမှောက်သလိုမျိုးဖြစ်နေမှာ။ လာ ... လာ ... အမဲလည်း ဆက်မလိုက်တော့ဘူး၊ ပြန်စို့"

"ဒါနဲ့ ငါတို့ တောကြောင်သေတစ်ကောင်ဆွဲပြီး ဒီတောထဲကနေ ပြန်ထွက်ခဲ့ရတယ်။ အဲဒါ ငါ့ကိုယ်တွေ့။ သင်းခွေချပ်အဖြစ်ပဲ"

"ကိုင်း ... ကိုင်း ... ကပ္ပိယကြီးတို့၊ မောင်ထွန်းခြစ်တို့ရေ ... အချိန်လည်း လင့်သွားပြီ၊ ဘုရားပျက်ကုန်းလည်း ရှာလို့မတွေ့သေးဘူး"

"ရပ်လိုက်တော့မလား ဘုရား"

ကပ္ပိယကြီးက ကြောက်လွန်းလို့ မေးတယ်။

"မရပ်ဘူး"

"ဗျာ ..."

"လုံးဝမရပ်ဘူး။ ကျုပ်အိပ်မက်ကို ကျုပ်ယုံကြည်တယ်။ သမိုင်းနောက်ခံလည်း သဲလွန်စရှိနေတယ်။ ကျုပ်တို့ သာသနာ့ပြုရဖို့ အခြေအနေဖန်တီးလာတယ်။ တစ်နည်းပြောရရင် ကျုပ်အိပ်မက် အမှန်အကန်ဖြစ်ခဲ့ရင် အဖိုးတန် ရှေးဟောင်းဘုရားရုပ်ပွားတော်ကို ငါတို့ ပြန်တွေ့ရပြီး အများဖူးမြော်ကြည်ညိုလို့ရအောင် ငါတို့ ကြိုးစားရမယ်"

"ခုပဲ သုံးကြိမ်ရှာပြီးပြီလေ ... ကိုယ်တော်"

"ဆယ်ကြိမ်ပြည့်ပလား ... ကပ္ပိယကြီး"

"ကိုယ်တော်က ဆယ်ကြိမ်ပြည့်အောင် ရှာမလို့လား"

"ကပ္ပိယကြီး မလိုက်ရဲရင်နေ၊ ပါရမီမပါရင်နေ။ ဘုန်းကြီးကတော့ ဆယ်ကြိမ်မက မတွေ့တွေ့အောင်ရှာမှာပဲ"

ကပ္ပိယဖိုးသန်းခေါင်ဟာ ခေါင်းကြောမာလွန်းလှတဲ့ ဘုန်းကြီးကို ကြည့်ပြီး သက်ပြင်းချလိုက်လေရဲ့။

"ချစ်မိုးကြီး"

"ဘုရား ဘဘုန်း"

---

စိတ်ကူးသစ်စာပေ



"မင်းရော သာသနာပြု ပါရမီစာရင်း ဝင်ဦးမှာလား။ ပြော ..."

"ဟို ... ဟို ... အဲ ... အဲ ..."

"အားမနာနဲ့ ရဲရဲပြော။ ပွင့်ပွင့်လင်းလင်းပြော။ ငါနဲ့ ဒီတောကြီးထဲမှာ တိုးရတာကြောက်ရင် မလိုက်နဲ့"

"ဟို ... ဟို ... လိုက်မှာပါ ... ဘုရား"

"ဟုတ်ပြီ ... ဟိုကောင် ... မောင်ထွန်းခြစ်"

"ဘုရား ..."

"ဒကာကြီးက အရူးလား၊ အထူးလား"

"မသိပါဘုရား။ မျက်စိထဲမှာ စုန်းမီးလုံးလိုအရာမျိုး၊ ဆံပင်ဖားလျားနဲ့မိန်းမများကို မြင်ရရင် ဦးနှောက်ပျက်သလို ဖြစ်ဖြစ်သွားပြီး တစ်ခါတစ်ခါ ကြေးစည်သံလို၊ မောင်းသံလို အသံမျိုး ကြားရမြင်ရရင် ခေါင်းကကြည်ပြီး ရှေ့ကြောင်းနောက်ကြောင်းများ သိသလိုမျိုးတော့ ခံစားရပါတယ်ဘုရား"

"အေး ... တစ်နေ့ မင်းရောဂါ ပျောက်ကိုပျောက်မှာပါ"

"တပည့်တော်လည်း အာရုံရထားပါတယ်ဘုရား"

"အလို ... ဒကာထွန်းခြစ်က ဘယ်လိုစိတ်အာရုံရလို့တုံးဗျာ"

"တဘောင်ဘုရား"

"ဟ ... လုပ်ပါဦးဟ။ ဘယ်လိုတဘောင်အသစ်တုံး ဒကာရ"

"ငါးထပ်ဘုရား ... ဖူးရကြား ...
ရှူးထားသူပင် ကောင်းရမည်တဲ့ဘုရား"

"ဟေ ... ဟုတ်လားဟ ... ငါ့လူ ဖူးရပါစေဗျာ ... ပြန်ကောင်းပါစေဗျာ။ ဒါနဲ့ မောင်ထွန်းခြစ်ရဲ့ ..."

"ဘုရား ..."

"ငါရှာနေတဲ့ ငါးထပ်ဘုရားရော ပြန်တွေ့မယ်ဆိုတဲ့ အတိတ်နိမိတ်တဘောင်စာနည်းများ မရဘူးလား ... ဒကာလေးရာ"

"ရတော့ရတယ်ဘုရား"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... ရ ဟုတ်လား။ ဟ ... ဟ ... ငါ့လူရ ... ဘယ်လိုတဘောင်များ ရသတုံးဟ။ မြန်မြန်ပြောစမ်းပါဟ"

ပျာပျာသလဲဖြစ်နေပုံကို ကြည့်ပြီး ကပ္ပိယကြီး နှာခေါင်းကို ရှုံ့ပြတယ်။ မေးကို ရွဲ့ပြတယ်။ ချစ်မိုးကြီးက ရယ်နေတယ်။

ကပ္ပိယကြီး ဖိုးသန်းခေါင်အမြင်မှာ ဘုန်းကြီးရှူးနဲ့ လေ့လူးနဲ့တွေ့နေသလိုမျိုး။ ဘုန်းကြီးရှူးနဲ့ လူရှူး ခတ်ကျနေပုံမျိုးလို မြင်နေတာကိုး။

"ဟ ... လူထူးကြီးရ၊ မြန်မြန်ပြောပါဟ"

"အိပ်မက်ထဲမှာ လာပြောတာဘုရား"

"ဟ ... ဟ ... ငါ့လူရ ... ဘယ်သူလာပြောတာတုံးဟ။ နတ်သားလား၊ နတ်သမီးလား၊ ဗြဟ္မာကြီးလား၊ သိကြားမင်းလားဟ။ စဉ်းစားပါဦးကွ"

"ပုံသဏ္ဍာန်က တစ်မျိုးကြီးပဲဘုရား"

"ဟုတ်လာပြီဟ ... သူ ... သူက ... ဘာပြောတုံး ... ငါ့လူရ"

"သူပြောတဲ့အသံတိုးလို့ တပည့်တော် မကြားလိုက်ဘူးဘုရား"

"ဟာ ... သေပါတော့ကွာ ... ငါ့လူရာ။ မင်းက လိုက်မမေးဘူးလား ... မောင်ထွန်ခြစ်ရာ"

"လိုက်မေးပြန်မေးမလို့လုပ်ရော ပျောက်သွားရောဘုရား"

"ခွီးမှပဲကွာ။ သဲလွန်စနိမိတ်အာရုံလေးများ ရမလားလို့ ညကျပြန်ခေါ်မက်ကွာ"

"ဗုဒ္ဓေါ ..."

"ကိုယ်တော်"

"ဘာတုံး ... ကပ္ပိယကြီး"

"အိပ်မက်ဆိုတာ ပြန်ခေါ်မက်လို့ ရလို့လားကိုယ်တော်"

"ရရ မရရကွာ ပိုက်ဆံကုန်လို့လားကွ။ မနေ့ညက အိပ်မက်လေး





ခင်ဗျာ ... ညတုန်းက မပီပြင်လို့ ဒီည အထင်အရှား အိပ်မက်ပြန်ပေးပါလို့ အော်ပြောရော။ လက်ဖက်ရည်နဲ့မုန့် ကျွေးရလို့လား"

"ဟွန်း ... ရှားပါ့ဗျာ။ အဟော့ ... မက်ပေးလိုက်ဟော့ ... ထပ်မက်ပေးလိုက်။ အဆစ်လေးပါ ထည့်မက်ပေးလို့ ပြောလိုက်ဟ။ ဟောဟော ... ဟော့"

သည့်နောက် သူတို့အားလုံး ထိုင်ရာက ထလိုက်ကြ၏။

ပြန်တော့ ဘုန်းကြီးက ရှေ့က။ ဘုန်းကြီးနောက်က ကပ္ပိယကြီး ဖိုးသန်းခေါင်က လေးကင်းခေါ်ရှည်ကိုင်ပြီး ကြောက်ရွံ့သလိုဟန်နှင့် ဟိုကြည့်ဒီကြည့်လုပ်ရင်း လိုက်တယ်။ သူတို့နောက်က ချစ်မိုးကြီးနှင့် အရှူးထွန်ခြစ်။

ဘုန်းကြီးကလည်း လက်အငြိမ်မနေဘူး။ လက်ထဲကတောင်ဝှေးနဲ့ သွားရင်း ဟိုကော်ဒီကော်လုပ်တယ်။ အဲဒါ မှောက်နေတဲ့မြေအိုးဟောင်း တစ်လုံးတွေ့ရော လက်ထဲ တောင်ဝှေးနဲ့ အိုးကိုကော်လှန်လိုက်တာ ...

"ရှီး ..."

"အောင်မလေး ... ပလုတ်တုတ်"

"ဟ ... မြွေဟောက်ကြီးဟ။ ပြေးဟေ့ ... ပြေး ... ပြေး"

အိုးလည်းလှန်ရော ရှီးဆို မြွေဟောက်ကြီးက ခွေနေရာက ပါးပျဉ်းထောင်လိုက်လို့ ဘုန်းကြီးရော၊ လူရော၊ အရှူးရော ပြေးလိုက်ရတာ မောနေတာပဲ။

"ကိုယ်တော်ဘုရား ..."

"ဘာ ... ဘာ ... တုံး ... ကွာ ... ဟာ ... ဟာ ... ဟူး"

"ဘာလို့ လက်ခြေ အငြိမ်မနေတာလဲဘုရား"

"ဟို ... ဟို ... ကံကောင်းရင် သွားရင်းလာရင်း ဟို ... လှန်ဒီ ... ဒီ ... လှန်နဲ့ တွေ့ ... မလားလို့ ... လှန်လိုက်တာ ... ဟူး"

"မြွေဟောက်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ...။ မြွေရှိမှန်းမသိလို့ လှန်မိတာပါ။ ဘုရား ... ဘုရား ..."

"အရှင်ဘုရားက ပုံလွှန်တော်မူရင် နတ်ပြည်ရောက်မှာ"

"ဟေ ... ဒီတော့ ..."

"တပည့်တော်တို့က မြွေကိုက်လို့သေရင် ဒီတောထဲမှာ အစိမ်းသေဘဝနဲ့ တစ္ဆေဖြစ်ရမှာ ကိုယ်တော်ရဲ့"

"အေး ... အေးပါကွာ"

"နောင်ကို လက်မဆော့ပါနဲ့ဘုရား"

"အေး ... အေးပါကွာ။ အခုလည်း မသေကြသေးပါဘူးကွ။ လာလာ ..."

"ဟွန်း ... မသေသေးဘူးချည်း ပြောနေတာပဲ။ မသာလောင်းဘဝက ပွတ်ကာသီကာလွတ်ရတာ အကြိမ်မနည်းဘူး"

အဲဒါ သူ့ကို ကိုယ်က အပြစ်ပြောလိုက်၊ သူက ကိုယ့်ဆရာလုပ်လိုက်နဲ့ တောထဲကထွက်လာရော။ အလိုလေး ...

မြွေတွန်သံလိုလို၊

လူညည်းသံလိုလို၊

ခိုညည်းသံလိုလို၊

တစ်ခါတစ်ရံ တောက်ခတ်သံလိုလို၊

တစ်ခါတစ်ခါ ခြေသံလိုကြားရပြီး လှည့်ကြည့်ရင် လူရိပ်လူယောင်ဘာမှမမြင်ရဘူး။ ဖိုးသန်းခေါင်နဲ့ ချစ်မိုးကြီးကတော့ ဓား၊ ငန်းပြားကိုင်ပြီး ခေါင်းနားပန်းကြီးလို့ လန့်နေလေရဲ့။

သူတို့ကသာ မမြင်ကြတာ။

**တစ်ခုသော တောင်ကုန်းနံဘေးကနေ ခပ်မည်းမည်းသုံးယောက်ချောင်းကြည့်နေတာကို သူတို့လေးဦးစလုံး လုံးဝမသိကြဘူး။ သိများသိရင် ဘယ်လောက်များ ရင်တုန်ပန်းတုန် ဖြစ်သွားကြမလဲမသိဘူး။**

✿ ✿ ✿

[ ၁၉ ]

# ဖြူဖြူကြီးလေးပါးပေးတဲ့တာအောင်

❑

"အရှင်ဘုရား ..."

"အရှင်ဘုရား ..."

"ဟဲ့ ... ဘယ်သူတုံး၊ ငါ့ကိုခေါ်နေတာ"

"တပည့်တော်တို့ပါဘုရား"

နောက်ပြန်လှည့်ကြည့်လိုက်တော့ ဝတ်ဖြူစင်ကြယ်ဝတ်ထားပြီး အတော်ကြီးကြီး စိပ်ပုတီးကြီး လည်ပင်းမှာဆွဲထားတဲ့ ခန့်ခန့်ညားညား အဘိုးအိုတစ်ဦးရယ်။ သူ့အသားအရေက သပိတ်ရောင် နက်မှောင်တောက်နေတာပဲ။ အသားအရေက နက်မှောင်ပိန်းနေပေမင့် မျက်ခုံးမွေးနှစ်ခုက ဖွေးဖွေးဖြူလို့။ နှုတ်ခမ်းမွေးကလည်း ဖြူပြီး ထူလို့။

သူနှင့်အတူ လူလားဘာလား ဝေခွဲရခက်တဲ့လူနှစ်ယောက်လည်း ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်ရဲ့နောက်မှာ ပါလာတယ်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာကြည့်လိုက်တော့ အဲဒီလူသန်သန်နှစ်ယောက်ရဲ့ မျက်နှာက မြွေမျက်နှာနဲ့ ခပ်ဆင်ဆင်တူနေသလိုပဲ။ ပြီး ... ဦးခေါင်းပေါ်မှာ ဆံပင်မရှိဘူး။ ခေါင်းတုံးပြောင်ကြီးနဲ့ နဖူးမောက်မောက်ကြီးတွေ။

ခေါင်းပုံစံက မွေးကတည်းက ဆံပင်မပေါက်သည့် ပုံသဏ္ဌာန်မျိုး။

ဘုန်းကြီးဦးရက္ခိတက သူတို့သုံးဦးကို ကြည့်ပြီး ...

"ဒကာကြီးတို့က ဘယ်အရပ်ကတုံး"

မေးရတယ်။ တစ်ခါမှ မမြင်ဖူးဘူးလေ။ သုံးယောက်ပုံစံကလည်း စိတ်အာရုံထဲမှာ ဆန်းနေသလို မြင်ရသကိုး။

"တောကပါဘုရား"

ရှေ့ဆုံးက ဝတ်ဖြူစင်ကြယ်နဲ့ ဦးပုတီးကပြောတယ်။

"တောက ဘယ်တောတုံး။ ကဒွန်းနရွာကလား၊ အပျိုကြီးပတုတ်တို့၊ ညောင်နီတို့၊ ပန်းတောရွာတို့ကလား"

"တောကပါပဲဘုရား"

ကြည့်စမ်း ... ပြောပုံနှယ်။ တောကပါပဲ ဘုရားတဲ့။ သင်းတို့ တောက အမည်ပျောက်တောလား၊ အမည်မဲ့တောလား။ ထပ်ဟောက်ရရင် မကောင်းဖြစ်ရှာမယ်။

သို့သော် သူတို့သုံးဦးနဲ့ အသွင်သဏ္ဌာန်က အေးဆေးပုံ။ ဒါနဲ့ စကားနဲ့ရန်စဲ ကိုယ်လည်း ကလန့်မလုပ်ဘဲ အလိုက်သင့်မေးရတယ်။

"ကိုင်း ... ဒါဆို လာရင်းကိစ္စပြောပါဦး"

"ရှာနေတဲ့ ပစ္စည်းတွေ့ပါပြီလား ဘုရား"

"ဟေ ... ဘယ်လို ... ရှာနေသည့်ပစ္စည်း ... ဟုတ်လား။ ဘာပစ္စည်းတုံးဟ"

ဘုန်းကြီးက လူကဲခတ်ချင်လို့ မသိချင်ယောင်ဆောင်မေးရတယ်။

"ရွှေဟောင်းရုပ်ပွားတော်ပါဘုရား"

ဖြေလိုက်တဲ့သူက ဝတ်ဖြူစင်ကြယ်နဲ့ ဦးပုတီး။ ဖြေပုံကလည်း ပြုံးပြုံးပြုံးပြုံးနဲ့ သူသိနေပါတယ်ဆိုတဲ့ ဂိုက်ပေးမျိုးနဲ့။





"ဒကာကြီး ..."

"ဘုရား ... ..."

"အဲဒီကိစ္စ ဒကာကြီးကို ဘယ်သူပြောတုံး"

"အရှင်ဘုရားကိုယ်တိုင် ပါးစပ်က ဖွင့်ပြောတာလေဘုရား"

"ဟေ ... ငါကိုယ်တိုင် ဖွင့်ပြောတာ"

"မှန်ပါ့ဘုရား"

"ဟ ... ဟုတ်ရဲ့လားဟ"

ဘုန်းကြီး ဦးပြည်းကိုပွတ်ပြီး စဉ်းစားရရော။ ဒီကိစ္စက သူရယ်၊ ကပ္ပိယကြီး ဖိုးသန်းခေါင်ရယ်၊ သူ့တူချစ်မိုးကြီးရယ် ... အရှူးထွန်းခြစ်ရယ် ပဲသိတာ။ ဟိုသုံးယောက်ထဲက တစ်ယောက်ယောက်များ အာချောင်ရော သလား။ -

သို့သော် ဖိုးသန်းခေါင်နဲ့ သူ့တူချစ်မိုးကြီးကိုတော့ လူယုံမို့ ဒီကိစ္စ အခြားသူ မသိစေနဲ့လို့ နှုတ်ပိတ်ထားခဲ့တာဥစ္စာ။

အရှူးပဲပြောနိုင်တယ်။ အရှူးစကားရော ဘယ်သူယုံမှာလဲ။

"ဒကာကြီး ..."

"ဘုရား ..."

"ကျုပ်ပြောဖူးတယ်ဆိုတာရော ဟုတ်ရဲ့လားကွယ်"

"တပည့်တော် မညာပါဘူးဘုရား။ ဟောဒီနားနဲ့ ဆတ်ဆတ်ကြားတာပါ။ တပည့်တော်တင်မဟုတ်ဘူး ဟိုနှစ်ယောက်ပါ ကြားကြတာပါဘုရား။ ဟဲ့ ... မောင်ငန်းနဲ့ ငမွေး နင်တို့ကြားတယ်မဟုတ်လား"

"ကြားပါတယ်"

"ကြားပါတယ်ခင်ဗျ"

ကြည့်စမ်း ...။ မြွေမျက်နှာနဲ့ လူနှစ်ယောက်။ နာမည်က မောင်ငန်းနဲ့ ငမွေးတဲ့။ ကြားတယ်လို့ သက်သေခံနေလေရဲ့။ အံ့ပါရော။

ဒါနဲ့ ဘုန်းကြီးဦးရက္ခိတက သူတို့နှစ်ဦးရဲ့ မျက်နှာများကို တစ်လှည့်စီ စူးစိုက်ဝေဖန် အကဲခတ်ကြည့်ပြီး စဉ်းစားလိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဦးခေါင်းထဲကို ဉာဏ်စဉ်အတွေးတစ်ခု ဝင်လာပါရော။ ဝမ်းသာသလိုရှိသွားတယ်။

အရိပ်ပြတော့ အကောင်ကို ခပ်ရေးရေးမြင်ရသလိုမျိုး။ ဒါကြောင့် ဖြူးရင်း ဦးခေါင်းကို တညိတ်ညိတ်လုပ်လိုက်တယ်။

"သတိရပြီလား။ စဉ်းစားလို့ ရပါပြီလား ဘုရား"

"အိမ်း ... မတွေ့သေးဘူး ဒကာကြီး။ ကျုပ်တို့လည်း ခက်ခက်ခဲခဲအန္တရာယ်တွေကို ရင်ဆိုင်ပြီးရှာနေတာ သုံးကြိမ်ရှိသွားပြီ။ ဘုရားရုပ်တု မတွေ့ရဘဲ ကြောက်လန့်စိုးရွံ့စရာ အန္တရာယ်မျိုးစုံကိုပဲ ကြုံတွေ့နေရတယ် ဒကာကြီး"

"မကြောက်ပါနဲ့ဘုရား"

"ဘုန်းကြီးကတော့ ဘာသာအကျိုးမို့ မကြောက်ပါဘူးဗျာ။ သို့သော် အဖော်အချို့က ဘုန်းကြီးကို မကူညီရဲသလို ဖြစ်နေကြတယ်ဗျ။ ဒကာကြီးတို့လည်း တတ်နိုင်သည့်ဘက်က ကူညီကြဦးလေဗျာ ... နော"

"ကူညီကြတာပါပဲဘုရား။ အရှင်ဘုရားတို့က အကင်းမပါးလို့ပါ"

"ဟေ ... ကျုပ်တို့အကင်းမပါးလို့ ဟုတ်လား"

"ဟုတ်ပါတယ် ... ဘုရား။ မှတ်ထားပါဘုရား ... ဒီတောထဲမှာ ရှေးစာတဘောင်ရှိပါတယ်ဘုရား"

"တဘောင် ... ဘယ်လိုရှေးစာတဘောင်ပါလိမ့် ... ဒကာကြီးရယ်"

"မှတ်ထားပါဘုရား ...။

'ကြက်တွန်သံကြား ချုံအောက်နား ... ဘုရားစံပယ်ကြာလှပြီ။
ရွှေစင်ရွှေသား မြတ်ဘုရား ... ချစ်သားရဟန်း သန့်စင်မည်။
ပေါ်တော်မူဘုရား မပြစ်မှားနှင့် ... ပြစ်မှားသည့်သူ အပါယ်ပူ
နေဆယ်ဆူလို လောင်မြိုက်မည်'

လို့ ဟိုတုန်းက ရှေးတဘောင်ရှိခဲ့ဖူးပါတယ် ဘုရား။

စိတ်ကူးသစ်စာပေ



ဒီလောက်ဆို အရှင်ဘုရားရဲ့ ပါရမီကို တပည့်တော်တို့ တတ်နိုင်သမျှ ဝိုင်းကူဖြည့်ဆည်းပေးပါပြီဘုရား။ ဉာဏ်ရှိသလိုသာ မြေတံခါးကို ဖွင့်တော်မူပါဘုရား။ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါ ကိုယ်တော်"

ဝတ်ဖြူစင်ကြယ်နှင့် အသားမည်းမည်းပုဂ္ဂိုလ်က သို့ကလိုပြောပြီး ဘုန်းကြီးကို ဦးချကန်တော့တယ်။ မြွေမျက်နှာနှင့် လူသန်ကြီးနှစ်ဦးကလည်း နည်းတူဦးချပြီး ကျောင်းပေါ်ကနေ ဆင်းသွားကြတယ်။

ဘုန်းတော်ကြီးရဲ့အာရုံမှာ သူတို့ တဖြည်းဖြည်း ဝေးသွားပျောက်သွားတယ်။ လင်းကြက်တွန်သံကြောင့် အာရုံစိတ်တွေပြတ်ပြီး သမထပုတီးစိပ်ခြင်းကို အသာရပ်ပြီးလို့ မျက်လုံးကိုဖွင့်လိုက်တယ်။

ဘုန်းကြီးစဉ်းစားကြည့်တယ်။

သူ သမထအာရုံမှာ စူးနစ်နေချိန်၊ သူ့ရှေ့ဝန်းကျင်မှ လူထူးဆန်းသုံးဦးရောက်လာပြီး တဘောင်တွေရွတ်ပြသွားတယ်။

အခု သမထသိမ်းလိုက်တော့ အနီးမှာ ဘယ်သူမှမရှိဘူး။

သို့သော် နှာခေါင်းထဲမှာ ညောင်ချဉ်ရနံ့မျိုး နံနေရနေတယ်။

မြွေတွန်သံလိုမျိုး ကြားနေရတယ်။

သူတို့ရောက်လာတာ အမှန်ပဲ။ သုံးယောက် ...။

မိုးသောက်ကာနီး ရောက်လာကြတာ။ ဘုန်းကြီး အားလုံးကို မှတ်မိနေတယ်။ သူတို့သုံးဦးအနက်က ဝတ်ဖြူစင်ကြယ်နဲ့လူကြီးက တဘောင်တစ်ခုကို ရွတ်ပြသွားတာ။

'ကြက်တွန်သံကြား ချုံအောက်နား ... ဘုရားစံပယ်ကြာလှပြီ။
ရွှေစင်ရွှေသား မြတ်ဘုရား ... ချစ်သားရဟန်း သန့်စင်မည်။
ပေါ်တော်မူဘုရား မပြစ်မှားနှင့် ... ပြစ်မှားသည့်သူ အပါယ်ပူ
နေဆယ်ဆူလို လောင်မြိုက်မည်' လို့ ရွတ်ပြသွားတာ။

ဒါ ... အိပ်မက်လား၊ နိမိတ်လား၊ အာရုံရတာလား။ ပုဂ္ဂိုလ်ထူးများ လာရောက်စောင့်ရှောက်လေရော့လား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဟုတ် ... ပြီ"

သူ ဝမ်းသာအားရ ကြွေးကြော်ပြီး ထရပ်လိုက်တယ်။ သူ့ရင်ထဲမှာ ကျေနပ်အားရသလိုရှိနေတယ်။ မျက်နှာသစ်ပြီးသည့်နောက် ဘုရားရှင်ကိုယ်တော်မြတ်ကို သောက်တော်ရေချမ်းကပ်လှူပြီး ဘုရားရှိခိုးလိုက်တယ်။

ပရိတ်ဂုဏ်တော်များကို ရွတ်ဆိုပွားများလိုက်တယ်။

ပြီး ... အရပ်ရှစ်မျက်နှာကို မေတ္တာသုတ်ရွတ်လို့ မေတ္တာပို့ အမျှဝေလိုက်တယ်။ မိုးလင်းစပြုပြီမို့ ကျောင်းမျက်နှာစာရှေ့မှာ စင်္ကြံလျှောက်ရင်း ထူးဆန်းသည့်ဖြစ်ရပ်ကို အနုလုံ ပဋိလုံ စဉ်းစားနေတုန်း ...

"ဟော့ ... ဟော့ ... ကိုးနဝင်း မိုးလင်းတော့မယ်ဖော့"

"မိုးလင်းရင် အကျိုးသင်းအောင် ရတနာသုံးပါးနဲ့ မျက်နှာသစ်ကြ။ ထ ... ထ"

အသံကြားလို့ နားစွင့်လိုက်တော့ ကျောင်းဝင်းအပြင် အရှေ့လမ်းမပေါ်မှာ ဖျို့ဟစ်နေတဲ့ အရှူးထွန်းခြစ်ရဲ့အသံကို ကြားရပါရောလား။

"ကိုးနဝင်း မိုးလင်းတော့မယ်တဲ့"

နားထောင်နေတုန်းရှိသေး၊ အံ့သြဖွယ်ရာ တဘောင်သီချင်းလိုလို စာရွတ်သံကို နားနဲ့ဆတ်ဆတ် ကြားရတော့တာပဲ။

ဟုတ်မှဟုတ်သေးရဲ့လား။

ငါများစိတ်ဖောက်သွားပြီလားလို့ အံ့သြရင်း ရပ်ကြည့်လိုက်ရော။

"အားလုံး မှတ်ထားကြဟော့"

"သဗ္ဗညုရိယအပေါင်း သူတော်ကောင်းတို့"

"ဒူ ... ဒူ ... ဒူ ..."

ပါးစပ်မောင်းကြီးထုပြီး ဟစ်နေတာ။

"ကြက်တွန်သံကြား ချိုအောက်နား ... ဘုရားစံပယ်ကြာလှုပြီ။ ရွှေစင်ရွှေသား မြတ်ဘုရား ... ချစ်သားရဟန်း သန့်စင်မည်။ ပေါ်တော်မူဘုရား မပြစ်မှားနှင့် ... ပြစ်မှားသည့်သူ အပါယ်ပူ





နေဆယ်ဆူလို လောင်မြိုက်မည်ဟော့ ... ဒူ ... ဒူ ... ဒူ ... အားလုံးကြားကြသမျှ ... အမျှ ... အမျှ ... အမျှပါဗျို့။ ဒူ ... ဒူ .. ဒူ ..."

ဘုရားရေ ...

အရူးထွန်းခြစ်ရွတ်နေတာ နိမိတ်တဘောင်။

သည်နိမိတ်တဘောင်ကို ဘုန်းကြီးဦးရက္ခိတ မိုးမသောက်ခင် ပုတီးစိပ်နေတုန်း အာရုံမျက်စိရှေ့မှာလိုလို၊ ပိတ်ဖြူစင်ကြယ်ဝတ်၊ အသားမည်းမည်းပုဂ္ဂိုလ်က ရွတ်ပြသွားသည့်တဘောင်။

သူ့အာရုံမှာ စွဲထင်ကျန်ရစ်ခဲ့တဲ့တဘောင်။

ကြည့်စမ်း ...

ဒီလို့ဂုဏ်ဆန်းကြယ်တဘောင်ကို ဘုန်းကြီးအလွတ်ရတာ သိရတာ နေ့မကူးသေးဘူး၊ ဘယ်သူ့ကိုမှလည်း မပြောရသေးဘူး။

ဟို ... စိတ်မနှံ့တဲ့ အရူးထွန်းခြစ်ကပါ အလွတ်ရွတ်နေပါကလား။

ဘုရားရေ ...

အရဏ်ဦးမှာလာရွတ်ပြသွားတဲ့ အသားမည်း၊ ဝတ်ဖြူဝတ် ဖိုးပုတီးရှင်ကများ အရူးထွန်းခြစ်ကိုပါ ဒီတဘောင် သင်ပေးသွားသလား။

ဒါမှမဟုတ် ...

အရူးထွန်းခြစ်ကပဲ ထူးဆန်းသည့် ဒီနိမိတ်တဘောင်သစ်ကို သူပုတီးသမထချာန်ဝင်နေတုန်း အနီးရောက်လာပြီး ရွတ်ပြသွားတာကိုများ သူ့အာရုံမှာ လာစွဲနေရော့သလား။

ဘုန်းကြီး စဉ်းစားလို့မရဘူး။ အကဲဖြတ်လို့ မရဘူး။

သီချင်စိတ်က သိပ်ကိုပြင်းပြနေပြီ။

ဒါနဲ့ မထူးဘူးဆိုပြီး အရူးထွန်းခြစ်ကို လှမ်းခေါ်လိုက်ရတယ်။

"ဒကာထွန်းခြစ် ..."

"ဟော့ ... ဒကာထွန်းခြစ်"

"အလို ... ဇော်ဂျီတစ်ပါးလား"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အစ်မ ဖော်ကျိုရမလားဟဲ့။ ငါ ဘဘုန်းလေ"

"ဩော် … ဘဘုန်းကိုး။ ဖြုန်းဆို ဖော်ကျိုမှတ်လို့ပါ အရှင်ဘုရား ဒါနဲ့ … ကိုယ်တော်ဘုရား"

"ဘာတုံးဟ … ဘာတုံး …"

"ကိုယ်တော်က ဘာနေ့သားတုံးဘုရား"

"ဘာလုပ်မလို့တုံး … ထွန်းခြစ်ရဲ"

"ဆရာကို ပြန်မမေးနဲ့လေ။ မေးတာဖြေပါ။ ဘာနေ့သားတုံး"

"ဗုဒ္ဓဟူးသားကွ … ဘာဖြစ်လို့တုံး"

"ဟာ … ဗုဒ္ဓဟူး … ဦး … ဖွ … ပလုံကျီ … ဘဘုန်း … အထွန်းဖွား …"

"ဟေ …"

"မဟုတ်လို့လား"

"ဟုတ်တယ် …။ မင်း ငါ အထွန်းဖွားမှန်း ဘယ်လိုလုပ်သိသတုံး"

"ဖြူဟွာကြီးလေးဦး တိုးတိုးလေးလာပြောလို့ သိတာ"

"ဟာကွာ … ဒကာကတော့ လုပ်ချပြန်ပါပြီ။ ဒါနဲ့ …"

"ဒီမှာကိုယ်တော် … ဗုဒ္ဓဟူးသား၊ အထွန်းဖွား … ဘုရားတည်ကိန်း ကြုံရမည်ဗျ"

"အမ်မယ် … မင်းက စာဆိုလှချည်လားဟ"

"ဘုရားတည်ရန် အဓိဋ္ဌာန်၊ နက်ဖြန်သဘက် အောင်တော့မည်ဗျူး ဟား … ဟား … ဟား … ဟား … ဒါကြောင့် အရပ်ကို ကြေးကြော်ရမည်ဗျို့။ သဗ္ဗူရိသအပေါင်း (၇) နေ့သ- -ာမီး သူတော်ကောင်းကောင်း … အူး … ပူး …"

အရူးထွန်းခြစ်က ဗျို့ဟစ်မလိုလုပ်ရော ဘုန်းကြီးက သူ့ပါးစပ်ကို လက်ဝါးနဲ့လှမ်းပိတ်ပြီး သင်းကို ကျောင်းထဲအတင်းခေါ်ခဲ့ရတယ်။

ကျောင်းပေါ်ရောက်တော့ ငှက်ပျောတစ်ဖီး ချပေးပြီး …





"စား …"

"အရှင်ဘုရား"

"ဘာတုံး … စားစရာရှိ စား"

"ဒါ လာဘ်ထိုးတာမဟုတ်လား"

"ဟေ … မင်း ဒါလည်း သိနေတာပဲလားဟ … ထွန်းခြစ်ရဟင်"

"ဖြူဟွာကြီးလေးပါး နောက်ကနေ ကပ်ပြောနေတာကိုး သိတာပေါ့ … အဟေ့"

"ထွန်းခြစ် …"

"ဘုရား …"

"မင်း စောစောက ရွာလမ်းမပေါ်မှာရွတ်တဲ့တဘောင် ဘယ်ကရသတုံး"

"ဒါလား … ဟေ … ဟေ … ဟေ့ …"

"ဟုတ်တယ် … ပြောစမ်း၊ ဘယ်ကရသတုံး"

"အဲဒါ ဖြူဟွာကြီးလေးပါးရဲ့အဖေ လာပေးသွားတာဘုရား။ ဟားဟား … ဟား … ဟား … သူတို့က ကိုယ့်ထက် ပိုရူးသလိုရှိဘုရား။ ဟား … ဟား … ဟား … ဟား … အဟေး … ဟေး … ဟေး … အဟာတ် … အဟာတ် … အဟာတ် …"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## | ၂၀ |

□

ဆွမ်းစားလို့ပြီးသည်နှင့် ပက်လက်ကုလားထိုင်ပေါ်မှာ ခဏထမင်းလုံးစီပြီးနောက် ...

"ချစ်မိုးကြီး ..."

"ဘုရား ... ဘဘုန်း"

"ထွန်ခြစ်ကိုရော ကျွေးပြီးပလား"

"မှန်ပါ ...။ ကပ္ပိယကြီးနဲ့ စောစောတုန်းက အတူစားနေပါဘုရား"

"ရန်ဖြစ်နေကြဦးမယ်ဟ ... အတူမစားစေနဲ့လေ"

"မဖြစ်ပါဘူးဘုရား"

"စားပြီးရင် လာကြဦးလို့ သွားပြော"

"မှန်ပါဘုရား"





မကြာပါဘူး ... ကပ္ပိယဖိုးသန်းခေါင်နဲ့ အရူးထွန်ခြစ်တို့ ဘုန်းကြီးရှေ့ရောက်လာကြတယ်။ ထွန်ခြစ်က ပုဆိုးခါးပုံစနဲ့ လက်သုတ်၊ နှုတ်ခမ်းသုတ် လုပ်နေတယ်။

"ဖိုးသန်းခေါင်"

"ဘုရား"

"ဓားမတို့၊ ငန်းပြားတို့၊ ဓားရှည်တို့ သွားယူ"

"ဘာလုပ်ဦးမလို့လဲ ကိုယ်တော်"

"တောထဲကိုဝင်မယ်။ မြန်မြန်သွားယူ"

"ကိုယ်တော် ..."

"ဘာတုံး ... ကပ္ပိယကြီး ... ဘာတုံး"

"လက်မလျှော့သေးဘူးလားဘုရား"

"ဘာလို့ လျှော့ရမှာတုံး။ ဒါ သာသနာပြုလုပ်ငန်း လုပ်နေတာ။ ဒီအလုပ်ဟာ ဘုရားအဖြစ်ကိုကျင့်တဲ့ ဘုရားရှင်ရဲ့အလုပ်နဲ့ နှိုင်းယှဉ်ရင် ခြေဖဝါးအောက်က မြေမှုန့်၊ သဲမှုန့် တစ်မှုန့်၊ တစ်ပွင့်စာပဲရှိတယ်။ သာသနာပြု မင်းယောက်ျား၊ လူယောက်ျား၊ ရဟန်းပုဂ္ဂိုလ်ဆိုတာ ဖွဲ့ရှိရတယ်၊ လုံ့လဝီရိယရှိရတယ်။ ဖြူစင်ရိုးသားပါ လက်ကိုင်ထားရတယ်။ ငါးပါးသီလမြဲရတယ်။ ကုသိုလ်စိတ်ကိုမွေး၊ အကုသိုလ်စိတ်ကို ပယ်ရမယ်။ ဖြစ်ကိုဖြစ်ရမယ်။ အောင်ကို အောင်မြင်ရမယ်ဆိုတဲ့ ယုံကြည်မှုရှိရမယ်။

ဒကာကြီးတို့ဟာ ဘုန်းကြီးရဲ့ ပါရမီဖြည့်ဘက်ပဲ။ သေရင်တောင် ငရဲပြည်မလားရဘူး၊ နတ်ပြည်ရောက်မှာ။ သွား ... မြန်မြန်လုပ်ချေ။ ပြီးရင် သွားကြမယ်"

နောက်ဆုံး မလွန်ဆန်နိုင်ဘူးလေ။

ကိုယ်စားနေတာ ဘုန်းကြီးကျောင်းက ဆွမ်းထမင်းစားနေပြီး အသက်ရှင်၊ အသက်ရှည်နေရတာ။ ဘုန်းကြီးကျောင်း ထမင်းစားပြီး ဘုရားကိစ္စ၊ တရားကိစ္စ၊ သံဃာကိစ္စများ ဘာအကူအညီမှ မပေးဘူးဆိုရင်လည်း ဆန်ကုန်မြေလေး ဖြစ်ရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန့်မသင့်ရင် ငရဲသွားရဦးမယ်။

ဒီလိုအကောင်းမြင်လေးတွေးပြီး ဓားရှည်၊ ဓားမ၊ ငန်းပြား စသည်တို့ယူပြီး ကျောင်းအောက်ကနေ အသင့်စောင့်နေလိုက်တော့တယ်။

သည့်နောက် ...

ကျိုက်ခေါက်ဘုရားတောင်ဘက်က တောင်ကမ်းပါးနှစ်ခုကြားကနေ ကျိုက်ဒေးဝတောတန်းရှိရာကို သူတို့လေးဦး တန်းဝင်ခဲ့လိုက်ကြတယ်။

နာရီဝက်လောက် နေရာဟောင်းများကို ကျော်လည်းပြီးရော မရှာမဖွေရသေးတဲ့ နေရာသစ်များရှိရာကို ရောက်လာခဲ့ကြတယ်။

ဝါးပိုးဝါးပင်၊ ကြခတ်ဝါးပင်နဲ့ ဝါးနက်ဝါးတောများက အုံကြီးအုပ်ကြီးတွေနဲ့ ပိတ်ဆီးနေတာပဲ။

ကင်ပွန်းရိုင်းချုံ၊ ဘီစပ်ချုံ၊ ဖီးချုံများကလည်း အနှံ့ပဲ။ ကုန်းမို့မို့မြင့်မြင့်တွေ့ရင် ခြေရာလက်ရာဟောင်းကို ရှာရတယ်။

အုတ်ကျိုးအုတ်စရှိသလား ... ရှိရင် ဘာအုတ်မျိုးလဲ။

မြေအုတ်လား၊ ဂဝံအုတ်လား။ ဂဝံအုတ်ဆို ပိုရှေးကျမယ်။ မြေအုတ်ကရော အုတ်ကြီးလား၊ အုတ်သေးလား။ ရှေးခေတ်မီးဖုတ်မြေအုတ်တွေ ပိုကြီးတယ်။ အပြားကျယ်တယ်။ ခုခေတ်အုတ်က ထုထူတယ်၊ အပြားသေးတယ်။

ကုန်းမြင့်ရင် တူးရဆွရ သဲလွန်စရှာရတယ်။

"ရှိ ... ရှိ ..."

"ရှိ ... ရှိ ..."

"ရှင်ဘုရား ..."

"ဘာတုံးဟ"

"မြေဆိုးတွန်သံဘုရား"

"ဟ ... ဒါ သာလာယံဇရပ်မဟုတ်ဘူး။ တော ... တော။ သစ်တောဝါးတော မြေရှိမယ်။ ဆန်းလို့လား"

စိတ်ကူးသစ်စာပေ



ဖိုးသန်းခေါင် မြေတွန်သံများကြောင့် ခြေလှမ်းတုန့်ပြီး ချစ်မိုးကြီးတို့ကို လှမ်းကြည့်လိုက်တယ်။

"အင်း ... ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဟ ... ဘာသံတုံးဟ"

"အင်း ... ဟင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"ဒါ ... ဒါ ... လူ ... လူ ... မမာညည်းသံ ... ပဲ ... ဘုရား"

"အနီးအနားမှာ တစ်ယောက်ယောက်များ ဒုက္ခရောက်နေရောလားဟ ... ဖိုးသန်းခေါင်ရ"

"ဟုတ် ... ဟုတ် ... ပဲ့မလား ... ဘုရား ... ဟို ... ဟိုဒင်း ..."

"ရှာစမ်းပါ။ ဒုက္ခသည်နဲ့ တူပါရဲ့"

ဘုန်းကြီးကိုယ်တိုင် ရှေ့ကနေ တောင်ဝှေးကြီးထောက်ရမ်းပြီး ဟိုဟိုဒီဒီ လိုက်ရှာမှတော့ မနေသာဘူး။ အားလုံး ဝိုင်းရှာရတယ်။

"ဟေ့ ... စောစောညည်းတာ ဘယ်သူတုံးဟေ့"

"ဘာဖြစ်လို့ ညည်းတာတုံး"

"ဘယ်နားမှာတုံး ... အသံပေးစမ်း"

"ခစ် ... ခစ် ... ခစ် ... ခစ် ..."

"အဟတ် ... အဟတ် ... ခစ် ... ခစ် ... ခစ် ..."

"မြတ်စွာဘုရား"

စောစောတုန်းက ညည်းသံကြားရတာ။ အခု ညည်းသံပျောက်သွားပြီး ကလေးလေးတွေရယ်သံမျိုး၊ ခိုးခိုးခစ်ခစ်ရယ်သံတွေ ကြားရပြန်ပြီ။

"ဟော ... ဟော ..."

"ခစ် ... ခစ် ... ခစ် ... ခစ် ..."

"ဟ ... ဟ ... အေးဟ ... ရယ်သံဟ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တော် ... နောက်တစ်သံကြားလား ... ကြားလား ... နား ... နား ... ထောင်ဘုရား"

"အိုး ... အိုး ... အိုး ... အိုး ..."

"အေး ... အေး ... အေး ... အေး ..."

"ဟင် ... ဒါ ... သား ... ချော့ ... တေးသံဟ ... ဒီနားက ပဲ'

"ပြန် ... ပြန်ကြ ... ကြ ... ပါစို့ ... ဘု ... ရား ... ရား"

"ဟ ... ဘာလို့ပြန်ရမှာလဲကွ။ ဒါ ဒီအနီးတစ်ဝိုက်မှာ ဟင်းသီးဟင်းရွက်ရှာသူတွေ ကလေးငယ်ပါလို့များ ငိုလို့ချော့ ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ..."

"ဟီး ... ဟီး ... ဟီး ... ဟီး ..."

"ဟော ... ရယ်သံဘုရား ... ရယ်သံ ... ဘုရား ... တပည့်တော် ... ပြန် ... ပြန် ..."

ကပ္ပိယကြီးက ကြောက်လွန်းလို့ နောက်ပြန်လှည့်ပြေးမလို့ လုပ်ရော ဘုန်းကြီးက ကုပ်ကိုလှမ်းဆွဲထားလိုက်လို့ ကပ္ပိယ တန်းလန်းဖြစ်နေရော။

"ကြောက်သလား"

"ကြောက် ... တယ် ... ဘု ... ရား"

"ငါတစ်ယောက်လုံးရှိနေဉစ္စာ ... ကြောက်စရာလား"

"အရှင်ဘုရားက ဘုန်းကြီးသက်နံးဝတ် ...၊ တပည့်တော်တို့က လူဝတ်"

"ရော ... ကြောက်ရင် ငါ့သင်္ကန်းကို ကိုင်ထား။ ရယ်ရယ်ငိုငို၊ သီချင်းပဲဆိုဆို၊ ငိုချင်းပဲချချ၊ ရင်ပဲထုထု၊ ကကခုန်ခုန် သူ့အလုပ်သူလုပ်၊ ကိုယ့်အလုပ် ကိုယ်လုပ်ပဲ။ လာ ... ရဲရဲလာကြ"

ဒီလိုနဲ့ ရှေ့တိုးလာလိုက်တာ ...





ဘိစပ်ချုံကြီးတစ်ချုံအနီးကို ရောက်လာတယ်။ ဘိစပ်ပန်း ဖြူဖြူပြာရောင်အပွင့်တွေက ချုံပေါ်မှာပွင့်နေတာ အဆုပ်လိုက် အဆုပ်လိုက်။

ဒီမှာ ထူးဆန်းတာက ပန်းပေါင်းစုံရနံ့မျိုး ရှူရနေတာပဲ။

ဒီဝန်းကျင်မှာ ပန်းပင်နဲ့တူတာ ဘာမှမရှိဘူး။ ဘိစပ်ကင်ပွန်းချုံနဲ့ ဝါးတောနဲ့ ညောင်ပင်ပဲရှိတယ်။ ဒါပေမင့် နံ့သာဖြူရနံ့သင်းသင်း ရနေတယ်။

နံ့သာဖြူရနံ့ကို အားရပါးရ ရှူရှိုက်ခံစားနေတုန်းမှာ ...

စံပယ်အိုးပုတ်ရနံ့ ပြောင်းသွားပြန်ရော။

ဟော ... ပြောင်းသွားပြန်ပြီ။ ရော်ဘာမှုန့် မီးသင်းနံ့မျိုး။ အဲ ... အဲ ... အမွှေးတိုင်ရနံ့မျိုးလည်း ရနေပြန်တယ်။

ဒါနဲ့ ရနံ့လာရာကို မှန်းပြီးလာလိုက်ရော ဟော ... တွေ့ပြီ။

ညောင်ပိန္နဲပင်ကြီးမျက်နှာစာမှာ နတ်ကွန်းစင် (ရုက္ခစိုးစင်) ဟောင်းတစ်ခုကို ဘွားခနဲတွေ့လိုက်ရပါရော။ အလို ... ရုက္ခစိုးနတ်ကွန်းစင်ပေါ်မှာ မည်သူပူဇော်သွားမှန်းမသိရသည့် ပန်း၊ အမွှေးတိုင်၊ မီးငြိမ်းဖယောင်းတိုင်များကို မြင်ရတယ်။

အားလုံး လတ်လတ်ဆတ်ဆတ်ပုံမျိုး။ ဒီအနီးဝန်းကျင်ကို လူလူသူသူပဲ လာသွားရော့သလား၊ ဒါမှမဟုတ် ရွာသူ၊ တောသူ၊ ပရသားများ နာနာဘာဝများက လူယောင်ဖန်ဆင်းပြီး ကုသိုလ်ယူသွားရော့သလား။

ဘုန်းတော်ကြီးကလည်း သဘောပေါက်သလိုရှိလာတယ်။

သည့်နောက် ... လွယ်အိတ်ထဲ အမွှေးတိုင်အချို့ထုတ် မီးညှိပြီး ရုက္ခစိုးစင်မှာ ထွန်းပေးလိုက်တယ်။

ပြီး ရုက္ခစိုးကြီးကို အာရုံပြုပြီး မေတ္တာပို့လိုက်တယ်။

"ရုက္ခစိုးကြီး ... ဘုန်းကြီးတို့ အိပ်မက်အရ ရှေးဟောင်းဘုရားကို ယုံယုံကြည်ကြည်နဲ့ လိုက်ရှာနေပါတယ်။ ရုက္ခစိုးကြီးတို့ကိုလည်း ပါရမီဖြည့်ဘက်များလို့ မှတ်ယူပါတယ်။ ရုက္ခစိုးကြီးတို့လည်း အဟန့်အတားအကြော အဆို့များကို ဖယ်ရှားပေး၊ ဖွင့်ပေးကြပါဗျာ။ အားလုံး ... [illegible] ..."



www.burmeseclassic.com

www.burmeseclassic.com



အမျှ . . . အမျှ . . . နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေဗျာ။ သာဓု . . . သာဓု . . . သာဓု . . .''

မေတ္တာလည်း ပို့လိုက်ရော . . .

စောစောတုန်းက ရယ်သံ၊ ညည်းသံ၊ သားချော့တေးဆိုသံတွေ ပျောက်သွားပြီး တောက ငြိမ်သက်သွားတယ်။

တောငြိမ်သွားပုံက ကြောက်စရာကြီး။ သစ်ရွက်တစ်ရွက်မျှ လေတိုးသံ၊ လှုပ်ခတ်သံမကြားရဘဲကို ချက်ချင်းငြိမ်သွားတာ။

စောစောတုန်းက ယိမ်းနွဲ့လှုပ်ရှားနေတဲ့ သစ်ပင်ဝါးပင်ကြီးများဟာ အသေကျောက်ချသလို ရပ်ပြီး ငြိမ်နေတယ်။ ဘာသံမှမကြားရဘူး။

သူတို့အားလုံး ရုတ်ခြည်းဆွံ့နေတဲ့တော ငြိမ်ကျသွားလို့ လန့်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ မျက်နှာအသီးသီးပေါ်မှာ စိုးရိမ်စိတ် အရိပ်အယောင်သန်းနေတာ သိသာထင်ရှားတယ်။

အဲဒီလို တိတ်ဆိတ်ငြိမ်သက်နေတာကို ဖြိုခွင်းလိုက်တာက တဖြန်းဖြန်း အတောင်ခတ်သံပဲ။ အဝေးက ပျံသန်းလာနေသံ။

လှမ်းကြည့်လိုက်တော့ တစ်နေ့တုန်းက မြင်ခဲ့တွေ့ခဲ့ရတဲ့ ကြက်တိန်ညင်လေး နှစ်ကောင်ရယ်။

သူတို့နှစ်ကောင်ဟာ တဖြန်းဖြန်း အတောင်ခတ်သံပေးရင်း မျက်စိရှေ့က ဘိစပ်ချုံကြီးပေါ်ကို နားလိုက်ကြတယ်။

အဲဒီမှာ ကြက်မလေးက နားလို့မရဘူးဖြစ်နေတယ်။ သူ ချုံပေါ်ကို နားတော့နားကြည့်တယ်။ ချုံပေါ်ခြေချလိုက်တာနဲ့ လန့်ပြီးကတော်လို့ လေထဲမှာ ဝဲပျံအော်ဟစ်နေတယ်။

ကြက်တိန်ညင်အဖိုလေးက ချုံပေါ်မှာနားရင်း လှုပ်လှဲလှုပ်လီဖြစ်နေရင်းက သူ့ချစ်ဇနီးမယားဖြစ်ဟန်တူတဲ့ ကြက်တိန်ညင်မလေးကို တကွတ်ကွတ်အသံပြုရင်း ခေါင်းတညိတ်ညိတ်နဲ့ လှမ်းခေါ်ပေမင့် . . .

ကြက်တိန်ညင်မလေးခမျာ ချုံပေါ်ကို နားလို့မရ နားလို့မဝံ့ဖြစ်ပြီး ဟိုးခပ်ဝေးဝေးရှိရာကို ပျံသန်းသွားလေရဲ့။

စိတ်ကူးသစ်စာပေ



ဘုန်းကြီးတို့လူစု စိတ်ဝင်တစားကြည့်နေတုန်းမှာပဲ . . .

ကြက်တိန်ညင်အဖိုလေးက ချုံပေါ်မှာနားရင်းကနေ အသံသေးသေး သာသာလေးနဲ့ သာယာနာပျော်ဖွယ်တွန်နေတာဟာ ရိုးရိုးကြက်တွန်သံနဲ့မတူဘူး။ ကြက်သီချင်းဆိုနေသလားလို့ ထင်ရတယ်။

ကြက်ဖိုရိုင်းလေးဟာ ဘုန်းကြီးတို့လူစုကို မြင်ရပါသော်လည်း လန့်ခြင်း၊ ကြောက်ခြင်း အလျဉ်းမရှိဘူး။ အချိန်အတန်ကြာမျှ တစ်ကောင်တည်း သီချင်းအေးအေးလူလူဆိုနေသံလို တွန်သံပြုနေတယ်။ အဲဒီအချိန်မှာပဲ ဟိုးခပ်လှမ်းလှမ်း ဝါးရုံပင်ကိုင်းများပေါ်ကနေ ကြက်တိန်ညင်မလေးက ကတော်သံပေးလိုက်ရော . . .

ကြက်တိန်ညင်အဖိုလေးဟာ သူ့ချစ်ဇနီးမယားလား၊ ချစ်သူလား (ထင်ရသူ) . . . အဲ . . . ကြက်မလေးရှိရာကို ဖြန်းခနဲခုန်ထပြီး ပျံသန်းသွားတာကို အားလုံး မြင်လိုက်ရတယ်။

ဘုန်းကြီး ဦးရက္ခိတ စဉ်းစားနေတယ်။

ချုံပေါ်ကို ကြက်နားတယ်။

ဒီအချိန်မှာပဲ အရှူးထွန်ခြစ်က ဝုန်းခနဲထခုန်ပြီး ကပါရော။ ကပ္ပိယကြီးနဲ့ ချစ်မိုးကြီးက အရှူးထွန်ခြစ် စိတ်ဖောက်သွားပြီလို့မှတ်ပြီး နဂိုကခပ်လန့်လန့်နဲ့ လိုက်လာရသည့်အထဲ ခုတော့ တောမှားပြီဆိုပြီး လန့်ပါရော။

''ဟဲ့ . . . ဟဲ့ . . . ထွန်ခြစ် ဘာဖြစ်လို့တုံး''

''ဟဲ့ကောင် . . . တောထဲမှာ မကရဘူးဟ''

''ဟော့ . . . ဟော့ . . . ဟော့ . . . အောင်ပြီကွ . . . အောင်ပြီဟော့

အောင်ပါစေ ××× သပြေနုခက်ဝေ ××× ဇေယျာဘုအချက်ပေ ××

ဟော ××× ဟော့ ××× ဟော့ ××× ရွှေရေချမ်းလောင်းလို့ ×××

ကောင်းမှုအမှန်ပေ ××× မြန်မာပြည်ဇမ္ဗူတစ်ဝှမ်းလုံး ×××

ပြည်သူအားလုံး ကျန်းမာချမ်းသာစေ ××× ''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ... ထွန်ခြစ် ဖောက်သွားပြီဘုရား"

"စည်းပေါက်ပြီနဲ့ တူတယ်ဘုရား"

"ဟဲ့ကောင် ... ထွန်ခြစ်၊ သီချင်းမဆိုနဲ့"

"အောင်ပြီ ... ကိုယ်တော်ရေ ... အောင်ပြီဟေ့။ မှတ်ထားကြကွ ...။ ကြက်တွန်သံကြား ... ချုံအောက်နား ... တို့ဘုရားစံပွာယ် .. ကြာလှုပြီဟေ့ ... ရွှေစင်ရွှေသား ... မြတ်ဘုရား ... ချစ်သားရဟန်း .. သန့်စင်မည်ကွ ...။ ဟေ ... ဟေ ... ဟေ့ ... ဟား ... ဟား ... ဟား ... ပေါ်တော်မူဘုရား မပြစ်မှားနဲ့ ... ပြစ်မှားသည့်သူ အပါယ်ပူ နေဆယ်ဆူလို လောင်မြိုက်မည်ဟေ့ ... ဒူ ... ဒူ ... ဒူ ... အားလုံး ကြားကြသမျှ ... အမျှ ... အမျှ ... အမျှဇို့ ... ဒူ ... ဒူ ... ဒူ"

"ထွန်ခြစ် ..."

"အောင်ပါစေ"

ခေါ်လို့လည်း မရဘူး၊ ထိန်းလို့လည်း မရဘူး။ အရူးက အရမ်း ပျော်နေတာ။ ပြီး ကြက်နားသွားသည့် ဘိစပ်ချုံကြီးကို ဝိုင်းပတ်ပြီး ကခုန် နေတာ။

"ထွန်ခြစ် ... ရပ်တော့၊ နားတော့"

"သပြေနုခက်ဝေ ... ဇေယျတုအချက်ပေ ..."

"ဘယ်လိုလုပ်ကြမတုံးဘုရား။ တော်ကြာ တောမှောက်ရင် ဘယ် လိုလုပ်ကြမတုံးဘုရား"

"ထားလိုက်"

"ချစ်မိုးကြီးနဲ့ ကပ္ပိယကြီး ..."

"ဘုရား"

"ဟောဒီ ကြက်ဖနားသွားတဲ့ ဘိစပ်ချုံကို ခုချက်ချင်း အပြောင် ရှင်းလိုက်ကြစမ်းဟေ့"

"ဖြစ်ပါ့မလား ကိုယ်တော်"





"ဖြစ်တယ်၊ ရဲရဲသာလုပ်"

"တော်ကြာ ... မြွေ ... မြွေ ... မြွေ ... တွေ ... ထွက်"

"မြွေကိစ္စကို မကြောက်နဲ့။ ကျုပ် မေတ္တာပို့ထားပြီးပြီ။ ချုံကိုသာ အမြန်ရှင်းကြတော့"

ဘုန်းကြီးဦးရက္ခိတရဲ့ ဉာဏ်စဉ်မှာ တဘောင်သံစဉ်ကို ကြားရမြင် ရပြီလေ။ ဒီထူးဆန်းသည့်တဘောင်က သူ ပုတီးသမထ ဈာန်ဝင်နေချိန် မှာ ပုဂ္ဂိုလ်တစ်ဦးရွတ်ပြသွားတဲ့ တဘောင်။

အဲဒီပုဂ္ဂိုလ်ကို ရက္ခစိုးကြီးလို့ သူ သဘောပိုက်မိတယ်။

ဘာလို့လဲဆိုတော့ ဒုတိယအကြိမ် ဒီတောထဲကို ဝင်ရောက်ခဲ့တုန်း က တောမှောက်ဖူးတယ်။ အဲဒီတုန်းက တောပိုင်တောင်ပိုင်ကြီးများ ဘုမ္မစိုး၊ ရက္ခစိုးကြီးများ မိမိတို့ သာသနာပြုကြမှာမို့ ရှေးဟောင်းဘုရားကိုရှာမှာမို့ လမ်းပြပေးပါ၊ ဖွင့်ပေးကြပါ၊ ကူညီညာဝိုင်း၍ မှိုင်းမပါလို့ မေတ္တာရပ်ခံပြော ဖူးတာကို ပြန်သတိရခဲ့တယ်။

အဲဒါကြောင့် ရက္ခစိုးကြီးများက လမ်းကြောင်းသိရအောင် အိပ် မက်နဲ့ တဘောင်နဲ့ ပြခဲ့တယ်လို့ ယုံမှတ်ထားချင်ခဲ့တာ။

အခု အဲဒီတဘောင်အတိုင်း ကြုံရပြီ။ ဒီတဘောင်ကို အရူးထွန် ခြစ်လည်း အလိုလိုရနေတယ်။ မဆန်းဘူးလား။ ဒါကြောင့် အရူးထွန်ခြစ် ကို ပါရမီဖြည့်ဘက်လို့ သဘောထားပြီး ဟောဒီဂမ္ဘီရနယ်မြေတောထဲကို အရဲစွန့်လို့ ခေါ်ခဲ့တာ။

ဟော ... အခုပဲ အရူးထွန်ခြစ်က အိပ်မက်အရ တဘောင်ကို ရွတ်ပြီး ကနေပြီ။ 'အောင်ပါစေ' ဆိုတဲ့ နိမိတ်စကားကိုလည်း ဆိုနေပြီး 'အောင်ပြီဟေ့' လို့လည်း ကြွေးကြော်နေပြီ။

ရှေ့က ဘိစပ်ချုံပေါ်ကို ကြက်ကလည်းနားပြီး တွန်နေပြီ။

'ကြက်တွန်သံကြား ... ချုံအောက်နား ...

ငါတို့ဘုရားစံပယ် ... ကြာလှုပြီ' တဲ့။

"မြန်မြန်ရှင်းတော့"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသန်းခေါင် ဆရာအရှင်ရဲ့စကားကို မပယ်ရှားဝံ့ဘူး။ ချစ်မိုးကြီးကတော့ လူငယ်ပီပီ အရမ်းတက်ကြွနေတယ်။ သူက အတွေ့အကြုံအသစ်ကို ရှာနေတာကိုး။

ဒါကြောင့် နှစ်ယောက်သား လေးကင်းဓားရှည်နဲ့ ဘိစပ်ချုံကြီးကို ရှေ့နောက်ညှပ်ပြီး ခုတ်ထွင်ရှင်းလင်းလိုက်ကြတယ်။

လေးကင်းဓားချက်အောက်မှာ ပေ (၂၀)ကျယ် (၃၀) ပတ်လည်ခန့်ရှိတဲ့ ထူထပ်ရှုပ်နေသည့် ဘိစပ်ချုံကြီး ပြားပြားဝပ်သွားပြီ။

သည့်နောက် ခုတ်စဖြတ်စများကို နှစ်ဦးသား ချွေးဒီဒီးကျ ရှင်းပယ်လိုက်ရော ...

အလို ... ရွှေးဟောင်းဂဝံ အုတ်ခဲပုံကြီးပါကလား။

''ဘုန်းဘုရား''

''ဘာတုံးဟေ့''

''ရှေးဟောင်းဂဝံ အုတ်ချပ်ပုံဘုရား''

''ဟေ ... ဟုတ်လားဟ ... နေဦးဟ ... ငါကြည့်မယ်''

ဟုတ်တယ် ...။ ချုံလည်းရှင်းရော ဘုရားပျက်ကုန်းလိုနေရာဟောင်းကို ပြန့်ပြန့်ကျဲကျဲ ကျိုးကျိုးကြေကြေ အုတ်ချပ်များနဲ့တွေ့ရတယ်။

အုတ်က ဂဝံအုတ်တွေ။

ထူးနေတာက ဂဝံအုတ်ကျိုးအပုံကြီး တစ်ပုံရယ်။ မြေကြီးသားများနဲ့ ရောပြီးပုံနေတာ။

''ဂဝံအုတ်တွေကို တူးဖယ်ရမယ်ဟေ့''

''ဖြစ်ပါ့မလားဘုရား''

''ဖြစ်ပါတယ်ကွာ ... တူးစမ်း၊ ဖယ်စမ်းပါ''

ဒါနဲ့ သံတူးရွင်ငန်းပြားများနဲ့ ဂဝံအုတ်ဟောင်းများကို တူးဆွဖယ်ရှားလိုက်ရော မြေသားထဲကနေ လူးလွန့်ပြီး ပါးပျဉ်းထောင်လိုက်တယ်။

''ဟာ ...''





''အမလေးဗျာ ... မြွေကြီးဘုရား''

''ရှူး ... ဖူး ...''

''ဟာ ... ဟာ ...''

''ငန်းမြွေဟောက်ကြီးဘုရား ... ပြေးတော်မူပါဘုရား ... ပြေး ပြေး ...''

'ရှူး' ဆိုတဲ့အသံ 'ဖူး' ဆိုတဲ့အသံနဲ့အတူ ဓာတ်ဘူးအလုံးခန့်ရှိတဲ့ ငန်းဝါမြွေဟောက်ကြီးမျိုးကြီးတစ်ကောင် ခေါင်းမော့လည်မော့ ပါးပျဉ်းထောင်ပြီး သူတို့ကိုကြည့်နေတာ။

ပါးပျဉ်းဝါကြီးက ရေနွေးလင်ပန်းလောက်ရှိတယ်။

မျက်လုံးနှစ်လုံးက အရောင်တွေလက်ပြီး လျှာနှစ်ခွကို ထုတ်ပြနေတာ။ ဖိုးသန်းခေါင် သံတူးရွင်းချပြီး ချုံကုန်းပေါ်ကနေ ခုန်ချပြေးတော့တာပဲ။ ချစ်မိုးကြီးလည်း လန့်ပြီး ဘာလုပ်ရမှန်းမသိ။

ကပ္ပိယနောက်ကို ပြေးလိုက်ရမှာလား၊

ဘဘုန်းကြီးကိုပဲ ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်းရမလား၊

ပစ်ထားခဲ့ရင်လည်း ဘကြီးဘုန်းကြီးနှင့် အလွန်ကြီးမားတဲ့ ငန်းဝါးမြွေဆိုးကြီး ပြဿနာတက်ကြရတော့မယ်။

ကပ္ပိယကြီးက မရှိတော့ဘူး။ ပြေးပြီ။

အရှူးထွန်ခြစ်ကတော့ သစ်ပင်တစ်ပင်ပေါ်ရောက်ပြီး အော်လို့။

''ကိုယ်တော် ... မြွေကိုက်မယ် ... ပြေး''

''ကိုယ်တော် ... ပျံလွန်တော်မူမယ်။ ပြေး ... ပြေး ...''

ချစ်မိုးကြီး တလူးလူးတလွန့်လွန့်လှုပ်ရှားပြီး ကြွတက်လာနေသည့် ငန်းဝါမြွေဆိုးကြီးကို မကြည့်ရဲတော့လို့ အောက်ကိုခုန်ချပြီး ဘဘုန်းကြီးရဲ့နောက်မှာ အသာကပ်နေလိုက်တယ်။ ကြောက်လွန်းလို့ တုန်နေပြီ။

ဘုန်းတော်ကြီး ဦးရက္ခိတက ပါးပျဉ်းကြီးထောင်ပြီး တရှူးရှူးတဖူးဖူး ဒေါမာန်ထနေတဲ့ ငန်းဝါကြီးကိုကြည့်ပြီး မေတ္တာပို့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . မြွေပရိတ် ခန္ဓသုတ်ကိုလည်း ရွတ်နေတယ်။ ငန်းဝါကြီးကလည်း ကိုယ်လုံးကိုတွန့်ပြီး တရွေ့ရွေ့ခေါင်းထောင်ပြီး ဘုန်းကြီးရှိရာကို ရွေ့လျားဆင်းလာနေတယ်။

အလိုလေး . . . ငန်းဝါကြီးရဲ့အရှည်ဟာ နှစ်လံကျော်လောက်ရှိပြီး အလုံးကြီးကလည်း ဓာတ်ဘူးလုံးကနေ ခြေသလုံးခန့်ထိရှိနေတယ်။

အလို . . . ငန်းဝါခေါင်းကြီးကြီး ဂဝံကျောက်ပုံက ကျွတ်ကျွတ်လွတ်လွတ်ထွက်သွားရော သူ့နောက်ကနေ ငန်းဝါမြွေကြီးတစ်ကောင် ထပ်မံလို့ ထွက်လာပြန်ပါရော့ဗျာ''

''ဘုန်းကြီး . . . ပြေး . . . ပြေး . . . သေလိမ့်မယ် . . . ပြေး''

''ဟော့ကောင် . . . ငမိုး . . . ပြေးတော့''

အရှုးထွန်ခြစ်က သစ်ပင်ပေါ်ကနေ စိုးရိမ်ကြီးစွာ အော်ပြောနေတယ်။ ချစ်မိုးကြီးတစ်ယောက် ဘယ်ပြေးရမှန်းမသိဘူး။ နောက်ဆုံး ဘဘုန်းကြီးရဲ့ခြေအစုံကို အောက်ကနေ သိုင်းဖက်ပြီး သက်နှန်းကွယ်လို့ မရဲတရဲ ချောင်းကြည့်လိုက်တယ်။

ဘကြီးဘုန်းကြီးကလည်း ရက္ခစိုးကြီးများ၊ တောင်ပိုင်ကြီးများ၊ ဘုမ္မာစိုးနတ်မင်းကြီးများကို မေတ္တာပို့လို့ အမျှပဲ ပေးဝေနေတယ်။

နောက်ထပ်ကျင်းထဲကနေ ပေါ်လာတာက ငန်းဝါမြွေမကြီးဖြစ်ပုံရတယ် အကြီးကြီးပဲ။ နေရောင်အောက်မှာ ငန်းဝါမြွေဆိုးကြီးနှစ်ကောင်ရဲ့ ကျောရောင် ခေါင်းရောင်ဟာ ဝင်းဝါထိန်ကဲလို့ . . . ။

မြွေနှစ်ကောင်ဟာ ခေါင်းကြီးပါးပျဉ်းကြီးများ မော့မော့ပြီး ဘုန်းကြီးကို ကြည့်နေတယ်။ ပြီး သူတို့အချင်းချင်း ပြန်ကြည့်နေကြတယ်။

သည့်နောက် အောက်ကိုရောက်နေသည့် ငန်းဝါကြီးက ကုန်းပေါ်ကို ပြန်တက်သွားပြီး မြွေမကြီးနဲ့အတူ ကျင်းဝမှာ လှည့်ရပ်လို့၊ သူတို့ဝပ်တဲ့ ဝပ်ကျင်းရှိရာကို ခေါင်းတညိတ်ညိတ်လုပ်ပြနေတာ အံ့ဖွယ်မြင်ရတယ်။

''မြွေမင်းတို့ . . . **ဝိရူပက္ခ** တေဇထန်ပြင်း နဂါးမင်းနှင့် သင်းပင်းရဲ့ရွေ နဂါးမြွေတို့၊ ငါ၏သတ္တဝါအချင်းချင်း ချစ်ခင်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။





''**ဧရာပတ** နဂါးမင်း၊ **ဆဗျာပုတ္တ** နဂါးမင်း၊ **ကဏှာဂေါတမ** တေဇထန်ပြင်း နဂါးမင်းများနှင့် သင်းပင်းရဲ့ရွေ နဂါးမြွေတို့နှင့်အတူ ငါ၏ သတ္တဝါအချင်းချင်း ချစ်ခင်ခြင်းမေတ္တာသည် ဖြစ်ပါစေသတည်း။

သင်တို့ကို ကျွန်ုပ်တို့ ရန်ပြုရန်လာသည် မဟုတ်ပါဘူး။ အိပ်မက်အရ ရှေးဟောင်းရုပ်ပွားတော်ကို ကြည်ညိုတည်ထား ပြန်ကိုးကွယ်ရန်နဲ့ ရှေးဘုရားဒါယကာများရဲ့ ကုသိုလ်အဖို့ဘာဂကို ပြန်လည်ဖော်ထုတ်မြှင့်ဖို့ ရောက်ရှိရှာဖွေရခြင်းပါ။ သာသနာပြုဖက်များလည်းဖြစ်မယ်၊ ပါရမီဖြည့်ဖက်များလည်း ဖြစ်ခဲ့ပါက ရှောင်ရှားပေးပြီး ဗုဒ္ဓဘုရားရုပ်တု ပူဇော်ခွင့်ရအောင် ကူညီကြပါ နဂါးမင်းတို့၊ မြွေမင်းတို့ . . . အမျှ . . . အမျှ . . . အမျှ . . .''

အဲဒီလို မေတ္တာလည်းပို့လိုက်ရော အလွန်ကိုကြောက်စရာကောင်းပြီး အဆိပ်ပြင်းထန်သည့် မြွေဆိုးကြီးနှစ်ကောင် . . .

သူ့ဥ သူ့အသိုက်ကိုဖျက်ရင် ရေခြားမြေခြားလိုက်ပြီး ကလဲ့စားချေလေ့ရှိသည့် အညိုးအတေးကြီးမားသည့် ငန်းဝါကြီးနှစ်ကောင်ဟာ လူ့စကား၊ သံဃာစကားကို နားလည်သည့်အလား တရွေ့ရွေ့လူးလွန့်ပြီး ဟိုဘက်ဝါးပိုးတော၊ ဝါးနက်တောကြီးရှိရာကို တိုးဝင်သွားကြတာကို မြင်လိုက်ရတယ်။

ဒါနှင့်အတူ . . .

မြွေအကောင်ပေါင်းများစွာတို့ရဲ့ တွန်သံများကို အရပ်လေးမျက်နှာက ထူးဆန်းစွာ ကြားရပြန်ပါရော။

ဘုန်းကြီးက မကြောက်လန့်ပေမင့် ချစ်မိုးကြီးနဲ့ အရူးထွန်ခြစ်တို့ကတော့ ကြောက်လွန်းလန့်လွန်းလို့ ဘယ်နေရာကနေ ဘယ်လိုခုန်ပေါက်ပြေးလာ ဝင်လာပြီး ကိုက်လေမလဲလို့ တွေးကြောက် ဖောချွေးများထွက်ပြီး မျက်နှာဖီးရွက်လောက်ပဲ ရှိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာပဲ လေတိုက်သံ၊ တောတိုးသံ၊ သစ်ပင်သစ်ရွက်များ လှုပ်ရှားသံပြန်ကြားရပြီး တောဟာ တောနဲ့တူစွာ ပြန်အသက်ဝင်လာတယ်။

တောလည်း ပြန်အသက်ဝင်လာရော အကောင်ပေါင်းများစွာ တွန် နေတဲ့ မြွေဆိုးတွန်သံများလည်း တဖြည်းဖြည်း ပါးလျားပျောက်ကွယ်ပြီး နောက်ပိုင်း ဘယ်မြွေဆိုးတစ်ကောင်ရဲ့ တွန်သံကိုမှ မကြားရတော့ဘူး။

"ချစ်မိုးကြီး ..."

"ဘုရား ... ရား ..."

"ဖယ် ... ထ တော့"

"ကြောက် ... ကြောက်လွန်းလို့ ... ပါ ... ဘ ... ဘုန်း"

"မကြောက်နဲ့တော့ ... အားလုံး သူတို့နေရာ သူတို့ပြန်သွားကြ ပြီ။ ကုန်းပေါ်ကိုတက်မယ်။ ထကွာ"

"ဖြစ် ... ဖြစ် ... ပါ့မလား ... ဘုရား"

"လာပြန်ပြီ နောက်တစ်ယောက်၊ ဖြစ်ပါ့မလားတဲ့။ ဖြစ်လို့ပြော တာပေါ့ကွ။ မိုးသန်းခေါင်ရော ..."

"ပြေးပြီ ဘဘုန်း"

"အတော့်ကို အားကိုးရပါပေတယ်ကွာ။ ဟိုကောင် ... ထွန်ခြစ်"

"ဘု ... ဖ ... ရား ... ရား ..."

"ဆင်းခဲ့တော့"

"ဟို ... ဟို ... ဆင် ... ဆင် ... အဲလေ ... မြွေ ... မြွေ ကြောက် ..."

"ဟော့ကောင် ... ငါ့ဝန်းကျင်မှာ မြွေမရှိဘူး။ မြွေက မင်းခေါင်း ပေါ်မှာ"

"ဗျာ ... အဲ ..."

"အမလေးဗျာ ..."

ဘုန်းကြီးက သို့ကလိုပြောပြီး သူတက်ခိုနေတဲ့ ပိန္နဲပင်ပေါ်ကို လက်ညှိုးထိုးပြလိုက်ရော အရှုးထွန်ခြစ်က မယုံလို့ မော့ကြည့်လိုက်တာ။ အမလေးအော်ပြီး အပင်ပေါ်ကနေ အမြန်ခုန်ချလိုက်ရတယ်။





ဘာပြုလို့လဲဆိုတော့ ဘုန်းကြီးပြောတဲ့အတိုင်းပဲ။ သူတက်ပြီးပုန်း နေတဲ့ သစ်ပင်ရဲ့အပေါ်ကိုင်းပေါ်မှာ မြွေကြီးတစ်ကောင် ပတ်ရစ်ခွေနေတာ ကို မြင်လိုက်ရလို့ပဲ။

မြွေက စပါးကြီးမြွေကြီး။ နည်းတဲ့အကောင်ကြီးလား အကြီးကြီး။

ခန္ဓာကိုယ်ပေါ်က အကွက်အကွက်ကြီးတွေက ကတ္တီပါအကွက် ကြီးတွေလိုပဲ။ စပါးကြီးမြွေက သူ့ကို မျက်စိမှေးပြီး ကြည့်နေတာကိုး။

တော်ပါသေးရဲ့၊ ညှို့ပြီးများ ရစ်ပတ်ဖျစ်ညှစ်ပြီး မျိုချလိုက်ရင် တောထဲမှာ သူ တစ္ဆေပြိတ္တာဘဝနဲ့ နေရမှာ။

အရှုးထွန်ခြစ် ဘုန်းကြီးနံဘေးမှာရပ်ပြီး သစ်ပင်ပေါ်က စပါးကြီး မြွေကြီးကို ဆလံရိုက် အလေးပြုလိုက်တယ်။ ပြီး ပါးစပ်ကလည်း ပြောလိုက် သေးတယ်။

"ခင်ဗျား ကျုပ်ကို မမျိုတာ ကျေးဇူးအများကြီးတင်တယ်ဗျာ။ နောင်လည်း တွေ့ရင်ခေါ်ပါနော"

ဒီလိုလည်းပြောရော သစ်ကိုင်းပေါ်မှာ တစ်ပွေ့တစ်ပိုက်ကြီး ရစ် ပတ်ခွေနေတဲ့ စပါးကြီးမြွေကြီးက ခန္ဓာကိုယ်ကို လွှန့်ပြီး သူ့ရဲ့ဦးခေါင်း လည်ပင်းကို ဆင်းမယ့်ဟန်နဲ့ အောက်ကို တွဲလောင်းချလိုက်ရော အရှုး ထွန်ခြစ် လန့်ပြီးအော်ပြန်ပါရော။

"အမလေးလေး ... အခု မခေါ်ပါနဲ့၊ နှုတ်မဆက်ပါနဲ့။ နောင် နောင်မှလို့ ပြောတာပါဗျ။ ဟီး ... ဟီး ... အမေရေ ... အမေရဲ့ ... သားမှားပြီး အမေရဲ့ ... ဟီး"

"ဟဲ့ ... အရှုး"

"ဟီး ..."

"ဟဲ့ကောင် ... ဒကာ"

"ဖ ... ဖ ... ရား"

"မငိုနဲ့လေ။ ဒါ ... တောဟဲ့ ... တော"



www.burmeseclassic.com

www.burmeseclassic.com



"မငိုဘဲနေလို့ ... ရ ... ရ ... မလား ... ဖ ... ရား ... ဟိုမှာ ... လူကို မျိုမလို့ ... ဆင်းလာ ... လာ ..."

"ဘယ်မှာတုံး ... နင့်အဖေ ဆင်းလာလို့လား။ ကြည့်လေ"

"ဟင် ..."

ဟုတ်ပါဗျာ ...။ စောစောက တန်းလန်းဆင်းနေတဲ့ စပါးကြီးမြွေကြီး ဘယ်ရောက်သွားမှန်း မသိရဘူး။ ထူးဆန်းလိုက်တာ။ ခုမှ ရင်ထဲငြိမ်သွားပြီး နေသာထိုင်သာရှိသွားတယ်။

သည့်နောက် သူတို့ ရှင်းပြီးစ မြွေကျင်းဘုရားကုန်းဟောင်းပေါ်ကို ခပ်ရဲရဲတက်လာလိုက်ကြတယ်။ ခုတ်စအပင်အကိုင်းများကို ထပ်မံရှင်းလိုက်ကြပြန်တယ်။

ဂဝံကျဉ်းဟောင်းကြီးပေါ်လာတယ်။ ငုံ့ကြည့်လိုက်တော့ မြွေလင်မယားရဲ့ ကိုယ်လုံးအလေးချိန်ကြောင့် မြေကြီးသားက ပိပြားပြီး ချောမွတ်သလိုရှိနေတယ်။

ဒီအချိန်မှာ ကပ္ပိယဖိုးသန်းခေါင် ပြန်ရောက်လာပါရော။

"အရှင်ဘုရား ..."

"ဟ ... ဖိုးသန်းခေါင်"

"ဗျို့ ... ကပ္ပိယကြီး"

"ဟော့ ... အေ ... အေ ..."

"ဖိုးသန်းခေါင် စောစောတုန်းက ဘယ်ကိုရောက်နေသတုံးဗျ"

"တပည့်တော် ကြောက်လန့်ပြီး ဟိုရှေ့နားက ဝါးပိုးပင်အဖျားအထိ တက်ပုန်းနေရပါတယ်ဘုရား။ ခုမှ ပြန်ဆင်းလာတာပါဘုရား"

"အေး ... သတ္တိကောင်းပေသကွယ်။ ဇန္ဒုလသွေး၊ ကျန်စစ်သားသွေး၊ ဘုရင့်နောင်သွေးပေကိုး။ အားကိုးရပေမပေါ့။ ကိုင်း ... လာ ... လာ ... အန္တရာယ်တွေ ကင်းရှင်းကုန်ပြီ၊ ကျုပ်တို့ တဘောင်စာအရ ဟောဒီနေရာကို တူးရမယ်။ ကိုင်း ... ဝိုင်းတူးလို့ ဖော်ကြစမ်းဟော့"





ဘုန်းကြီးက ရှင်းပြပြောဆို အမိန့်ပေးရော ဖိုးသန်းခေါင်နဲ့ ချစ်မိုးကြီးတို့ လူကြီးလက်နှစ်ဖက်အဝန်းရှိတဲ့ ကျောက်ဂဝံကျင်းကို လက်အုပ်ချီကန်တော့လိုက်ပြီး ...

တူးရွင်း၊ ငန်းပြားကိုင်လို့ ဆင်းလိုက်ကြတယ်။

သည့်နောက် မြေကြီးသားများကို တူးဆွကော်တင်ကြတယ်။

အချိန်အတန်ကြာသွားပြီး လူတွေလည်း ချွေးသီးချွေးပေါက် ကျစပြုနေပြီ။

"ထပ် ..."

"အလို ... ဘာလဲဟဲ့ ... ဖိုးသန်းခေါင်ရဲ့"

"ခပ်မာမာကို ထိသဘုရား"

"ဖြည်းဖြည်းတူးကြစမ်း။ အားမထည့်နဲ့ ဖြည်းဖြည်း"

မာကျောကျောပစ္စည်းပေါ်ကို သံတူးရင်းသွားထိလို့ မြည်တဲ့အသံကို အားလုံးကြားရတာကိုး။ အဲဒါ ဘေးကနေဝိုက်ပြီး အသာဖွဖွတူးပြီး မြေကြီးသားများကို ယက်ဖော်လိုက်ရော ...

ကုန်းကုန်းခုံးခုံးအရာကို စတွေ့ရတယ်။

အဲဒါကို ခေါင်းဦးနဲ့ အသာ အောက်ကနေ ကလပ်ပင့်ကော်လိုက်ရော။

"ဟယ် ..."

"ဘုန်းဘုန်းဖရား ... ဘု ... ရား ... ဖ ... ရား ..."

"ဟုတ်တယ်ဗျ ... ဗုဒ္ဓရုပ်တုဗျ"

"အောင်ပြီ ... အောင် ... ပြီ ... ငါ ... ငါ ... တို့အိပ်မက်ဘုရားကို ... ပင့်ဆောင်ပူဇော်ခွင့်ရပြီ ... ဒကာမကြီး ... မရွှေဂုဏ် ... ကျုပ်တို့ ဘုရားကိုရပြီ ... မရွှေဂုဏ်ရေ ..."

ကြည့်စမ်း ... ရတနာကျောက်ငါးလုံး စီရံထားသည့် ရွှေရောင်ဝင်းလက်နေတဲ့ ပလ္လင်အပါအဝင် တစ်မိုက်သာသာခန့်ရှိ ဗုဒ္ဓရွှေဆင်းတုတော်ကို ပွတ်သပ်ပြီး လက်ဝါးပေါ်တင် နေရောင်မှာ ပြလိုက်ရော။



www.burmeseclassic.com

www.burmeseclassic.com



အို ... အရောင်တွေ ပြိုးပြိုးပြက်ပြက်နဲ့ သပ္ပာယ်ကြည်ညိုစရာ ကောင်းလိုက်တာ။

''အောင်ပြီကွ ... အောင်ပြီ ...''

''အောင်ပြီဟေ့ ... အောင်ပြီကွ။ ဟား ... ဟား ... ဟား ... ဟား ...''

ဒီမှာ အရှုးထွန်းခြစ်၊ ကပ္ပိယဖိုးသန်းခေါင်နဲ့ ချစ်မိုးကြီးတို့သုံးဦး နေရောင်မှာ ရောင်ခြည်ကွန့်မြူးနေတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်ကို အားရ ဝမ်းသာ ကြည်ညိုကန်တော့နေစဉ်မှာပဲ ...

အရှုးထွန်းခြစ်က ထခုန်ပြီး အားရပါးရ ကပါရောလေ။

''အောင်ပါစေ ... သပြေပန်းနဲ့ ရေချမ်းကိုလောင်း''

''အောင်ကြပါစေ ... သပြေပန်းနဲ့ ရေချမ်းကိုလောင်း''

''ဟေ့ ... ဘာတဲ့တုံး ... စိန်ထွန်းခြစ်ရေ ... သားရေ ... သားရေ ...''

''ဝါး ... လား ... လား ... အလကားကျော်စွာ စိန်ထွန်းခြစ် လေး ...''

သူတို့ပျော်လွန်းလို့ မနေနိုင်တော့ဘူး။ တောမှန်းလည်း နားမလည် တော့ဘူး။ တောင်မှန်းလည်း ဂရုမစိုက်တော့ဘူး။ အရှုးထွန်းခြစ် ပျော်ပြီး ကနေတာကို လက်ခုပ်တီးပြီး သူတို့ပါ ခြေမြှောက်လက်မြှောက်လို့ အားရ ဝမ်းသာ ကခုန်ကြတော့တယ်။

သည့်နောက် ဘုန်းကြီးက တောပိုင်တောင်ပိုင်များ၊ ဘုမ္မာစိုး၊ ရုက္ခစိုးများနှင့် ဗုဒ္ဓရုပ်ပွားတော်ကုန်းကို စောင့်ရှောက်နေကြသည့် မြင်ရ မမြင်ရ ပုဂ္ဂိုလ်များအားလုံးကို မေတ္တာပို့ အမျှအတန်းဝေပြီး ကျောင်းရှိ ရာကို ဘုရားပင့်ပိုက်ပြီး ချွေးရွှဲရွှဲနှင့် ခြေလှမ်းသွက်သွက်လှမ်းလို့ ပြန်လာ ခဲ့ကြတယ်။

, သူတို့လေးဦးကတော့ ဝမ်းသာအားရနဲ့ ရှေ့ကိုလှမ်းနေကြတာ။ ဘုန်းကြီးဦးရက္ခိတ ရှေ့ကနေ ဗုဒ္ဓရုပ်ပွားတော်ကို ပိုက်လို့ကြွ။ သူတို့က





နောက်ကနေ 'ရွှေဘုန်းတော်ရောင်ခြည် ... ခြောက်ရောင်ကွန့်မြူးသည် . တန်ခိုးတော်အနန္တ ... ပြည့်စုံလှသည့် ...

ငါးပါးပဥ္စလီ ... အမှန်ပင်ဆောက်တည် ...

တောဗုဒ္ဓဘာဂဝါ ... ဖူးမြော်ကြသည့် ...

အဥ္စလီကြွလို့ ... ကန်တော့ပါသည်'

ဆိုသည့်သီချင်းကို သံပြိုင်ဆိုပြီး လိုက်ခဲ့ကြ ...။

သို့သော် သူတို့လုပ်ရှားမှုကို လျှို့ဝှက်ချောင်းမြောင်းနေသည့် လူ သုံးဦးကို သူတို့ မမြင်ကြဘူး။ မသိကြဘူး။

လူသုံးယောက်က မျက်နှာကို အဝတ်စည်းထားကြတယ်။ ဘုန်း ကြီးတို့ ရွှေဘုရားရသွားတာကို ကြည့်ပြီး သူတို့ချင်း လက်မထောင်အချက် ပြလို့ ခေါင်းညိတ်လိုက်ကြတယ်။

ကျောင်းကိုရောက်တာနဲ့ တရော်ကင်ပွန်း၊ အမွှေးနံ့သာရည်များ နှင့် ရေသန့်သပ္ပာယ်ဆေးကြောသန့်စင်လိုက်လို့ မွေးပွသဘက်နဲ့ သုတ် ပေးလိုက်ရော ...

အို ... ကြည့်စမ်းပါ။

ရွှေရောင်ဝင်းအိရွှန်းစိုနေသည့် ဗုဒ္ဓရုပ်ပွားတော်။

ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ အဖိုးတန် ကျောက်လုံးဖီကင်း ခန့်ငါးလုံး ဦးပြည်းနဖူးသစ်ကျစ်မှာ ရစ်စီနေသည့် ဝင်းလက်ပြိုးပြက် လင်း လက်စွာ မြင်လိုက်ရတယ်။

ဘာကြောလဲ ...

အဲဒီ ရှေးဟောင်းဘုရားရုပ်တု ရရှိသည့်သတင်း ရပ်ထဲမြို့ထဲမှာ ကျော်သွား သိသွားကုန်ရော။

ဘုန်းကြီးကျောင်းသားတွေ၊ ကိုရင်တွေလည်း ပြောပြကြတာကိုး။

ကပ္ပိယကြီး ဖိုးသန်းခေါင်ကလည်း ဒီဘုရားကိုရဖို့ သူတို့ဘယ် လိုစွန့်စားခဲ့ရတယ်ဆိုတာကို အရပ်ထဲ လှည့်ကြွားတာလည်း ပါသကိုး။ ဒါ နဲ့အတူ အရှုးထွန်းခြစ်ကလည်း တဘောင်မျိုးစုံရွတ်ဆိုပြီး ရွှေဘုရား၊ စိန်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ မြဘုရား၊ ပတ္တမြားဘုရားရပြီဟော့လို့ ရပ်ထဲလှည့် ပါးစပ်မောင်းခြေုးနင်းခတ်ရော ဘုန်းကြီးကျောင်းရှိရာကို ဟုတ်လားမေးသူ၊ ဟုတ်တယ်ဟေ့ပြောသူ၊ အံ့ရောတော်ပြောသူများနဲ့ လာရောက်ဖူးမျှော်လိုက်ကြတာ အုတ်အော်သောင်းတင်းကို ဖြစ်လို့။

ပေါ်တော်မူ ရွှေဘုရား၊

*ပေါ်တော်မူ ပတ္တမြားဘုရား၊*

အောင်တော်မူစိန်ဘုရား စသည့် ပါးစပ်ကပေးချင်ရာ ဘွဲ့အမည်အမျိုးမျိုးပေးပြီး ဖူးကြလှူလိုက် မေးလိုက်ကြတာ ဘုန်းကြီးလည်း နေ့စဉ်လျှာထွက်ပြီး မောရလေရဲ့။

✿ ✿ ✿

| ၂၀ |

# လက်တစ်ဖက် ဖြတ်ပစ်လိုက်ရတဲ့ ချူဦး

❑

ထို ငါးထပ်ကြီးရုပ်ပွားတော် ရွှေဘုရား၊ မြဘုရား၊ ပတ္တမြားဘုရား၊ စိန်ဘုရားရုပ်ပွားတော်ရောက်ရှိသည့် အချိန်ကစပြီး ဘုန်းတော်ကြီးဦးရက္ခိတရဲ့ကျောင်းသည် ပတ်ဝန်းကျင်ရွာမြို့က ဘုရားဖူးများနဲ့ တစ်နေ့တခြား စည်ကားလာခဲ့တယ်။

ဘုရားဖူးတွေများလွန်းလို့ ရုပ်ပွားတော်မြတ်ကို မှန်ကျောင်းဆောင်မှာထည့်သွင်းပြီး ခပ်လှမ်းလှမ်းကနေ ဖူးမြော်ကြည့်ရှု ကြည်ညိုစေတယ်။

'မကိုင်ရ' ဆိုတဲ့စာတန်းကို စက္ကူချပ်ပေါ်မှာ ရေးထိုးချိတ်ဆွဲ ထားပြီး တူးဖော်ရရှိသည့်ဖြစ်စဉ်အကျဉ်းကို ရေးခေတ်တဘောင်စာများနှင့်အတူ ရေးသားဖော်ပြကပ်ပေးထားတယ်။

အဲဒါ ဖတ်ရှုရသူများက အံ့ဩလို့မဆုံး၊ ကြည်ညိုလို့မဆုံးပဲ။

ကွယ်လွန်သူ မူလဘုရားအစ်မကြီးများဖြစ်ကြတဲ့ ဒေါ်ရွှေဂုဏ်တို့ညီအစ်မငါးဦးကိုရည်မှန်းပြီး ဘုရားစေတီတစ်ဆူတည်လို့ အများဖူးကွယ်



www.burmeseclassic.com

www.burmeseclassic.com



ပူဇော်မည်လို့ ပြောထား ရေးသားကြေငြာထားသည့်အတွက် လှူကြတန်းကြသူများ မနည်းဘူး။

အဲဒါ နေ့စဉ်ရငွေစာရင်းဇယားကို မောင်ချစ်မိုးကြီးက စာရင်းစာအုပ်တစ်အုပ်နဲ့ စာရင်းပြုစုပြီး ဘုရားဂေါပကအကျိုးတော်ဆောင်များနဲ့ ထိန်းသိမ်းကြတယ်။

အချို့ ငွေကြေးချမ်းသာသူအချို့ကလည်း ပေါ်တော်မူဘုရားရဲ့ နောက်ခံသမိုင်းနဲ့ ဒီရုပ်ပွားတော်ကို အိပ်မက်အရ ရှာဖွေရင်း တွေ့ကြုံရသည့် အခက်အခဲဖြစ်ရပ်ဆန်းကြယ်များကို ကြားသိရပြီး အလွန့်ကို အံ့သြကြီးကျယ်ဖြစ်ကုန်ကြတယ်။

ဒါ အလွန်တန်ခိုးကြီးတဲ့ဘုရား။

ပဋ္ဌာန်းဆက်ဆန်းတဲ့ဘုရား။

ရေရှည်ကုသိုလ်ရမည့် ကောင်းမှုတော်ရုပ်ပွားလို့ ယုံကြည်ကြပြီး ရွှေတိုရွှေစ ငွေတိုငွေစမှသည် လက်ဝတ်ရတနာ အသေးအကြီးများအထိ ဌာပနာဖို့ လာရောက်လှူဒါန်းကြတယ်။

ဘုန်းတော်ကြီးကလည်း ဂေါပကအဖွဲ့ကို အလေးချိန်ပါ မှတ်သားစေပြီး စာရင်းဇယားသန့်ရှင်းဖို့ ကြီးကြပ်ပေးရတယ်။

တစ်နေ့မှာတော့ ...

လွန်စွာ အံ့သြဖွယ်ကောင်းတဲ့ ဖြစ်ရပ်ဆန်းကြယ်တစ်ခု ဖြစ်ခဲ့တယ်။

အချိန်က ညဉ့်သန်းခေါင်ယံ။

ဘုန်းကြီးကျောင်းတစ်ကျောင်းလုံးရှိ ရှင်လူရဟန်းများမှာလည်း တစ်နေကုန် အလုပ်များ ပင်ပန်းကြသမို့ ညဘက်ဝတ်တက်ပြီးတာနဲ့ အိပ်ရာပေါ်လှဲချ အလွယ်တကူ အိပ်ပျော်သွားကြတော့ တိတ်ဆိတ်လို့။

ဘုန်းတော်ကြီး ဦးရက္ခိတကတော့ ပေါ်တော်မူငါးထပ်ကြီးရုပ်ပွားတော်မြတ်ရှေ့မှာ တရားမှတ်ရှု၊ မေတ္တာဘာဝနာပွားပြီးနောက် သူ့အခန်းကိုဝင်ပြီး ကျိန်းစက်တော်မူတယ်။





ကျိန်းစက်လို့ အတန်ကြာရော ...

"ကျိန်း ..."

"အား ... မလေး ... ဗျ ... အား ... ကယ်တော် ... မူ ..ပါ ... အား ..."

"ဝုန်း ..."

"ဂလုံး"

"ဒုန်း"

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာတုံး၊ ဘာဖြစ်ကြလို့တုံးဟဲ့"

"ဝုန်း"

"ဘုန်း"

မိုးကြိုးပစ်သံ၊ လူတစ်ယောက်ရဲ့ နာကျင်ကြောက်လန့်တကြား အော်သံ၊ ပြိုလဲသံများကြောင့် ဘုန်းတော်ကြီး ဦးရက္ခိတရော၊ ကပ္ပိယ၊ ကိုရင်၊ ကျောင်းသား၊ ဦးဇင်းများပါ လန့်ဖျပ်နိုးလာကြပြီး ...

မီးထွန်းလို့ကြည့်လိုက်ရော ...

အလို ... အသက် (၂၅) နှစ်ခန့်၊ ခေါင်းတုံးပြောင်နှင့် ဗလကောင်းကောင်း လူရွယ်တစ်ဦးဟာ ပေါ်တော်မူငါးထပ်ကြီး ရုပ်ပွားတော်ရှေ့က ကြမ်းပြင်ပေါ်မှာ လူးလိမ့်အော်ဟစ်နေတာကို မြင်ကြရတယ်။

ပိုပြီးထူးဆန်းနေတာက လူးလိမ့်အော်ဟစ်နေတဲ့ လူရွယ်ရဲ့ညာလက်ဟာ မီးလောင်ခံရသလိုရှိပြီး အသားမီးသင့်နေတဲ့အနံ့ကို ရနေတာပဲ။ မီးခိုးထွက်နေတာလည်း အားလုံးမြင်ရတယ်။

သူဟာ သူ့ကို အံ့အံ့သြသြ ဝိုင်းကြည့်နေကြတဲ့ ဘုန်းကြီး၊ ကိုရင်နဲ့ လူအချို့ကိုကြည့်ပြီး ပါးစပ်က အော်ဟစ်အကူအညီတောင်းနေတယ်။

"အား ... ကယ် ... တော် ... မူပါ ... ဘုရား ... အား .. ပူလှနာလှချည်ရဲ့ဗျာ"

"ဟဲ့ကောင် ... ဒါ ဘယ်လိုဖြစ်တာတုံး"

"တပည့်တော် ... မှား ... မှားပါပြီ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



''ဒကာ ...''

''ဘု ... ရား ... အား ... ပူလှ ... ချည်ရဲ့ဗျ ... အား ... မလေး ...''

သူဟာ ကြမ်းပြင်ပေါ်မှာ လူးလိုက်၊ ငုတ်တုတ်ထထိုင်လိုက် ဖြစ်နေတယ်။

''ဒကာ့နာမည် ဘယ်လိုခေါ်သတုံး''

''ကြောင် ... ကြောင်နက်ကြီးလို့ ... ခေါ် ... ခေါ် ... ပါတယ်ဘုရား''

''ဒကာကြောင်နက်ကြီး ... အချိန်မဟုတ် အခါမဟုတ် ကျုပ်တို့ကျောင်းပေါ်တက်ရောက်လာပြီး ဘယ်လိုဖြစ်လို့ မီးသင့်အော်ဟစ်နေရတာတုံး''

''ဟို ... ဟို ... ဟို ... မိုး ... ကြိုး ... ပစ်ခံရတာနဲ့ ... တူ ... ရဲ့ ... ဘုရား''

''ဟေ ...''

''ဟုတ်ရဲ့လားဟ''

''မိုးကြိုးပစ်သံကြားပြီး ... ဒီ ... ဒီလက် ... မီးလောင်သွားတယ်ဘုရား''

သို့နှင့် ဘုန်းတော်ကြီးနဲ့ရဟန်းများက သူ့ဖြစ်ရပ်ကို လုံးဝမသက်တာနဲ့ ဝိုင်းညှပ်မေးကြရော အဖြစ်မှန်ကို သူက ပြောပြလာတယ်။

''တပည့်တော် ... ဒီ ... ဒီပေါ်တော်မူဘုရားက ... ကျောက်ကျောက်ကို ... ခွာ ... ခွာ ... ယူဖို့ ... လာခဲ့ ... တာ ... ပါ ... ဘုရား''

''ဟေ ...''

''မြတ်စွာဘုရား ...''

''အမလေး ... ကျားသားမိုးကြိုးဗျာ''

''ဟား ... တကယ့်ကို အစီစီရဲကို ရဲရဲတင်းတင်းခုန်ဆင်းမည့်ကောင်ပါလားဟေ့ ... ဟင်''





''ပြဿနာကောင်ပဲကွ''

''အေး ... အဲဒီတော့ ဘယ်လိုဖြစ်သတုံး ... ပြော''

''တပည့်တော် ကျောင်းပေါ်ရောက်တော့ အရှင်ဘုရား တရားမှတ်နေလို့ စာအုပ်ဘီရိုနဲ့ ပုန်းကွယ်နေပါတယ်ဘုရား။ အား ... ကျွတ်ကျွတ် ... အရှင်ဘုရား ... အိပ်ရာထဲ ... ဝင်လို့ အတန်ကြာရော ဘုရားထည့်ထားတဲ့ မှန်ကျောင်းသော့ကို သော့တုနဲ့ဖွင့်မလို့ ကိုင်လိုက်တုန်း ... တုန်း ... မှာ ... မှာပဲ ...''

''ပြောလေ ... ဆက်ပြော ... ဘာဖြစ်တုံး''

''ပြောပါ ... ဒကာ ဆက်ပြောပါ''

''ဦးစွာ သော့ကိုင်တဲ့ ဘယ်လက်ကနေ လျှပ်စစ်ဓာတ်လိုက်သလို တစ်ကိုယ်လုံးကို ကျဉ်သွား ... ချိန်မှာပဲ ... ဂျိန်း ... ဒိုင်း ... ဆို ... မိုး ... မိုး ... ကြိုး ... ပစ်သံ ... ကြား ... လိုက် ... ရတာပါ ... ပဲဘုရား။ အဲဒီနောက် တပည့်တော် ... ညာ ... ညာ ... လက် ... မီးလောင်သွား ... အား ... ကျွတ် ... ကျွတ် ...''

''ဘုရား ... ဘုရား ... မိုက်မဲလိုက်ပါဘိ ဒကာရယ်။ မတွေးဝံ့မကြံစည်ဝံ့စရာပါကလား။ နေစမ်းပါဦး ... မင်းက ဒီဘုရားကကျောက်ကိုခွာထုတ်ပြီး ဘယ်လိုအသုံးချမလို့တုံး''

''ပြော ...''

''ပြောလိုက်လေကွာ။ တယ် ... ငါလုပ်လိုက်ရ ... ဟင်း''

ကပ္ပိယကြီး ဖိုးသန်းခေါင်က စိတ်မရှည်တော့လို့ လေးကင်းခါးနဲ့ ခုတ်မလို့ရွယ်လိုက်တယ်။ ဘုန်းကြီးက အချိန်မီလက်ပြပြီး တားလိုက်လို့ အသာငြိမ်ပြီး အကဲခတ်နေတယ်။

''ပြော ... ဘာလုပ်ဖို့တုံး''

''ဟို ... ဟို ... ငွေလိုလို့ ... ရောင်း ... ရောင်းစား ... မလို့ပါ ... ဘုရား။ တပည့်တော် ... မှား ... မှား ... မှန်း ... သိ ... [illegible] ပါပြီဘုရား''



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လူမိုက် ... လူမိုက် ...။ အခု ခွာလို့ရရဲ့လားဟဲ့"

"မ ... မ ... ရ ... ပါဘုရား"

"ရောင်းလို့ရော ... ရပလား"

"မ ... မ ... ရ ... ပါ ... ဘုရား ... အား"

"ငါတို့ မင်းကို ဘယ်လိုလုပ်သင့်သလဲ မင်းပဲပြော"

ဒီလိုမေးလိုက်ရော သူနိုး ကြောင်နက်ကြီးဆိုသူဟာ မိုးကြိုးပစ်သင့်ပြီး နီရဲလန်ညှော်နေတဲ့ သူ့လက်ကြီးကို မျက်ရည်စိုရွှဲနဲ့ကြည့်ပြီး ဒူးထောက်လို့ ထိုင်ချရင်း ...

"တောင်းပန်ပါတယ် ဘုရား။ တပည့်တော် သေရမလိုဖြစ်နေ၊ ခံစားနေရပါပြီဘုရား။ အခု ... ဆေး ... ဆေးရုံကို အရင် ... ပို့ ... ပို့ပေးပါ အရှင်ဘုရား။ အား ... အား ... လက်ကပူပြီး ... ကိုက်ခဲ ... နာကျင်လွန်း ... လို့ ... ပါဘုရား ... ဟီး ... ဟီး ... ဟီး"

သူဟာ ကောင်းနေသည့်ဘယ်လက်နှင့် သူ့ရင်ဘတ်ကိုထုပြီး ရှိုက်ကြီးတငင် ငိုချလိုက်လေရဲ့။

နောက်ဆုံး ဘုန်းကြီးကျောင်းကပဲ သူ့ကို ရပ်ရွာလူကြီးများက တစ်ဆင့် ဆေးရုံပို့စေလိုက်တယ်။

ပြောရရင်တော့ ဘုန်းကြီးရဲ့ မေတ္တာရပ်ခံချက်ကြောင့် ရပ်လူကြီးများက သူ့ခံဝန်ကို ယူထားလိုက်ပြီး ရဲလက်ကိုမအပ်ဘဲ ပထမအကြိမ် ခွင့်လွှတ်လိုက်ကြတယ်။

တိုတိုပြောရရင် ...

သူ့ညာလက်ကို လက်မောင်းက ဖြတ်ပစ်လိုက်ရလို့ ကြောင်နက်ကြီးဟာ လက်တစ်ဖက်ပြတ်ဘဝကို နေ့ချင်းညချင်း ရောက်သွားရလေရဲ့။

✿ ✿ ✿

| ၂၂ |

## ရုပ်ကြီးရုတို့ ဟန်ပြိပြိ

❑

အဲဒီအဖြစ်အပျက်က မိုးလည်းလင်းရော ရပ်ထဲမြို့ထဲမှာ ချက်ချင်းကို ပျံ့နှံ့သွားခဲ့ပြီး အံ့အံ့သြသြ ဖြစ်ကုန်ကြရောလေ။

ရွှေဘုရား ပေါ်တော်မူ ငါးထပ်ကြီးရုပ်ပွားတော်ကို ပြစ်မှားလျှင်၊ မသမာမှုပြုလျှင်။ မကောင်းမဟုတ်ကြံစည်လျှင်၊ မရိုးမသားပြုမူခဲ့လျှင် ... အကုသိုလ်ကြမ္မာဆိုးမှာ အလိုလို ချက်ချင်းအကျိုးပေးသည်ဟူသော သတင်းတွေကလည်း ...

ချဲ့၍တစ်မျိုး၊ ကား၍တစ်ဖုံ၊ ယုံ၍တစ်နည်း ပြောနေကြတာ နေရာအနှံ့ပဲ။

ကလေးလူကြီး ပါးစပ်များမှလည်း တဘောင်ရွတ်သံ မစဲဘူး။

"ကြက်တွန်သံကြား ... ချိုအောက်နား ...



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစံပယ်ကြာလှုပြီ ...။

ရွှေစင်ရွှေသား ... မြတ်ဘုရား ...

ချစ်သားရဟန်း ဖော်လိမ့်မည် ...။

ပေါ်တော်မူဘုရား ... မပြစ်မှားနှင့် ...။

ပြစ်မှားသည့်သူ ... အပယ်ပူ ...

နေဆယ်ဆူလို လောင်မြိုက်မည် ...''

ဆိုက်ကားသမားလည်း သီချင်းလုပ်ဆိုနေတယ်။

ဈေးသည်ကလည်း အော်ရွတ်နေကြတယ်။

ကားသမားလည်း ကြုံတိုင်း ရွတ်ပြတယ်။

ဘုန်းကြီးနဲ့ သီလရှင်ကလည်း စကားစပ်မိတိုင်းရွတ်ပြတယ်။

အဲဒါနှင့်အတူ ထူးဆန်းအံ့ဖွယ်များကို တစ်ခုပြီးတစ်ခု ကြုံရပါ ရော။

ဦးစွာကြုံရတာက အရုပ်ထွန်းခြိစ်ပဲ။

တစ်နေ့ ... နေ့ခင်းကြီး အရုပ်ထွန်းခြိစ်ဟာ အင်္ကျီကျောပြောင် ကြီးနဲ့တဲ့။ ခေါင်းပေါ်မှာလည်း သစ်ရွက်တွေကို မင်းသားခေါင်းပေါင်းလုပ် ပေါင်းထားသလို၊ ပုဆိုးကလည်း တောင်ရှည်ပုဆိုးနဲ့။

ဘယ်က တောင်ရှည်ပုဆိုးလည်းလို့ စုံစမ်းတော့ ...

ရွာတော်ရှင်နတ်ကွန်း ကိုးမြို့ရှင်နတ်ရုပ်ကြီးဝတ်ထားတဲ့ ပုဆိုး တဲ့။ ဝတ်စရာမရှိလို့ ခွင့်ပါကိုယ်တော်ကြီးလို့ ပြောယူခဲ့တာဆိုပဲ။

နောက်တစ်ခုထူးခြားတာက သူ့ရှေ့ရင်ဘတ်မှာ 'အောင်' ဆိုတဲ့ စာလုံးကို ထုံးနဲ့ရေဖျော်ပြီး ရေးထားတယ်။

နောက်ကျောပေါ်မှာတော့ 'ပြီ' ဆိုတဲ့စာလုံးကို ရေးထားတယ်။ ရင်ဘတ်ရှေ့က 'အောင်' နဲ့ နောက်ကျောပေါ်ကစာလုံး 'ပြီ'ကိုပေါင်းဖတ် ရင် 'အောင်ပြီ' လို့ အဓိပ္ပာယ်ရတယ်။

ပြီး ... အရုပ်ထွန်းခြိစ်ဟာ လက်ထဲမှာ သပြေပန်းများကို ကိုင် ဆုပ်ပြီး မသိန်းမြစ်ရဲ့အကြော်ဆိုင်ရှေ့မှာ သီချင်းဆိုပြီးကနေတာ။





''အောင်ပါစေ ... သပြေပန်းနဲ့ ရေချမ်းကိုလောင်း ...

အောင်ပါစေ ... သပြေပန်းနဲ့ ရေချမ်းကိုလောင်း ...

အရှေ့ကိုလျှောက်ပါလို့ ... အနောက်ကိုတဲ့ မျှော်လိုက်ရင် .. ဟင်

တံခွန်တိုင် ရွှေကုက္ကားနဲ့ ...

ဘုရား ... ဘုရား ... ဘုရားကို မြင် ...''

အရုပ်ထွန်းခြိစ် ကနေတာမြင်တော့ ကလေးအုပ်က ဝိုင်းလာပြီး လက်ခုပ်တီးကြရော။ အဲဒီလိုတီးလေ ထွန်းခြိစ်က သီချင်းတစ်ပုဒ်ပြီးတစ်ပုဒ် ဆိုလို့ကလေပဲ။

သီချင်းဆိုလို့ ကလို့ ဝရော မသိန်းမြစ်ရဲ့ အကြော်ဆိုင်ရှေ့မှာ ချွေးသံရွှဲရွှဲနဲ့ ရပ်ပြီး ...

''နှမတော်ကြီး ...''

''ဟဲ့ ... နှမတော်ကြီး''

''ရှင် ... ရှင် ... မောင်ကြီးရှင့်''

အပျိုကြီးမသိန်းမြစ်ကလည်း အလိုက်သင့် ပြန်ထူးလိုက်တယ်။ အရူးစိတ်မနှံ့သူပေမင့် မထေမဲ့မြင် မလုပ်ဘူး။ မရှိမသေ မလုပ်ဘူး။ အရူး ထွန်းခြိစ်ကို အပျိုကြီးအကြော်သည် မသိန်းမြစ်က အမြဲတမ်း လေးလေး စားစား ဆက်ဆံတယ်။

ဘာလို့လဲဆိုတော့ ...

တစ်ခါမှာ သူ့ကို မာလကာရွက်ပေါ် အင်းတစ်ချပ်ရေးပြီး ရော ဝါးစားလိုက်။ မကြာခင် ညည်း ရွှေနဲ့ငွေနဲ့ ဖြစ်လာရမယ်။ ဒါ နေသိဒ္ဓိအင်း ပဲ ဝါးပြီး မျိုချလိုက်လို့ပေးလို့ ဝါးစားမျိုချခဲ့တယ်။

အရူးကိုထွန်းခြိစ်ပေးတဲ့ နေသိဒ္ဓိအင်းမာလကာရွက်ကို ဝါးစားပြီး တဲ့နေ့ကစပြီး ရောင်းကောင်းလိုက်တဲ့ အကြော်ရယ်၊

ဟိုမုန့်ဟင်းခါးဆိုင်က လာဝယ်ပါဦး၊

ဒီမုန့်ဟင်းခါးဆိုင်က လာဝယ်ပါဦးနဲ့ လက်မလည်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းတုန်းက တစ်နေ့ကုန်ထိုင်ရောင်း လှည့်ရောင်းလို့ အကြော်စုံ နှစ်ရာမကုန်ဘူး။ ဓနသိဒ္ဓိအင်း မာလကာရွက်ကိုစားပြီး နောက်နေ့ကစပြီး ရောင်းကောင်းပုံများ ကြုံကိုကြုံဖူးဖေါင်။

အခု သာမူနာမူရှိလို့ မုန့်ဟင်းခါးခေါက်ဆွဲကျွေးရင် မသိန်းမြစ်အကြော်ဆိုင်ကိုပဲ အော်ဒါလာမှာတယ်။ အဲဒါ လူငှားကောင်လေးတစ်ယောက်၊ လူငှားကောင်မလေးတစ်ယောက် ငှားပြီးလုပ်ရတယ်။

နှစ်လအတွင်း ရွှေမမြင်ဖူးတဲ့ မသိန်းမြစ် လက်စွပ်နဲ့ နားကပ်နဲ့ ဖြစ်သွားတယ်။ သိပ်မကြာဘူး ... ဆွဲကြိုးနဲ့ လက်ကောက်နဲ့ ဖြစ်သွားတယ်။

အဲဒါ အရှုးကိုထွန်းခြစ်ရဲ့ကျေးဇူးနဲ့ စောင်မမှုကြောင့်ပဲလို့ အကြွင်းမဲ့ ယုံကြည်တယ်။ သူ ဒီလိုကြီးပွားရခြင်းရဲ့ အကြောင်းရင်းကို သိကြတော့ အခြားအကြော်သည် ဘိန်းမုန့်သည် ဈေးသည်မှသည် ဆန်သည်၊ မီးသွေးသည်၊ ကိန်မုန့်၊ ပန်းသီး၊ လိမ္မော်သီးအစ ... ပုဆိုးအင်္ကျီအလယ် ... ပိုက်ဆံအဆုံးပေးပြီး ဓနသိဒ္ဓိအင်းမာလကာရွက်ကို ပိုင်းတောင်းကြတယ်။

ဘယ်လိုတောင်းတောင်း အရှုးကိုထွန်းခြစ်က မပေးဘူး။ သူတို့လာပေးတာတွေလည်း တစ်ခုမှမယူဘူး။ ငြင်းလွှတ်တယ်။ အဲဒီတော့ သူတို့က အရှုးထွန်းခြစ်ကို အပုပ်ချတယ်။ ရှုံ့ချတယ်။

အချို့ကဆို ဆဲရေးတိုင်းထွာလုပ်ကြတော့တယ်။

''အလကား ... ဖွတ်ကျား အရှုးပါကွာ။ အရှုးပေးတဲ့ မာလကာရွက်စားပြီး ကြီးပွားမလားကွ''

''အေးလေ ... သူက ဘိုးဘိုးအောင်လားတော် ... ဟွန်း''

''သူ့ကိုယ်သူ ရှင်အဇ္ဇဂေါန ထင်နေလားမှမသိဘဲအေ့''

''ပုံကြီးချဲ့သူကလည်း သူ့လင်ကို ပုံကြီးချဲ့နေတာကိုး''

''ကျိုက်ဒေးဝဘုရားကုန်းပေါ်က ပညာသည်စာမိလို့ ရှုးနေတဲ့ကောင်များ ကောင်းကောင်းကန်းကန်းလုပ်လို့။ ဖွီ ...''

''ဒီသောက်ရှုးက ဆန်မရှိ သောက်စားကြီးကွ''

စိတ်ကူးသစ်စာပေ



''ဟိုအပျိုကြီး အကြော်သည်က ပိုဆိုးသေးတယ်ဟဲ့''

''အေးလေ ... သူ့လင်ကို အမွှန်းတင်နေတာ နေ့တိုင်းပဲ''

လိုတဲ့သူက လိုသလိုပြောကြတယ်။ မလိုတဲ့သူက မလိုသလို ချဲ့ကားအပုပ်ချပြောကြတယ်။

မသိန်းမြစ်က သင်းတို့နဲ့ တုံ့ပြန်ရန်မဖြစ်ပါဘူး။ မငြင်းခုံပါဘူး။ ပြိုင်စကားရှည်မလုပ်ပါဘူး။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးညစ္စာ။ လူကောင်းရင် ကံကောင်းမယ်၊ ကံကောင်းရင် လူကောင်းလာမယ်။

နေ့တိုင်း ကံကောင်းအောင် သီလစင်စင်ကြယ်ကြယ်နေတယ်။

အခု ... အကြော်ဆိုင်ရှေ့မှာ အရှုးကိုထွန်းခြစ် မလာစဖူးရောက်လာပြီး အားရပါးရကနေတာ။ ကရင်းနဲ့ မေးနေပြီလေ။

ဈေးဝယ်အချို့နဲ့ ကလေးအုပ်ကလည်း ရပ်ကြည့်လို့။

''နှမတော်ကြီး ...''

''ရှင် ... မောင်ကြီး''

''အောင်တော့မယ်ဟ''

''ဟုတ်ကဲ့ ...။ အောင်ရင် ကောင်းတာပေါ့တော်။ ဒါနဲ့ မောင်ကြီး ဘာအောင်မှာတုံး။ လေးတန်းအောင်မှာလား၊ သုံးတန်းအောင်မှာလားတော့''

''နက်ဖြန် တန်ဆောင်မုန်းလပြည့်ဟ''

''ဟုတ်ပါရဲ့ရှင် ...။ အဲဒါ ဘာလုပ်ပေးရမတုံး။ ပြော ...''

''နက်ဖြန်ခါကျရင် သင်္ကန်းတစ်စုံ ဝယ်ခဲ့''

''ဘာလုပ်ဖို့တုံးတော့၊ ကထိန်အတွက်လား ဟင်''

''ငါ သင်္ကန်းဝတ်တော့မယ်ဟ''

''ရှင် ... အဟုတ်ပြောနေတာ ... ဟုတ်လားမောင်ကြီး''

''နက်ဖြန် ညည်း ရဟန်းအစ်မ လုပ်ရမယ်ဟေ့''

''အို ... ဝမ်းသာလိုက်တာ မောင်ကြီးရယ်။ ကျွန်မ ... ဘယ် ဘယ်ကျောင်းကို လာခဲ့ရမလဲဟင် မောင်ကြီး ... ဟင်လို့''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပေါ်တော်မူဘုန်းကြီးကျောင်းကိုပေါ့ . . . နှမရဲ့။ ငါ့ဆရာကျောင်းလေ။ ဒါကြောင့်လေ . . . အောင်ပါစေ . . . သပြေနုခက်ဝေ . . . ဖေယျတုအချက်ပေ . . . ရွှေရည်ချမ်းလောင်းလို့ . . . ကောင်းမှုဖြာဝေ . . မြန်မာပြည်ပြည်သူအားလုံး . . . ဇမ္ဗူတစ်ဝှမ်းလုံး . . . ကျန်းမာချမ်းသာစေ . . ."

"ဘာတဲ့တုံး . . . မင်းသားကြီးရဲ့"

"ရှေ့ကျွမ်း နောက်ကျွမ်း လုပ်ပါဗျ . . . မင်းသားကြီးရ"

"စိန်မာဒင်လို သေဗ္ဗာက က,ပါဗျ"

"စိန်မှဟာသဘင်က ရဲစိန်နဲ့ ညီဝင်းစိန်လို ဝိုချင်းချပါဗျ"

"ကြားချင်ကြတယ်ပေါ့"

"ဒါပေါ့ဗျ . . .။ ကြားချင်လို့ မကစားဘဲ ကြည့်နေတာဥစ္စာ"

"မြင်ချင်ကြတယ်ပေါ့ . . . ဟုတ်လား"

"မြန်မြန် က,ပါ၊ ဆိုပါ၊ ငိုပါ . . . မင်းသားကြီးရ . . . နေပူလာပြီ"

"အေး . . . ဒါကြောင့်လေ . . ."

" . . . ရွှေကြေးစည် . . . ရွှေကြေးစည် . . . ရိုက်ခတ်လို့ တီးသံကြား ရပါလေပြီ . . . အဲ . . . အဲ . . ."

"မင်းသားကြီး . . ."

"ဘာတုံး . . . ခင် . . . ဗျ . . . လူချီးမင်းတို့ရ"

"ဒီသီချင်းက ခေတ်ဆွေးကြီးဗျ"

"ဒါဆို ဘယ်သီချင်းနဲ့ ကရမတုံးဗျ . . . လူချီးကောင်းတို့ရ"

"မြိုင်ထလုမ်ပါဗျ"

"မြိုင်ထလုပ်ရအောင် မင်းသမီးမရှိဘူး . . . လူချီးမင်းတို့ရ"

"ရှိပါတယ်ဗျ . . . မင်းသားကြီးကလည်း"

"အလို . . . ကိုယ့်လူတို့က ရှိပါတယ်တဲ့။ ကိုင်း . . . ဒါဆို မင်းသမီးက ဘယ်သူတုံးခင်ဗျ . . . ဟင် . . . ဟင် . . . ဟင် . . . လို့"





"မင်းသမီးက အကြော်ရောင်းနေတဲ့ အပျိုကြီး ဒေါ်သိန်းမြစ်ပဲပေါ့ဗျ"

"ဟေ . . . အေး . . . ဟေ . . ."

"ဝါး . . . ဟား . . . ဟား . . . ဟား . . . ဟား . . ."

"ဟဲ့ . . . သေချင်းဆိုး . . . အနာကျကောင်လေးတွေ။ နင်တို့ပါးစပ်ကို ပိတ်ထားစမ်း။ ကိုင်း . . . မောင်ကြီးထွန်ခြစ် . . ."

အကြော်သည် မသိန်းမြစ်ရဲ့ အသားညိုညိုမျက်နှာပေါ်ဟာ ရှက်ရောင်သန်းပြီး ရဲသလိုဖြစ်သွားတယ်။ မျက်နှာပြောင်လွှန်းလှတဲ့ အော့ကြောလန်ကလေးအုပ်ကိုလည်း ဟိန်းရဟောက်ရ။

"ဒီမှာ မောင်ကြီးထွန်ခြစ် . . ."

"ဘာတုံး . . . နှမလေးရဲ့ . . . ပြည်တော်ကို . . . ပြန် . . . ချင်ပြီ . . . ပေါ့ . . . ဟုတ်လား . . ."

"ဝေး . . . အဲဒီလိုမှပေါ့ဗျ။ နှစ်ပါးသွား စတော့မယ်ဟေ့"

ပိုဆိုးချေပေါ့။ မသိန်းမြစ်က အရူးကိုထွန်ခြစ်ကို ဒီနေရာကနေ အကြော်စားပြီး ပြန်တော့လို့ပြောမလို့ ခေါ်တာကို . . .

သူက နှစ်ပါးသွား အတူကမယ်မှတ်ပြီး မင်းသားလေသံနဲ့ ပြည်တော်ကိုပြန်ချင်ပြီလား နှမလေးရဲ့လုပ်တော့ မှုးကာလသားအုပ်နဲ့ အော့ကြောလန်ကလေးအုပ်က . . . ဝေး ဝါး . . . ဒါမှပေါ့နဲ့ မြှောက်ပင့်ပေးကြပါရော။

"ဒီမယ် . . . မောင်ကြီး"

"ဖခမည်းတော်ဘုရားနဲ့ မယ်တော်ဘုရားတို့ကလည်း နေပြည်တော်က မျှော်လှပေါ့လေ . . . ဟုတ်လား . . . လက်စွဲတော်ကြီးများရဲ့ . ."

မှန်ပါ။ မျှော်ရှာသူထင်ပါလေရဲ့ . . . ရောက်လာမည့်ရက်ကို . . . ရက်ကို . . ."

အရေးထဲ အရပ်ပုပု မှုး ဖွတ်ကျားမြသန်းက တွံ့တေးသိန်းတန်သီချင်းနဲ့ ဝင်ဖောက်လို့ ပါးစပ်ကို ပိတ်ရသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး ... ဒီနေရာကနေ ပြန်တော့"

"အလို ... နှမလေးက နေပြည်တော်ကို မောင်ကြီးနဲ့အတူ မလိုက်ဘူးလား နှမရဲ့။ မောင်ကြီးကို စိမ်းကားရက်စက်တော့မှာလား"

"ဒုက္ခပါပဲ။ သွားတော့ ... ကျွန်မ နက်ဖြန် သင်္ကန်းဝယ်ပြီး ဘုန်းကြီးကျောင်းကို လာခဲ့မယ်။ သွားတော့ ..."

"အလို ... မောင်မင်းများတို့ရဲ့"

"ဘုရား ... ဘုရား ... ကိုယ်တော်လေး"

ဘယ်လိုပြောပြော ပြောရင်းက ပိုဆိုးလို့လာနေတယ်။ မြေပိုင်ဇာတ်ခင်းသလိုဖြစ်နေတော့ လူအုပ်က တဖြည်းဖြည်း များလာတယ်။

အရှုံးကို မြှောက်တဲ့သူကမြှောက်၊ ပင့်တဲ့သူကပင့်။

နေကမြင့်လေ အရှုံးကရင့်လေ။

"မောင်မင်းတို့ ... မင်းတို့အစ်မတော်ကြီးလေ ... ဘုန်းကြီးကျောင်းကို ကိုယ်တော်နဲ့အတူလိုက်မတဲ့ဗျာ ... အမိန့်ရှိနေသဗျာ"

"ကောင်းတာပေါ့ ... ကိုယ်တော်။ ဒါဆို ဘုရားကျွန်တော်မျိုးတို့ လှည်းယာဉ်တော် အမြန်ဆင်လိုက်မယ်။ ကိုယ်တော်သာ နှမလေးကိုလက်ဆွဲပြီး လှည်းပေါ်တက်ဖို့လုပ်ပါ ... ကိုယ်တော်ဘုရား ..."

ဘယ်လိုမှ ထိန်းလို့သိမ်းလို့ မရတော့ဘူး။

"အေး ... ဒါကြောင့်မို့ ... ရပ်ကြီးသူတို့ ..."

"ကိုယ်တော်ကြီးဘုရား ... ကောင်းလှချည်လား ဘုရား"

"ဝဏ္ဏကျော်တင် စိန်အောင်မင်းအတိုင်းပဲဗျာ"

"ရပ်ကြီးသူတို့ ××× ဟန်မူပိုပို ××× နေညိုညချမ်း ××× ဆင်မြန်း ××× ဆင်မြန်း ××× ဆာပါ ××× နေညို ××× နေညို ××× ညချမ်း ××× ဆင်မြန်း ××× ဆင်မြန်း ××× ဆာပါ ××× ဒိုလေ ××× ကွမ်းတုံ ပိတ်ရယ်နဲ့ နုစိမ်းပဝါ ××× လှည်းယာဉ်လေလေ ××× လှုပ်တဲ့မေရယ် ××"

"ကိုယ်တော်ကြီး ..."

"မင်းသားကြီးရေ ... ဘာတဲ့တုံးဗျ"

စိတ်ကူးသစ်စာပေ



"သုတ် ... သုတ် ... ကလေး ... ဟေ ... လာစမ်း ... တမ်း ... ပါ ... ဟာ ..."

"တိမ် ... ပလိမ် တိန် ဈောင် ..."

"အကလေးဝင်မယ် ... ရွာစားရေ"

"ဘာတဲ့တုံးဟဲ့ ... အလကားကျော်စွာ စိန်ထွန်းခြစ်တဲ့လား"

ဝိုင်းလို့လည်း မြှောက်ရော မင်္ဂလာစိန်ထွန်းခြစ်က အကြော်ဆိုင်ရှေ့မှာ ရှေ့ကျွမ်း နောက်ကျွမ်းပါ ထိုးကနေလို့ မတတ်နိုင်တော့ဘူး။

အကြော်ဗန်းကို ဆန်ကာခုံးနဲ့အုပ်ခဲ့ပြီး မပြည့်ွန်နဲ့ အလုပ်သမားဆက်ကိုအပ်လို့ ပွစိပွစိပြောရင်း အိမ်ပြန်လာခဲ့လိုက်တယ်။

ကိုထွန်းခြစ်ကို စိတ်ဆိုးလွန်းလို့မဟုတ်ဘူး။

ဟို အနာဂျကောင်တွေကြောင့် ရှက်လွန်းလို့။

အပျိုကြီးဘဝနဲ့ နေလာတာ အနှစ် (၃၀) ရှိပါပြီတော်။ ခုကျမှပဲ အရှုံးနဲ့ နှစ်ပါးသွားက ကခိုင်းတဲ့လူက ကခိုင်း၊ လူအုပ်က ဝိုင်းကြည့်၊ တော်ကြာ ... ရွာထဲမှာ အရှုံးနဲ့ အကြော်သည်မ သမုတ်ခံရဦးမယ်။

ဟူး ... ဥစ္စာစီးပွားမတက်ခင်က ဒုက္ခကတစ်မျိုး၊

စီးပွားရေးလေးကောင်းလာပြန်တော့လည်း ဟိုကပြောချင်၊ ဒီကရိချင် ... ကလိချင် ...။

ဟင် ... ငါရင်လည်း မြန်မြန်သေမှ၊

ဒါမှမဟုတ် လင်မြန်မြန်ရပြီး ... အဲလေ ... ယောင်လို့ ... ဘွာ ... ဘွာ ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၂၃ |

## အရှုံးအဝမှ ရဟန်းအဝသို့

❑

တန်ဆောင်မုန်းလပြည့်နေ့မို့ ကျောင်းဝိုင်းထဲမှာမဏ္ဍပ်ထိုးပြီး ပေါ်တော်မူငါးထပ်ကြီး ရုပ်ပွားတော်မြတ်ကို အပူဇော်ခံနေတယ်လေ။

မဏ္ဍပ်ထဲမှာ စည်စည်ကားကားပဲ။

ရုပ်ထဲနဲ့မြို့ပေါ်က စေတနာရှင်အချို့က ထမင်းကုသိုလ်ပြုသမို့ ထမင်းကျွေး၊ မဏ္ဍပ်မှာလည်း လူကိုဖွေးနေတာပဲ။

ပရိသတ်ကလည်း တစ်သုတ်ပြီးတစ်သုတ် အနီးကပ် ဖူးမြော်ကန်တော့ကြ၊ အလှူခံပုံးထဲကိုလည်း အလှူငွေတွေ ထည့်ကြ . . .

ဒီအချိန်မှာပဲ မဏ္ဍပ်ထဲကို လူတစ်ယောက် ခုန်ပေါက်ပြီးဝင်လာလို့ ပရိသတ် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတယ်။

"ဖယ်ကြဟဲ့ . . . ဖယ်လေ"





"ဟ . . . ဟ . . . အရူးဝင်လာတယ်ဟေ့"

"ကလေးတွေ နင်းမိမယ်ဟဲ့။ လုပ်ကြပါဦး"

"ငါ့ပေါ် လဲကျပါဦးမယ်ကွယ် . . . ဘုရား . . . ဘုရား . . ."

လှည့်ကြည့်လိုက်တော့ အရူးထွန်းခြစ်ရှယ်၊ ရှေ့ရင်ဘတ်မှာ 'အောင်' စာလုံး ထုံးလက်ရေးနဲ့၊ နောက်ကျောပြောင်မှာတော့ 'ပြီ' ထုံးစာလုံး လက်ရေးနဲ့ ဒီတစ်ခါထူးခြားတာက လွယ်အိတ်တစ်လုံး ခါးမှာချည်ထားတာပဲ။ ဘာတွေထည့်ထားလဲ မသိဘူး ဖောင်းလို့။

ရွာတော်ရှင်နတ်ကွန်းက ဝတ်လဲပုဆိုးကို ဝတ်စည်းပြီး ပိန္နဲရွက်မင်းသားခေါင်းပေါင်းနဲ့ မဏ္ဍပ်လူအုပ်ထဲကိုဝင်လာလို့ အချို့က တားကြ၊ တွန်းကြ။

"ငါ ဘုရားဖူးမလို့ကွ"

"ဒီနေ့ လပြည့်နေ့ကြီး . . . ကိုထွန်းခြစ်ရာ လူများလို့ပါ"

"မရဘူး။ ဘုရားနဲ့ငါနဲ့ ဒီနေ့ချိန်းထားတာ မယုံမေးကြည့်"

"ဒုက္ခပါပဲဗျာ . . . ညကျမှ . . . အေးအေးဆေးဆေး လာပါဗျာနော်"

"မရဘူး။ ငါကလည်း ငါ့ရဲ့ထွက်ရပ်လမ်းကို ဒီနေ့မနက်မှာပဲ ဖြိုဟ်နေ နက္ခတ်ကောင်းချိန်နဲ့ ဘုရားဖူးပြီး ' . . . ' ရမှာကွ"

အရူးစကားဆိုပြီး လူအချို့က လက်မခံဘူး။ ဒီအချိန်က ဘုန်းတော်ကြီးဦးရက္ခိတတို့ ရဟန်းသံဃာများ ဆွမ်းစားချိန်ဆိုတော့ အရူးထွန်းခြစ်အဖို့ အားကိုးမရှိဘူးဖြစ်နေတာပေါ့။

ကပ္ပိယဖိုးသန်းခေါင်ကလည်း အရူးထွန်းခြစ်ကို လုံးဝကြည့်မရတော့ မဏ္ဍပ်ထဲမဝင်ဖို့ချည်း ပြောနေ နှင်လွှတ်လုပ်တယ်။

ဒီမှာပဲ အရူးထွန်းခြစ်က တဘောင်စာများကို ဘုရားဖူးပရိသတ်ရှေ့မှာ အော်အော်ရွတ်ပါရော . . .

"ဘုရားဖူးကို ပိတ်ပင်ဆို့ . . . ပြိတ္တာအလိုလိုဖြစ်လိမ့်မည် . . .

အရူးငါးဦး . . . ဘုရားဖူး . . . ငါးဦးပြည့်ရင် ထီပေါက်မည် . . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေသောက် . . . အရှုးပျောက် . . .

စိတ်နောက်သူတွေ ကျန်းမာမည်ဟေ့ . . . ဒူ . . . ဒူ . . . ဒူ . . .

“ဟေ့ကောင် . . . အရူး . . . သွားတော့”

“ဆွဲခေါ်သွားကြလေကွာ။ ဘာလို့ ရပ်ကြည့်နေတာတုံး”

“ကပ္ပိယကြီး ခေါ်သွားပါလား”

“တယ် . . . ငါက ဒီမှာညှော်ခံနေရလို့ နင်တို့ကိုခိုင်းတာဟာ ပရိသတ်လန့်မှာစိုးလို့ ပြောနေတာ”

“ဘုန်းကြီးကျောင်းသားများကလည်း အရူးကိုထွန်ခြစ်ကို မနှင်ရက်ဘူး၊ မဆွဲထုတ်ရက်ဘူး။ ဘာလို့လဲဆိုတော့ အရူးကိုထွန်ခြစ်က ကျောင်းထိုင်ဆရာတော်နဲ့ ဘုရားရှာဖက်၊ ဆရာတပည့်လို ဖြစ်နေလို့ပဲ။

ဒီမှာ အရူးထွန်ခြစ်ကလည်း စောစောကရွတ်နေတဲ့ တဘောင်ကိုပဲ သီချင်းလိုလုပ်ဆိုပြီး ကခုန်နေပါရော။

နင်လည်း မဏ္ဍပ်ဝကနေ မပြန်ဘူးလေ။ ဒီအချိန်မှာပဲ ဆရာတော်ဘုန်းကြီး ဆွမ်းစားပြီးလို့ မဏ္ဍပ်ထဲကို ပြန်ကြွလာသည့်အချိန် . . .

ဘုန်းတော်ကြီး ဦးရက္ခိတဟာ မဏ္ဍပ်ဝမှာ တဘောင်သီချင်းများရွတ်ဆိုခုန်ပေါက်နေတဲ့ သူ့တပည့်အရူးထွန်ခြစ်ကို မြင်ရရော . . .

သူရွတ်နေသည့် တဘောင်သီချင်းရဲ့ အသံနဲ့ စာသားအဓိပ္ပာယ်ကို အာရုံစိုက် နားထောင်နေလိုက်တယ်။

“ဘုရားဖူးကို ပိတ်ပင်ဆို့ . . . ပြိတ္တာအလိုလိုဖြစ်လိမ့်မည် . . .

ဘုရားရေသောက် . . . အရူးပျောက် . . .

‘စိတ်နောက်သူတွေ ကျန်းမာမည်”

အင်း . . . အရူးစကား၊ ကလေးစကား၊ သဘင်သည်စကားအလေး ထားရမည့်စကားတဲ့။

မိမိ ရှေးဟောင်းဘုရားကို ရှာလို့တွေ့ခဲ့ရတာ ဒီအရူးစိတ်နောက်နေသူ ဒကာလေးရဲ့ အမျှော်အမြင်နိမိတ်စကားများကြောင့်လည်း ဖြစ်တယ်ဆိုတာ ဘုန်းကြီး နားလည်သဘောပေါက်တယ်။





ဒါကြောင့် . . .

“ဖိုးသန်းခေါင် . . .”

“ဘုရား . . .”

“ဒကာထွန်ခြစ်ကို မပိတ်ပင်နဲ့၊ ဝင်ခွင့်ပေးလိုက်”

ကျောင်းထိုင်ဆရာတော်ကိုယ်တိုင်က ပါးစပ်ကနေ လွှတ်ပေး ဝင်ခွင့်ပြုလိုက်လို့ မိန့်တော့ ကပ္ပိယဖိုးသန်းခေါင်သာမက ဘုရားအကျိုးတော်ဆောင် လူကြီးများပါ ဘာမှုမတတ်နိုင်တော့ဘူး။

“ကိုင်း . . . ကြိုက်သလိုဝင်ဖူးတော့ . . . ကိုယ့်လူရေ။ ဝင်ဗျာဝင်တော်မူပါ သခင်ကြီးဘုရား”

လူသွားလမ်းရှိရာကို လမ်းညွှန်လို့ ဝင်ခွင့်ပေးရတော့တယ်။ ကြည့်မိ်း . . .။ အရူးထွန်ခြစ်ရယ်၊ သူများပြောလည်း ပြောစရာ။ တားလည်းတားချင်စရာပါ။

မဏ္ဍပ်အဝင်ဝမှစ်ဦးက ငါးထပ်ကြီးပေါ်တော်မူရုပ်ပွားထားရာ ပလ္လင်အထိဆို ပေ ငါးဆယ်ကျော် ခြောက်ဆယ်အထိ လှမ်းတယ်။

တန်ဆောင်မုန်းလပြည့်ဆိုတော့ သီလယူမည့် လူပရိသတ်နဲ့ ဘုရားဖူးပရိသတ်တွေကလည်း မဏ္ဍပ်ထဲမှာ အပြည့်နီးပါးရှိနေတာ။

အဲဒီထဲမှာ ဂုဏ်သရေရှိ လူကြီးလူရွယ် လူတန်းစားအမျိုးမျိုးပါတာကိုး။ အလယ်အူကြောင်းမှာ လူသွားလမ်းစကြိန်လေး လုပ်ထားတယ်။

ကိုယ့်လူ အရူးမောင်ထွန်ခြစ်က အဝင်ဝကနေ နဖူးပေါ်လက်အုပ်ချီပြီး အင်္ကျီကျောပြောင်၊ ကိုယ်ခန္ဓာပေါ်မှာ ထုံးစာလုံး ရှေ့နောက် ‘အောင်’ နဲ့ ‘မြီ’ ကို ထင်ထင်ရှားရှားရေးဖော်ပြီး ဇာတ်ထဲက ဝန်ကြီးများလှမ်းတဲ့ဟန်နဲ့ တစ်လှမ်းခြင်း ဒူးကွေးခြေမ လှမ်းဝင်လာပါရောလေ။

လူတွေကလည်း ဝိုင်းကြည့်ကြလို့ပေါ့။

ဘယ်လိုအရူးလဲ . . . ဘာလဲ . . . ဘယ်ကတုံးပေါ့။

သိတဲ့ရွာခံကတော့ သိသပေါ့။ ဒါ အရူးထွန်ခြစ်။ ကျိုက်ဒေဝဘုရားအခြေမှာ သူယောင်မယ်များရဲ့ ပြုစားခံရလို့ ရူးသွားတဲ့အရူး။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အကြောင်းမသိသူ မမြင်ဖူးသူများကတော့ အံ့သြထူးဆန်းဖြစ်နေကြတာပေါ့။

ဒီတော့ မေးကြမြန်းကြတာပေါ့။

"ဘယ်က အရူးတုံးကွယ့်"

"ဘုရားကုန်းကျေးရွာကခင်ဗျ"

"အဲဒီလိုပဲ သွားလာနေတာပဲလား"

"ဟုတ်တယ် ...။ ဘုန်းကြီးရဲ့ တပည့်အရင်းပဲ"

"ပေါ်တော်မူဆရာတော်ရဲ့ တပည့်အရင်းလား"

"ဟုတ်တာပေါ့ဗျာ။ ဒီဘုရားရွာတော့ ဒီအရူးလည်းပါတာပေါ့"

"ဒါဆို ဘုန်းကြီးက သူ့ရောဂါကို ကုမပေးဘူးလား"

"ဘယ်သူမှ ကုလို့မရဘူး"

"ဟင် ... ဘာဖြစ်လို့"

"ပညာသည် ဆေးတိုက်ထားသလိုလို၊ ဝင်္ဂနာကံနာလိုလို၊ နှလုံးသွေးလန့်သလိုလို ပြောနေကြတာပဲ"

ဒီမှာ ကိုချစ်ဖွယ်ဆိုသူက ဝင်ပြောတယ်။

"ဒီအရူးက ကျွန်တော့်သူငယ်ချင်းပါ။ သူက စိတ်ကောင်းလေးဝင်လာရင် စကားကောင်းပြောတယ်။ သူ့အရူးရောဂါ မကြာခင်ပျောက်တော့မှာတဲ့"

"သူက ဘယ်လိုလုပ်သိနေတာတုံးရှင်။ စိတ်ဝင်စားလို့ပါ"

"ဒီလူ ထွန်ခြစ်က အကြားအမြင်ပဲ ရနေသလို။ အင်းအတတ်ကိုလည်း အလိုလို ထူးထူးဆန်းဆန်း တတ်နေသလိုပဲဗျ။ သူကပြောတယ် ငါ ရောဂါပျောက်မှာကွတဲ့။ ပျောက်ရင် သင်္ကန်းဝတ်မယ်၊ ပြီးရင် လူထွက်ပြီး မိန်းမယူမယ်။ ကလေးတွေ အများကြီးမွေးပြီး သာသနာပြုမယ်လို့ ပြောသေးတယ်ဗျ"

"အရူးစကားပါဗျာ ... ထင်ရာမြင်ရာ ပြောနေမှာပေါ့"

"ဘုန်းကြီး ပ,စားပေးထားတော့လည်း မပြောသာဘူးလေ"





ဒီမှာပဲ အရူးထွန်ခြစ်ဟာ ဇာတ်ထဲက ရှင်ဘုရင်များ သန်လျက်ဘိုင်ပြီး လမ်းလျှောက်သည့်ဟန်နဲ့ တစ်လှမ်းချင်း ကြွချီလာသလိုဟန်ပန်မျိုးနဲ့ ကြွလာပြန်ရောခင်ဗျ။

ကလေးတွေ သဘောကျပြီး ရယ်ကြတယ်။

ရွာခံတွေကတော့ မျက်စိနောက်နေတာပေါ့။

ဘယ်အချိန် မိုးကြိုးပစ်မလဲနဲ့ လန့်သူကလန့်ပေါ့။

လူပုံအလယ်ကနေ ဆွဲထုတ်ပြီး နဘန်ကျင်းချင်နေကြတယ်။ ဆရာတော်ကိုကြောက်လို့သာ အသာငြိမ်နေရတာ။

ဒီလိုနဲ့ မင်းသားက ဘုရားရှေ့လည်းရောက်ရော ကြီးကြီးကျယ်ကျယ်ပြောပြီး တဘောင်စာတွေ ရွတ်ပါရော။

"အားလုံးမှတ်ထားကြဗျ ...။

'အတိတ်တဘောင် ဩဘာထွန်းသမို့ နိမိတ်ဆောင်ကာ ပြောရဦးမယ်ဗျို့' ... အဟမ်း ... အဟမ်း ..."

"ဘွတ်"

"ဟာ ... ဒီအရူးကွာ"

"နံလိုက်တာ ... အော့ ... ဝေါ့ ..."

"မွှစ်ချဉ်နံ့ဗျ ... အော့ ... အော့ ..."

"သောက်ရေးထဲ ... သိန်းဝင်းရာ ... မင်းက မှျစ်ချဉ်နံ့လုပ်နေသေး ... အော့ ... အော့ ... ဝေါ့ ... ဝေါ့ ... ဖွီ ..."

"မျှစ်ချဉ်အနံ့မဟုတ်လို့ ဘာနံ့တုံးဗျ ... ဦးလေးမောင်ရ"

"မှတ်ထား ...။ ဒါ ဘဲဥအပုပ်နံ့။ အော့ ... အော့ ... ဝေါ့ ... ဝေါ့ ..."

"တော်ကြပါတော့ရှင် ... နံလွန်းလို့ ပျို့အန်ချင်ရတဲ့ကြားထဲ ရှင်တို့က အနံ့ခံပြိုင် ငြင်းနေတယ်"

"သေချာအောင် ပြောရတာပါ ... ကျောင်းအစ်မကြီးရဲ့"

"တော်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဝဝကြီးတစ်ယောက်က မျက်နှာရှုံ့မဲ့မဲ့ကြီး အော်လိုက်လို့ လှိုင်မြို့နယ်က ဘုရားလူကြီး ဦးသိန်းဝင်းနဲ့ တောင်ဥက္ကလာက မျက်လှည့်ဆရာကြီး ဦးလေးမောင်တို့ အသံတိတ်သွားတယ်။

"အဟမ်း ... အဟမ်း ..."

"ရွှာလယ်ခေါင် ... ခေါ်ပြင်ကွင်း ...

သိမ်အဆင်းမှာ ငွေကိုးတင်းတဲ့ဗျ ...

တုံးအောက်ကတီတွန် ... လူလွန်မသား ...

မုန့်ဆီကြော်အလယ်အက် ... ပြည်ဖျက်မည့်သားတဲ့ ..."

ကြားရသူတွေက အချင်းချင်း လက်တို့ကြတယ်။ တီးတိုးတီးတိုး ပြောကြတယ်။

အဲဒါ မင်းတုန်းမင်းနဲ့ သီပေါမင်းစစ်ကြားမှာပေါ်တဲ့ တဘောင်မဟုတ်လားဗျ။

"ဟုတ်တယ် ... အရှုးက ဘာကိစ္စနဲ့ ရွတ်ပြနေသလဲမသိဘူး"

"သိမ်အဆင်းမှာ ငွေကိုးတင်းတဲ့"

"သိုက်ဆရာတွေကြားရင် တူးကြဦးမှာပဲဗျို့"

"အဟမ်း ... အဟမ်း ... ကြားလိုက်အောင် နားစိုက်ထောင်ကြ ..."

"ကြက်တွန်သံကြား ... ချုံအောက်နား ...

တို့ဘုရားစံပယ် ကြာလှပြီဟေ့ ...

ရွှေစင်ရွှေသား မြတ်ဘုရား ... ချစ်သားရဟန်းသန့်စင်မည်ဟေ့

ပေါ်တော်မူဘုရား ... မပြစ်မှားနဲ့ ...

ပြစ်မှားတဲ့သူ အပယ်ပူ ... နေဆယ်ဆူလို လောင်မြိုက်မည်က

ဘုရားဖူးကို ပိတ်ပင်ဆို့ ... ပြိတ္တာအလိုလို ဖြစ်လိမ့်မည်ဟေ့

အရှုးငါးဦး ဘုရားဖူး ... ငါးဦးပြည့်ရင် ထီပေါက်မည်ဟေ့ ...

ဘုရားရေသောက် ... အရူးပျောက် ... စိတ်နောက်သူတွေ ..

ကျန်းမာမည်ဟေ့ ... ဒူ ... ဒူ ... ဒူ ..."

စိတ်ကူးသစ်စာပေ



အရှုးထွန်ခြစ်က သူအလွတ်ရသည့် တဘောင်များနဲ့ တဘောင်အသစ်များကို အော်အော်ရွတ်တယ်။ စိတ်ဝင်စားသူ လူကြီးအချို့က စာရွက်နဲ့ လိုက်ရေးမှတ်တယ်။

"ကိုင်း ... ကိုင်း ... ရှာစားတို့ရေ ...

အဟုတ်အမျှားထူးရအောင် ... ကျုပ်ဘုရားဖူးမှာမို့ ...

ရွှေဘုန်းတော်ကျက်သရေတိုးရအောင် ...

နေမျိုးကျော်လက်ျာဆိုင်းက ...

ဝတ်ထက်ဖြာတိုင်အောင် ... လှိုင်းထမေဖို့ ...

စိန်စကြာဝဠာဆိုင်းဆိုတာ ဖွင့် ..."

"ဗျောင် ... ဗျောင် ... ဗျောင် ... ထူ ..."

"ဗျောင် ... ဗျောင် ... ဗျောင် ... ထူ ..."

အရှုးထူးနေလို့ လူတွေက စိတ်ဝင်စားပြီး ဝိုင်းကြည့်နေတယ်။ ဘုန်းတော်ကြီး ဦးရက္ခိတကလည်း သူ့တပည့် ဒိန္နေ ထူးနေလို့ အသာအကဲခတ်ကြည့်နေတယ်။

လိုအပ်မှ ဝင်ထိန်းမယ်။

မလိုရင် စောင့်ကြည့်မယ်ပေါ့။ သူ့တပည့်အရှုး 'ထူး' နေတာလည်း သူသိနေတာကိုး။

ကြည့်နေတုန်းမှာပဲ အရှုးထွန်ခြစ်ဟာ တဘောင်တွေလည်း ရွတ်ပြီးရော ထူးဆန်းလှပဆိုင်းဆင့်တစ်ခုကို ဟန်နဲ့ပန်နဲ့ရွတ်ပြီးနောက် ...

ပေါ်တော်မူ ရွှေငါးထပ်ကြီးဘုရားကို ရှိရှိသေသေ ဦးသုံးကြိမ်တိုက်လို့ ကန်တော့လိုက်တယ်။

ဆရာတော်ဘုန်းကြီးကလည်း ဒါကိုကြည့်ပြီး သာဓုခေါ်လိုက်ရော အားလုံးသော ပရိသတ်တို့ကလည်း နိမိတ်ထူးလှတယ်ဆိုပြီး သာဓုဝိုင်းခေါ်ကြပါရော။

"သာဓု ... သာဓု ... သာဓု ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . သာဓုခေါ်သံတွေ။ မဏ္ဍပ်ကြီးကို ဟိန်းနေတာပဲ။ ဒီအချိန်မှာပဲ မဏ္ဍပ်အဝမှာ အကြော်သည်အပျိုကြီး မိသိန်းမြစ်ကလည်း သက်နန်းအသစ်ဒွိစုံကို လင်ပန်းပေါ်မှာရွက်ရင်း ရောက်လာချိန် . . .

သာဓုခေါ်သံတွေ ဝေဝေစည်စည်ကြားရလို့ သူမလည်း သာဓုဝင်ခေါ်ရင်း အထဲကိုလှမ်းကြည့်တော့ . . .

သူ့မောင်ကြီး ကျေးဇူးရှင်ကိုထွန်းခြစ်ကို တွေ့ရပါရော။

မသိန်းမြစ်က ဘယ်သူဘာတွေပြောပြော အရှူးကိုထွန်းခြစ်ရဲ့ပြောစကားကို ယုံကြည်တယ်။

သူ ဒီနေ့ သက်နန်းဝတ်မယ်လို့ပြောတယ်လေ။ သက်နန်းဒွိစုံယူခဲ့တဲ့။ ဒါကြောင့် ယူလာခဲ့တာ၊ ဝယ်လာခဲ့တာ။

အိမ်နီးနားချင်းတွေက မေးတယ်။

''သိန်းမြစ် ဘာလုပ်ဖို့ သက်နန်းဝယ်သွားရတာတုံးအေ့''

''သက်နန်းဝတ်မယ်ဆိုလို့တော့''

''ဟဲ့ . . . မိသိန်းမြစ်ရဲ့ ဘယ်သူသက်နန်းဝတ်မှာတုံးဟဲ့''

''ဘယ်သူရှိရမှာတုံး . . . ဟိုလေ . . . ကို . . . ထွန် . . . ခြစ်ပေါ့''

''ထွန်ခြစ် . . .''

''အင်း . . .''

''အရူးထွန်ခြစ်ကို ပြောတာလား သိန်းမြစ်''

''ဟုတ်ပါ့တော်''

''ဟဲ့ . . . သိန်းမြစ်ရဲ့ အရူးပြောတိုင်း နင်ကလိုက်လုပ်ရသလား။ ဟဲ့ . . . အရူးကို ဘယ်ဘုန်းကြီးကျောင်းကမှ သက်နန်းဝတ်မပေးဘူးဟဲ့ . . အနှမ်းမရဲ့ . . . နင်မသိဘူးလား''

''ဒါတော့ ကျုပ်နားမလည်ဘူးတော်။ သူက ဒီနေ့ သက်နန်းဝတ်မယ်၊ ယူခဲ့ဆိုလို့ ယူသွားရတာ။ အကယ်လို့ သူမဝတ်ရင်လည်း ကျောင်းလှူခဲ့ယုံပေါ့တော်''

---

စိတ်ကူးသစ်စာပေ



''အေး . . . အေး . . . အရူးနဲ့ အနှမ်းနဲ့ညားများညားရင် 'အသွပ်' တွေမွေးမှာ။ အမြွာပူးပဲဟေ့''

''အိုတော် . . . မရွှေမျှစ်ကလည်း အတုံးလိုက်အတစ်လိုက် မဦးမချွတ်။ သွား . . . သွား . . .''

အဲဒီလိုဝိုင်းပြော ဝိုင်းတားတဲ့ကြားကနေ ယုံကြည်မှုသဒ္ဓါဖြစ်မှုနဲ့ သက်နန်းဒွိစုံရွက်ပြီး မဏ္ဍပ်ဝကို ရောက်နေတာ။

ဒီမှာပဲ အရူးထွန်ခြစ်က ဘုရားရုပ်ပွားတော်ကို ဦးသုံးကြိမ်တိုက်ရှိခိုးပြီးရော ဘုရားစင်မြင့်ပေါ်က သောက်တော်ရေတစ်ခွက်ကို လှမ်းယူကိုင်လို့ . . .

''အရှင်မြတ်ဘုရား . . . ဘုရားတပည့်တော်ကို ဆေးသြသဓ ရေစင်ရေမြတ်တစ်ခွက် ချီးမြှင့်တော်၊ စွန့်ကြဲပေးသနားတော်မူပါဘုရား။ ဘုရားတပည့်တော် အရှင်မြတ်ဘုရား၏ သိဒ္ဓိဘုန်းတန်ခိုးကို အကြွင်းမဲ့ ယုံကြည်ပါ၏ဘုရား . . .။ ဘုရားကို ယုံကြည်ကိုးကွယ်ပါမည်။ တရားကို ယုံကြည်ကိုးကွယ်ပါမည်။ သံဃာကို ယုံကြည်ကိုးကွယ်ဆည်းကပ်ပါမည်ဟု သစ္စာပြုပါသည်ဘုရား . . .။

ဤသစ္စာကြောင့် နောက်ချီတစ်ခါ ကြည့်ချီတစ်ချက်ဖြစ်နေသည့် အဝိဇ္ဇာအနှောင့်ရောဂါဆိုးတို့သည် ပေါ်တော်မူဘုရားရှင်၏ သောက်တော်ရေစင်သောက်ရသည့် အကျိုးကျေးဇူးကြောင့် ချက်ချင်းလက်ငင်း ပျောက်ကင်းချမ်းသာရပါစေဘုရား''

သည့်နောက် ပေါ်တော်မူဘုရား၏ သောက်တော်ရေစင်ကိုယူပြီး အားရပါးရ သောက်ချလိုက်တယ်။

သောက်လည်းသောက်ပြီးရော သူ့တစ်ကိုယ်လုံး တုန်ခါလာတာကို အားလုံး မြင်လိုက်ရတယ်။ နတ်ပူးသလို တုန်ခါနေတာ။ သူ့နဖူးကိုသူ လက်ကလေးနဲ့ တဖြောင်းဖြောင်း အားရပါးရ ရိုက်လည်းပြီးရော အရူးထွန်ခြစ် ပုံလျက်လဲကျသွားပါရော။

အဲဒါ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နီးရာလူက ပြေးပွေ့ပြီး ယပ်ခပ်ပေး၊ နှိပ်ပေး၊ လုပ်ပေးကြတယ်။ ဘုန်းတော်ကြီး ဦးရက္ခိတကလည်း သူ့တပည့်လူထူးကြီး ရေစင်သောက်တော်ရေသောက်ပြီး လဲကျသွားလို့ စိုးရိမ်စိတ်နဲ့ ပြေးဝင်လာပြီး လှုပ်နှိုးရတယ်။

အချို့ကလည်း အရှူးက တန်ခိုးကြီးတဲ့ ပေါ်တော်မူဘုရားရုပ်ပွားရဲ့ သောက်တော်ရေကို မလေးမစား မတင့်မတယ်ယူသောက်လို့ ဘုရားအစောင့်တွေက ဆုံးမလိုက်တာတဲ့။

အချို့က သေသွားပြီဟေ့လို့ အော်ကြတယ်။

ဟုတ်သလိုပဲ။ လှုပ်လို့ ခေါ်လို့ မရဘူး။ မသိန်းမြစ်လည်း စိုးရိမ်ကြီးသွားပြီး သက်နီးကိုပိုက်လို့ ပြေးဝင်လာလိုက်တယ်။

"ဒကာ ... ဒကာ ..."

"ဒကာလေး ... ဒကာလေး ထွန်းခြစ်"

ဘုန်းကြီးက စိုးရိမ်ပူပန်မျက်နှာနဲ့ လှုပ်ခေါ်နှိုးတယ်။ အရူးထွန်းခြစ်နဲ့ ရင်းနှီးကျွမ်းဝင်သူများကလည်း လှုပ်ခေါ်ကြတယ်။

"ထွန်းခြစ် ... ထွန်းခြစ် ..."

"ဟေ့ကောင် ... ထွန်းခြစ်"

"သေသင့်တာ ကြာပြီပဲကွာ။ မခန့်လေးစားလုပ်တာကိုး"

ဟိုတုန်းက သောက်ဖော်သူငယ်ချင်းများကလည်း ပွေ့ထူခေါ်လည်း မရဘူး။ လှုပ်ရှားမှုကဲ့မဲ့နေတယ်။ သူ့ကို လုံးဝကြည့်မရတဲ့ ကပ္ပိယဖိုးသန်းခေါင်ကတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။

ဒီမှာပဲ အကြော်သည်အပျိုကြီး မသိန်းမြစ်ဟာ သက်နီးကိုပိုက်ပြီး လူအုပ်ကိုတွန်းဖယ်လို့ ပြေးဝင်လာပြီး သေသလိုဖြစ်နေတဲ့ အရူးထွန်းခြစ်ရဲ့အနီးမှာ ထိုင်လို့ ဟစ်ငိုပါရော ...

"အမလေး ... မောင်ကြီးထွန်းခြစ်ရဲ့၊ ဖြစ်ရလေခြင်းတော်"

"ဒီနေ့ ငါ သက်နီးဝတ်မယ် ... မိသိန်းမြစ်သက်နီးဝယ်လာခဲ့





ဆို ... မောင်ကြီး ... ဟီး ... ရော့ ... တော်ဝတ်ချင်တဲ့သက်နီး ... ထဝတ်ပါဦး ... မောင်ကြီးရဲ့ ... ကျေးဇူးရှင်ကြီးရဲ့ ... ဟီး ... ဟီး"

အကြော်သည် မိသိန်းမြစ်က ပါးစပ်ကလည်းပြောငို၊ လက်ကလည်း သက်နီးဘူးကို ပက်လက်လန်သေသလိုဖြစ်နေတဲ့ အရူးကျေးဇူးရှင်ကိုထွန်းခြစ်ရဲ့ အင်္ကျီမဲ့ရင်ဘတ်ပေါ်ကိုတင်ပြီး မျက်ရည်များစီးကျလို့ ငိုနေရှာတယ်။

"သေနေတဲ့အရူးနဲ့ ဘာတော်လို့တုံး"

"မသိဘူးရှင့်"

"လင်မယားလားမသိဘူး"

"မောင်နှမနဲ့ တူပါရဲ့ဟယ် ... သနားပါတယ်"

"သက်နီးဝတ်မလို့ဆိုပဲတဲ့၊ ကြားကြလား"

"အရူးသက်နီးဝတ်ပေးလို့ ရမလားဗျ။ စဉ်းစားဦးမှပေါ့"

"ဟိုငိုနေတဲ့မိန်းမကလည်း ရုပ်ရည်သန့်သန့်လေးနော်"

"ငယ်ရည်းစားလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဟယ်"

လူစိမ်းသူစိမ်းများကလည်း ကြေကွဲရင်နင့်စရာအဖြစ်ကို ကြည့်ပြီး အမျိုးမျိုးဝေဖန်ကြ၊ စုတ်သတ်ကြ၊ စကားတင်းဆိုကြပေါ့။

ဖြစ်ပုံနှယ် ...

သေသလိုဖြစ်နေတဲ့ ထွန်းခြစ်ရဲ့ရင်ဘတ်ပေါ်ကို အကြော်သည်အပျိုကြီး မိသိန်းမြစ်က သက်နီးစက္ကူဘူးကို တင်လိုက်ပြီး အော်ဟစ်ငိုလို့ အငန့်တစ်ငန့် နှစ်ငန့်ခန့်အကြာမှာ ...

သေသလိုဖြစ်သွားတဲ့ အရူးထွန်းခြစ် ... ပါးစပ်လှုပ်ပြီး ... ရေရေတောင်းပါလေရော။

"ရေ ... ရေ ..."

"အား ... ရေ ... ရေ ... ပေး ... ကြ ... ပါ"

"ဟင် ... ဟ ... သေဘူးဟ ... အရှင်ဘုရား ... ဘုန်းဘုန်းဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်ပြန်သတုံးဟဲ့"

"ထွန် ... ထွန်ခြစ် ... မ ... မသေဘူးဘုရား"

"ဟေ ..."

"မောင်ကြီး ... မောင် ... ကြီး ... ထွန် ... ခြစ် ... ဟီး"

"ရေ ... ရေ ... ပေး ... ပေး ... ပါ"

"ဖယ်စမ်းဟဲ့ ... ဖယ်ကြစမ်း"

ဒီမှာပဲ ဆရာတော်ဘုန်းကြီးဦးရက္ခိတက ဘုရားရုပ်ပွားရှေ့က သောက်တော်ရေကို လှမ်းယူပြီး ...

"ဆေးညွှသအဖြစ် ချီးမြှင့်တော်မူပါဘုရား"

သို့ကလိုပြောပြီး အရှူးထွန်ခြစ်ရဲ့ပါးစပ်ထဲလည်း လောင်းထည့်၊ ဦးခေါင်းကနေ အောက်ကိုလည်း ရေစင်ရေမန်းလို သပ်ချပေးလိုက်ရော ...

"ဟူး ..."

"ထွန်ခြစ် ... ဟဲ့ကောင် ... သတိရပြီလား"

"မှန်ပါ"

"နင် အမှန်သတိရပြီလား"

"မှန်ပါဘုရား"

"နင် လူလား၊ အပလား"

"လူပါဘုရား"

"လူဆို ငါ့သိလား"

ထွန်ခြစ်က ငုတ်တုတ်ကနေ မော့ကြည့်ပြီး ...

"အရှင်ဘုရား ... ပါ ... ဘုရား ..."

"ဟုတ်ပြီ ...။ နောက် ဘယ်သူ့သိသလဲ ပြော"

ဒီမှာ ထွန်ခြစ်က သူ့ကို ပမာမခန့်စိုက်ကြည့်နေတဲ့ ကပ္ပိယကြီးကို စိုက်ကြည့်ပြီး လက်ညှိုးတန်းထိုးလိုက်ရော ဖိုးသန်းခေါင် လန့်သွားပြီး နောက်ကိုဆုတ်လိုက်တယ်။

"သူ့ကိုသိလို့လား"

စိတ်ကူးသစ်စာပေ



"အင်း ..."

"ဒါဆို သူ ဘယ်သူတုံး"

"ကပ္ပိယကြီး ဖိုးသန်းခေါင်ပါ ... ဘုရား"

"ဟုတ်ပြီ ... မှန်တယ်။ နောက် ဘယ်သူ့ကိုသိသေးတုံး။ နင် လူစစ်မှန်ရင် သိတာကိုပြော"

ကိုထွန်ခြစ်က နံဘေးကလူများကို လိုက်မော့လှည့်ကြည့်၊ သူ့ ငယ်သူငယ်ချင်းများကိုမြင်ရော အားရဝမ်းသာ လက်ညှိုးထိုးပြီး နာမည်များကို ရွတ်ပါရောဗျာ။

"ကိုမဲ ... ဘကြီးအုန်း ... ရွှေမောင် ..."

"ဟာ ... တို့ကောင်ကြီး ပြန်အမှတ်ရလာပြီဟေ့"

"ကျုန်တဲ့လူရော သိသေးလားဟ ... သူငယ်ချင်းရဲ့ ကြည့်ပါဦးဟ"

အားလုံး ဝမ်းသာအားရနဲ့ ပြန်သတိရ အမှတ်ရစပြုနေသည့် ထွန်ခြစ်ရဲ့နံဘေးမှာ ဝိုင်းအုံပြီး တစ်ယောက်တစ်ပေါက် မေးကြပါရော။

ဒီလို မေးကြပြောကြလုပ်ရော ထွန်ခြစ်က ရှေ့နောက်ဘေးဘီကို လှည့်ကြည့် မျက်စိကစားလိုက်တယ်။

အဲဒီမှာ သက်နီးဘူးပိုက်ပြီး မျက်ရည်စီးကျရှိုက်နေတဲ့ မသိန်းမြစ်ကိုတွေ့သွားပြီး စူးစူးစိုက်စိုက်ကြည့်နေတယ်။

အားလုံးကလည်း ထွန်ခြစ်ဘာလုပ်မလဲ၊ ဘာမှတ်မိသေးသလဲ ဒါကိုသိချင်လွန်းလို့ သူ့ရဲ့လှုပ်ရှားမှုကို အာရုံစိုက်နေကြတာ။

သည်မှာ ထွန်ခြစ်က နောက်လှည့်ပြီး မသိန်းမြစ်ရဲ့လက်ထဲက သက်နီးဘူးကို လှမ်းကိုင်ရင်း ...

"သိန်း ... မြစ် ..."

"အင့် ..."

"မိ ... သိန်းမြစ် ..."

"ရှင် ... ရှင် ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ...ဒါ ...ငါ့ဖို့ သက်န်းမဟုတ်လားဟင်"

"ဟုတ် ...ဟုတ်ပါတယ် ...မောင်ကြီးရဲ့ ...ဟီး"

"မငိုနဲ့ ...မငိုနဲ့။ နင် ခုချိန်ကစပြီး ငိုစရာမလိုဘူး၊ မျက်ရည်သုတ်လိုက် နှမ"

ထွန်ခြစ်က မှတ်မှတ်မိမိ သက်န်းဘူးကို ကိုင်ရင်းက မျက်ရည်သုတ်လိုက်လို့လည်း ပြောလိုက်ရော မိသိန်းမြစ် အားရဝမ်းသာဖြစ်သွားပြီး မျက်ရည်များကို လက်ခုံနဲ့ သုတ်ပစ်လိုက်လေရဲ့။

"မောင်ထွန်ခြစ် ..."

"ဘုရား ..."

"ငါ့တပည့် အားလုံးကို ပြန်အမှတ်ရပြီ၊ ဟုတ်လား"

"မှန်ပါ ...အမှတ်ရပါပြီဘုရား"

"ငါ့တပည့် အမှတ်ရရင် ဟောဒီဘုရားအကြောင်းရော ပြန်ပြောနိုင်မလား"

ထွန်ခြစ်က ငါးထပ်ရုပ်ပွားတော်ကို လက်အုပ်ချီမိုးပြီးနောက် ..

"ပြောနိုင်ပါတယ်ဘုရား"

"ဒါဆို မှတ်မိသမျှ ပြောစမ်း"

ထွန်ခြစ်က သူ့အိပ်မက်ထဲမှ တဘောင်သီချင်းများ ရခဲ့ပုံမှသည် ဘုန်းတော်ကြီးတို့နှင့် ကျိုက်ဒေးဝတောထဲ ရောက်ခဲ့ပုံများ၊ ဘုရားရုပ်ပွားကို ချုံအောက်မှ ရခဲ့ပုံများ၊ ငန်းမြွေကြီးများ၊ စပါးအုံးမြွေကြီးများနှင့် ရင်ဆိုင်ကြုံရပုံများကို ပြန်လည်ပြောပြတော့ အားလုံး အံ့သြရပြီး ဒါ အမှန်အကန် သူသတိရတာပဲလို့ ကောက်ချက်ချကြတယ်။

"မောင်ထွန်ခြစ် ..."

"ဘုရား ..."

"ဘာကြောင့် မင်းရဲ့စိတ်ရောဂါ ပျောက်သွားရတာလဲ"

"ငါးထပ်ကြီးဘုရား ရုပ်ပွားတော်ရဲ့ သောက်တော်ရေကို သောက်ခွင့်ရလို့ပါဘုရား"





"အိမ်း ...ဟုတ်ပေရဲ့ ...ဟုတ်ပေရဲ့။ ငါတို့ ရုပ်ပွားတော်မြတ်ကြီးက အလွန့်ကို ထူးဆန်းအံ့သြစရာ စိတ်နောက်နေတဲ့ရောဂါ ဘုရားသောက်တော်ရေသောက်ပြီး အလိုလိုပျောက်သွားတာ ...ဒါ ငါ ပထမဦးဆုံး မျက်မြင်ကိုယ်တွေ့ မြင်ဖူးခြင်းပဲကွယ့်။

ကိုင်း ...မောင်ထွန်ခြစ်ရေ ...ငါ့တပည့်ရဲ့ ကျေးဇူးများ၊ လို့လများ၊ နိမိတ်စကားများကလည်း ဒီရွှေဟောင်း မရွှေဂုဏ်ဘုရားမှာ အများကြီးတာသိုလ်ပါဝင်ခဲ့ပါပေ့ကွယ်။ အခု ကျန်းမာရေးကောင်းမွန်သွားပြီဆိုတော့ မင်းကို မေးစရာရှိသကွယ်"

"မှန်ပါ ...မေးပါဘုရား"

"အရက်သေစာများ ပြန်သောက်စားမှာလား"

"မသောက်စားတော့ပါဘူးဘုရား"

"လောင်းကစားအမှုရော ပြုဦးမှာလား"

"မပြုလုပ်ပါဘုရား"

"ဒါဖြင့် ဘာလုပ်မှာတုံးဗျာ"

"အခု သက်န်းဝတ်ချင်ပါတယ်ဘုရား"

"အပြီးဝတ်မှာလား၊ ခဏဝတ်မှာလား"

"ကံကောင်းအောင် ခဏဝတ်ချင်ပါတယ်ဘုရား"

"အိမ်း ...သာဓု ...သာဓု ...သာဓု ...ငါ့တပည့် ...ရဟန်းဘဝ၊ သက်န်းဝတ်ဘဝကို ထာဝရ ခံယူကျင့်သုံးဆောက်တည်သွားမယ်လို့ ဆုံးဖြတ်နိုင်ရင် တစ်သက်လုံး ရဟန်းဝိနည်းသိက္ခာပုဒ်နဲ့ အံကိုက်အောင်နေသွားမှ ကောင်းကျိုးသုခကို ခံစားရမယ်။ ပျံလွန်တော်မူရင် နတ်ပြည်၊ ဗြဟ္မာပြည် စံရမယ်။ သီလ၊ သမထ၊ ဘာဝနာ အားကောင်းရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဝိနည်းသိက္ခာပုဒ်နဲ့ အညီမနေနိုင်ရင် နောက်ဆုံး ငရဲကို လားရမှာပဲ။

ဒါကြောင့် ပညာရှိတဲ့ ရဟန်းသံဃာတော် အရှင်သူမြတ်ကြီးများက ငရဲပြည်မှာ ခေါင်းတုံးတွေများရခြင်းအကြောင်း အကျိုးအကြောင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဟောခဲ့ဖူးသကွယ့်။ ကောင်းတာက တစ်ပတ်တစ်လ၊ တစ်ဝါ ကိုယ်နိုင်သမျှ သက်န်းဝတ်ပြီး အဲဒီအချိန်ကာလတိုလေးမှာ ရဟန်းသိက္ခာပုဒ်နဲ့လျော်ညီစွာ နေထိုင်ပြုမူကျင့်ကြံရင် အချိန်တိုတိုနဲ့ ကိုယ်လည်း ကုသိုလ်ရတယ်။ ကံကောင်းမယ်။ ကိုယ့်ရဟန်းဒကာ၊ မိဘ၊ ဇနီး၊ သားသမီးတို့လည်း ကုသိုလ်ရပြီး ရဟန်းဒကာ၊ ဒကာမဘဝနဲ့ သေရင် ရွှေထီးမိုးပြီး နတ်ပြည်ကို မျက်မှောက်ပြုခွင့်ရသတဲ့ . . . ကြားလား''

''မှန်ပါဘုရား''

''ဒါဖြင့် ဒီနေ့ သက်န်းဝတ်မယ်ပေါ့''

''မှန်ပါဘုရား . . . အဓိဋ္ဌာန်ရှိပြီးသားပါဘုရား''

''သက်န်းဒကာကရော ဘယ်သူတုံး''

''သက်န်းဒကာမ အလှူရှင်က ဟောဒီက အကြော်သည်အမျိုးသမီး မသိန်းမြစ်ပါဘုရား''

''အို . . . ဒီလိုလား . . . မသိန်းမြစ်ကိုး။ (ဒီမှာ ဘုန်းတော်ကြီးက အခြားသူများပြောပြလို့သိရတဲ့ ထွန်းခြစ်ရဲ့ အရှုံးရာဇဝင်ထဲက တကယ့်ဇာတ်ကောင် မသိန်းမြစ်ဆိုသူကို ပြန်သတိရပြီး ဝမ်းသာသလို ဆိုလိုက်တာ) သာဓု . . . သာဓု . . . သာဓု . . . ငါတပည့် (၇) ရက်တိတိ ကြိုးကြိုးစားစား ကျင့်ကြံပွားများအားထုတ်ပေဖရော့ . . . မောင်ထွန်းခြစ်''

တိုတိုပြောရရင် . . .

အဲဒီနေ့မှာပဲ ဘုန်းတော်ကြီး အရှင်ရက္ခိတရဲ့ အားထုတ်မှု၊ မသိန်းမြစ်ရဲ့ ပံ့ပိုးမှုနဲ့ ရဟန်းဘဝကို ကိုထွန်းခြစ်ရောက်သွားခဲ့ရပြီး မသိန်းမြစ်လည်း ရဟန်းဒကာမဘဝကို အလိုလိုရောက်သွားခဲ့ရလေရဲ့။

✿ ✿ ✿

[ ၂၄ ]

## သင်္ကန်းဝတ်ကို ဆိုင်တောင်းမနေတဲ့ ညီဘာစမသုံးယောက်

❑

ထွန်းခြစ်က အပြီး ဘုန်းကြီးဝတ်ချင်တာမဟုတ်ဘူး။ သူ့ဘဝမှာ သူ အကြောင်းအားလျော်စွာ ကံဇာတာနိမ့်ပါးခဲ့ပြီး ကံနိမ့်ခြင်းရဲ့ အကျိုးအပြစ်ကို ခံစားရမှန်း သူသိတယ်။

သူ သက်န်းဝတ်ဘဝကို ရောက်သွားတော့ (၇)ရက်တိတိကို ဆရာသခင်ဘုန်းတော်ကြီး လမ်းညွှန်ပြသမှုအတိုင်း အားထုတ်တယ်။

''ကုသိုလ်ရချင်ရင် ဝိပဿနာကို ပွားများဦးဇင်း''

''မှန်ပါဘုရား''

''အသေမြတ်ချင်ရင် ဝိပဿနာကိုရှု''

''မှန်ပါ''

''ငါစွဲပြုတ်ချင်ရင် အသုဘကမ္မဋ္ဌာန်းရှုရတယ်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါဘုရား"

"သို့သော် ဦးပဥ္စင်းကို အသုဘကမ္မဋ္ဌာန်းရှုပါလို့ ဘုန်းကြီးမတိုက်တွန်းချင်ဘူး။ အသုဘကမ္မဋ္ဌာန်းဆိုတာ သချိုင်းကုန်းမှာ တစ်ညဥ့်လုံးနီးပါး အနိစ္စ၊ ဒုက္ခ၊ အနတ္တရဲ့သဘော နက်နက်ရှုနိုင်မှ၊ အချိန်ပေးနိုင်မှ၊ သတ္တိကလည်းရှိမှ၊ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိမှ၊ ပတ်ဝန်းကျင်လည်း ကောင်းမှ၊ ကျင့်စဉ်ကျင့်သား အလေ့အကျင့်လည်း ကိုယ်ခံအားကောင်းမှ အသုဘကမ္မဋ္ဌာန်းကို ကျင့်သင့်တယ်။

ဝင်လေနဲ့ထွက်လေကို သတိပြုဆင်ခြင်ပြီး ထိသိထိသိမှတ်သွားရင် သမာဓိရလာမှာပဲ။ သမာဓိအားကောင်းလာရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှု၊ ဈာန်အမြင်ရလာရင်တောင် အဲဒီဈာန်အမြင်ကို မမက်မောနဲ့။ အာရုံငါးပါးနဲ့ အာရုံငါးပါးရဲ့ ဆန်းကြယ်လာသမျှကို ဖယ်ရှားပြီး လက္ခဏာရေးသုံးပါး မှန်မှန်ရှုသွားရင် မကြာဘူး နိဗ္ဗာန်ကို မျက်မှောက်ပြုရသည့် အကြည်ဓာတ်ရလာမှာပဲ။

"အေး . . . ဒီလိုမှမဟုတ်ဘူး၊ ကိုယ်နှိုက်လည်း ကံကောင်းချင်တယ်၊ ကုသိုလ်လည်း လိုချင်တယ်ဆို၊ ကျေးဇူးလည်း ဆပ်ချင်တယ်ဆိုရင် မေတ္တာဘာဝနာခေါ် မေတ္တာကမ္မဋ္ဌာန်းကို ပွားပေး။ မေတ္တာကမ္မဋ္ဌာန်းရဲ့အကျိုးက လူလည်းချစ်ခင်မယ်၊ နတ်ဗြဟ္မာများ၊ ရုက္ခစိုးကြီးများ၊ အောက်နတ်အထက်နတ်များ၊ မြင်ရမမြင်ရ ပုဂ္ဂိုလ်များ၊ ပရသားများ ကိုယ့်ကို ချစ်ခင်နှစ်သက်ခွင့်လွှတ်ပြီး စောင့်ရှောက်လေ့ရှိတယ်၊ အဲဒီ မေတ္တာဘာဝနာကုသိုလ်ကို သေသည့်တိုင် ကျင့်ကြံသွားရင် နဘယံ ဘေးမရှိဘူး။ နားလည်လား"

"မှန်ပါဘုရား"

"ငါ့တပည့် ဘယ်ကမ္မဋ္ဌာန်းကို ယူမလဲ"

"မေတ္တာဘာဝနာပါဘုရား"

"ဟုတ်ပြီ။ မေတ္တာဘာဝနာကို ကျင့်ပြီဆိုရင် (၃၁)ဘုံသားများကိုလည်း မေတ္တာပို့ပါ၊ ချစ်ခင်ပါ၊ သနားပါ၊ ကရုဏာထားပါ။ ခွင့်လွှတ်ခြင်းဖြင့် အေးမြမှုကို ရယူပါ။ ကိုင်း . . . ကျင့်တော့"

---

စိတ်ကူးသစ်စာပေ



ဆရာဘုန်းကြီးက မေတ္တာကမ္မဋ္ဌာန်းရဲ့ နည်းနာနိဿျကို အနီးကပ်နှစ်ရက်လောက်ပြပေးတော့ ထွန်းခြိမ် ကမ္မဋ္ဌာန်းရဲ့သဘောကို နားလည်စပြုလာတယ်။

ဦးစွာ ရုပ်နာမ်နှစ်ပါး ခန္ဓာကိုယ်ကို ဘုရားရှင်ထံမှာ အပ်နှံလှူဒါန်းပြီး ဝိဇ္ဇာဉာဏ်လင်း ဖွင့်ပေးတော်မူပါဘုရားလို့ အဓိဋ္ဌာန်ဆုများတောင်းတယ်။ သည့်နောက် ခန္ဓာကိုယ်ကို ဆရာဘုန်းကြီးပြောသည့်အတိုင်း ပြုပြုပြင်ပြင် နေထိုင်လိုက်ပြီး . . .

နှာသီးဖျားက ဝင်လေနဲ့ထွက်လေကို အာရုံစိုက်လိုက်တယ်။

ဝင်ရေလထွက်လေပေါ် အမှတ်ရှိပြီး စိတ်ရောကိုယ်ပါ မပျံ့မလွင့်ငြိမ်စပြုလာတော့မှ မေတ္တာကမ္မဋ္ဌာန်းတရားကို ပွားများပို့သလိုက်တယ်။

သူ့ စိတ်အစဉ် ငြိမ်းအေးနေတယ်။ သန့်ရှင်းနေတယ်။ ရင်ထဲမှာ ဘာသောကမှမရှိဘူး။ ဘာလောဘမှမရှိဘူး။

အယုတ်အလတ်အမြတ်မရွေး အားလုံးပေါ် သန့်စင်သည့်စိတ်ထားပြီး . . .

ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ အန္တရာယ်ကင်းဝေးကြပါစေ
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ . . . မေတ္တာပို့တယ်။

သုံးရက်မြောက်သည့်နေ့မှာ သူ ကျိုက်ဒေးဝဘုရားကုန်းတော်ပေါ်ကို တစ်ပါးတည်း တက်ခဲ့လိုက်တယ်။

အဲဒီအချိန်ကာလတုန်းက ဒီကုန်းတော်ပေါ်ကို တစ်ယောက်တည်းတစ်ပါးတည်း မည်သူမျှ မလာရဲကြဘူး။

ဘာလို့လဲဆိုတော့ . . .

လူပြတ်လို့၊ လူမရှိလို့။ ကြောက်စရာ ချောက်ချားစရာကောင်းလို့။

ကြည့်လေ . . .။ ဘုရားကုန်းကိုရောက်ဖို့ တောင်နှစ်လုံးကြားခေါ် မြေသားကမ်းပါးယံနှစ်ခုကြားကနေ ဟိုးကုန်းပေါ်သွားရတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြားမှာ လူမရှိလမ်းမြောင်များကို ဖြတ်ရဦးမယ်။

အဲဒီအချိန်တုန်းက ဒီဝန်းကျင်မှာ ကျွဲခိုးပေါ်၊ နွားခိုးပေါ်ကြတာ[ကြောင့်] တော်ရုံလူ မလာရဲဘူး။ လူသတ်ပြီးစွန့်ပစ်လည်း ဒီနေရာ တောင်နှစ်လုံး ကြားဝန်းကျင်ပဲ။

လမ်းကနေ လုလည်း ဒီဝန်းကျင်ပဲ။ ရိုက်လုလည်း ဒီဝန်းကျင်ပဲ။

ဒါကြောင့် ဒီဝန်းကျင်ဘုရားကုန်းအနီးတစ်ဝိုက်ကို တော်ရုံလူ မလာ ရဲဘူး။ လာရင်လည်း အဖော်ကောင်းမှ လာရဲတယ်။ လာပြန်ရင်လည်း တုတ်၊ ဓား လက်နက်ကိုင်ပြီးမှ လာရဲကြတယ်။

ကျိုက်ဒေးဝဘုရားကုန်းကြီးပေါ်ကတော့ လူအမျိုးမျိုးရဲ့ ပြောချင် ရာ ပြောလေ့ရှိရာ စကားများနဲ့ ကားလည်းကားနေတာပေါ့။

ဘုရားကုန်းမှာ သိုက်စောင့်တွေရှိသတဲ့။

ဥစ္စာစောင့်တွေ လူယောင်ဖန်ဆင်းပြီး ဘုရားပန်းကပ်သတဲ့။

စုန်းမီးလုံးတွေ ဝန်းကျင်မှာ တောက်စားသတဲ့။

ပညာသည်ကဝေတွေ ပညာတောက်စားပြီးရင် ဘုရားကို မီးဝန်း စကြာများနဲ့ ဦးတိုက်သတဲ့။

ဝိဇ္ဇာဇော်ဂျီများ ဘုရားလာဖူးသတဲ့။

ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ အဓိဋ္ဌာန်ဝင်သတဲ့။

ရေနဂါး၊ ကုန်းနဂါးများတောင် ဘုရားဖူးလာကြဆိုသကိုး။ ဟုတ် တာလည်းရှိရဲ့၊ မဟုတ်တာလည်းရှိရဲ့။ လွတ်လပ်ရေးခေတ်ဦး၊ လမ်းစဉ် ခေတ်ဦး ဒီဘုရားကုန်းပေါ်မှာ ရဲရဲဝံ့ဝံ့တရားကျင့်သူ တစ်ဦးစနှစ်ဦးကလွဲ ရင် ဘယ်သူမှမလာကြတာ အသေအချာပဲ။

အဲ ... တစ်ခုတော့ရှိတယ်။

ညဘက်ကျရင် လာကြတာရှိသတဲ့။

ဘယ်အရပ်ကလူတွေလည်းတော့ မသိဘူး။

ဦးဖင်းထွန်ခြစ်တစ်ပါးတည်း ကျိုက်ဒေးဝတောင်ဘုရားပေါ်ကို တက်လာခဲ့လိုက်တယ်။ ဂဝံအုတ်လမ်းပျက်ကနေ ဘုရားကုန်းပေါ်ရောက်





တော့ ဘယ်သူမှမရှိဘူး။ မတွေ့ရဘူး။ မျောက်တွေလည်း ဘယ်ရောက်ကုန် လည်းမသိဘူး။ တိတ်နေတာပဲ။

လူဝတ်ကြောင်နဲ့ဆို သူလည်း လာရဲမှာမဟုတ်ဘူး။

သင်္ကန်းဝတ်နဲ့ဆိုတော့ သူ မကြောက်တော့ဘူး။ အခု သူက ဘုရား ရဲ့သားတော် ဖြစ်နေပြီလေ။

ဟိုရှေ့မှာ ပါတော်မူပြီးနောက်ပိုင်း ကုသိုလ်ရှင်များ လှူဒါန်းခဲ့တဲ့ တစ်ပါးအုတ်ကျောင်းတွေရှိတယ်။

အခု တစ်ပါးစံအုတ်ကျောင်းတွေလည်း ရေညှိတက် နွယ်ချုံတက် ပြီး ကျောက်ဆင်းတုရုပ်ပွားတော်သေးသေးနဲ့ ပန်းမဲ့ညောင်ရေအိုးဟောင်း ပဲ ကျန်ရစ်တော့တယ်။

ဦးဖင်းထွန်ခြစ်က ဘုရားရုပ်တုကို ရေသပ္ပာယ်တယ်။ ညောင်ရေ အိုးရေလဲပြီး တောပန်းအချို့ကို ထိုးလိုက်တယ်။ သည့်နောက် ပါလာသည့် ယွန်းနှီးခွက်လေးနဲ့ ဘုရားကို သောက်တော်ရေကပ်ပြီး ဘုရားရှိခိုးတယ်။

သည့်နောက် မေတ္တာကမ္မဋ္ဌာန်းဘာဝနာပွားများဖို့အတွက် ပြနေ ကျ 'ပရိတ်' တို့ကိုပြုပြီး ဘုရားကုန်းတော်ပေါ်မှာရှိကြမည့် အပိုင်အဆိုင်၊ အစောင့်အရှောက်များ၊ သိုက်နန်းရှင်များ၊ ရုက္ခစိုးကြီးများ၊ တောင်ပိုင်ဘိုး ဘိုးကြီးများကို မေတ္တာဦးစွာပို့ ပြောဆိုခွင့်တောင်းလိုက်တယ်။

ပထမတော့ (၂၄) ပစ္စည်းနဲ့ စည်းချမလို့ ရည်ရွယ်ထားတယ်။

သို့သော် ငါကိုယ့်အပိုင်နယ်မြေမဟုတ်ဘူး။

ဘုရားကုန်း ဘုရားပိုင်နယ်မြေ ...

တစ်နည်း ... တောပိုင်တောင်ပိုင်များပိုင်သည့် နယ်မြေ၊

ကိုယ်က ကျူးကျော်ဝင်ရောက်လာပြီး (၂၄) ပဋ္ဌာန်းနဲ့ စည်းချ လို့ အကာအကွယ်ပြုလိုက်ရင် ဒီဘုန်းကြီးက လူပါးဝ သံဃာပါးဝလှချည် လားလို့ထင်မှတ်ပြီး မေတ္တာမဲ့သွားမှာစိုးရတယ်။

ဒါကြောင့် စည်းမဝိုင်းတော့ဘဲ တင်ပျဉ်ခွေထိုင်ပြီး ဝင်သက်ထွက် သက်ကိုမှတ်ပြီးနောက် မေတ္တာကမ္မဋ္ဌာန်းမှတ်ရှုလို့ ကောင်းမှုကို ပြုလိုက် တယ်။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်မှ သည်ကျေးဇူးရှိခဲ့ဖူးသူများအားလုံးကို မေတ္တာပို့သဖြင့် ပက်လိုက်တယ်။

သည့်နောက် ရပ်သူရွာသား၊ မြို့သူမြို့သား၊ တိုင်းသူပြည်သားနဲ့ ကမ္ဘာသူကမ္ဘာသားများထံကို မေတ္တာပို့လွှတ်လိုက်တယ်။

လယ်တီဆရာတော်ဘုရားကြီးတို့လို ဆရာတော်ဘုရားကြီးအချို့ကဆို စစ်ဖြစ်နေသည့် ကမ္ဘာအရပ်မြေပုံကို စူးစိုက်လက်ထောက်ပြီး သီးသီးသန့်သန့် မေတ္တာပို့တယ်လို့ ကျေးဇူးရှင် ဆရာဘုန်းကြီးကပြောတယ်။

စစ်တွေ ငြိမ်းအေးပါစေ။

ရောဂါဘယ ကင်းစင်ပါစေ။

အန္တရာယ်ဘေးဥပါဒ်များ ကင်းစင်ပါစေ။

အစာရေစာပေါများပါစေ။

နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။ အဲဒီလို ဒီနိုင်ငံ ဒီအရပ်ကနေပြီး မေတ္တာပို့ပေးသတဲ့။ မေတ္တာအပို့ခံရသည်လည်း ရနိုင်တယ်။ မေတ္တာပို့သူကတော့ ရင်တွင်းနှလုံးအေးချမ်းသန့်စင်ပြီး ကြည်နူးချမ်းသာ ဝမ်းမြောက်ဖြစ်ရတာ။ ကျေနပ်အားရစရာကောင်းလှတဲ့ ပီတိသုခအကြည်ဓာတ်ပဲတဲ့။

ဒီမေတ္တာဓာတ်ရဲ့ ပျံ့နှံ့ပြေးသွားမှုအရှိန်ဟာ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာ့ပြည် (၂၀)အထိ ရောက်သတဲ့။ ဦးဖင်းထွန်ခြစ် (၃၁) ဘုံသားအားလုံးကို ရည်စူးပြီး မေတ္တာများပို့ပြီးရော ဝင်သက်ထွက်သက်ကမ္မဋ္ဌာန်းကို နှာသီးဖျားမှာ အာရုံပြုပြီး ရှုမှတ်နေတုန်းမှာပဲ ...

သူ့ အာရုံထဲကို သဏ္ဌာန်အမျိုးမျိုးတွေ ဝင်ရောက်လို့လာတယ်။

သူယောင်မယ်တွေကို ရယ်မောကခုန်ဟန်နဲ့ မြင်ရတယ်။

သူ အာရုံထဲကနေ သူတို့ကို ဖယ်ရှားနှင်ပစ်လိုက်တယ်။

ဟော ... မီးလုံးကြီးတွေကိုစီးပြီး ကောင်းကင်မှာ ပျံသန်းနေတဲ့ ဆံပင်ဖားလျားမိန်းမသားအချို့ကို အာရုံထဲမှာ မြင်လာရတယ်။

အချို့က မီးလုံးမီးရဲရဲကြီးများကို သူရှိရာသို့ အားနဲ့လွှင့်ပစ်နေတာ။ ဦးဖင်းက အာရုံကိုမဖျက်ဘူး။ မေတ္တာပို့ရင်း အသိနဲ့သတိကို မှတ်နေလိုက်တယ်။





အာရုံထဲ ပြေးဆောင်ဝင်လာတဲ့ မီးလုံးကြီးများ အဝေးကို ပြန်လွှင့်စဉ်သွားတာလည်း မြင်သိနေရတယ်။

ဝင်သက်၊ ထွက်သက် ... ဝင်သက်၊ ထွက်သက်။

မှတ် ... မှတ် ... အသိကိုမှတ်။

ဟော ... ဝင်လာကြပြန်ပြီ။

အလို ... ထဘီရင်လျားနဲ့ သားပိုက်ထားတဲ့ ဘီလူးမကြီးဗီလား။ ဘီလူးကလေးက မိခင်ဘီလူးမကြီးရဲ့ သားမြွတ်နို့ကိုစို့ပြီး ရင်ခွင်ထဲမှာ လူးလွန့်နေတယ်။ သူ ဒီဘီလူးမကြီးကို သိတယ်။ မြင်ဖူးတယ်။

ဒါ ... ကျိုက်ဒေးဝတောနက်ထဲက ဂဝံဘီလူးမ သားအမိ။

မိခင်ဘီလူးမကြီး။

သင်နှင့်ကျွန်ုပ်သည် ဟိုးဘဝတုန်းက သားအမိလည်း တော်စပ်ဖူးလိမ့်မည်။ မောင်နှမလည်း တော်စပ်ဖူးလိမ့်မည်။ ဇနီးမောင်နှံလည်း တော်စပ်ဖူးလိမ့်မည်။ ဆရာတပည့်လည်း တော်စပ်ဖူးပေလိမ့်မည်။

မိခင် ဘီလူးမကြီး ...

နှမ ဘီလူးမကြီး ...

ဆရာ ဘီလူးမကြီး ...

အိမ်သူ ဘီလူးမကြီး ...

သင်နှင့်ကျွန်ုပ် ... အခု ဘဝခြားခဲ့ပါပြီ။ သင့်အား ကျွန်ုပ် မေတ္တာပို့လွှတ်ပါ၏။

သင် စိတ်ရောကိုယ်ပါ ချမ်းသာပါစေ။

နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

အစားဆင်းရဲခြင်း၊ အနေဆင်းရဲခြင်းဒုက္ခမှ ကင်းဝေးပါစေ။ ကျွန်ုပ်နှင့်တကွ ရဟန်းရှင်လူတို့ ပို့သသောမေတ္တာနှင့် အမျှအဖို့ဘာဂကိုရရှိ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

ဦးဖင်းထွန်းခြစ်က သို့ကလို မေတ္တာပို့လွှတ်လိုက်သောအခါ သားငယ်ကိုနို့တိုက်ရင်း ထဘီရင်လျားနှင့်ရပ်နေသည့် ဘီလူးမကြီးသည် ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကို တညိတ်ညိတ်ပြုရင်း သားငယ်ကိုကျောပိုး၍ လက်အုပ်ချီရင်း တရွေ့ရွေ့ ထွက်သွားနေတာ မြင်သိရတယ်။

သို့သော် သားသည်ဘီလူးမကာ သံယောဇဉ်မကုန်ချင်ဘူး။

နောက်ပြန်လှည့်ရင်းက ရပ်ကြည့်နေသေးတယ်။

အဲဒီအချိန်မှာ အလွန်ကြီးမားတဲ့ တင်းဘုတ်ထမ်းဘီလူးကြီးက သူတို့အနီးကိုရောက်လာပြီး ရင်လျားဘီလူးမလက်ထဲက သားကို လှမ်းယူလို့ ပခုံးပေါ်မှာထိုင်စေတယ်။

သည့်နောက် ဘီလူးကြီးမိသားစုသုံးဦးဟာ သူ့ကိုဦးညွှတ်ပြီး ဟိုးတောနက်ထဲကို တရွေ့ရွေ့ လှမ်းဝင်သွားကြတယ်။

ဦးဇင်းထွန်းခြစ် ကမ္မဋ္ဌာန်းကဖြုတ်တော့ ဘဝဟောင်းက အဆွေအမျိုး အသိများနဲ့ အပိုင်အဆိုင်များကို အမျှပေးဝေလိုက်တယ်။

အမျှပေးဝေပြီး မျက်လုံးအစုံကို ဖွင့်လိုက်ရော ...

အလို ... အံ့ဖွယ်ပါကလား။ ဟုတ်မှဟုတ်ရဲ့လား။

ကြည့်စမ်း ...။ မျောက်တွေမှ အများကြီးပဲ။ သူ တစ်ပါးကျောင်းထဲကနေ အပြင်ကိုထွက်ရော ... မျောက်အုပ်နယ် ... အကောင်တစ်ရာလောက်များ ရှိမလားမသိဘူး။ တစ်ပါးကျောင်းရှေ့မှာ အားလုံးရပ်ပြီး သူ့ကို စိုက်ကြည့်နေကြတယ်။

မျောက်ကလည်း အကောင်ကြီးမျိုးတွေ။ အချို့သောမျောက်မများက သားငယ်တွေကို နို့တိုက်လို့ ပွေ့ပိုက်လို့၊ ကျောပိုးလို့ သူ့ကို ကြည့်နေကြတယ်။

သို့သော် သူတို့မျက်နှာပေါ်မှာ ရန်လိုသည့် အပြုအမူမျိုး မတွေ့ရဘူး။ ဒါနဲ့ ဦးဇင်းထွန်းခြစ် အလာတုန်းက တစ်ကောင်တစ်မြီးမျှမတွေ့ရဘဲ ခုမှ မျောက်ကြီးတွေ အုပ်လိုက်တွေ့ရလို့ အံ့ဩဝမ်းသာဖြစ်ပြီး သူတို့ကို အမျှပေးဝေလိုက်တယ်။

“မင်တို့လည်း ဟိုးဟိုဘဝတုန်းက လူတွေပါပဲကွာ။ ဘဝကံအကြောင်း အမျိုးမျိုးကြောင့် ဒီဘဝသံသရာမှာ မျောက်တိရစ္ဆာန်ဖြစ်ရပေ





မင့် မင်းတို့ကို ဘဝဟောင်းက အဆွေအမျိုးလို သဘောထားပါတယ်။ ငါ ပြုသမျှ ကုသိုလ်အဖို့ဘာဂကိုလည်း မင်းတို့ အမျှပေးဝေပါတယ်။ အမျှ အမျှ ... အမျှ ...”

“ကျွီ ...”

“ကျွီ ... ကျွီ ...”

“ကျွီ ... ကျွီ ... ကျွီ ...”

အံ့ဩစရာကောင်းလိုက်တာ။ သူက ပါးစပ်ကနေ အမျှပေးဝေလိုက်ရော အဟိတ်တိရစ္ဆာန်မျောက်အုပ်ကြီးက လူ့စကား လူ့အပြုအမူကို နားလည်သည့်အလား အားလုံးတို့ရဲ့ ပါးစပ်ကနေ (သာဓု) ပြိုင်တူခေါ်သကဲ့သို့ ‘ကျွီ ... ကျွီ ...’ ဆိုတဲ့အသံကို ပြုလိုက်တာ ငြိမ်သက်နေသည့် ဘုရားကုန်းတစ်ခုလုံးကို ညံသွားတာပဲ။

သည့်နောက် ဦးဇင်းထွန်းခြစ်က လက်အုပ်ချီပြီး ထုံးရောင်မရှိတဲ့ ရှေးဘုရင်သန်လျှင်မင်းတရားကြီး ကောင်းမှုတော်ကျိုက်ဒေးဝဘုရားကို လက်ယာရစ်ပတ်လို့ ရှိခိုးရင်း (၃၁)ဘုံသားများကို အမျှပေးဝေနေချိန် ...

မျောက်အုပ်ကြီးကလည်း သူ့နောက်ကနေ တန်းစီပြီး ငြိမ်သက်စွာ လိုက်ပါလာပါရော။

ဘုရားရေ ... သင်္ကန်းဝတ်ဘုန်းကြီးနောက်ကနေ မျောက်အုပ်ကြီးတန်းစီလိုက်လာတာကို ဦးဇင်းထွန်းခြစ် ဒီတစ်ခါပဲ မြင်ဖူးတယ်ကိုး။

အံ့လည်းအံ့ဩ၊ ဝမ်းလည်းဝမ်းသာ ဖြစ်ရတာပေါ့။

ဇုဒ္ဒဟူးထောင့်ရောက်ရော ဦးဇင်းထွန်းခြစ်က ကြေးခေါင်းလောင်းအဟောင်းကြီးကို သစ်သားတုတ်နဲ့ ထိုးလိုက်တယ်။

“နောင် ... နောင် ... နောင် ...”

“နောင် ... နောင် ... နောင် ...”

“ဒေါင် ... ဒေါင် ... နောင် ...”

ပြီးတော့ သစ်သားတုတ်ကို မြေပြင်မှာ ပြန်ချထားလိုက်တယ်။ ပြီး ရှေ့ဆက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောင် . . . ဒေါင် . . . နောင် . . ."

"ဒွမ် . . . နောင် . . . ဒေါင် . . ."

ဘုရားရေ . . . ဘယ်သူတွေများ ခေါင်းလောင်းထိုးပါလိမ့်။ ဘုရားပေါ် လူရောက်နေပြီနဲ့ တူပါရဲ့။ ရဟန်းပဲလား၊ လူပဲလား သိချင်လို့ လှည့်ကြည့်လိုက်ကရော . . .

"ဟိုက် . . ."

လူလည်းမဟုတ်ဘူး။ ရဟန်းသံဃာ၊ ကိုရင်လည်း မဟုတ်ဘူး။ ခေါင်းလောင်းကြီးကို သစ်သားတုတ်နဲ့ထိုးနေတာ မျောက်ကြီးတွေများ။

ဩော် . . . အတုမြင် အတတ်သင်တယ်လို့ ပြောရမှာလား။

ဒါမှမဟုတ် . . .

မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါ၊ ဘုရားနားနီးဘုရား၊ အတုယူ၍ သူတော်ကောင်းတိရစ္ဆာန်တို့ အပြုအမူကို ပြလေရော့သလား။

ထူးဆန်းလွန်း၍ ဦးဖင်းထွန်းခြစ်ဉာဏ်မီသမျှ စဉ်းစားတယ်။

ဒီဘုရားကုန်းက အထိကရဘုရားကုန်း . . .

ဟိုးရှေးရှေးတုန်းက ဒေဝသိဒ္ဓိကုန်းလို့လည်း ခေါ်ကြသေးတယ်။ နတ်ဒေဝတာတွေ အောင်မြင်ရာ ပြီးမြောက်ရာကုန်းလို့ ခေါ်ကြတယ်။ လူမသမာ နေလို့မရဘူး။ သီလကြောင် အချောင်သမားများ ဒီကုန်းပေါ်နေလို့မရဘူး။ ရှေးဆရာ့ဆရာများနဲ့ လူကြီးသူမ ရှေးလူကြီးများက . . .

ဒီကုန်းတော်ကြီးကို နတ်မင်းကြီးများ စောင့်ရှောက်တော်မူသတဲ့။

နောက်မှ ကျိုက်ဒေးဝရယ်လို့ ဖြစ်လာတယ်လို့လည်း ဆိုကြတယ်။

ဝိဇ္ဇာဖော်ကြီများ ဆေးပင်လည်း လာရှာကြတယ်။ ဆေးပင် ဆေးဥ ဆေးမြစ်များကိုလည်း ဒီကျိုက်ဒေးဝဘုရားကုန်းခေါ် ဒေဝသိဒ္ဓိကုန်းတော်ပေါ်မှာ သိဒ္ဓိလာတင်လေ့ရှိတယ်တဲ့။

နာမည်ကြီး ကဝေပညာသည်များလည်း လပြည့်လကွယ်ညများ ရောက်ရင် သူတို့ပညာများအတွက် ကျူးလွန်မိအမှားများကို ဒီဘုရားတောင်





ပြာ မီးစုန်းမီးလုံးများနဲ့ ဦးခိုက်ကန်တော့ ဝန်ချရတယ်လို့ ပညာသည်မိန်းမကြီးအချို့က ပြောသတဲ့။

သူတော်ကောင်းတို့ မွေ့လျော်ရာကုန်းတော် . . .

သိဒ္ဓိပြီးမြောက်အောင် ကြံဆောင်ရာ အောင်မြေသိဒ္ဓိကုန်းတော်လို့ လူသိလူပြောများခဲ့တယ်။ တော်ရုံလူမလာရဲဘူး။ စာရိတ္တမသန့်သူ ဒီကုန်းမြေကို နင်းလို့မရဘူးလို့ ကျော်စောခဲ့ဖူးတယ်။

ခုလည်း ခေါင်းလောင်းထိုးနေသည့် မျောက်အုပ်ကြီးကိုကြည့်ပြီး ဒါ မျောက်အစစ်တွေမှ ဟုတ်ရဲ့လား။

နာနာဘာဝတွေ မျောက်ယောင် ဖန်ဆင်းနေတာလား။

ဒါမှမဟုတ် အောက်နတ်စိမ်းများ မျောက်ယောင်ဖန်ဆင်းပြီး ကုသိုလ်ကောင်းမှုလာပြုကြရောသလား။

အို . . . ဘာပဲဖြစ်ဖြစ်၊

သူတို့ကုသိုလ်ကောင်းမှု လုပ်နေကြတာ အချင်းချင်း ကိုက်သတ်နေကြတာမဟုတ်။ ဆူညံအော်ဟစ်ပြေးလွှား ဘုရားပေါ် ဆော့ကစားနေတာမဟုတ်။ ဒါ သူတော်ကောင်းတိရစ္ဆာန်တွေ။

သူတို့သေရင် အပါယ်မလားတော့ဘူး။

နတ်ဝိဇ္ဇာကြီးများ စောင့်ရှောက်တဲ့ ဘုရားကုန်းပေါ်က ရှေးဟောင်းခေါင်းလောင်းကို ထိုးပြီး အသံကုသိုလ်ပြုရသည့်အကျိုးကြောင့် နောင်ဘဝမှာ သူတို့အားလုံး လူသော်လည်းကောင်း၊ နတ်သော်လည်းကောင်း ဖြစ်မှာကောနလို့ ဦးဖင်းထွန်းခြစ် နှလုံးပိုက်ပြီး ကြည်နူးဝမ်းသာ မုဒိတာပွားလိုက်တယ်။

ဒီလိုနဲ့ ဘုရားကို လက်ယာရစ်ပူဇော်တာ တစ်ပတ်ပြည့်သွားတယ်။

မျောက်အုပ်ကြီးကလည်း သူ့နောက်ကနေ တန်းစီလိုက်နေဆဲပဲ။

ဦးဖင်းထွန်းခြစ် ဘုရားကို လှည့်ပတ်ကြည့်ညိုရတာ တစ်ပတ်ပြည့်သွားပြီမို့ ရင်ထဲမှာ ကြည်နူးနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်တစ်ခါတုန်းက အရက်သမားဘဝနဲ့ ဒီကုန်းပေါ်ကို ရောက်ဖူးခဲ့သည့် ဖြစ်ရပ်ဆန်းများကို ပြန်စဉ်းစားရင်း သူ့ဦးနှောက် ထိခိုက်ခံရသည့်အချိန်များကို နှာမြောမိနေတယ်။

ဒီလိုနဲ့ ပြန်မယ်ဆိုပြီးလှည့်လိုက်ရော သူ့ရှေ့မှာ လွန်စွာချောမောလှသည့် မိန်းမသုံးယောက်။ မသိလျှင် အမြွှာညီအစ်များလား၊ ဒါမှမဟုတ် ရုပ်ရည်ဆင်တူ သုံးကိုယ်ခွဲလားလို့ ထင်ရတယ်။

သို့သော် ဂရုတစိုက်ကြည့်ရင် မျက်နှာချင်းတူနေပေမင့် ခွဲလို့ရတယ်။ လက်ယာဘက်ထိပ်ဆုံးက မိန်းမပျိုရဲ့ ဘယ်ဘက်ပါးပေါ်မှာ မှဲ့နက်တစ်လုံးပါတယ်။

ဒုတိယမြောက်မိန်းမပျိုရဲ့ ညာဘက်ပါးပေါ်မှာ မှဲ့နက်တစ်လုံးပါတယ်။ မတူကြဘူး။

တတိယမြောက် မိန်းမပျိုရဲ့ မေးဖျားမှာ မှဲ့သီးလေးတစ်လုံးပါနေတယ်။ ဒီမှဲ့သုံးလုံးကို သတိမပြုမိရင် သူတို့သုံးယောက်ကို တစ်ယောက်တည်းပါလို့ ကျိန်ပြောရမလိုပဲ။

သူတို့က ဦးဇင်းထွန်းခြိစ်ပြန်ဆင်းမည့် ဂဝံအုတ်ကြမ်းလမ်းရဲ့ ထိပ်အဆင်းနားကနေ မြေပြင်တလင်းပေါ် ဒူးတုတ်လက်အုပ်ချီနေကြတယ်။

ဦးဇင်းထွန်းခြိစ် ဆင်းလို့မရဘူး။

လမ်းပိတ်သလိုရှိနေတယ်လေ။

"ဒကာမတို့ ... ဘာကိစ္စရှိလို့ပါလဲ"

"အရှင်ဘုရားကို ဦးတိုက်လျှောက်ထားချင်လို့ပါဘုရား"

"အလို ... ဦးဇင်းကို ဒကာမလေးတို့က လျှောက်ထားမလို့။ နေပါဦး ... ဦးဇင်းလည်း ဒကာမလေးတို့သုံးဦးကို အရင်က လုံးဝမမြင်ဖူးဘူး။ ခုမှ မြင်ဖူးတာပါ။ ပြောကြပါဦး။ ဦးဇင်းကို ဒကာမတို့သုံးဦးက ဘာအကြောင်းကိစ္စများ လျှောက်တင်စရာရှိလို့တုံး"

ဒီမှာ အလွန်ချောမောတဲ့ ညီအစ်မသုံးယောက်က သူတို့အမည်နာမများကို ဦးစွာ လက်အုပ်ချီပြီး လျှောက်တင်ကြတယ်။

စိတ်ကူးသစ်စာပေ



"တပည့်တော်မအမည်က မကံကြီးပါဘုရား"

"တပည့်တော်မအမည်က မကံလယ်ပါဘုရား"

"တပည့်တော်မရဲ့အမည်က မကံငယ်လို့ခေါ်ပါတယ်ဘုရား"

"ကိုင်း ... မကြီး ... မလတ် ... မငယ် ... ဒကာမတို့ ညီအစ်မက ဦးဇင်းကို ဘာပြောချင်သလဲ။ မြန်မြန်လျှောက်ကြ"

"ဖြစ်ခဲ့သည့်ကိစ္စများကိုတော့ နောက်ကြောင်းပြန်ရရင်တော့ ... အရှင်ဘုရား လူဝတ်ကြောင်ဘဝတုန်းက ဟောဒီဘုရားကုန်းတော်ပေါ်မှာ ညဘက် အရက်ဖသေစာများမူးယစ်ပြီး ရောက်လာတော့ တပည့်တော်မတို့ ညီအစ်မသုံးဦး ဘုရားဖူးလာရင်းက ကိုယ့်ကိုစော်ကားမလို့လာတယ်လို့ အထင်လွဲပြီး အရှင့်ကို ရိုင်းပျဆဲရေး၊ သဲခဲများနဲ့ပစ်ပေါက်၊ ခွေးများနဲ့ရှူးတိုက်ပြီး နာနာဘာဝများကဲ့သို့ ပြုမူခြောက်လှန့်သည့်သဏ္ဌာန်များ ပြုလုပ်ခြောက်လှန့်လို့ အရှင့်လူ့ဘဝဖြစ်စဉ်မှာ ချောက်ချားစိတ်ထိခိုက်အောင် ပြုမူမိခဲ့ပါတယ်ဘုရား။ ဘုရားတပည့်တော်မတို့ တစ်ချိန်တစ်ခါ လူဝတ်ကြောင်ဘဝတုန်းက အရှင့် ကို မရိုမသေပြုခဲ့မိကြောင်းပါဘုရား။

အခု အရှင်က ဘဝဟောင်းကိုစွန့်ပြီး ဘဝသစ်နဲ့ ရသမျှအချိန်ကာလတိုမှာ ကောင်းမှုကုသိုလ်ဘာဝနာများ ပွားများနေသည့်အတွက် အရှင့်ကို လူဝတ်ကြောင်ဘဝတုန်းက မရိုမသေပြုမူစော်ကားမိသည့် ဘုရားကျွန်မတို့ နေရထိုင်ရခက်နေပါဘုရား။ ဒါကြောင့် အရှင်ဘုရားရဲ့နှုတ်တော်ကနေ ခွင့်လွှတ်ပါတယ်လို့ မိန့်သံကြား ရမှသာလျှင် ဘုရားကျွန်မတို့ လောကီအပြစ်ကရော၊ သံသရာအပြစ်က ရော လွတ်ရပါမည်ဘုရား။

ဒါကြောင့် အခု ဘုရားတပည့်တော်မတို့ ညီအစ်မသုံးဦး အရှင့်ရဲ့ခြေအစုံကို ဦးတိုက်၍ ဝန်ချကန်တော့ တောင်းပန်ပါသည်ဘုရား ...။ အပြစ်များကို ကျေအေးတော်မူပါဘုရား"

"ဒကာမကြီးတို့က ဘယ်အရပ်မှာ နေကြသတုံး"

"ဟောဒီအရပ်မှာပါပဲဘုရား"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီး မမှတ်မိတော့ဘူး"

"မှန်ပါ ...။ သနားသဖြင့် ခွင့်လွှတ်ပေးတော်မူပါဘုရား"

အမှန်တကယ်လည်း သူမသိ။ သင်းတို့ကိုလည်း မမြင်ဖူး။ ဒီလောက် ချောမောလှပ ကျက်သရေရှိသည့် အမျိုးကောင်းသမီးများကို တစ်ခါမှ မမြင်ဖူး။ သူတို့ကလည်း သူ့အပေါ် အပြစ်ပြုလုပ်ဖူးပါတယ်၊ သံသရာမှာ ဒီအပြစ်ပါမှာကြောက်လို့ပါဘုရားတဲ့။ သက်နီးဝတ်ဘဝမှာမို့ တောင်းပန်ရပါသည်တဲ့။

"အေး ... အေး ... ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ ... ဒကာမကြီးတို့ရယ်။ ဒကာမကြီးတို့ လူဝတ်ကြောင်ဘဝတုန်းကပဲဖြစ်စေဖြစ်စေ၊ သက်နီးဝတ်ဘဝရောက်တုန်းမှာပဲဖြစ်စေ ဦးဇင်းအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့အနက် တစ်ပါးပါးနှင့် ကျူးလွန်မိခဲ့သည့် အပြစ်များရှိခဲ့ပါက ဦးဇင်းက သင်တို့အပေါ် အပြစ်မယူပါ။ အပြစ်မမြင်ပါ။ တစ်ကျိပ်နှစ်ပါးသော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကလည်း ဤမျက်ကြီး၊ မကလယ်၊ မကင်ယ် ညီအစ်မသုံးဦးအား ဦးဇင်းနှင့်အတူ ခွင့်လွှတ်ကြပါကုန်တော့ ... ခွင့်လွှတ်ပါတယ် ဒကာမတို့"

"သာဓု ... သာဓု ... သာဓုပါဘုရား"

သူတို့ညီအစ်မသုံးဦး ပါးစပ်ကနေ သာဓုသုံးကြိမ်ခေါ်ပြီး သူ့ကို ရိုသေစွာ ဦးခိုက်ကန်တော့ကြတယ်။

"ဒကာမတို့လည်း စိတ်ရော ကိုယ်ပါ ကျန်းမာချမ်းသာကြပါစေ၊ ရတနာမြတ်သုံးပါး ဆည်းကပ်ယုံကြည်သူများ ဖြစ်ကြပါစေ။ သင်တို့အပေါ်မှာသော်လည်းကောင်း၊ သင်တို့ နေထိုင်ရာဝန်းကျင် အရပ်မှာသော်လည်းကောင်း ဦးဇင်း (လူ့ဘဝ ယခုဘဝ) အနေအထိုင် အပြုအမူ အပြောအဆို အမှားအယွင်း အတိမ်းအစောင်းရှိခဲ့ပါကလည်း ဦးဇင်းကို ခွင့်လွှတ်ကြပါ ဒကာမတို့"

"ခွင့်လွှတ်ပြီးဖြစ်ကြောင်းပါဘုရား"

"သာဓု ... သာဓု ... သာဓု ... ဦးဇင်း ပြန်ကြွမယ်"

စိတ်ကူးသစ်စာပေ



သူတို့လမ်းဖယ်ပေးကြတယ်။ ဦးဇင်းထွန်ခြစ်က ရှေ့ကနေ ဣန္ဒြေစောင့်ကြတယ်။ ကျိုးပဲ့ဂဝံအုတ်လှေကားအတိုင်း တစ်ထစ်ချင်း ဆင်းလိုက်တယ်။ သူတို့ညီအစ်မကလည်း လက်အုပ်ချီပြီး နောက်ကနေလိုက်လာတယ်။

လှည့်မကြည့်ပေမင့် ဖွဖွနင်းသည့် ခြေသံနှင့် လှုပ်ရှားသံကို ကြားနေရတယ်။ ကျောနောက်က ထိုးနေသည့်နေရောင်ကြောင့် ရှေ့ရှုသွားနေသည့် ဦးဇင်းရဲ့အရိပ်ကို ဦးဇင်း ပြန်မြင်နေရတယ်။

သို့သော် ...

နောက်ကလိုက်လာတဲ့ သူမတို့ ညီအစ်မသုံးဦးရဲ့အရိပ်ကို မမြင်ရဘူး။ ဒါပေမင့် သင်းပျံ့တဲ့ရနံ့ကို ရှူရှိုက်ရတယ်။ ဦးဇင်းက သင်းပျံ့မွှေးကြိုင်သည့် ကိုယ်သင်းသနပ်ခါးရနံ့ကို ရှူရှိုက်မိရင် တပ်မက်မှုတဏှာဖြစ်မှာမို့ အာရုံတနေ ဖယ်ရှားပစ်လိုက်တယ်။

ဒီလိုနဲ့ တောင်နှစ်လုံးကြားကိုဝင်ရမည့် အုတ်လှေကား နောက်ဆုံးအထစ်ကိုရောက်လို့ နှုတ်ဆက်စကားဆိုမည်ဆိုပြီး လှည့်ကြည့်လိုက်ရော–

ချောမောလှပတဲ့ ညီအစ်မသုံးဖော် မရှိတော့ဘူး။

မွှေးကြိုင်တဲ့ ရနံ့များပဲ အနီးဝန်းကျင်မှာ စွဲထင်လွင့်ပျံ့ကျန်ရစ်နေတာကို ခံစားလိုက်ရတယ်။

အေးပေါ့လေ ... သူတို့လည်း သူတို့အလုပ်ရှိရာနေရာဌာနကို စိတ်သန့်ကိုယ်သန့်နဲ့ သူတို့သွားကြမှာပေါ့လို့ ယုံကြည်စိတ်မွေးလိုက်လေရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၂၅ ]

## ဘုန်းကြီးလူထွက် ဒါးမီးချက် ... ဖက်ကောင်းမှ ချည်ပြီ

❑

အလှူငွေလည်း တော်တော်များများကို ရနေပြီ။ ဒါကြောင့် ဆရာ
တော်က အနည်းဆုံး ကိုးတောင်ပြည့်ဘုရားစေတီဖြစ်ဖြစ်တည်မယ်၊ နောက်
ထပ် အလှူငွေများများရခဲ့ရင် (၁၈) တောင်ပြည့်ဘုရားတည်မယ်လို့ အစည်း
အဝေးမှာ ဆွေးနွေးတယ်။

"ဘုရားစေတီကို ဘယ်နေရာမှာတည်မလဲဘုရား"

"အဲဒါ စဉ်းစားနေတာ"

"မူလရရှိခဲ့တဲ့ ကျိုက်ဒေးဝတောထဲကနေရာမှာ တည်ရင်ရော"

"ဘယ်ဖြစ်မှာလဲဗျာ ... ဟိုတောကြီးထဲမှာ ဘုရားတည်ရင် ဘယ်
သူက လာဖူးမှာလဲဗျ။ လာဖူးရင်လည်း တကူးတကန့်ကြီး၊ ဝေးကလည်း
ဝေးဥစ္စာ။ ဒီအနီးဝန်းကျင်မှာ တည်လို့ရရင် ဘုရားစေတီရဲ့ ဝေယျာဝစ္စ
အားလုံး ပိုင်းလုပ်လို့ရတာပေါ့ဗျာ"





"ဒါဆို ဘယ်နားစဉ်းစားတုံး"

"ကျိုက်ခေါက်ဘုရားမြောက်ဘက်က ဝန်ကြီးပဒေသရာအုတ်ဂူနေ
ရာဆိုရင်ကောဗျ"

"မဆိုးဘူး ... ထင်သာမြင်သာရှိတယ်"

"အုတ်ဂူကြီးနဲ့ဗျာ ... လူအုတ်ဂူကြီးဗျ။ ရဟန္တာအုတ်ဂူဆို ကိစ္စ
မရှိဘူး။ စဉ်းစားပါဦး"

"ကျွဲခိုးကုန်းပေါ်ရော ..."

"အဲဒီကုန်းကို အကုသိုလ်ကုန်းလို့ ခေါ်တယ်လေဗျာ"

"ဘယ်လိုဗျာ ... ဦးမောင်ဝင်းရေ ရှင်းပါဦး"

"ကျုပ်တို့အရပ်ကလည်း အစွဲနဲ့ နာမည်ပေးကြတာဗျ။ ဦးရွှေပိုး
ဆိုတဲ့လူ အရက်မူးပြီးအိပ်တော့ ဦးရွှေပိုးဘုရားတဲ့။ ကျွဲခိုးသတ်တဲ့နေရာ
ကုန်းအနီးနားမှာ စေတီရှိတော့ ကျွဲခိုးဘုရားတဲ့။ မူလနာမည်ပျောက်နေ
တယ်။

ကျွဲခိုးကုန်းတို့ တောင်နှစ်လုံးကြားတို့က လူသတ်၊ အနုကြမ်းစီး၊
ကျွဲ နွား ခိုးသတ်တဲ့နေရာဗျ။ ဒီလို မြေမသန့်တဲ့နေရာမှာ ဘုရားစေတီ
တည်ရင် အမှောင့်ပယောဂရှိနေမယ်။ မြေသန့်သန့်၊ နေရာသန့်သန့်နဲ့ သွား
ရလာရလွယ်လုံခြုံတဲ့နေရာကို စဉ်းစားကြပါဗျာ"

ဒါနဲ့ ဘုန်းကြီးနဲ့ ဂေါပကလူကြီးများ စေတီတည်ရန် မြေသန့်
သန့်နေရာ လိုက်ရှာကြတယ်။

ကျိုက်အင်းကျေးရွာ၊ ဘုရားကုန်းကျေးရွာ၊ ပျဉ်ထောင်ကျောင်း
ကျေးရွာ၊ လက်ယက်ခမ်းကျေးရွာ၊ စစ်စီးတောကျေးရွာ၊ ဘုရားငါးဆူ၊ မြ
သာရိုး၊ ထမလုံ စသည်စုံရော။

သည်မှာပဲ ထမလုံဘုရားကုန်းမှာ ရှေးဟောင်းဘုရားစေတီပျက်
ကုန်းတစ်ခု ကားလမ်းနဲ့ မလှမ်းမဝေးမှာရှိတယ်လို့ ဆိုကြတာနဲ့ သွားကြည့်
ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကျေးရွာများအားလုံးမှာ ရှေးဟောင်းဘုရားပျက်ကုန်း၊ ဘုရားပြို ကုန်းတွေ ယနေ့အထိရှိတုန်းပဲ။ ကျိုက်အင်းကျေးရွာမှာဆို ရှေးဟောင်း ဂဝံ၊ ရဟန္တာသိမ်ကြီးနဲ့ ဂဝံရုပ်ပွားတော်ကြီးများ၊ ဂဝံဘီလူး၊ ဂဝံဟင်္သာ၊ ဂဝံကျောက်တိုင် စသည့် ရှေးဂဝံယဉ်ကျေးမှုခေတ် လက်ရာတွေကို တော ရှင်းရင်း၊ ချုံရှင်းရင်း၊ တောင်ဖြိုရင်း တွေ့ရတယ်လေ။

နောက်ဆုံး သူတို့စိတ်ကြိုက်တစ်နေရာကို ရွေးချယ်နိုင်ခဲ့တယ်။ အဲဒါက ကားလမ်းနဲ့လည်း မဝေးဘူး။ ရေရောမီးရော ရတဲ့နေရာ၊ မခေါင် မဝေးတဲ့နေရာ၊ သူခိုးသူဝှက်မရှိတဲ့နေရာ၊ ဘုန်းကြီးကျောင်းနဲ့ ရပ်ရွာနဲ့ ပနံ သင့်နေရာပဲ။

ရွာလယ်ခေါင် ခေါပြင်ကွင်း . . . သိမ်အဆင်းမှာ . . . ငွေကိုးတင်း လို့ တဘောင်စာရှိခဲ့တယ်။ ရှေးဟောင်းရဟန္တာ သိမ်ဝန်းကျင်မှာပဲ အား လုံး သဘောတူသလို ကြိုက်နှစ်သက်ခဲ့ကြလေရဲ့။

ဒီအချိန်မှာပဲ ဦးဖင်းထွန်းခြစ် ဒီနေ့ ရဟန်းဘဝကနေ လူ့ဘဝ ပြောင်းမှာမို့ ဘုန်းကြီးက မေးရမြန်းရတယ်။

"ဦးဖင်း . . ."

"ဘုရား . . ."

"(၇)ရက်ပဲ ဝတ်မှာလား"

"မှန်ပါ . . . (၇)ရက်က အရှင်ဘုရားမိန့်သလို ငရဲနဲ့ဝေးပါတယ် ဘုရား"

"ဒီနေ့ထွက်မှာပေါ့"

"မှန်ပါဘုရား"

"အိမ်သားထဲက ဘယ်သူရှိတုံး"

ဒီအချိန်မှာပဲ အကြော်သည်မသိန်းမြစ်က ထွန်းခြစ်အတွက် အကျီ ပုဆိုးအသစ်နဲ့ ရောက်လာတယ်။

"ဒကာမကြီးက ဦးဖင်းလူထွက်ကိစ္စ လာတာလား"

"မှန်ပါဘုရား"

စိတ်ကူးသစ်စာပေ



"ဘာတော်စပ်သတုံး"

"အစ်ကိုလို ခင်မင်နေရလို့ပါဘုရား"

"ဪ . . . အေး . . . ဖအေး . . . ဒါဆိုလည်း တို့ အလုပ်စလုပ် ကြစို့ရဲ့"

သည့်နောက် ဘုန်းကြီးဦးရက္ခိတက ဦးဖင်းထွန်းခြစ်ကို ထုံးတမ်း စဉ်လာအရ ရဟန်းဘဝကနေ ကိုရင်၊ ကိုရင်ဘဝကနေ လူဘဝကို ဗုဒ္ဓ ထုံးစံအညီ ပြောင်းလဲခဝါချပေးလိုက်တယ်။

အခု ဦးဖင်းထွန်းခြစ် မဟုတ်တော့ဘူး။

အရပ်သား ကိုထွန်းခြစ်ဖြစ်သွားပြီ။ ထွန်းခြစ်က မသိန်းမြစ်ဝယ် လာတဲ့ ရုပ်အဖြူလက်တိုနဲ့ ပလေကပ်အနက်ကွက်ကို ဝတ်လိုက်တော့ လူ ရည်သန့်သန့်ပုံစံဖြစ်လို့၊ ဝ,စိုတင့်တယ်လို့။

"ခန့်ညားသားဟ"

ဒီလိုပြောလိုက်တာက ကပ္ပိယကြီး ဖိုးသန်းခေါင်ပဲ။

"လူနဲ့တူသဟ"

"အရင်က ဘာနဲ့တူလို့တုံးဗျ . . . ကပ္ပိယကြီးရ"

"အရင်ကလည်း . . . အဲ . . . လူနဲ့တူပါကွာ။ ဟား . . . ဟား ဟား . . ."

တစ်ချိန်တုန်းက ထွန်းခြစ်အရွှေဘဝနဲ့ ကြီးကြီးကျယ်ကျယ် သူ့ကို ပြောဖူးလို့ လုံးဝကြည့်မရခဲ့ပေမင့် သင်္ကန်းဝတ်ဘဝနဲ့ စိတ်မှန်လူမှန် နေရာ မှန်ဘဝ ရောက်ခဲ့လို့ သူ့အပေါ် ပြန်အမြင်ကြည်လင်လာခဲ့ရတယ်။

"ပြဇာတ်မင်းသားကျနေတာပဲ . . . အဘရ"

ချစ်မိုးကြီးတို့၊ ရွှေဘတို့၊ တင်ညွှန့်တို့ကလည်း ဝင်ပြောတယ်။ ထွန်းခြစ်မျက်နှာ ဘယ်လိုပြရမှန်းမသိဘူး။

"ထွန်းခြစ်ရ . . ."

"ဘာတုံး . . . ကပ္ပိယကြီးရ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သက်န်းဝတ်နဲ့တုန်းကတော့ မင်းက ငါတို့ကျောင်းမှာနေလို့ ဟန်ကျသကိုးကွ။ အခု လူဝတ်နဲ့ မင်းဘယ်မှာနေမှာတုံးဟ"

"အဲ ... အဲ ..."

"ပြောလေ ..."

"ဟို ... ဟို ... ဒီဘုန်းကြီးကျောင်းမှာပဲ ပြန်နေ ... မ ... လား ... လို့"

"ဟေ ... ဘုန်းကြီးကျောင်းသားလား၊ ကပ္ပိယလားဟ ဟင်"

"ကပ္ပိမယ လုပ်မလားလို့ဗျာ"

"ဟုတ်တာပေါ့ကွာ။ မင်းတို့ငါတို့လို အိမ်မရှိယာမရှိတွေ ဘုန်းကြီးကျောင်းမှာ ကပ္ပိယလုပ်ချင်လုပ်၊ မလုပ်ချင်ရင် ကပ္ပိမယလုပ်ပြီး ကပ်တီးမှုးလဲလုပ်ရမှာပေါ့ကွာ ... ဟား ... ဟား ... ဟား ... ဟား ..."

"ထမင်းဟင်းက နေ့တိုင်းပို့နေဦးစွာ ... အဘရ"

"အေးလေ ... ကျောင်းခွေးတွေတောင် ကုန်အောင်မစားနိုင်ဘူး။ ထွန်ခြစ်လိုကောင်မျိုးတော့ နှစ်ကောင်သုံးကောင်ကျွေး ... ဘာအရေးလဲဟ"

ချစ်မိုးကြီးတို့၊ ဖိုးသန်းခေါင်တို့က ဒီလိုပြောရော ထွန်ခြစ် ဘာပြန်ပြောရမှန်းမသိဘူး။ အမှန်တကယ် သူ့မှာ နေစရာအိမ်ဝိုင်းအပိုင်မရှိဘူး။

နှမဝမ်းကွဲများရဲခြံထဲမှာ တဲလေးထိုးနေခဲ့ရတာ။ သူစိတ်နောက်ပြီး အရှုးဘဝနဲ့ ဥဒဟိုလျှောက်သွားနေသည့် ကာလများမှာတော့ တစ်ချိန်က သူနေခဲ့တဲ့ တစ်ဖက်ရပ်တဲလေးကို ဖျက်ပစ်လိုက်ကြပြီလို့ သိရတယ်။

သူ ဘာလို့ လူထွက်လိုက်ရတာလဲ။

သူ ဘုရားတည်သည့်နေရာမှာ ဝင်ပါချင်တယ်။ အရက်သမားဘိန်းစားထွန်ခြစ်ဘဝကနေ ဘုရားလူ၊ တရားလူ၊ သံဃာလူ ထွန်ခြစ်ဘဝ ဖြစ်ချင်တယ်။

---

စိတ်ကူးသစ်စာပေ



ဒီတော့ ဘုန်းကြီးကျောင်းမှာ လောလောဆယ် ကပ်နေရဦးမှာပဲလို့ တွေးနေတုန်းမှာပဲ ...

"ကပ္ပိယကြီး ..."

"ဟဲ့ ... ဘာတုံး ... မိသိန်းမြစ်"

"အစ်ကိုထွန်ခြစ်က ဘုန်းကြီးကျောင်းမှာ နေမှာမဟုတ်ဘူးတော့"

"ဟေ ... ဒါဆို ဒီအိမ်မရှိ ယာမရှိကောင် ဘယ်မှာနေမတုံး"

"အဘကပ္ပိယကြီးတို့သာ အိမ်မရှိယာမရှိဘဲ ဒီဘုန်းကြီးကျောင်းမှာ တစ်သက်လုံးနေ"

"ဟေ ... ဘယ်လို ..."

"အစ်ကိုထွန်ခြစ်မှာ နေစရာအိမ်ရှိတယ်တော့"

"ဟ ... ဟ ... ဘယ်အိမ်ကများ သင်းကို လက်ခံမှာတုံး မိသိန်းမြစ်ရ"

"ကျွန်မအိမ်ပဲ"

"ဟေ ..."

"ကိုင်း ... အစ်ကိုထွန်ခြစ် သွားစို့"

"မြတ်စွာဘုရား ... ငါ့လူထွန်ခြစ်"

"ဘာတုံးဗျ ... ကပ္ပိယကြီးရ"

"ငါ့လူကောင်းစားပုံကလည်း ဘုရားမ,သလိုပဲ။ မြန်လှချည်လား ငါ့လူရာ ဟင်။ ဆေးကောင်းဝါးကောင်းလေးများရှိရင် ငါတို့ အိမ်ခြေမဲ့ယာခြေမဲ့များအတွက် နည်းနည်းမျှပါဦး ... ငါ့လူရ"

"လိုချင်လို့လား"

"ဘယ့်နှယ်ပြောပါလိမ့် ငါ့လူရာ။ ဒီလိုကံကောင်းပုံမျိုးကို (၁၆) နှစ်သားကတည်းက တောင့်တနေတာကွ ... ပေးပါဟ"

"ဆေးနည်းက ဒီလိုဗျ"

"အေး ... ပြော ... ဟိုကောင်ချစ်မိုးကြီး"

"ဘာတုံး ... အဘရ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လိုချင်ရင် ထွန်းခြစ်တို့ ... လင် ... မ ... အဲ ... အဲ ... မြေနိုခင် ကိုယ့်ဝေစုကိုတောင်း။ မတောင်းဘဲနဲ့ ငါရမှ ကျွန်တော့်နည်း နည်းပေးပါအဘရဲ့ ... လာမလုပ်နဲ့ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့။ အစ်ကိုကြီးထွန်းခြစ် ..."

"ဘာတုံး"

"အစ်ကိုကြီးလို ကံကောင်းတဲ့ အစီအရင်လေး ဆေးလေးဝါးလေး ကျွန်တော်တို့ ရွှေဘတို့ တင်ညွန့်တို့လည်း ချီးမြှင့်ခဲ့ပါ အစ်ကိုကြီးရာ ... နော် ... နော် ..."

"အရမ်းလိုချင်နေမှတော့ ပေးရမှာပေါ့ကွာ။ လိုက်မှတ်ထား"

"ဟုတ်ကဲ့ ... ပြော ... အစ်ကိုကြီး"

"ဆေးနည်းကတော့ ခွေးချီးနဲ့သပေါ့ဖျာကို မီးကျွမ်းအောင်ပြာချ ပြီး ပျားရည်ရယ်၊ အနှမသွားချီးရယ် ရောသမနယ်၊ စေးပိုင်သွားရင် လက် သီးဆုပ်လောက်လုံးပြီး နေရိပ်မှာ သုံးရက်လှမ်း။ သွေ့သွားရင် မနက်နေ့ ည တစ်လုံးသုံးကြိမ် ဝက္ကာလအနှစ်ဖတ်ရည်နဲ့ တို့ပြီး အာမထိလျှာမထိ မျို ချရမယ်။ ကိုင်း ... သွားပတော့"

"အေ့ ... အေ့ ... ဝေ့ါ ..."

"ဝေ့ါ ... ဝေ့ါ ... ဗွီ ... အေ့ ..."

"ဗွီ ... အေ့ ... ဝေ့ ... အတော့်ကို ရွံ့စရာကောင်းတဲ့ဆေး ကွာ ... အေ့ ... အေ့ ... မသောက်ခင်ကတည်းက ကံကောင်းပုံများ မျက်လုံးထဲ ဘုန်းကြီးငါးပါးနဲ့ ခေါင်းတစ်လုံးပါ မြင်နေရသကွာ။ အေ့ ... ဝေ့ါ ... ဝေ့ါ ..."

သူတို့ တအေ့အေ့ ... တဝေ့ါဝေ့ါဖြစ်ပြီး မြည်တွန်တောက်တီး နေချိန်မှာပဲ မိသိန်းမြစ်က ထွန်းခြစ်ရဲ့လက်ကို ရဲရဲတင်းတင်းဆုပ်ကိုင်ပြီး ဘုန်းကြီးကျောင်းထဲကနေ ထွက်ခဲ့လိုက်လေရဲ့။

✿ ✿ ✿

[ ၂၆ ]

## ကြောက်ရှုများရဲ့ သန်းခေါင်ယံရက်စက်မှု

❑

ည ...

မဟူရာဝတ်ရုံကို ခပ်ထူထူခြုံထားတဲ့ည။

နွေလက လက္ခယ်ကာလမို့ ကိုယ်ရောင်ကိုယ်ဝါ မလင်းထိန်ရှာ

တိမ်ညိုတစ်အုပ်ရဲ့ ခြေဖဝါးအောက်မှာ လက ခေါင်းငုံ့မျက်စိမှတ်လို့။

လူသုံးယောက် ...

မျက်နှာပေါ် ခေါင်းပေါ်ကို ခေါင်းစွပ်အနက်စွပ်ထားတယ်။ မျက်လုံး

ပေါက်နဲ့ ပါးစပ်နေရာကတော့ ဖွင့်လို့။

သုံးယောက်စလုံး ဘောင်ဘီရှည် အနက်၊ အပြာများနဲ့။

သူတို့လက်ထဲမှာ လူကိုသေစေနိုင်သည့် လက်နက်များက ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဘုန်းကြီးကျောင်းပေါ်ရောက်အောင် တက်ခဲ့ကြတယ် ထူးခြားတာက သူတို့လျှို့ဝှက်ဝင်လာခဲ့တာကို ကျောင်းခွေးဆယ်ကောင် လုံး မသိလိုက်တာပဲ။

မျက်နှာခေါင်းစွပ် လူဆိုးသုံးယောက်ဟာ ဘုန်းတော်ကြီး ဦးရက္ခိ ကျိန်းစက်ရာ အခန်းရှေ့လိုက်ကာကို ဖယ်ပြီး ဘုန်းကြီးကျိန်းနေသည့် ခုတင် ရှိရာကို ချဉ်းကပ်လို့ ဘုန်းကြီးကို နှိုးလိုက်ကြတယ်။

ဘုန်းကြီးဦးရက္ခိတ ဖျတ်ဆို နိုးလို့ ငုတ်တုတ်ထထိုင်ရော။ ပျပျ အာလာဒင်မီးရောင်ရှေ့မှာမြင်ရတာ ဓားရှည်၊ ဓားမြှောင်နဲ့ ပြော တိုခြောက်လုံးပြူးသေနတ်ကိုင် ခေါင်းစွပ်မျက်နှာဖုံးနှင့် လူဆိုးသုံးဦး။

သုံးယောက်စလုံး ဗလကောင်းကောင်း၊ အရပ်မြင့်မြင့်၊ လူသ သန်ကြီးတွေ။

''ဘုန်းကြီး ...''

''ဘာတုံး ... ဒကာတို့ ... ဘာကိစ္စ''

''ရှူး ... ကျုပ်တို့ ငါးထပ်ကြီးဘုရားရုပ်ပွားတော်ကို အခုချက် ချင်း လိုချင်တယ်''

''ဘုရားရေ ... မင်းတို့ ... ဘာ ... ဘာ ... လုပ်ဖို့တုံး''

''ဘာလုပ်လုပ် ဘုန်းကြီးမေးစရာမလိုဘူး။ ဘုရားခန်းတံခါးသော့ ခုချက်ချင်း ဖွင့်ပေး။ အော်ရင်၊ အသံပြုရင်တော့ ဒီနေရာမှာပဲ အသက် ပျောက်သွားမှာပဲ''

သူတို့သုံးဦးအနက် နှစ်ဦးက အခန်းဝမှာရပ်နေပြီး သေနတ် လူဆိုးက ဘုန်းကြီးဦးရက္ခိတရဲ့ဝမ်းဗိုက်ကို သေနတ်နဲ့တေ့ပြီး ပြောနေတာ

''ဒကာတို့ရယ် ... ဘုန်းကြီး မေတ္တာရပ်ခံပါရစေကွယ်။ ဒီရုပ် ပွားတော်ကို အများသူငါ ကြည်ညိုဖူးမြော်ဖို့ စေတီနဲ့ကျောင်းလည်း ခန့်ခန့် ထည်ထည်ဖြစ်အောင် စီစဉ်နေကြပါပြီ။ ဒကာတို့ ဒါကို မယူကြပါနဲ့။ ယူ သွားရင်လည်း ဒကာတို့ အပြစ်ကြီး ဖြစ် ... ဖြစ် ...''

''ဟေ့ ... ကြာတယ်၊ ဟေ့ကောင် ... လုပ်ချလိုက်''

စိတ်ကူးသစ်စာပေ



ဒီမှာပဲ လူဆိုးတစ်ယောက်က ဓားမြှောင်ဓားဦးညွှန့်နဲ့ ငရဲမကြောက် ကြီးရဲ့လည်မျိုကို တေ့စိုက်ပြီး သော့တောင်းတယ်။

''အား ... အ ... အ ...''

''ဘုန်းကြီး ... အသက်မသေချင်ရင် ... သော့ပေး ... ပေး ''

''အား ... အ ... အ ... မ ... မ ... လုပ် ... ပါနဲ့''

''သော့ပေး''

နောက်ဆုံး မတတ်သာလို့ ခေါင်းအုံးအောက်က သော့ကိုယူပြီး လက်ထဲကို အပ်လိုက်ရတယ်။ သူတို့ပုံစံက သတ်ရဲဖြတ်ရဲ ငရဲအဝီစိ ကြောက်တဲ့လူစားမျိုးတွေ။

ဘုန်းကြီး တရားနဲ့ဖြေရတယ်။

အင်း ... ပစ္စည်းသခါရ၊ လူသခါရ။ အေးလေ ... တစ်နေ့ ဥစ္စာ ရှိနှင့်ရင် ပြန်ရမှာပေါ့။ သာသနာပြုထိုက်ရင် ပြန်ဆုံရမှာပေါ့လို့ဖြေရင်း ငရဲသွားရမည့်လမ်းအတွက် ဝမ်းနည်းနေမိတယ်။

လူဆိုးသုံးဦးဟာ သော့ရသည်နှင့် ဘုန်းတော်ကြီးကိုခေါ်ပြီး ရှေး ဟောင်းဗုဒ္ဓရုပ်ပွားတော်လေးရှိရာ ဘုရားခန်းတံခါးကို သော့နဲ့ဖွင့်လိုက်တယ်။

တစ်ယောက်က ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်တယ်။

ဘုရားကျောင်းဆောင်ထဲက ရှေးဘုရားရုပ်ပွားတော်မြတ်ဟာ ဖယောင်းတိုင်မီးအလင်းရောင်နဲ့ဟပ်ပြီး ရွှေရောင်၊ မြရောင်၊ စိန်ရောင် လက်ထနေတယ်။

လောဘသားလူဆိုးသုံးဦးဟာ ငုံးမြင်ကွင်းကိုကြည့်ပြီး ဝမ်းသာ ဖြစ်နေကြလေရဲ့။ သည်မှာ လူဆိုးတစ်ယောက်က ဘုရားရုပ်ပွားတော် ထားသည့် မှန်လုံခန်းသော့ကို တောင်းပြန်တယ်။

''မ ... မ ... လုပ်ပါနဲ့ ... ဒကာတို့ရယ်။ ဘုန်းကြီး တောင်း ...''

''ကလစ် ...''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်လူဆိုးလုပ်သူက ခြောက်လုံးပြူးမောင်းကို တင်ပြီး ဘုန်းကြီးရဲ့နားထင်ကို တေ့လိုက်ချိန်မှာ ကျန်လူဆိုးက ဘုန်းကြီးရဲ့ခန္ဓာကိုယ် ပေါ်က သက်နန်းကို ချွတ်လှန်ရှာလိုက်တော့ အတွင်းသက်နန်းအင်္ကျီအိတ်ထဲ ကသော့ကို ရသွားတယ်။

သည့်နောက် ဘုရားမှန်ခန်းတံခါးသော့ကို ဖွင့်လိုက်ပြီး ဘုရား ရုပ်ပွားတော်ရှိရာကို လက်လှမ်းလိုက်စဉ်မှာပဲ ...

"မ ... မ ... ယူ ... နဲ့ ... မ ... ကိုင် ... နဲ့ ..."

"စွပ် ..."

"အား ... အ ... အား ..."

ဘုန်းတော်ကြီးက မသမာလူဆိုးများရဲ့ လက်ထဲကို မြင့်မြတ်အဖိုး တန်သည့် ဗုဒ္ဓရုပ်ပွားတော် ပါသွားမှာစိုးလို့ အတင်းဝင်တားချိန်မှာပဲ ဓား မြှောင်ရဲ့ဓားဦးညွှန့်က ဘုန်းကြီးရဲ့ဝမ်းဗိုက်ထဲကို စူးနစ်ဝင်သွားပြီး ဘုန်း ကြီးလည်း အားခနဲအော်လို့ လဲကျသွားခဲ့တယ်။

လူဆိုးသုံးဦးကလည်း လျင်မြန်လှချည်ရဲ့။

သူတို့က ဓားဒဏ်ရာနဲ့လဲကျနေတဲ့ ဘုန်းကြီးကို ဦးချတယ်။ ပြီး ဗုဒ္ဓရုပ်ပွားရှိရာကို လက်အုပ်ချီကန်တော့ပြီးနောက် အသင့်ပါလာတဲ့ ကတ္တီပါ အိတ်ထဲကို ရှေးဟောင်းရွှေဘုရားရုပ်ပွားတော် ထည့်ယူပြီး လှေကားအတိုင်း ဆင်းလို့ ပြန်ထွက်သွားကြတယ်။

ခွေးတစ်ကောင် မနိုးဘူး။ မဟောင်ကြဘူး။ အံ့စရာပဲ။

လူဆိုးများမရှိရော ဘုန်းတော်ကြီးက တအားအားညည်းညူပြီး ကုန်းထဖို့ကြိုးစားတယ်။ ထလို့မရဘူး။ ဝမ်းဗိုက်ဒဏ်ရာက သွေးတွေအများ ကြီးထွက်နေတယ်။

ဒါနဲ့ ဘုန်းကြီးက ဘယ်လက်နဲ့ ကြမ်းပြင်ကို ထုရိုက်လိုက်ရော ဦးဖင်းနဲ့ ဘုန်းကြီးကျောင်းသားများ ကျောင်းပေါ်ကို ပြေးတက်လာကြတယ်။ ဒီမှာ သွေးသံရဲရဲနဲ့ သူတို့ဆရာတော်ကိုမြင်ရပြီး စိုးရိမ်ကြီးစွာ ထိုးပွေ့မေး ကြတယ်။

---

စိတ်ကူးသစ်စာပေ



"ဘုန်းဘုရား ... ဘုန်းဘုရား ..."

"ဘုန်းဘုန်း ... ဘဘုန်း ..."

"အင် ... အင် ... အား ... အး ..."

"ဘုန်းဘုရား ဘယ်လိုဖြစ်ရတာတုံး ဘုရား။ သွေးတွေလည်း ရဲရဲ လို့"

"ငါ့ ... ငါ့ကို ... ဓားနဲ့ထိုး ... ဟို ... ဟို ... ဘုရား ... ဘုရား ... ရုပ်တု ... သူတို့ ... ယူ ... ယူသွား ... အား ..."

"အရှင်ဘုရား ..."

"ဘဘုန်း"

"ဘုန်းဘုန်းကြီးဘုရား ... ဟီး ... ဟီး ..."

"ကပ္ပိယကြီး ... ကပ္ပိယကြီး ... ခေါ်လို့မရတော့ဘူး"

"ကိုယ်တော် ... ကိုယ်တော် ... ကျောင်းသားတွေ ထွန်းခြစ်ကို အမြန်သွားပြေးခေါ်။ မြင်းလှည်းရရ၊ ကားရရ မြန်မြန်ခေါ်ခဲ့၊ ဆေးရုံပို့ရ မယ်။ သွား ... သွား ..."

ဘုန်းကြီးဦးရက္ခိတ ဝမ်းဗိုက်သွေးချင်းရဲရဲနဲ့ မေ့မျောသွားသလား။ ပျံလွန်တော်မူသလား မသိရဘူး။ သတိလစ်နေပြီ။

ဘုန်းကြီးကျောင်းသားငယ်များရဲ့ ငိုရှိုက်သံများကြောင့် ကြားရ သူများကနေ ရပ်ရွာလူကြီးများပါ ရောက်လာသိရှိသွားကြတယ်။

"ဘုန်းဘုရား ... ဘုန်းဘုရား ဘယ်လိုဖြစ်ရတာတုံးဘုရား"

ထွန်းခြစ် ပြေးဝင်လာပြီး ဘုန်းကြီးကိုပွေ့ထူတယ်။ ကျောင်းသား များက သိသမျှကို ပြောပြကြတယ်။

အော်သံ ညည်းသံ ဝုန်းခနဲလဲကျသံကြားလို့ ကျောင်းပေါ်တက် ကြည့်တော့ ဘုန်းတော်ကြီးကို သွေးသံရဲရဲနဲ့ လူးလွန့်နေတာမြင်ရတာပဲ။ သူပြောနိုင်တုန်း ပြောသွားတာကတော့ သူ့ကိုဓားနဲ့ထိုးပြီး ပေါ်တော်မူဘုရား ကို လူဆိုးတွေယူသွားတယ်လို့ ပြောတယ်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . မိုက်ရိုင်းစုတ်ပဲ့လိုက်တဲ့ လူယုတ်မာတွေကွာ။ မင်းတို့တို ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်တွေက ကြည့်နေမှာမဟုတ်ဘူးကွ။ လက်ပိုက်ကြည့်နေမှာမဟုတ်ဘူး။ မင်းတို့ကိုဖမ်းသင့်မယ်ဟေ့"

သည့်နောက် သူတို့ ဘုန်းကြီးဦးရက္ခိတကို မြို့ပေါ်ဆေးရုံအရောက် ခေါ်သွားကြတယ်။

ဆေးရုံမှာ သူ့ကို အရေးပေါ်ခွဲစိတ်ကု သွေးသွင်းရတယ်။

✿ ✿ ✿

| ၂၇ |

❑

ရဟန္တာသုံးပါးရဲ့ ဂုဏ်ကျေးဇူး ဒါန၊ သီလ၊ ဘာဝနာရဲ့ ဂုဏ်တွေရှုမှုများကြောင့် ခါးပန်းဝါကျောင်းတိုက် ဘုန်းတော်ကြီးဦးရက္ခိတ ကံကြီးလို့မှာ အသက်မသေ ပြန်ရှင်ခဲ့တယ်။

ဓားချက်က အူမကိုမထိ။ အသည်းကိုမထိ။ အစာအိမ်ကိုမထိ။ အားလုံးကို ပွတ်သီပြီး သေချက်က လွဲသွားခဲ့တယ်။

ဘုန်းတော်ကြီး ဆေးရုံကပြန်ဆင်းသည့်နေ့မှာ ထွန်းခြစ်လည်း ကျောင်းကိုရောက်လာတယ်။

"ကိုယ်တော် . . ."

"ဘာတုံး . . . မောင်ထွန်းခြစ်"

"ကိုယ်တော် မှတ်မိသမျှကို အခု ပြန်ပြောပြပါ ကိုယ်တော်"

"လူသုံးယောက်ကွယ် . . . ခေါင်းစွပ်တွေ စွပ်ထားတော့ မျက်နှာကို မမှတ်မိဘူး။ လူသန်သန်တွေပဲ။ ဒါပဲမှတ်မိတယ်"

"တပည့်တော် သူတို့နောက်ကို လိုက်မယ်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ထွန်ခြစ်ရဲ့ သူတို့ ဘယ်သူဘယ်ဝါမှန်း မင်းသိလို့လား။ သူတို့ ဘယ်မှာနေလဲ မင်းသိလို့လား"

"ဒီလိုပဲ စုံစမ်းရမှာပေါ့ဘုရား"

"ရဲတပ်ဖွဲ့က လိုက်စုံစမ်းနေတယ်မဟုတ်လား"

"ရဲကလည်း ရဲအလျောက် စုံစမ်းပေါ့ဘုရား။ တပည့်တော်တို့က ပစ္စည်းကာယကံရှင်တွေဥစ္စာ ... တပည့်တော် သူတို့နောက်ကို ရအောင် လိုက်မယ်ဘုရား"

"ထွန် ... ခြစ် ..."

"ဘုရား"

"သူတို့က ငရဲအဝီစိကို လားမည့်လူမိုက်တွေ။ မင်းက လူကောင်းသူကောင်း။ ပြီး သူတို့မှာ ဓားရော၊ သေနတ်ရော၊ လူအင်အားရောရှိတယ်။ နင် သေသွားလိမ့်မယ်"

"အရှင်ဘုရား ... ဒီရွှေပေါင်းအိပ်မက်ရုပ်ပွားတော်ကို ဘယ်လိုအခက်အခဲများကြားက စွန့်စားရယူခဲ့ရတယ်ဆိုတာ အရှင်ဘုရားတို့ တပည့်တော်တို့ အသိပါဘုရား။ သူတို့ ဒီရွှေဘုရား၊ ရတနာဘုရားကို သူတို့ဘာလုပ်ပစ်မလဲ သိလား"

"ဟူး ..."

"သူတို့ အရည်ကျိုပစ်မယ်။ ကျောက်တွေကို ခွာပြီး ရောင်းစားကြမယ်။ ရွှေပေါင်းအမွေအနှစ်ဘုရားကို ကိုယ်ကျိုးစီးပွားအတွက် သူတို့ မူလတန်ဖိုးပျက်အောင် ဖျက်စီးကြမယ်။ အဲဒီဘဝမျိုးမရောက်ခင် တပည့်တော်တို့တတ်နိုင်သမျှ အမြန် ကြိုးစားရှာဖွေတားဆီးရမှာပဲ။ ကိုင်း ... တပည့်တော်သွားမယ်"

"ဟဲ့ ... ဟဲ့ ... ထွန်ခြစ် ... နေဦး ... နေဦး"

အော်လို့လည်း မရဘူး။ တားလို့လည်း မရဘူး။ ဘုန်းကြီးကို ကပျာကယာဦးကုန်းချပြီး ကျောင်းပေါ်ကနေ ပြေးဆင်းသွားလေရဲ့။





ထွန်ခြစ်တစ်ယောက် ရွှေပေါင်းဘုရားရွှေဆင်းတုကို အဓမ္မယူသွားတဲ့လူတွေကိုရှာဖို့ တစ်ကိုယ်တည်း ထွက်သွားပြီဆိုသည့်သတင်းလည်း ကြားရော ...

မသိန်းမြစ်လည်း ရင်ထဲ ထိတ်ခနဲဖြစ်သွားပါရော။

ညွှားတာမှ ရက်ပိုင်းလေးရှိသေးဥစ္စာ။

ကျေးဇူးရှင်လည်းဖြစ်ပြန်၊ သနားလည်းသနားလို့ ပဋ္ဌင်းအစ်မလုပ်ရာကနေ နောက်ဆုံး သံယောဇဉ်စိတ်နဲ့ ကြိုက်မရှက် ငိုက်မရှက် အိမ်ပေါ်ခေါ် အကျဉ်းရုံး လူသိရှင်ကြား ယူလိုက်တာလေ။

ကိုထွန်ခြစ်က ဘာလုပ်ကိုင်ရမှန်းမသိဘူး ဖြစ်နေတယ်။

ဗေဒင်တို့ အင်းတို့ကလည်း သူစိတ်နောက်နေတုန်းကတော့ အလိုလို ခေါင်းထဲပေါ်လာတယ်။ အခု မိန်းမရတော့ အရူးပျောက်တော့ အဲဒီပညာတွေ ဘယ်ရောက်သွားမှန်းမသိဘူး။

သူ့ဦးနှောက်ထဲကနေ ထွက်ပြေးကုန်ကြပြီ။

အခု သူတို့လင်မယား အကြော်လုပ်ငန်းကို ဖိဖိစီးစီး နှစ်ကိုယ်တူ လုပ်နေတုန်းမှာမှ ခါးပန်းဝါကျောင်းတိုက် ပေါ်တော်မူ ရွှေပေါင်းရွှေဘုရားရုပ်တုကို မသမာသူ လူဆိုးများက လုယက်ယူငင်ပြီး ကိုထွန်ခြစ်ရဲ့ကျေးဇူးရှင် ဆရာတော်ကိုပါ သေလုနီးပါး ဓားနဲ့ထိုးခဲ့တာကိုသိရော သူ ခံမရပ်ဖြစ်ခဲ့တယ်။ ပေါက်ကွဲခဲ့တယ်။

အခု သူထွက်သွားပြီ။

မယားလုပ်သူကို ငါ သင်းတို့နောက်လိုက်မယ် သိန်းမြစ်လို့မပြောဘဲ ခါးဝတ်ခါးစားနှင့် ရန်သူလူဆိုးများနောက်ကို လိုက်သတဲ့။

ဟိုက ဓားနဲ့ သေနတ်နဲ့။

သူက လက်ချည်းဗလာ။

သေစရာရှိ ကိုယ်အရင်သေမည့်ကိန်း။ ခုတော့ လင်သွားနိုင်သည့် အိမ်နှင့် အသိများကို လိုက်မေးရတော့တယ်။

"အပျိုကြီးလို မနေချင်တဲ့မိန်းမ ခုတော့ လင်ပူမိပြီပေါ့အေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပေါ့ ... ခေါင်းကျိန်း ဖင်ကျိန်းဆိုတာပေါ့ ... အော့"

"အရက်သမားများတော် သူမို့လို့ယူတယ်"

"ခုတော့ မသာလောင်းဖြစ်ရတော့မှာပေါ့"

ဖျာယာခတ်၊ ဖျာများနေတဲ့သူမကို အသိအကျွမ်းတွေက ကဲ့ရဲ့ကြ၊ သရော်ကြ၊ မေးငေါ့ကြ။ နေသာကုန်ရော သူ့လင်ထွန်ခြစ်သတင်း စုံစမ်းလို့မရဘူး။

ဟော ... ဖြစ်ချင်လာတော့ ကြည့်၊ ဘုရားရုပ်ပွားတော် လှူဆိုးလှူမသမာများလက်ရောက်ပြီး မကြာဘူး ...

ဘုန်းကြီးကျောင်းကို အရှုးငါးယောက် ရောက်လာကြပါရော။

အရှုးက ,အရှုးစုံပဲ။

ဘုန်းကြီးကျောင်းဝိုင်းထဲမှာ အရှုးငါးယောက်ရဲ့အသံက ဆူညံနေတယ်။

တစ်ယောက်က မယားတရှုး။

ဖာတ်မင်းသားဦးဘိုးစိန်ရဲ့ တာနောယက္ခဒိုင်ချင်းကိုဆိုပြီး ငိုရဲ့။

နောက်တစ်ယောက်က ဇာတ်မင်းသားရှုး။

စိန်အောင်မင်းရဲ့ 'လှမ်းကြွပါစို့ ပြည်တော်ဘုံ' ကို သီချင်းဆိုပြီး တွေ့ရာလူကို လက်ဆွဲပြီး သူ့မယားလုပ်ကဲ့လို့ မိန်းမသားများ သူ့အနား မကပ်ရဲဘူး။

တတိယမြောက်အရှုးက ကျောက်ရှုး။

တွေ့ကရာ ကျောက်စရစ်ခဲကောက်ပြီး ဒါ ပတ္တမြား၊ ဒါက နီလာ၊ ဒါက စိန်ဆိုပြီး လိုက်ရောင်းနေတယ်။

ကပ္ပိယဖိုးသန်းခေါင်ကို ကျောက်တစ်လုံးပြတယ်။

"ဘာကျောက်တုံးဗျ"

"ဒါ ပတ္တမြားလေ"

အမှန်က ပတ္တမြားမဟုတ်ဘူး။ ကျောက်ရှုးလက်ဝါးပေါ်ကပစ္စည်းက ခွေးချီးခြောက်။





အဲဒါကို ပတ္တမြားဆိုပြီး ကပ္ပိယကြီးကို အတင်းရောင်းနေတယ်။

"ဘယ်လောက်တုံး ကျောက်သူဌေးရဲ့"

"ငါးသိန်းပါဗျာ ... မများပါဘူး"

"အမလေး ... ဂစ် ... ဂစ် ... ဂစ် ..."

"ခွေးချေးတုံးအခြောက်ကို ငါးသိန်းတဲ့"

"ကျုပ်တော့ မဝယ်နိုင်ဘူး။ ဟိုမှာ ရေချိုးနေတဲ့ ဦးဖင်းဝဝကြီးက ချမ်းသာတယ်။ မကြာခင်လူထွက်ပြီး မိန်းမယူတော့မှာ သူ့သွားရောင်း။

"ဟုတ်လား"

"ဟုတ်တယ်"

"ဟုတ်တယ်လား"

"ဟုတ်တယ်ဟေ့"

"ဟုတ်တယ်နော် ... နော် ..."

"ဟုတ်ပါတယ် ... မသာလောင်းရယ်"

ကပ္ပိယကြီးထံတုတ်မှ ကျောက်ရှုးက သူ့ပစ္စည်းကိုဆုပ်ပြီး ရေတွင်းမှာ ရေချိုးနေတဲ့ ဦးဖင်းဝဝလုံးလုံးကြီးဆီသွားပြီး အရောင်းအဝယ်လုပ်တယ်။

အရှုးက ပစ္စည်းကိုပြပြီး ကပ္ပိယကြီးကို လက်ညှိုးထိုးပြတယ်။ မကြာဘူး ကျောက်ရှုးတစ်ကိုယ်လုံး ရေတွေစိုရွှဲပြီး ငိုပါရော။

ခွေးချေးကျောက် (ခြောက်) ကလည်း ရေစိုပြီး နံပါရော။

ရေချိုးလို့ပြီးရော ဦးဖင်းဝဝကြီးက တင်းဘုတ်တစ်ခုထမ်းပြီး ကပ္ပိယဖိုးသန်းခေါင်ကို လိုက်ရှာတယ်။

"သန်းခေါင်ကိုတွေ့လား ... ချစ်မိုးကြီး"

"စောစောကတွေ့တယ်ဘုရား ... ခု မရှိတော့ဘူး"

"ကိုရင်ငှက်ကြီး"

"ဘုရား ..."

"သန်းခေါင်ကို တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူးဘုရား။ ဘာဖြစ်လို့ပါလဲ ဘုရား။ လက်ထဲလည်း တင်းဘုတ်ကြီးနဲ့"

"ဟိုအရှူးရဲ့ခွေးချီးခြောက်ကို ငါလာရောင်းမိုင်းလို့ သင်းကိုတွေ့ရင် တင်းဘုတ်နဲ့ထုပြီး ခွေးချီးခြောက်ပါးစပ်ထဲ ခွံ့မလို့"

ပြောရင်း ကွတကွတနဲ့ လိုက်ရှာမေးနေလေရဲ့။

စတုတ္ထအရူးက ဒေါက်တာဆရာဝန်ရူး။

တကယ့်ပညာတတ်လို့ သိရတယ်။ ဆေးကျောင်းသား တတိယနှစ်တဲ့။ စာအကျက်လွန်ပြီး ရူးသွားတာ၊ ချောင်သွားတာ။

အခုတော့ နားကျပ်အစုတ်ကြီးကိုင်ပြီး ဘုန်းကြီးကျောင်းတိုင်နဲ့ သစ်ပင်တွေ့သမျှကို လူနာသဘောထားပြီး နားကျပ်နဲ့ စမ်းသပ်တယ်။

ပြီးရင် ဆေးပြားတွေပေးတယ်။

လူတွေ့ရင်လည်း နားကျပ်နဲ့စမ်းတယ်။

ဘယ်လိုသောက်ရမယ်လို့လည်း ညွှန်ကြားတယ်။

သူပေးသည့်ဆေးက အင်္ဂလိပ်ဆေးမဟုတ်ဘူး။

ရှောက်သီးဆေးပြားတွေ။

ပဉ္စမမြောက်အရူးက လေယာဉ်မောင်အရူး။ အလကားနေရင်း လျှောက်ပြေးပြီး လေယာဉ်ပဲမောင်းနေတယ်။ ပါးစပ်က ဝေါ . . . ဝူး နဲ့ အမြှုပ်ထွက်ပြီး ဆူညံလို့။

အရူးငါးယောက်ဆူညံနေလို့ ဘုန်းကြီးက ခေါ်မေးရတယ်။

အရူးပေမင့် ဘုန်းကြီးကျတော့ အကြောက်သား . . . ငြိမ်လို့ဗျား

"နင်တို့ငါးယောက် ငါ့ကျောင်းထဲ ဘာလာလုပ်တာတုံး"

ဒီမှာ လည်လည်ဝယ်ဝယ်ရှိပုံရတဲ့ ဆရာဝန်အရူးက ပြောတယ် ခင်ဗျ။

"စိန်ဘုရားလာဖူးတာပါဘုရား"

"ဘယ်လိုကြောင့် အရူးက စိန်ဘုရားလာဖူးရသတုံး"





"စိန်ဘုရားရဲ့ သောက်တော်ရေသောက်ရင် အရူးရောဂါပျောက်တယ်ဆိုလို့ပါဘုရား"

"ဟဲ့ . . . အဲဒါ နင်တို့ ဘယ်သူပြောသတုံးဟဲ့"

"အရူးထွန်းခြစ်ပါဘုရား။ ဒါကြောင့် သောက်တော်ရေခွန့်ကြဲပေးသနားပါဘုရား"

"အို . . . ဒီလိုလား"

"မှန်ပါဘုရား . . . ရောဂါပျောက်ချင်ပါပြီဘုရား"

"ဟဲ့ . . . မောင်ရှူးတို့ရဲ့ နင်တို့ အလာကောင်းပေမင့် အခါနှောင်းပြီ ဒကာတို့"

"ဘယ်လိုဖြစ်လို့ပါလဲဘုရား"

"စိန်ဘုရား၊ ရွှေဘုရားကို တားပြတွေလုယူသွားလို့ မရှိတော့ဘူး ဒကာတို့ရဲ့"

"အမ်မယ်လေးဘုရား . . ."

အရူးငါးယောက်ရဲ့ပါးစပ်ကနေ 'အမ်မယ်လေးဘုရား' လို့ အော်ပြီး ရင်ကိုထု ကျောင်းဝိုင်းထဲကနေ ပြိုင်တူပြေးထွက်သွားတာကို ဘုန်းကြီးတို့အစု မြင်လိုက်ရပြီး စိတ်မကောင်းဖြစ်ကြရလေရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ထွန်းခြစ်ကလည်း အိမ်ကထွက်လာကတည်းက သူခိုးကြောင်နက်ကြီးကို အရင်စုံစမ်းခဲ့တယ်။ ကြောင်နက်ကြီးက ပထမဦးဆုံး ရှေးဟောင်းဘုရားကို လာခိုးရင်း မိုးတွင်းမှာ မိုးကြိုးပစ်ခံရလို့ လက်ဖြတ်ပစ်လိုက်ရတဲ့ သူခိုးလေ။

ခရမ်းမြို့သားဆိုလို့ ခရမ်းလိုက်ရှာမေးမြန်း စုံစမ်းတော့ အရက်ဆိုင်တစ်ခုမှာ သူခိုးကြောင်နက်ကြီးကို အခန့်သား တွေ့ရပါရော။

"ကိုကြောင်နက်ကြီး ..."

သူခိုးကြောင်နက်ကြီးက အရက်ခွက်ကိုမော့ရင်းက သူ့ကို ရီဝေဝေမျက်လုံးနဲ့ စိုက်ကြည့်နေတယ်။ သူခိုးကြောင်နက်ကြီးမှာ ညာလက် လုံးဝမရှိဘူး။ ပေါ်တော်မူဘုရား လာခိုးတဲ့ညက မိုးကြိုးပစ်ခံရလို့ လက်မီးလောင်ပြီး ဖြတ်ရတာကိုး။ ဒါကြောင့် မှတ်မိနေတယ်။

"ကိုကြောင်နက်ကြီးလားခင်ဗျာ"

"မင်း ဘယ်သူတုံး"

"ကျွန်တော့်နာမည် ကိုထွန်းခြစ်လို့ခေါ်ပါတယ် ကိုကြောင်နက်"

"ဘာကိစ္စနဲ့ မင်းကငါ့ကို လိုက်ရှာနေတာတုံး ထွန်းခြစ်"





"ကျွန်တော် ကိုကြောင်နက်နဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေး စကားပြောလို့ မရဘူးလားဗျာ"

ထွန်းခြစ်က အရက်ဆိုင်ထဲကို မျက်စိဝေ့ကြည့်ရင်း ခပ်တိုးတိုးလေးပြောလိုက်တော့ သူခိုးလက်ပြတ်ကြောင်နက်ကြီးက အရက်တစ်ခွက်ကောက်မော့ရင်း ...

"ကိစ္စကို အရင်ပြောကွာ"

"တိုးတိုးပြောမှ ဖြစ်မည့်ကိစ္စမို့ပါ"

"ငါ့အတွက် အကျိုးအမြတ်မရှိရင် ငါ ပါးစပ်မဟဘူး။ ခြေတစ်လှမ်းမလှမ်းဘူး ထွန်းခြစ်"

သူခိုးကြောင်နက်ဘက်ကပြောတာ ရှင်းတယ်။ ဒီလို ရှင်းရှင်းလင်းလင်း စကားကြားရတာ ကြိုက်တယ်။ ဒီမှာပဲ ထွန်းခြစ်က သူ့စားပွဲပေါ်ကို ငွေစက္ကူတစ်ထပ် တင်ပေးလိုက်ရော သူခိုးကြောင်နက်ကြီးက ဘေးလူမမြင်ရအောင် ငွေစက္ကူကို ညာလက်ဝါးနဲ့ ဆတ်ခနဲအုပ်ယူပြီး သူ့ဂျာကင်အင်္ကျီအိတ်ထဲကို လျင်မြန်စွာ ထည့်လိုက်တယ်။

"ဒါမှပေါ့။ လာ ... သွားစို့"

သူတို့နှစ်ဦး အရက်ဆိုင်ထဲကထွက်လာတော့ အရက်သောက်နေသူအချို့က လှမ်းကြည့်နေကြတယ်။ တီးတိုးတီးတိုးလည်း ပြောနေကြတယ်

သူတို့ ခရမ်းသွန်းဘုရားကြီးရှေ့နားကို ရောက်လာတယ်။ ဒီနေရာဟာ မြို့ထဲနဲ့မတူဘူး လူရှင်းတယ်။ ဆိတ်ငြိမ်တယ်။ အေးချမ်းတယ်။

"ထွန်းခြစ်နော် ..."

"ဟုတ်ပါတယ်"

"ပြော ... ငါ့လူ ငါ့ကိုတွေ့ချင်ရတဲ့အကြောင်းရင်း ..."

"တိုတိုနဲ့ ရှင်းရှင်းပဲပြောမယ် ကိုကြောင်နက် ..."

"ပြော ..."

"ခင်ဗျား ... ဟိုတစ်ခါတုန်းက ဝင်ခိုးဖို့ကြိုးစားခဲ့တဲ့ ရှေးဟောင်းစေတီထဲမှာ ... အလှူ ... ပိတ်ရွှေသားရုပ်ပွားတော် အခု အလုအယက်ခံလိုက်ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ထင်သားပဲ"

"ဘယ်လိုထင်တာတုံး ကိုကြောင်နက်"

"မင်းတို့က ငါယူတယ်လို့ ထင်နေလို့လား။ ဟုတ်လား ..."

"မဟုတ်ပါဘူး။ ကိုကြောင်နက်ကြီးက ဒီဘုရားနဲ့ စပ်လျဉ်းပြီး ထူးခြားတဲ့ဖြစ်ရပ်ဆန်းကြောင့် ...

[ပြောရင်း ထွန်းခြစ်က သူ့ဦးကြောင်နက်ရဲ့ မရှိတော့တဲ့ ညာလက် နေရာကိုလှမ်းကြည့်ပြီး] ထူးခြားဆန်းကြယ် ဖြစ်ရပ်ဆန်းကြောင့် ခင်ဗျား နောင်တရနေမယ်၊ ဆင်ခြင်သွားမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါ တယ်။ ဒါပေမင့် ..."

"ငါ မခိုးနိုင်တော့ဘူး။ ဒါပေမင့် အခြားသူကို လက်ထောက်ချ နည်းပညာ ရောင်းစားမှာပဲလို့ မင်းတို့ရော၊ ရဲဘက်ကရော ယူဆနေလို့ လား"

"ဟာ ... မဟုတ်တာဗျာ။ ရဲဘက်အမြင်တော့ မသိဘူးဗျာ။ ကျုပ် အမြင်က ဒီလိုမဟုတ်ဘူး။ ပွင့်ပွင့်လင်းလင်းပြောရရင် ကိုကြောင်နက်ကြီး က အမှောင်ကလာခဲ့သူပါ။ ဘယ်လိုပဲဖြစ်ဖြစ် အမှောင်လောကသားတွေ ရဲ့ လှုပ်ရှားမှုအကြောင်း ကျွန်တော်တို့ထက် ပိုသိမှာပါ"

"အခု မင်းသိချင်တာက ဘာလဲ ထွန်းခြစ်"

"ရွှေဟောင်းရွှေသားရုပ်ပွားတော်ကို မရရတဲ့နည်းနဲ့ ငရဲမကြောက် လုယက်ယူသွားတဲ့ လူဆိုးသုံးယောက်ဟာ ဘယ်သူတွေလဲ၊ ဘယ်အရပ်မှာ နေကြသလဲ။ အခု ဘယ်မှာရှိသလဲ၊ အဲဒါ ကျွန်တော်သိချင်လို့ ခင်ဗျားထံ ကို အားကိုးတကြီးလာခဲ့တာပဲ ကိုကြောင်နက်"

ဒီလိုပြောလိုက်တော့ သူ့ခိုးဟောင်းကြောင်နက်ကြီးက မေးစေ့က အမွေးလေးငါးပင်ကို ဆွဲရင်း စဉ်းစားသလိုလုပ်နေတယ်။

"မင်း စောစောတုန်းက ငါ့ကို အရက်ဆိုင်မှာပေးခဲ့တာ ဘယ် လောက်လဲ"

"ငွေနှစ်ရာပါ"





[မှတ်ချက် ။ လွန်ခဲ့သည့် အနှစ်လေးဆယ်ကျော်ကာလက ငွေ နှစ်ရာသည် ယနေ့ခေတ် ငွေနှစ်သောင်းခန့်နှင့် ညီမျှပါပေသည်။ ထိုအချိန် က အောက်တန်းစာရေးလစာ (၈၂)ကျပ်ဖြစ်၏။ အထက်တန်းစာရေးကြီး လစာ (၁၂၅) ကျပ်ဖြစ်ပြီး၊ ဘီလစ်စာရေးကြီးလစာမှ (၁၈၀) ကျပ် (၂၀၀) နီးပါးသာရ၏။ ဝီလီဂျစ်ကားတစ်စီး (၃၅၀) ကျပ်ပေးလျှင် ဝယ်စီးလို့ရ၏။ ငွေနှစ်ရာ သုံးရာရှိလျှင် ရွှေတစ်ကျပ်သားနီးပါးရ၏။ ရန်ကုန်ပုဇွန်တောင်မှ ပန်းဆိုးတန်းသို့ ကားစီးခ (၁၀)ပြားပဲပေးရ၏။]

"မင်းတို့ ရှေးဟောင်းရုပ်ပွားတော်ရဲ့တန်ဖိုး ဘယ်လောက်ရှိမယ် လို့ထင်လဲ"

"ဗျာ ..."

"အဖိုးတန် ကျောက်ငါးလုံးကွ။ ပတ္တမြား၊ စိန်၊ နီလာ၊ မြ၊ ကျောက် စိမ်းရယ် ဒီကျောက်ငါးလုံးတန်ဖိုးပဲ တွက်ကြည့်။ ရွှေသားသုံးရစ်သွန်းထား တဲ့ဘုရား။ ကာလတန်ဖိုးနဲ့ တွက်ကြည့်စမ်း။ တွက်လေ ..."

"ခင် ... ခင် ... ဗျား ... ဘာပြောချင်တာလဲဗျာ ... ဟင်"

"မင်းသိချင်တာ လုယက်သွားတဲ့ လူဆိုးသုံးယောက်အမည်နဲ့ နေရပ်လိပ်စာမဟုတ်လား"

"ဟုတ်တာပေါ့ဗျာ"

"ငါသိလို့ထုတ်ပြောရင် တစ်နေ့ ငါ့ကို လာသတ်မှာပေါ့ကွ ... ငတုံးရ"

"ကျုပ် မပြောပါဘူးဗျာ"

"ခုလောက်ဆိုရင် ရဲကလည်း ငါ့ကိုမသင်္ကာလို့ လိုက်ရှာမယ် ကွ။ ငါက ပွဲဦးထွက် လက်တစ်ဖက်ရင်းထားရတာကိုး။ တန်ဖိုးမဖြတ်နိုင် တဲ့ အဖိုးတန်ပစ္စည်း (ဘုရား)ပြန်ရဖို့ သတင်းပေးရမည့်ငါ့ကို မင်းပေးတဲ့ ငွေက ဆင့်ပါးစပ် နှမ်းပက်သလိုပါပဲကွာ။ နောက်ဆုံး အဲဒီပစ္စည်း မင်း လက်ထဲပြန်ရောက်ရင်ရော မင်းက လောဘကို ကုပ်ချိုးထားလို့ ရမှာလား ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကျုပ် ... ကျုပ် ... က ..."

"ဟုတ်တယ်လေ ... မင်းလည်း လူပဲ။ ရဟန္တာမဟုတ်ဘူး"

"ကိုကြောင်နက်ရာ ... ကျုပ်လုပ်ချင်ရင် ဟိုးတောထဲမှာကတည်းက လုပ်ရင်ရသပေါ့ဗျာ။ မလုပ်ဘူး။ ဘာလို့လဲဆိုတော့ မဟာအဝီစိငရဲကို ဖောက်ထိုးဆင်းရမှာစိုးလို့"

"အခု အဝီစိမကြောက်တဲ့ကောင်တွေနောက် ပါသွားပြီ။ မင်းတို့ ဘာလုပ်လို့ရမှာလဲ ... ပြော ..."

"ရလို့ရခြား ခင်ဗျားထံမှာ အကူအညီတောင်းရတာပေါ့ဗျာ။ ရော့ဗျာ ... ဒါ ကျုပ်ပါတာ အကုန်နီးပါးပဲ။ ကျန်တာ လမ်းစရိတ်။ ရော့ ... ငါးရာ ... ယူပါဗျ။ အကယ်လို့ ကျုပ်တို့ဘုရား ကျုပ်တို့လက်ထဲပြန်ရောက်ခဲ့ရင် ခင်ဗျားကို သီးသီးသန့်သန့် ဂုဏ်ပြုပေးမှာဗျာ ... ယူပါ"

"ငါပါပါတယ်ဆိုပြီး အင်းစိန်ထောင်ထဲပို့တဲ့ ဂုဏ်ပြုပွဲလား"

"ဘုရားစူး ... ယုံပါဗျာ"

သူခိုးဟောင်းကြီး ကြောင်နက်က တစ်ရာတန်ငါးရွက်ကို လှမ်းယူလိုက်ပြီးနောက် ...

"နားထောင် ... ထွန်းခြစ်"

"ဟုတ်ကဲ့ ပြောပါ"

"ဓားပြက သုံးဦးကွ"

"ဟုတ်တယ် သုံးဦး"

"သူတို့ခေါင်းဆောင်နာမည်က ပြောင်းတိုမျက်ပြူးတဲ့"

"ပြောင်းတိုမျက်ပြူး ... မှတ်မိပြီဗျ။ နောင်နှစ်ယောက်ကရောဗျ"

"မျက်ပြူးရဲ့တပည့်တွေက ဝရဇိန်နဲ့ ဂျွန်ကြီးတဲ့"

"ဝရဇိန်နဲ့ ဂျွန်ကြီး"

"ဟုတ်တယ် ...။ ခေါင်းဆောင်မျက်ပြူးက ဘယ်လက်လိန်နေတယ်။ ဝရဇိန်က ခြေခွင်တယ်။ မှတ်မိလား"





"ဟုတ် ..."

"သူတို့ မင်းတို့ရဲ့ ရွှေသားရုပ်တုရှေးဟောင်းဘုရားကို ရသွားပြီး စောစောတုန်းကနေကြတာ ( ..... ) မှာကွ။ အခု မရှိတော့ဘူး"

"သူတို့ ဘယ်ကိုပြေးကြသလဲဗျာ"

"အဲဒါ ငါမသိဘူး။ သူတို့ ငါ့ကိုခေါ်သေးတယ်။ ငါမလိုက်ဘူး။ ဘာလို့လည်းဆိုတော့ ငါ့ညာလက်တစ်ဖက် ရင်းခဲ့ရလို့ပဲ။ ငါကလည်း သူတို့ကိုမလုပ်ဖို့ ပြောတယ်။ ဒီဘုရားရုပ်ပွားတော်ဟာ အလွန်ထူးဆန်းတယ်။ မင်းတို့ အန္တရာယ်များလိမ့်မယ်လို့ ငါတားခဲ့တယ်။ ဒါပေမင့် သူတို့က မယုံဘူး။ ငါကလည်း မပါဝင်နိုင်ဘူးလို့ ငြင်းပယ်ခဲ့တယ်။ ငါလည်း မင်းပြောသလို တွေးသလိုပဲ။

အခု လက်တစ်ဖက်ပြတ်ခဲ့ရပြီးပြီ။ သေပြီးနောက်ဘဝ မဟာအဝီစိငရဲမှာ မခံစားရဲဘူး။ ငါ ဒီလောက်ပဲ ပြောနိုင်တယ်ထွန်းခြစ်။ ဒါ တတ်နိုင်သမျှ မင်းကိုကူညီလိုက်တာပါ။ တစ်ခုတော့ ပြောပါရစေကွာ။ ဒီကိစ္စ ငါ့ဆီကသိရတယ်လို့ နောင် ဘယ်သောအခါမှ ဘယ်သူ့ကိုမှမပြောပါနဲ့ ... ထွန်းခြစ်ရာ။ ဒါတော့ ကတိပေးပါကွာ ... နော်"

"စိတ်ချပါ ... ကိုကြောင်နက်။ ကျွန်တော် မပြောပါဘူး။ တစ်ခုပဲ ခင်ဗျားကူညီဗျာ"

"လုပ်ပြန်ပြီ။ ဘာလဲ"

"သူတို့ ဘယ်လိုနေရာမျိုးမှာ ရှိနိုင်သလဲဗျ"

ဒီလိုမေးလိုက်တော့ ကြောင်နက်ကြီးက ခေါင်းကို တဖျင်းဖျင်းကုတ်တယ်။ ကုတ်ရင်းက မေးစေ့ကအမွေးတွေကို ဆွဲတယ်။ သူ့ကြည့်ရတာ ဒီမေးဖစ့်မွေးကိုဆွဲမှ အကြံကောင်း၊ ဉာဏ်ကောင်းရတယ်နဲ့ တူပါရဲ့၊

(လှိုင်မြို့နယ်က စာရေးဆရာ ထောင်မှူးကြီးသိန်းဝင်းလည်း အဲဒီအချိုးအတိုင်းပဲ။ စာရေးဆရာကြီးကလည်း သူ့ကို တစ်စုံတစ်ရာမေးလိုက်ရင် ပထမ နားသည်မွေးကိုဆွဲတယ်။ ပြီးရင် နှာခေါင်းမွေးကိုဆွဲတယ်။ မဖြေသေးဘူး။ ပြီး ... နှုတ်ခမ်းမွေးကို ပွတ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ငယ်ထိပ်ကဆံပင်ကို အလကားခွဲနေသေးတယ်။ အားမရရင် ချက်နံ့ဘေးကအမွေးကို ဆွဲကလိသေးတယ်။ ခြေသလုံးမွေးဆွဲတယ်။ ဘာလုပ်နေတာတုံးလို့မေးရင် စဉ်းစားနေတာတဲ့။ အမွေးစုံအောင်ဆွဲလို့မှ 'ရပြီဟေ့' လို့ အော်ပြောတယ်။

ကိုင်း ... ဒါဆို အဖြေပေးပါလို့မေးရင် 'မသိဘူး၊ မေ့သွားပြီ' လုပ်ကရော။ အဲဒါ အရက်ဖိုး အနည်းဆုံးသုံးထောင် မေးသူကရှင်းရတယ်။ 'ပညာယိုကြီး' လို့ခေါ်တယ်။ မသေသေးဘူး ရှိသေးတယ်။ အရက်မျိုးစုံအောင်သောက်ပြီးမှ သေမယ်လို့ အဓိဋ္ဌာန်ပြုထားတယ်)

"အင်း ... သူတို့ ... သူတို့ ... အေး ... ဟေ့ကောင် ... ငါ့ ခန့်မှန်းချက်ပေါ့ကွာ။ ငါသူခိုးဘဝတုန်းက ခိုးရာပါ ထဘီအင်္ကျီ၊ စက်ဘီး၊ ဒန်အိုးတွေကို သူခိုးဈေးမှာ လျှော့ဈေးနဲ့ရောင်းရတာကွ။ ခုဟာက ထဘီ၊ အင်္ကျီမဟုတ်ဘူး။ ခုဟာက ရွှေငွေကျောက်သံပတ္တမြား အဖိုးတန်။ ငါ သုံးနေရာ စဉ်းစားမိတယ်။

"ဘယ်လိုနေရာမျိုးတုံးဗျ"

"ပထမ ... ရန်ကုန်၊ တရုတ်တန်းဈေး။ နှစ် ... မန္တလေးဘုရားဈေး။ သုံး ... ထိုင်း–မြန်မာနယ်စပ်ကွ။ အဲဒီသုံးနေရာသာ လိုက်တော့ ငါ့လူ။ ကိုင်း ... ငါလည်း သွားစရာရှိတယ်။ လစ်တော့ ... လစ်တော့"

သို့ကလိုပြောပြီးနောက် သူခိုးဟောင်း ကိုကြောင်နက် သူ့အနီးကနေ ခပ်သုတ်သုတ်ပြေးထွက်သွားခဲ့တယ်။ ထွန်းခြစ် အင်္ကျီအိတ်ထဲကို လက်နှိုက်လို့ထုတ်လိုက်တော့။ ရာတန်နှစ်ရွက် ထွက်လာတယ်။ သူက ခေါင်းရှုပ်ပါ ရာတန်နှစ်ရွက်ကိုကြည့်ပြီး စဉ်းစားတယ်။

"ငါ ဒီငွေလေးနှစ်ရာနဲ့ ရန်ကုန်၊ မန္တလေး၊ နယ်စပ်ရောက်အောင် ဘယ်လိုသွားရမှာလဲ။ ဟူး ..."

✿ ✿ ✿

| ၂၀ |

[illegible]

❑

"ဟဲ့ကောင် ... ထစမ်း"

"ဟဲ့ ... ကောင် ... မြန်မြန်ထလို့ ငါပြောနေတယ်လေ"

"တယ် ... အအိပ်ကြီးတဲ့ကောင်။ ငါလုပ်ရရင် သေတော့မယ်။ ဒါနဲ့များ ရန်ကုန်၊ မန္တလေး၊ နယ်စပ်သွားပြီး ဘုရားခိုးရှာမလို့တဲ့။ ဒို့ .."

"ဟဲ့ကောင် ... ထ ... ထ ... ထ ..."

"အင်း ... ဟင်း ... ဟင်း ..."

"ထစမ်း ... ထလေ ... ကဲဟာ"

သူ့ဖက်ကိုတူပြီး မှေ့ပြီး လှုပ်ခေါ် ပါးပုတ်နှိုးနေလို့ သူ မြန်မြန်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်ရော ...

"အမလေးဗျ ..."

ထွန်းခြစ်မြင်လိုက်ရတာ သူ့မိန်းမ မသိန်းမြစ်လည်းမဟုတ်ဘူး။ တစ်ခါ လူစင်စစ်လည်းမဟုတ်ဘူး။ သူ့ကိုငုံ့ကြည့်နေတာ ဘီလူးမကြီး



www.burmeseclassic.com

www.burmeseclassic.com



"အား ... အား ... မလေး"

ဘုရားရေ ဘီလူးမကြီးက ဆံပင်ကို ဖားလျားချလို့ နို့ပျဉ်းတွဲနဲ့ နို့ရှည်းတွဲတစ်လုံးကို ဘီလူးသားငယ်ခေါင်းတုံး ပါးစပ်ပြဲက ခါးတစ်ခွင်တန်း လန်းနဲ့ ငုံဆွဲစို့နေတယ်။

မျက်လုံးပြူးပြူး ပါးစပ်ပြဲပြဲ၊ အစွယ်ငုတ်တိုဖွေးဖွေးနဲ့ ထဘီအနက် ခပ်တိုတိုဝတ်ထားတဲ့ ခြေဆံကြီးလက်ဆံကြီး ကုပ်တိုတိုဘီလူးမက သူ့ကို စိုက်ကြည့်ပြီး မဲ့ပြတယ်။

ထွန်းခြစ် သိလိုက်ပြီ။ ဘီလူးမကို မြင်ဖူးသလိုရှိတယ်။ နေပါဦး ဒါ ကျိုက်ဒေးဝတောနက်ထဲက ဂဝံသားပိုက် နို့တိုက်ဘီလူးရုပ်တုနဲ့ တစ်ပုံ စံတည်းပဲ။

"ဟဲ့ကောင် ..."

"ဘာ ... ဘာတုံး ... ဗျာ ... ခင်ဗျား ... ခင်ဗျား ..."

"ငါ့ကို မှတ်မိလား"

"အင်း ... အင်း ..."

"ဒါဆို ငါဘယ်ကတုံး၊ ဘယ်သူတုံး ... ပြော။ အယ် ... အနာ ကျကောင်လေးကလည်း ငြိမ်ငြိမ်စို့စမ်း။ ကဲ ... ကဲ ..."

"ဖြန်း ... ဖြန်း ..."

"အူး ... ဝါး ..."

ဘီလူး နို့ပျဉ်းတွဲ သားသည်အမေက ထွန်းခြစ်ကိုကြည့်ပြီးလည်း မေးရဲ့။ ခါးတစ်ခွင်ပေါ်ကနေ နို့ကိုလည်း ဆွဲစို့၊ လွှတ်နေသည့် နို့ပျဉ်းတွဲ တစ်လုံးကိုလည်း အငြိမ်မနေ လက်သည်းနဲ့ ဆွဲဆိတ်ကလိနေတဲ့ ...

ဘီလူးပေါက်စ နားရွက်ကားကား (သေသေချာချာကြည့်လျှင် ဒေါ်ပုံ၊ ဇေယျသီရိ (၆)လမ်းက ပန်းချီဆရာ ခြောက်ပုလင်းမြတ်မင်းဟန် နှင့်တူသည်ဟု နောင်အခါ ကျွန်ုပ်စာရေးဆရာကို ဦးထွန်းခြစ်က ပြောပြပါ သည်) လေးရဲ့၊ တင်ပါးဖောင်းဖောင်းကို မအေဘီလူးမကြီး နှစ်ချက်သုံး ချက်ဆင့်ပြီး လွဲရိုက်ပစ်လိုက်တယ်။

စိတ်ကူးသစ်စာပေ



ဘီလူးနို့စို့ကလေးက နာလို့လားမသိဘူး 'အူး ... ဝါး' 'အူး .. ဒါး' နဲ့ အော်ငိုရော။ (ကျွန်ုပ်က 'ဦးလေး ... ဦးလေး' လို့ခေါ်တာမဟုတ် ဘူးလားဟု ကိုထွန်းခြစ်ကိုမေးသောအခါ အဲဒါတော့မသိဘူး လူကိုတော့ အားကိုးတကြီး လှမ်းကြည့်နေတယ်ဟု ပြောပြသည်) အမှန်ကား အားကိုး တကြီးလှမ်းကြည့်တာမဟုတ်။ လူသားစားချင်တယ်၊ ဒီလူကြီးအသားစား ချင်တယ်ဟုပြောမှန်း ပြီးမှ သဘောပေါက်သည်ဟုဆိုလေ၏)

"သေနာလေး ... သင်းကလိနေတာနဲ့ စကားကောင်းကောင်း မပြောရဘူး။ နင်ရော နင့်အဖေဘီလူးငမိုက်ရော တစ်ထေရာတည်းပဲ။ မှတ် ထား ... နောက်တစ်ခါကလိရင် ပေါင်နှစ်ခြမ်းဖြဲပြီး အစိမ်းလိုက် ဝါးစား ပစ်မယ် ... ဟင်း ..."

"ဟဲ့ကောင် ... နင် ငါ့ကိုဘယ်မှာသိတုံး"

"ကျိုက်ဒေးဝ ... တော ... တောထဲမှာ ... မြင် ... မြင်ဖူး"

"အေး ... ဟုတ်တယ်။ ငါ အခု ကျိုက်ဒေးဝတောထဲကနေ တကူးတကလာခဲ့တာပဲ။ နင့်ကိုငါ သတိပေးစရာရှိလို့"

"ဘာ ... ဘာ ... ကို ... တုံး ... ခင် ... ဗျာ ..."

"နင် ဘုရားခိုးတွေနောက်ကို လုံးဝမလိုက်နဲ့"

"ဗျာ ... ဒါ ... ဒါကို ... သိ ... သိ ... နေတယ်"

"ငါတို့မသိတာ မရှိဘူးဟဲ့။ ငါတို့က ဒီတောကိုစောင့်နေတာ။ ဒီ ဘုရားကုန်းကို စောင့်ရှောက်နေတာဟဲ့။ အားလုံးသိတယ်။ ငါပြောချင်တာ က နင် သူတို့နောက်ကိုမလိုက်နဲ့"

"လိုက်ရမှာပဲဗျ။ ဒါ ကျွန်တော်တို့ အပင်ပန်းခံပြီး ရှာထားတဲ့ ရှေးဟောင်းဘုရား"

"လိုက်စရာမလိုပါဘူးဟဲ့။ အချိန်တန်ရင် သူတို့ဘာသာသူတို့ လာ ပို့လိမ့်မယ်"

"မယုံဘူးဗျာ ... လိုက်ရမှာပဲ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ရင် နင် ဒုက္ခအကြီးအကျယ်ရောက်မှာပဲ။ နင့်ကို ဒါ
မေးမှာနဲ့ ကြိုသတိပေးနေတာနော်"

"ခင်ဗျားက ကျွန်ုပ်ကိုလာတားရအောင် ခင်ဗျားနဲ့ကျွန်ုပ်နဲ့ ဘာဆိုင်
လို့တုံး။ ဘာတော်လို့တုံး"

"ဪ ... နင်က ငါ့ကို အဲဒီလိုမေးသလား။ သေချင်တဲ့ကျ
တောပြောင်းသတဲ့။ နင့်ကို ဘာလို့ တကူးတကလာပြောရသလဲ သိလား
သိလား ... သိလား"

နှီးပျဉ်းတွဲဘီလူးမကြီးက ခေါင်းကြောမာမာပြောနေတဲ့ ထွန်းမြ
ကို လက်ညှိုးထောက်ထောက်ထိုးပြီး ဒေါနဲ့မောနဲ့ ပြောနေတယ်။

"လုပ်ပါဦး ... သိအောင် ခင်ဗျားပဲပြောပါဦး"

"နင်ဟာ ဟိုဘဝတစ်ခုတုန်းက ငါ့သားတော်စပ်ခဲ့လို့ ဒုက္ခခံပြီ
လာပြောတာဟဲ့"

"ဗျာ ..."

"အရင်တစ်ခါကလည်း နင့်ကို ဘုရားကုန်းပေါ်မှာ ဟိုဟာမမြ
ရအောင် နင့်ကိုလုပ်ကြတယ်။ အဲဒီတုန်းက ငါ့ကြောင့် နင်မသေရတာ
ဒါတွေ နင်မသိဘူး။ တစ်ခါ နင်တို့ဘုရားရှာတုန်းက သစ်ပင်ပေါ်က ဝေ
အုံးမြွေ နင့်ကိုမမျိုတာ နင်တော်လို့မဟုတ်ဘူးဟဲ့။ နင် ဘုန်းကြီးနေလို့
မဟုတ်ဘူး။ အဲဒါ ငါတားထားလို့။ ဒီတစ်ခါ နင်ဘုရားခိုးနောက်ကိုလိုက်
ရင် နင် ဘယ်လိုဘဝမျိုးရောက်မလဲ ... သိလား"

"ဟင့် ... ဟင့်အင်း ... မ ... သိ ... ဘူး"

"သိချင်ရင် နင့်မျက်နှာကို နင် မှန်ထဲပြန်ကြည့်။ ပြောရမည့်
ဝတ္တရားက ငါ့ဝတ္တရား။ လိုက်နာတာ မလိုက်နာတာ နင့်အလုပ်။ ဟော ...
ငါ့ကို သူတို့အခေါ်နေတယ်။ လာပြီ ... ကိုယက္ခရေ ... လာ ...
ပြီ ... တော့။ သွားပြီ ... လူကလေးရေ ... အမေ့စကားနားထောင် ...
ငါ့သားရဲ့။ သွားပဟဲ့ ..."

စိတ်ကူးသစ်စာပေ



နှီးပျဉ်းတွဲသားပိုက် ဘီလူးမကြီးဟာ သူ့ကို စကားတွေအများကြီး
ပြောရင်းကနေ တောထဲက သူ့လင်ခေါ်သံကြားလို့ဆိုပြီး ဖြုန်းစားကြီး သူ့
အိပ်ရာနံဘေးက ဘီလူးကလေး ခါးတစ်ခွင်ပြီး ပြန်ထွက်ပြေးသွားရော။

သူ ကြောင်ကြည့်နေရာကနေ အသိဝင်လာပြီး ဘီလူးမကြီးရဲ့
စကားများကို ပြန်ကြားနေမိတယ်။

"နင်ဟာ ဘဝတစ်ခုတုန်းက ငါ့သားတော်စပ်ခဲ့လို့ ဒုက္ခခံပြီး လာ
ပြောတာဟဲ့"

"နင် ဘုရားခိုးတွေနောက်ကိုလိုက်ရင် နင် ဘယ်လိုဘဝမျိုးရောက်
သွားမလဲ ... သိလား"

"သိချင်ရင် နင့်မျက်နှာကို နင် မှန်ထဲပြန်ကြည့်"

ဘုရားရေ ... သူ့ကိုယ်သူ ဘဝဟောင်းက သူ့အမေတဲ့။

ဟုတ်ပါ့မလား၊ ဖြစ်နိုင်ပါ့မလား။

သံယောဇဉ်ဆိုတာ ဘဝချင်းခြားနေသည့်တိုင် ဆက်နေတုန်းပဲလား။

သူ့ရဲ့လျှပ်ရှားမှု၊ ဖြစ်ခဲ့မှုမှန်သမျှကို ဒီဘီလူးမကြီးက သိနေတယ်။
ပြီး ဖွတ်အတင်းတားနေတယ်။

မိမိကလည်း ရပ်တန့်ပစ်လို့မရဘူး။ နိုင်မာတဲ့ ဆုံးဖြတ်ချက်နဲ့
ညားကာစမယားကို စွန့်ပစ်ခဲ့ပြီး ဘုရားခိုးများနောက်ကို အရဲစွန့်လိုက်နေ
တာ။ သလမ်းနဲ့ရှင်လမ်း နှစ်လမ်းအနက်က တစ်လမ်းတော့ ကြိမ်းသေလို့
ထွက်ပြီးသား။ ဒါကလည်း နိဗ္ဗာန်ကိုမျှော်ပြီး၊ ကုသိုလ်ကိုမျှော်ပြီး၊ မိုး
ကောင်းကင်မျှော်ပြီး လုပ်နေတာ။

အခု ဒုက္ခရောက်လိမ့်မယ်တဲ့။

မယုံရင် မှန်ထဲပြန်ကြည့် ... နင် မြင်ရလိမ့်မယ်တဲ့။

ထွန်းခြစ် ဗီရိုရှေ့က ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ ရပ်လိုက်တယ်။
ပြီးတော့ မှန်ကိုကာထားတဲ့ အဝတ်လိုက်ကာကိုဖယ်ပြီး မှန်ထဲက သူ့ပုံရိပ်
အစစ်ကို ကြည့်လိုက်ရော ...

"ဟာ ..."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘု ... ရား ... ဘု ... ရား ..."

အလိုလေးလေး ... မြင်ရချက်က အသည်းထိတ်ရင်ဖိုမြင်ကွင်း။

ကြည့်စမ်း ...။ သူ့နဖူးမှာ ရဲတင်းလိုအသွားက စိုက်ဝင်တန်းလန်းကြီးနစ်လို့။ နဖူးကာစီးကျတဲ့ သွေးတွေက သူ့ရင်ဘတ်တစ်ခုလုံးမကဘူး ပုဆိုးပါ ရွှဲရွှဲစိုပြီး ရဲရဲနီ တစက်စက်ကျနေတယ်။

သူ့မျက်လုံးနှစ်လုံးက ရဲတင်းစိုက်နေသည့်ဒဏ်ရာ ပြင်းထန်ချက်ကြောင့် အပြင်ကို ပြူးထွက်နေတယ်။ သွေးနဲ့မျက်ရည် ရောနေတယ်။

ဘူဟာ ရဲတင်းတန်းလန်း၊ သွေးသံရဲရဲနဲ့ အော်ဟစ်ပြေးလွှားရင်းက ချောင်းတစ်ခုရဲ့ ရေပြင်ထဲကို ပြုတ်ကျသွားတာ မြင်လိုက်ရပြီး ...

"အား ..."

"မဖြစ်နိုင်ဘူး။ လုံး ... ဝ ... မဖြစ်နိုင်ဘူး"

"သွား ... သွား ... ကဲဟာ ... ကဲဟာ ..."

"ခွမ်း ..."

"ဝုန်း ..."

"ဂွမ်း ... ဂလုတ်"

"အား ..."

သူ သူ့ရှေ့ အနိဋ္ဌာရုံမြင်ကွင်းပေါ်နေသည့် ကိုယ်လုံးပေါ်မှန်ကြီးကို လက်သီးနဲ့ တအားထိုးခွဲပစ်လိုက်တယ်။ ခွမ်းခနဲအသံနဲ့အတူ မှန်ချပ်ပြီး ကွဲကျသံကိုကြားရပြီး သူ့ညာလက်တစ်ခုလုံး စုတ်ပြတ်လို့၊ သွေးချင်းချင်းရဲနေတာကို ကြည့်ပြီး တုန်လှုပ်ချောက်ချားစွာ အော်ဟစ်လိုက်တယ်။

"အား ... အား ... အား ..."

"ဝုန်း ..."

"ဝုန်း ..."

အပြင်က တံခါးထုရိုက်သံကြောင့် ထွန်ခြစ် ... အိပ်ရာကနေ လန့်နိုးသွားတယ်။ နိုးတာနဲ့ ဝုန်းခနဲ ငုတ်တုတ်ထထိုင်ပြီး သူ့ညာလက်ကို





ငုံ့ကြည့်လိုက်တယ်။ ဟင် ... ဘာမှမဖြစ်ပါလား။ သွေးလည်း မပေကျံပါလား။

"ဝုန်း ... ဝုန်း ..."

"ဟေ့လူ ... ဟေ့လူ ... တံခါးဖွင့်ပါ ... တံခါးဖွင့်ပါ"

သူ အခန်းတံခါးချက်ကိုဖြုတ်လိုက်တော့ တည်းခိုခန်းမန်နေဂျာ သူ့ရဲ့မျက်နှာကို အလန့်တကြားကြည့်ပြီး ...

"ခုလေးတင် ခင်ဗျားအခန်းက ထိတ်လန့်တကြား အော်သံကြားလို့ နိုးရတာပါ။ ခင်ဗျား ဘာဖြစ်နေလို့လဲ ဟင်။ ကျွန်တော်တို့ ဘာကူညီရမလဲ"

"ဗျာ ... ဟို ... ဟို ... ကျွန်တော် ... ဟိုဒင်း ... အိပ်မက်မက်ပြီး ယောင်ယမ်းအော်ဟစ်မိတာဗျာ။ အားလုံးကို တောင်းပန်ပါတယ်ဗျာ"

"ဟူး ... လန့်လိုက်တာဗျာ၊ တော်ပါသေးရဲ့။ ကျုပ်တို့က တစ်စုံတစ်ဦးနဲ့ ပြဿနာဖြစ်နေတယ်မှတ်လို့ပါ။ ကိုင်း ... ပြန်အိပ်ချင် အိပ်ပါ"

တည်းခိုခန်းမန်နေဂျာနဲ့ လူရွယ်အလုပ်သမားလေးနှစ်ဦး ပြန်ဆင်းသွားမှ ထွန်ခြစ် သူ့မျက်နှာပေါ်က လန့်ချွေး၊ ဇောချွေးများကို မျက်နှာသုတ်ပဝါနဲ့သုတ်ရင်း သက်ပြင်းအမောများကို အားရပါးရ မှုတ်ထုတ်လိုက်တယ်။ ဟူး ... ဟူး ... ဟူး ..."

ဒါ ... အိပ်မက်ပါ ... အိပ်မက်ပါ။

နိမိတ်တော့ မဖြစ်နိုင်ပါဘူး။

ပြီး ... တောထဲက သားပိုက်ဂဝံဘီလူးမကြီးကရော ဘယ်လိုလုပ်ပြီး ဟိုးဘဝတစ်ခုတုန်းက သူ့ရဲ့အမေ ဖြစ်ခဲ့ရမှာလဲ။

လုံးဝမဖြစ်နိုင်တာ။

ဟူး ... ကြောက်စရာတော့ကောင်းတဲ့ အိပ်မက်ပါပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [ ၂၉ ]

## မောင်ရှင်တို့ ဧရာကျွေးတဲ့ည

❑

ကံလမ်းစပေါ်ပြီ။

သူတို့သုံးဦးကို စတင်ခြေရာခံမိပြီ။

ခြေရာခံမိသည့်နေရာက ရန်ကုန်၊ လသာ၊ တရုတ်တန်းဘက်မှာ။ ခက်သည်က ဘုရားမားပြလူဆိုးသုံးဦးကို သူ တစ်ခါမှ မမြင်ဖူး။

စောရသူနိုး ကိုကြောင်နက်ကြီးပြောပြလို့။

ပြောင်းတိုမျက်ပြူး၊ ဝရမ်နှင့် ဂျွန်ကြီးဆိုသည့် အမည်များကိုလည်း သိရတယ်။

သူ လမ်းမတော်ဘက်ရောက်တော့ 'လမ်းမတော်ဖိုးတုတ်' အမည်ရှိ ရန်ကုန်လူမိုက် အဓိပတိကြီးရဲ့ တပည့်လက်ရုံး စိန်မားမြှောင်ဆိုသူနှင့် သွားတွေ့တာ။





သည့်တုန်းက 'ကျင်ဟုန်' တရုတ်စားသောက်ဆိုင်မှာ ထွန်ခြစ်ဆာလွန်းလို့ ခေါက်ဆွဲတစ်ပွဲဝယ်စားနေတုန်း လူတစ်ယောက် ယိုင်တိုင်ယိုင်တိုင်နှင့် သူစားနေသည့်စားပွဲကို ဝင်လာနေတာ။

သည့်နောက် ဗလကောင်းကောင်း၊ ဒယီးဒယိုင်လူ သူစားနေသည့်စားပွဲပေါ်ကို လက်ထောက်ရပ်လိုက်ပြီး အသံမာမာနဲ့မေးတယ်။

"ဟေ့ကောင် ..."

"ဗျာ ..."

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ထွန်ခြစ်လို့ ခေါ်ပါတယ်ခင်ဗျာ"

"ဗုန်း"

"ဟား ... ဟား ... ဟား ... ဟား ... ထွန်ခြစ် ... ထွန်ခြစ် ... လယ်ထွန်တဲ့ ထွန်ခြစ်လား။ ဟား ... ဟား ... ဟား ... ဟား မင်းကို အရင် မမြင်ဖူးဘူး။ အင်း ... ဒီနယ်သားလား၊ တစ်ရွာသားလား ... အေ့ ... ဂေ့ ..."

ထွန်ခြစ် ဘာကောင်မှန်းမသိတာကတစ်ပိုင်း၊ သူရှာနေသည့် သူက တခြားမို့ သည်းညည်းခံပြီး လူမိုက်လိုလူ မေးသမျှကို ကောင်းကောင်းမွန်မွန် ပြန်ဖြေလိုက်တယ်။

အခြားစားပွဲက သောက်စားနေသူများကလည်း သူတို့နှစ်ဦးရဲ့ အဖြစ်ကို ကြည့်နေကြတယ်။ အရက်ဆိုင် ခေါက်ဆွဲပိုင်ရှင်တရုတ်ကတော့ လန့်နေတယ်။ မကြာခင် ပြဿနာတစ်ခုခုတော့ ဖြစ်တော့မယ်ပေါ့။

"ငါမေးတာ ဖြေလေကွာ။ အ,နေလို့လား"

"တစ်ရွာသားပါ"

"ဘယ်နယ်သားတုံး"

"ဟံသာဝတီအရှေ့ခြမ်းကပါ"

"ဟား ... ဟား ... ဟား ... ဟား ... ဟံသာဝတီအရှေ့ခြမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ လူမိုက်ကြီး 'ရှင်ဘုရင်သိန်းမောင်' ရဲ့ဇာတ်ပေါ့။ ဟား ...ဟား ဟား ...မင်းလည်း လူမိုက်ပဲလား ...။

"မ ...မ ...ဟုတ်ပါဘူး ...ခင် ...ဗျာ ..."

"ဝှန်း ..."

"ဖောက် ..."

"အမလေး ..."

လူကြမ်းကြီးက သို့ကလိုမေးရင်းက စားပွဲကို လက်ဝါးနဲ့ ပုတ်ရိုက်လိုက်တာ။ စားနေစ ခေါက်ဆွဲပန်းကန် လွင့်ခုန်မှောက်သွားတယ်။ ဒါနဲ့ အပြိုင်ပဲ ဓားမြှောင်တစ်ချောင်းကလည်း စားပွဲခုံပေါ်ကို လာစိုက်နေတယ်။

ထွန်းခြစ် ဓားမြှောင်စိုက်နေတာကို ကြည့်ပြီး ရင်တုန်သွားတယ်။ လန့်သွားတယ်။

ဒီမှာတင် သူ ကိစ္စချောရမလားမသိဘူး။

"ထွန်းခြစ် ..."

"ခင်ဗျာ ..."

"အဲဒီစိုက်နေတဲ့ဓားကို နှုတ်ရဲလား"

"မ ...မ ...နှုတ်ရဲပါဘူး ...ခင် ...ဗျာ ..."

ဒီမှာ လူစွာလူမိုက်ကြီးက အရက်သောက်စားနေသူများ အားလုံးကို ခါးထောက်လှည့်ကြည့်ရင်းကနေ ...

"ဟေ့ ...အားလုံးနားထောင်၊ ငါ့နာမည် စိန်ဓားမြှောင်ကွ။ ဟော ဒီစားပွဲပေါ်မှာ ငါစိုက်ထားတဲ့ဓားမြှောင် နှုတ်ရဲတဲ့လူ ဘယ်သူရှိလဲ။ ရှိရင် ထွက်ခဲ့။ လာနှုတ်လှည့်"

ဘယ်သူမှ မနှုတ်ရဲဘူး။ မော်လည်း မကြည့်ရဲကြဘူး။

အခန်းထောင့်မှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးနဲ့ လူမိုက်ရုပ်ပေါက်နေသူသုံးဦး အရက်သောက်နေသည့်တိုင် လုံးဝ လှည့်မကြည့်ကြဘူး။

သူတို့အရက်ပဲ သူတို့သောက်နေကြတယ်။





ပြောရရင် အားလုံးက စိန်ဓားမြှောင်အကြောင်း သိနေလို့ပဲ။ သူ ဘာ ရန်ကုန်လမ်းမတော်က လူမိုက်ဖိုးတုတ်ရဲ့ လက်ရုံးတပည့်လေ။

ဓားပစ်၊ ဓားပေါက် အရမ်းတော်တယ်။ လူမိုက်လောကကိုမဝင်ခင်တုန်းက ဘားဆပ်ကပ်တစ်ခုမှာ ဓားပေါက်ကျွမ်းကျင်သူအဖြစ် ပြသ လုပ်ကိုင်စားသောက်နေတာ။

ဓားပစ် ဘယ်လောက်ကျွမ်းကျင်သလဲဆို ဦးခေါင်းပေါ်မှာ သင်္ဘောသီးဖင်လှီး တင်ထောင်ပြီး ဓားမြှောင်နဲ့ပစ်ပြတာ။

မြင်ရသူ၊ ကြည့်နေသူ ဘုရားတယူရတယ်။ လူနဖူးကိုထိရင် ဓားတစ်ချက်ပဲ။ အသေပဲ။ ဒါပေမင့် လူကိုမထိဘူး။ သင်္ဘောသီးဓားဝင်ပြီး နောက်ခံသစ်သားမှာ ကပ်နေရမယ်။

လှည်းဘီးပိုင်းမှာ မိန်းမပျိုလေးကို ကြိုးနဲ့လက်ဆန့်ချည်ပြီး လှည်းဘီးပိုင်းကို အရှိန်နဲ့လှည့်၊ စိန်ဓားမြှောင်က ဓားမြှောင်ဘယ်လက်နဲ့ပစ်ပေါက်တစားတာ လူကိုမထိဘူး။ ဓားက လူရပ်နေသည့်အတိုင်းမှာ နံဘေးတစ်လျှောက် ညှပ်စိုက်နေတယ်။

ဓားမြှောင်ကို မိုးပေါ်ပစ်မြှောက်ပြီး ပါးစပ်နဲ့ဖမ်းပြတယ်။

လူမိုက်လူဆိုးဖြစ်ချင်တော့ ကံတရားက ဖန်တီးလာခဲ့တယ်။

ဆပ်ကပ်ထဲက သူကြိုက်ချစ်နေတဲ့ ဘားကျွမ်းမယ်လေးမြစိမ်းပိုကို ဆပ်ကပ်ပိုင်ရှင်က ခြေတော်တင်ပြီး ဗိုက်လည်းရှိရော မယူဘဲ အဝေးကိုသွားမွေးခိုင်းသတဲ့။

စိန်ဓားမြှောင်လည်းသိရော ဆပ်ကပ်ပိုင်ရှင်သူဌေးကို ယူဖို့ တိုက်တွန်းတယ်။ ပိုင်ရှင်က စိန်ဓားမြှောင်ကိုပါ အဖွဲ့ကနေ ထုတ်ပစ်တယ်။

ဒီမှာ စိန်ဓားမြှောင်က ဒေါသပေါက်ကွဲပြီး ဓားမြှောင်နဲ့ကောက်ပစ်လိုက်တာ သူဌေးရဲ့လည်ပင်းကို ဓားတစ်ဆုံးဝင်ပြီး သေပါရော။

စိန်ဓားမြှောင်လည်း လူသတ်မှုနဲ့ အဖမ်းခံရပြီး ထောင်ကျရော။ အဲဒါ ရန်ကုန်ကို ဩဇာလွှမ်းတဲ့ လူမိုက်ကြီး လမ်းမတော်ဖိုးတုတ်ကငွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လုံးပြီး ပြစ်ဒဏ်သက်သာအောင် လုပ်ပေးခဲ့လို့ ထောင်ဒဏ်နည်းနည်းပဲခံရတယ်။

ကံကောင်းချင်တော့ ...

မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး လွတ်လပ်ရေးနေ့မှာပဲ သူ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်လာခဲ့တယ်။ လွတ်လည်းလွတ်ရော သူချစ်ရတဲ့ မြစိမ်းပိုကိုလိုက်ရှာခဲ့တယ်။ သို့သော် လူကိုမတွေ့ရဘူး။ မြေပုံပဲ တွေ့ရတယ်။ ကလေးပျက်ပြီး မြစိမ်းပိုသေသွားလို့တဲ့။

အဲဒီအချိန်ကစပြီး စိတ်နာနာနဲ့ လမ်းမတော်ဖိုးတုတ်ရဲ့ လက်ရုံးတစ်ဆူဖြစ်ခဲ့ပြေီး ရန်ကုန်မြေအောက်လောကသားတွေ၊ လူဆိုးဂိုဏ်းတွေ မြို့ရလန့်ရသူ လူမိုက်စာရင်းဝင်မားသမား ဖြစ်သွားခဲ့ရတာပဲ။

ခုလည်း ထွန်းခြစ်စားနေတဲ့ စားပွဲပေါ်စိုက်ထားတဲ့ မားမြှောင်ကို နှုတ်ရဲတဲ့လူ လာနှုတ်လို့ စိန်ခေါ်နေသည့်တိုင် ဘယ်သူမှ မနှုတ်ရဲဘူး။

ထွန်းခြစ်ကလည်း ရန်ကုန်လူမိုက်လောကအကြောင်း ဘာမှမသိဘူး။ ကိုယ့်မြို့ကိုယ့်ရွာမှာ နေတုန်းကလည်း လူမိုက်မဟုတ်ဘူး။ ရန်မဖြစ်ဖူးဘူး။ အရက်ပဲသောက်ဖူးတာ။ လူမိုက်ဆိုတာ ခုမှမြင်ဖူးတာရယ်။ ကိုယ့်ရည်မှန်းချက်က ဘုရားမားပြနောက်ကို လိုက်လံစုံစမ်းပြီး ကိုယ့်ဘုရားကိုယ်ရတဲ့နည်းနဲ့ ပြန်ယူဖို့။

အဲဒါကလည်း မိုက်လို့လည်း မဟုတ်ဘူး။

သတ္တိကောင်းလို့လည်း မဟုတ်ဘူး။

မခံမရပ်ဖြစ်လွန်းလို့၊ လူပါးဝကြောလွန်းလို့။

အဲ ... စားပွဲပေါ်ကဓားကို နှုတ်မည့်လူမရှိတော့ စိန်မားမြှောင်ကမေးတယ်။

"ထွန်းခြစ် ..."

"ခင်ဗျာ ..."

"မင်း ငါ့ကို အရက်တိုက်မလား"

"သောက်ချင်ရင် တိုက်ပါ့မယ်ခင်ဗျာ"





"ဟော့ ... အကိန် ... အရက်တစ်လုံးနဲ့ အခေါက်ကင်တစ်ပွဲချစမ်း"

"ဗုတ်ကဲ့ ... စရာကီး ... ရမယ် ... စရာကီး"

မကြာပါဘူးဗျာ ... စားပွဲပေါ်ကို အရက်နဲ့စားစရာ ရောက်လာတယ်။ စိန်မားမြှောင်က ဖန်ခွက်တစ်လုံး အရက်အပြည့်ငှဲ့ပြီး ရေမပါ မော့ချလိုက်တယ်။ ပြီး ... အမြည်းကိုစားလိုက်တယ်။ ရှားရှား။

"ဟော့ကောင် ..."

"ဗျာ ... ဗျာ ..."

"ရှင်းစရာ ပိုက်ဆံရောပါရဲ့လား"

"အဲ ... အဲ ... ဟို ... အဟဲ ... ရှိပါတယ်ခင်ဗျ။ သောက်ပါအစ်ကိုကြီး သောက်ပါ"

အဲဒါ သုံးခွက်ချလိုက်တာ အရက်တစ်လုံးပြောင်ရော။ ကုန်တော့နောက်တစ်လုံးထပ်မှာတယ်။ ဒုတိယအရက်တစ်လုံးလည်း (၁၅)မိနစ်မှာပြောင်သွားပြန်ရော။ ပြောင်တော့ တတိယမြောက်အရက်တစ်လုံးကို မှာပြီး ပုလင်းလိုက်မော့တယ်။

သုံးလုံးဆိုတော့ လူက ယိမ်းထိုးနေပြီ။ ဒါပေမင့် မလဲသေးဘူး။

"ပြန် ... မယ် ... အော့ ... ဂေ့ ..."

"ယူဦးလေ အစ်ကိုကြီး"

"အော့ ... ဂေ့ ... ဘာလဲ ... မင်းက ... ငါ ... အရက်မူးလို့ ... လဲမှ ... ငါ့ ... ကို ... အပြတ် ... ရှင်းမယ်လို့ ... ကြံစည်ထားတာလား ... အော့ ... ဂေ့ ... ဝေါ့ ..."

"မဟုတ်ရပါဘူးခင်ဗျာ ... စေတနာနဲ့ ပြောတာပါခင်ဗျာ"

"အေး ... ဒီလောက် သဒ္ဓါနေရင် ညသောက်ဖို့ အရက်တစ်လုံးမှာလိုက်။ အော့ ... ဂေ့ ..."

"ထောင်ကဲ ..."

"ပြော ... စရာကီး ... ဝ,ဘာလုပ်ပေးရမီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရက်တစ်လုံး ယူသွားမယ်။ လုပ်ပေး"

"ဗုတ်ကဲ့ . . . စရာကီး . . . ရမိခံဗျ"

အရက်တစ်လုံးကို ဂျပ်ဘူးနဲ့ထည့်ပေးတယ်။ ကျစရိတ်ကို ရှင်းလိုက်တယ်။ စိန်မားမြှောင်က စားပွဲပေါ်က မားမြှောင်ကိုနှုတ်လိုက်ပြီး သူ့ကို စိုက်ကြည့်နေတယ်။

"ဟော့ကောင် . . ."

"ဗျာ . . ."

"မင်း ဘယ်မှာတည်းသလဲ"

"ကြုံရာတည်းခိုခန်းပေါ့ အစ်ကိုကြီး"

"မင်း ဒီနေရာကို ဘာလာလုပ်တာလဲ"

"လူပျောက်လာရှာတာပါ"

"သွားစို့ . . . ထ . . ."

ထွန်ခြစ်က သူ့ကိုတွဲပြီး အပြင်ကိုခေါ် သုံးဘီးလက်ပြလိုက်ပြီး တားလိုက်တယ်

"အစ်ကိုကြီး ဘယ်ကိုပို့ပေးရမလဲ ဟင်"

"ကီလီဗောတံတားကို ပို့ကွာ။ အေး . . ."

သူတို့ သုံးဘီးပေါ်တက်လိုက်ကြတယ်။ သုံးဘီးအငှားကားက လသာကနေ ကမ်းနားလမ်း ကီလီဗောတံတားရှိရာကို ဦးတည်နေတယ်။

"ထွန် . . . ခြစ် . . ."

"ခင်ဗျာ . . . အစ်ကိုကြီး"

"မင်းကို . . . ငါ . . . ကျေးဇူးတင်တယ်"

"ဘာလို့လဲ အစ်ကိုကြီး"

"အရက်အဝတိုက်တာရော၊ လိုက်ပို့ပေးတာရော . . . အေး . ."

"ရပါတယ် . . . အစ်ကိုကြီးရာ' ကျွန်တော်က ဒီဒေသမှာ အသိမရှိပါဘူး"





"မင်းကို . . . ငါ . . . ဘာ . . . ကူ . . . ညီ . . . ပေးရမလဲ။ ပြောအားမနာနဲ့"

"တကယ်လား အစ်ကို"

"နှစ်ခွန်းမပြောဘူး။ ငါ တစ်ခွန်းပဲပြောတယ်"

"ကျွန်တော် လူသုံးယောက်ကို လိုက်ရှာနေတယ်အစ်ကို"

"နာမည် ဘယ်လိုခေါ်သလဲ"

"မျက်ပြူး၊ ဝရဇိန်နဲ့ ဂဠုန်ကြီးတဲ့"

"ငါ . . . ဒီနာမည်တွေ မကြားဖူးဘူး။ လူပုံလူပန်းသဏ္ဌာန်ကရော ဘယ်လိုပုံစံလဲ"

"အဲဒါလည်း ကျွန်တော် မမြင်ဖူးလို့ မပြောတတ်ဘူး"

"ဟော့ကောင် . . . ငတုံး . . . ဒါ . . . ရန် . . . ကုန် . . . မင်းတို့နေတဲ့ ဆေးလုံးကြီး၊ ချောင်းစောက်၊ ကွမ်းခြံကုန်းရွာမဟုတ်ဘူး။ လိပ်စာမသိရင် ရန်ကုန်ကို မလာနဲ့၊ မမေးနဲ့။ ဓာတ်ပုံမပြနိုင်ရင် လူပျောက်မရှာနဲ့။

အင်း . . . အင်း . . . နေဦး . . . နေဦး . . . ပုဇွန်တောင်၊ စက်ဆန်းဘက်မှာတော့ လူစိမ်းသုံးယောက် ရောက်နေတယ်လို့ ပုဇွန်တောင်လူမိုက်နားဂါးကြီး (နဂါးကြီး) ပြောတယ်။ မင်း အဲဒီကို တစ်ချက်သွားကြည့်ကြားလား . . ."

"ဟုတ် . . . ဟုတ် . . . ကဲ့ . . ."

"တွေ့လို့ အကူအညီလိုရင် ကီလီမှာ ငါ့ကိုလာရှာ။ ဟုတ်လား"

"ဟုတ်ကဲ့"

"ကိုင်း . . . ငါ့ကို ကီလီမှာချပေး။ မင်း သုံးဘီးနဲ့သွား"

လမ်းမတော်လူမိုက် စိန်မားမြှောင်ကို ကီလီဘောတံတားအနီးက အရက်ဆိုင်မှာ ချပေးခဲ့ပြီး ထွန်ခြစ် ပုဇွန်တောင်၊ စက်ဆန်းကို လိုက်ခဲ့လိုက်တယ်။ အရက်သမားနှစ်ယောက်ကို အရက်တိုက်ပြီး စုံစမ်းလိုက်ရော ပုဇွန်တောင်ရေဆိပ်က 'ကျင်ဟိန်း' တည်းခိုခန်းအပေါ်ထပ်မှာ နယ်ကူ[illegible] သုံးဦး ငွေကိုရေလိုသုံးပြီး တည်းခိုနေတဲ့သတင်းကို ရပါရော။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ဘာလုပ်ဖို့ တည်းနေတာလဲ"

"ပစ္စည်းတစ်ခုရောင်းမလို့ ကြားတယ်"

"ဘာပစ္စည်းတဲ့တုံး"

"မသိဘူး။ ဘိန်းလား၊ ကျောက်လား၊ တစ်ခုခုပဲ"

"ကျေးဇူးပဲ"

သူတို့နဲ့လမ်းခွဲပြီး ပုဇွန်တောင်ရေဆိပ်က ကျင်ဟိန်းတည်းခိုခန်းကို ဝင်လိုက်တယ်။ အောက်ထပ်မှာ အရက်နဲ့ စားစရာမျိုးစုံရလို့ ထမင်းမှာစားပြီး အကဲခတ်နေလိုက်တယ်။

ဒီနေရာက ရေဆိပ် (သီတာသင်္ဘောဆိပ်ဟုလည်း ခေါ်သည်)။ သန်လျင်ကိုသွားတဲ့ရေဆိပ်။ ကျောက်တန်းမီးပြသီလဝါကို ဖျာပုံ၊ ဘိုကလေး သွားတဲ့လာတဲ့ သင်္ဘောများ၊ မော်တော်များ ကုန်တင်လှေကြီးများကပ်တဲ့ ရေဆိပ်မို့ လူစုံတယ်။ နယ်စုံတွေရှိတယ်။

ထွန်းခြစ်ကလည်း လူဝင်လူထွက်နဲ့ ပြောသံဆိုသံများကို မသိမသာ နားစွင့်နေလိုက်တယ်။ ဒီဝန်းကျင်မှာ ရေတံငါ၊ ကုန်သည်ပွဲစားလူမျိုးစုံ၊ ကုလား၊ တရုတ်၊ မြန်မာ လူစုံရှိတယ်လေ။

အရက်၊ ဆေးခြောက်၊ ဘိန်းခန်း အကုန်ရှိတယ်။ ဟိုဟာရှယ်ရှိတယ်။

သိပ်မကြာဘူး ထမင်းစားချိန်လို့ခေါ်တဲ့ နံနက် (၁၁) နာရီလောက်မှာ အပေါ်ထပ်ကနေ လူသုံးယောက် ရှမ်းဘောင်းဘီကိုယ်စီနဲ့ ဆင်းလာကြတယ်။ သူတို့သုံးဦးဟာ စားပွဲဝိုင်းတစ်ခုရှိရာကို သွားနေတယ်။

ထွန်းခြစ် ရှမ်းဘောင်းဘီအနက် ပင်နီများဝတ်ထားတဲ့ လူသုံးဦးကိုကြည့်ပြီး အလွန့်ကို ဝမ်းသာသွားခဲ့တယ်။

ကြည့်စမ်း ...။

ရှေ့ဆုံးက ဖဲရှမ်းဘောင်းဘီနဲ့လူရဲ့ ဘယ်လက် လိန်နေတယ်။

ဟုတ်ပြီ ... ဒါ ... ဒါ ...





သူ့နောက်က ဒုတိယ ပင်နီရှမ်းဘောင်းဘီနဲ့လူက ခြေခွင်နေတယ်။ လူဝံတို့၊ မျောက်ဝံတို့သွားတဲ့အတိုင်းပဲ။

နောက်ဆုံးလူက ချော်တော်ရောင်သန်းနေတဲ့ အသားအရေနဲ့။

သိပြီ။ ဒါ ပြောင်းတိုမျက်ပြူး၊ ဝရမ်နဲ့ ဂျွန်ကြီး။ ထွန်းခြစ် သူ့ကိုမြင်သွားမှာစိုးလို့ ဦးထုပ်ကို ခပ်ငိုက်ငိုက် မျက်နှာတစ်ဝက်ဖုံးအောင် ဆောင်းလို့ မသိမသာကြည့်နေလိုက်တယ်။

သူတို့ကလည်း စားစရာများမှာရင်းက သူ့ကိုမြင်သွားပြီး တစ်ချက်စိုက်ကြည့်နေတယ်။ ပြီး ... အားရပါးရ စားသောက်ကြတယ်။ စားလို့သောက်လို့ဝရော သူတို့ငွေရှင်းပြီး အပေါ်ထပ်ကို ပြန်တက်သွားကြတယ်။

ထွန်းခြစ်ကလည်း မသိမသာ နောက်ယောင်ခံလိုက်သွားတယ်။ ဝရမ်တို့သုံးယောက်က အခန်းနံပါတ် (၅) ဆိုတဲ့အခန်းထဲကို ဝင်သွားတာ သိလိုက်ရတယ်။

ထွန်းခြစ်က သူတို့အခန်းနဲ့ မျက်နှာချင်းဆိုင် အခန်းနံပါတ်ကို လှမ်းကြည့်လိုက်တယ်။ နံပါတ် (၈)တဲ့ ... ကံကောင်းလေစွ။

အခန်းနံပါတ် (၈) အားနေလွတ်နေလို့ သူရလိုက်တယ်။ ထွန်းခြစ် မျက်နှာချင်းဆိုင်အခန်းကနေ တံခါးကိုဟပြီး သူတို့ရဲ့လှုပ်ရှားမှုကို စောင့်ကြည့်နေတယ်။

ဒီသုံးယောက် ရွှေပေါင်းဘုရား တခြမ်းပြိုကျသွားတော့ သိပြီ။ ဘုရားရုပ်တုက ဒီမှာပါလာလား၊ မပါလာလား မသိဘူး။ မြင်ရမှ ကျိန်းသေမယ်။ ကျိန်းသေမှ ရဲကို အကြောင်းကြားပြီး ဖမ်းလို့ရမှာကိုး။

အဲဒါ အခန်းတံခါးကို မသိမသာဟပြီး သူတို့အဝင်အထွက်လှုပ်ရှားမှုကို စောင့်ကြည့်နေလိုက်တာ ...

ည (၇)နာရီထိုးရော သူတို့သုံးဦး အခန်းတံခါးပိတ်ပြီး အောက်ကိုဆင်းတဲ့အချိန် သူ အမြန်လှုပ်ရှားလိုက်တယ်။

ဦးစွာ ပြားထားတဲ့ စက်ဘီးစပုတ်တိုင်နဲ့ ဝရမ်တို့အခန်းသော့ကို ကလိလိုက်ရော တံခါးသော့ပွင့်သွားတယ်။ ပွင့်တာနဲ့ အမြန်ဝင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူတို့ရဲ့ အဝတ်အစားအိတ်တွေ၊ မွေ့ရာတွေကို လှန်လှောလိုက်တယ်။

ဟော . . . ဘာပါလိမ့်။

သားရေအိတ်ကြီးထဲမှာ အိတ်ကိုဖွင့်ပြီး အဝတ်အစားများကို ထုတ်လိုက်ရော . . .

"ဟယ် . . ."

"တွေ့ပြီဟ"

ဘုရားရုပ်တု။ ဘုန်းကြီးကျောင်းက ရွှေသားရုပ်တု။ နဖူးသင်းကျစ်တစ်ဝိုက်မှာ အဖိုးတန်ကျောက်ငါးလုံး စီတန်းလို့ ထွန်းခြစ် အရမ်းဝမ်းသာသွားခဲ့တယ်။ သည့်နောက် ရွှေဟောင်းဘုရားရုပ်တုကို အကျီတစ်ထည်နဲ့ထုပ်ပြီး အခန်းတံခါးကနေအထွက် . . .

"ဝုန်း . . ."

"ဖောင်း . . ."

"အင့် . . . အူး . . . အစ် . . . အစ် . . ."

ရှေ့တံခါး ဝုန်းခနဲအဖွင့်။ ပြင်းထန်သည့်လက်သီးတစ်လုံးက ဘုရားရုပ်တုပိုက်ထားတဲ့ ထွန်းခြစ်ရဲ့မျက်နှာပေါ်ကျလာပြီး နှာခေါင်းပါမွန်ထွက်လို့ နောက်ပြန်လန်အသွားမှာ . . .

ပြင်းထန်မာကျောသည့် လက်သီးများ သူ့မျက်နှာပေါ် အဆက်မပြတ်ဝင်လာပြီး သူခွေလဲကျသွားတယ်။ ဒါနှင့်အတူ ပါးစပ်နဲ့နှားအုံ နှာခေါင်းက သွေးစေးသွေးကျဲများ စီးယိုကျလာပြီး မျက်လုံးနှစ်လုံး ပြာလာ ဝါးလာတယ်။

အသက်ရှူလို့မရဘူး။ ရင်ဝနဲ့ အရှိက်ရှိရာကိုဝင်လာတဲ့ အားပြင်းလက်သီးထိုးချက်များကြောင့် သူ ခွေလဲကျသွားပြီး လုံးဝ သတိလစ်သွားခဲ့တယ်။

မည်မျှ အချိန်ကြာကြာ သတိလစ်သွားခဲ့လဲ မသိဘူး။

သူ သတိရလို့ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်တော့ မိုးကောင်းကင်ပေါ်က မှိတ်တုတ်မှိတ်တုတ်ကြယ်များကို ဝေဝေဝါးဝါး မြင်နေရတယ်။





နားထဲမှာလည်း လှေလှော်သံလိုမျိုး ကြားနေရတယ်။

မျက်လုံးအဝီအပြင် ဖွင့်လို့ရလို့ ကြည့်လိုက်တော့ သူရပြင်ပေါ် ဖြတ်ကျော်နေသည့် လှေတစ်စင်းပေါ်ရောက်နေမှန်း သဘောပေါက်လိုက်တယ်။

ပြီး . . . သူ့လက်နှစ်ဖက်ကို နောက်ပြန်ကြိုးတုပ်ထားတယ်။

သူ့အနီးမှာ လူသုံးဦးက ဒူးနဲ့ဖိရုံပြီး ငုံ့ကြည့်လို့။

"သတိရပြီလား . . . ကိုယ့်လူ"

"ကျုပ် . . . ကျုပ် . . . ကို . . . ဘယ် . . . ဘယ် . . . ခေါ် . ."

"ဟား . . . ဟား . . . ဟား . . . မပူပါနဲ့ သူရဲကောင်းကြီးရာ။ ဒို့လူကို မောင်ရှင်လို ရေစာကျွေးမလို့ပါ"

"ဗျာ . . . မ . . . မ . . . လုပ် . . . ပါ . . . နဲ့ဗျာ . . . ဟို . . . ဟို . . ."

"မင်းက ငါတို့အလုပ်ကိစ္စကို ဝင်နှောင့်ယှက်တဲ့ကောင်ကိုး။ မင်းကိုယ်မင်းတော့ လည်လှပြီ၊ ဟုတ်လှပြီလို့ မှတ်နေတာ။ မင်းလှုပ်ရှားမှုကို ငါတို့သိပြီးသား . . . ကိုယ့်လူ။ မင်းသွားမေးမြန်းစုံစမ်းတဲ့ အရက်သမားနှစ်ယောက်က ငါတို့လူပဲကွ။ ဟား . . . ဟား . . . ဟား . . . ဟား . . ."

ဒီစကားလည်းကြားရရော သူခံလိုက်ရပြီကို သိလိုက်ရတယ်။

မြွေပါလည်းဆုံး၊ သားလည်းဆုံးဘဝရောက်ပြီကို သိလိုက်ရပြီ။

"မြစ်သုံးဆိုင်ရောက်ပြီလား . . . ဘမောင်"

"ရောက်ပြီ . . . ဆရာပြူး"

"အဲဒီကောင်ကို ဆွဲထူလိုက်"

"ထ . . . ဟေ့ကောင် . . . မသား . . ."

"မ . . . လုပ် . . . ပါနဲ့ဗျာ . . . မ . . . မလုပ်ကြပါနဲ့"

"ဂျွန်ကြီး . . . ရဲတင်းပေးစမ်း"

"မ . . . မ . . . လုပ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မေညိုကြီးဆိုသူ လူမိုက်က အသွားထက်တဲ့ရဲတင်းတစ်လက်ကို မြောင်းတိုင်မြူလက်ထဲ လှမ်းပေးလိုက်တယ်။ ကြောက်လန့်တကြား ထောင်းပန်နေသည့်ကြားက ရဲတင်းက သူ့ပခုံးပေါ်ကို ကျတယ်။

"ကိုင်းဟာ ..."

"ရှပ် ..."

"အားမလေးဗျ ..."

ညာပခုံးသားထဲကို ရဲတင်းအသွားနစ်ဝင်ပြီး အင်္ကျီကိုဖောက်ဖြဲလို့ နီရဲရဲသွေးတွေ ပန်းထွက်လာခဲ့တယ်။

"ကိုင်းဟ ..."

"ရှပ် ..."

"အား ... သေပါပြီဗျာ ... အား"

နောက်တစ်ချက်က ဘယ်ဘက်ပခုံးပေါ်ကို နစ်ဝင်ပြီး သွေးဖြာခနဲတျလာတယ်။ ပူနွေးသည့် သွေးစေးတွေ သူ့ရင်ဘတ်ပေါ်မှာ ရွှဲနစ်နေပြီး နာကျင်လွန်းလို့ အသားလည်း တဆတ်ဆတ်တုန်နေပြီ။

"ကိုင်း ... နောက်ဆုံးတစ်ချက်"

"သေဟ ..."

"ခုတ် ..."

"အား ..."

"ဝုန်း"

"ဗွမ်း ... ဗွမ်း ..."

လူဆိုးတပြုံခေါင်းဆောင် မြောင်းတိုင်မြူက ရဲတင်းကိုမြှောက်ပြီး ထွန်းခြစ်ရဲ့နဖူးပေါ် ခုတ်ချလိုက်တယ်။ ရဲတင်းက နဖူးရိုးထဲ စိုက်ဝင်သွားပြီး ညပ်နေတယ်။

သည့်နောက် မြစ်သုံးဆိုင်ရေပြင်ထဲကို ကန်ချလိုက်တယ်။ ထွန်းခြစ် ... ရဲတင်းတန်းလန်းနဲ့ ရေထဲကိုပြုတ်ကျပြီး မြစ်သုံးဆိုင်ရေကျနဲ့ မျောပ်လိုက်ပေါ်လိုက် စီးမျောသွားတယ်။

---

စိတ်ကူးသစ်စာပေ



သူ သတိကို အားတင်းရင်း ကိုယ်ကို လူးလွန့်လှုပ်ရှားလို့ ကူးခတ်တယ်။ ကံကောင်းချင်တော့ ခြေထောက်မှာချည်ထားတဲ့ကြိုး ပြေသွားရော။

သူခြေနှစ်ချောင်းကို အားပြုပြီး ရေစီးမှာ အလိုက်သင့် ကိုယ်ဖော့လို့ ကူးနေမိတယ်။ နဖူးပေါ်စိုက်နေတဲ့ ရဲတင်းအလေးချိန်နဲ့ သွေးများကြောင့် ဘာကိုမှ မမြင်ရဘူး။ ညဉ့်ကလည်းမှောင်၊ ရေကအေးစက် ...

တတ်နိုင်သမျှ ခေါင်းကိုမော့ ဘုရားကိုတရင်း ရေစီးလှိုင်းအတိုင်း မျောနေချိန် သူ့ခေါင်းပေါ်ကို မီးရောင်တစ်ခုကျလာတာ သတိပြုမိတယ်။

"ဟော့ ... ရှေ့မှာ လူတစ်ယောက်ဟ"

"သင်္ဘောပေါ်ကများ ပြုတ်ကျရော့လားမသိဘူး"

"ရှေ့ကနေ ကြိုပိတ်ဟော့။ ပိတ် ... ပိတ် ..."

သူ လှေတစ်စီးရဲ့နံရံနဲ့ စီးမျောပြီး ရပ်သွားတယ်။

"ဟာ ... နဖူးမှာ ရဲတင်းစိုက်လျက်ကြီးဟော့"

"ဟေ ..."

"ဒါဆို လုပ်ကြံသတ်ဖြတ်ခံရတာ နေမယ်။ မသေသေးဘူး"

"မြန်မြန်ဆွဲတင် ... ဆွဲတင် ..."

"တောက် ... လက်ပြန်ကြိုး ချည်ထားသေးသကွာ။ ထို့ ..."

တံငါလှေသမားသုံးယောက်က ထွန်းခြစ်ကို လှေပေါ် ကြိုးစားဆွဲတင်ကြပြီး ချည်ထားတဲ့ကြိုးကို ဖြေလိုက်ကြတယ်။ သူတို့ဟာ နဖူးပေါ်မှာ စိုက်နေတဲ့ ရဲတင်းကိုကြည့်ပြီး ကြီးစွာ တုန်လှုပ်နေကြတယ်။

"ဟော့လူ ... ဟော့လူ ..."

"ဟော့လူ ... ခင်ဗျား သတိရရဲ့လား ... ဟင် ... ဟင်"

"ဟော့ ... လူ ..."

"အင်း ... အင်း ... အား ..."

"သတိရလား"

"အင်း ..."

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က အင်းလို့ပြောရင်းကပဲ ဖက်စောင်းကျသွားခဲ့တယ်။

"ဟော့လူ ... ဟော့လူ ..."

သူတို့က လှုပ်နှိုးကြတယ်။ နဖူးပေါ်ကစိုက်နေတဲ့ ရဲတင်းကို ဘယ်လိုလုပ်ရမှန်းမသိဘူး။

"သေပြီတူပါရဲ့ကွာ။ ကျွတ် ... ကျွတ် ... ကျွတ် ..."

"ဘယ်လိုလုပ်မလဲ"

"ငါတို့လည်း အမှုပတ်နေမှာ စိုးရတယ်။ စဉ်းစားကွာ"

"သေတာ ကျိန်းသေရဲ့လားကွာ"

"ဒါတော့မသိဘူး။ ရေထဲပဲ ပြန်ပစ်ချ မျှောလိုက်မလား"

"မလုပ်ပါနဲ့ကွာ။ မသေဘဲ သတိလစ်နေတာ ဖြစ်ချင်ဖြစ်မှာ"

"လူဆိုးဓားပြဖြစ်နေရင် ဘယ်လိုလုပ်မလဲကွ"

"ဒါဆို လူကောင်းသူကောင်းဖြစ်နေရင်ရော ဘယ်လိုလုပ်မတုံး"

"ဒါဆိုလည်း ခေါ်ခဲ့ကွာ။ ကမ်းရောက်မှ ရဲကိုအကြောင်းကြားရမယ်"

သည့်နောက် သူတို့ငါးဖမ်းသည့်အလုပ်ကို ရပ်လိုက်ပြီး ဒလဘက်ကမ်းရိုးရာကို လှေပြင်းလှော်လို့ လာခဲ့လိုက်ကြတယ်။

✿ ✿ ✿

| ၃၀ |

## အကြောင်းဆိုင်တော့ နှစ်ဆောင်းပြိုင်များ ဖြစ်နေရော့မှာလား

❑

ခု ... ကြည့်စမ်း။

ရွှေဟောင်းပေါ်တော်မူ စိန်ဘုရား၊ ပတ္တမြားဘုရား အလုအယက်ခံရပြီး ဆယ်ရက်အကြာမှာ ...

မျှော်လင့်မထားပါဘဲနဲ့ လူတစ်ယောက် အလုယက်ခံရတဲ့ ရွှေဟောင်းရွှေဘုရားရုပ်တုကိုပိုက်ပြီး ဘုရားကျောင်းရှေ့ ရောက်လာတယ်။

သူဟာ ဘုရားရုပ်တုကိုပိုက်ပြီး ကြောက်လန့်တကြား အော်ဟစ်နေတယ်။

အသက်သုံးဆယ်ခန့်ရှိ ယောကျာ်းတစ်ယောက်။

သူ့ခေါင်းပေါ်က ဆံပင်များက မီးလောင်ခံထားရသလို တွန့်လိန်ကျွမ်းပြီး ညှော်နံ့နံနေတယ်။ ထူးဆန်းတာဟာ မီးကျွမ်းနေတဲ့ဆံပင်ကြား ဦးရေပြားပေါ်ကနေ မီးခိုးငွေ့တွေ ထွက်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကယ်တော်မူပါဘုရားလို့ မျက်ရည်စို့စို့ ကြောက်လန့်တကြား အော်ဟစ်ငိုယိုနေတယ်။

ဆရာတော် ဦးရက္ခိတရော၊ ကပ္ပိယဖိုးသန်းခေါင်နဲ့ ဘုန်းကြီးကျောင်းသား ချစ်မိုးကြီးတို့အပါအဝင် ဦးဇင်း၊ ကိုရင်၊ ကျောင်းသားများဟာ ရုပ်ပွားတော်နဲ့လူရဲ့ အဖြစ်ဆန်းကိုကြည့်ပြီး အံ့သြနေတယ်။

"အရှင်ဘုရား ... ကယ်တော်မူပါဘုရား။ ဘုရားတပည့်တော် ပူလွန်းလို့ သေ ... ရ ... ပါ ... တော့ ... မယ် ... ဘုရား ... အား ပူလိုက်တာဘုရား"

"ဘယ်နေရာကပူလို့တုံး ဒကာရယ်"

"ခြေဖဝါးအောက်ကမြေကြီး ပူနေပါပြီဘုရား"

"ဟေ ..."

"မြတ်စွာဘုရား ..."

"ခြေကိုကြွလေ ... ကြွလေ ... ကြွပြီး ဒီကိုလာခဲ့"

"ခြေကြွလို့ ... မ,လို့ ... မ ... မရ ... ဘူး ... ဘုရား ... ဟီး ... ဟီး ..."

"ဟာ ..."

"ဆန်းကြယ်လှချည်လားဟ ... ဟေ"

"ကပ္ပိယကြီး ... မြေများမျိုလားမသိဘူးနော်"

"ခပ်လှမ်းလှမ်းမှာ နေကြဟေ့။ ရောပါသွားမယ်ဟ"

"ဒကာ ..."

"ဘု ... ရား ..."

"ဒကာက ငါ့ကျောင်းကို ညဘက်ဝင်ပြီး ခိုးပြတိုက်၊ ဘုရားယူသွားတဲ့ ခိုးပြလူဆိုးဂိုဏ်းကလား"

"ဟုတ်ပါတယ် ... မှန် ... ပါ ... တယ် ... ဘုရား။ တပည့်တော်တို့ ... မှား ... မှားခဲ့ပါပြီဘုရား။ အခု ... နောင်တရလို့ ဘုရားရုပ်ပွားတော်ကို ပြန်လာပေး ... အပ် ... တာ ... ပါ ... ဘုရား"





"အို ... ဒီလိုလား"

ကြားရချက်၊ မြင်ရချက် ထူးဆန်းလွန်းလို့ ဘုန်းကြီး အရမ်းကို အံ့သြနေရတယ်။

မနေ့ကတည်းက အံ့သြဆန်းကြယ် ရင်ထိတ်သည်းဖို ဖြစ်နေရတာ။

ဘုန်းကြီးတပည့် ထွန်းခြစ်လည်း ဘုရားခိုးပြနောက်လိုက်မယ်ဆိုပြီး အိမ်ကနေထွက်သွားတာ သုံးလေးရက်ကြာ ပြန်မလာလို့ သူ့မိန်းမ မသိန်းမြစ်က ကျောင်းကို မျက်ရည်စမ်းစမ်းနဲ့ လာလာမေးတယ်။

"ပြန်မလာဘူးဘုရား"

"ငါလွှတ်တာလည်းမဟုတ်ဘူး သိန်းမြစ်"

"မှန်ပါဘုရား။ သူ ဖွတ်တရွတ်နဲ့ သွားတာဘုရား။ အင့် ... ဟီး ..."

"ပြန်လာမှာပါ ... သိန်းမြစ်ရယ်။ စောင့်နားထောင်ပါဦးဟဲ့။ ပြန်လည်းလာခဲ့ပါတယ်။ ထွန်းခြစ်ပြန်လာခဲ့ပုံက လူကောင်းတစ်ယောက်အဖြစ်မဟုတ်တော့ဘူး။ လူသေကောင်အလားဘဝနဲ့ ရောက်လာခဲ့တာ"

မနေ့တုန်းက စိန်ခေါ်မြှောင်ဆိုတဲ့ လူတစ်ယောက်က လုံးဝသတိမရတော့တဲ့ ထွန်းခြစ်ရဲ့ခန္ဓာကိုယ်ကို ရန်ကုန်ဆေးရုံကနေ ကားနဲ့သယ်၊ မီးသင်္ဘောနဲ့ ရန်ကုန်ပဲခူးမြစ်ကို ကူးသယ်လာပို့ခဲ့တာတဲ့။

မြင်ရချက်ကြောင့် သူ့မိန်းမ မိသိန်းမြစ် သတိလစ်သွားခဲ့တယ်။

"ဒကာ ... မောင်ထွန်းခြစ်၊ ဘယ်လိုဖြစ်ရတာတုံး"

"အဖြစ်မှန်အရင်းအမြစ်ကို မသိရပါဘုရား"

သည့်နောက် စိန်ခေါ်မြှောင်ဆိုသူက သူနှင့် ရင်းနှီးသိကျွမ်းခဲ့ရပုံမှသည် လူသုံးယောက်အမည်ကိုပြော၍ ပုဇွန်တောင်ဘက်မှာ သွားရှာပုံအကြောင်း ပြောပြတယ်။

"မျက်ပြူး၊ ဝရဇိန်နဲ့ ဂဠုန်ကြီးဆိုတဲ့ လူသုံးယောက်ကို သွားရှာတာပဲဘုရား။ နောင်သိရတာက မျက်နှာမှာ ရဲတင်းစိုက်လျက်နဲ့ ဖြစ်သုံး



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရေထဲမျောနေတုန်း ဘုရားတပည့်တော်အသိ တံငါသည်များကဆယ်ပြီး ဆေးရုံပို့ပေးခဲ့ပါတယ်။ ဆေးရုံကလည်း ကြိုးစားကုပေးပေမင့် မရတော့ဘူးလို့ပြောတာနဲ့ သူ့နေရပ်ကိုစုံစမ်းပြီး အရောက်လာပို့ရတာပါဘုရား''

ဓာတ်ရည်လည်စ ပြုပါပြီလေ။

ထွန်ခြစ် လူဆိုးဓားပြများနောက် လိုက်တယ်။

နောက်ဆုံး လုပ်ကြံခံရတယ်။

အခု နောက်ဆုံးထွက်သက်ကို စောင့်နေတဲ့ဘဝနဲ့ အိမ်ပြန်ရောက်နေပြီ။

အဲဒီအချိန်မှာပဲ ဘုရားဓားပြထဲက လူဆိုးတစ်ယောက်က သူတို့လုယူတိုက်ယူသွားတဲ့ ရွှေဆင်းတု၊ စိန်ဆင်းတုကိုပိုက်ပြီး အခုကျောင်းရှေ့မှာ မြေမြှုပ်ခံရသလို အနေအထားမျိုးနဲ့ အော်ဟစ်ရောက်ရှိနေပြီ။

ဖြစ်ရပ်တွေ ... အံ့ဩဆန်းကြယ်ဖြစ်ရပ်တွေ။

''ဒကာ ...''

''ဘုရား ...''

''အားစိုက်ပြီး ခြေကိုမ,စမ်း''

''မ ... မ ... ရဘူး ... ဘုရား ...''

''ဒါဆို ထိုင်ကြည့်စမ်း''

''ထိုင် ... ထိုင် ... လို့လည်း မရဘူးဘုရား။ ဟီး ... ဟီး .. ဟီး ...''

နောက်ဆုံး ဘုန်းတော်ကြီးအရှင်ရက္ခိတ အမိုက်သားမှန်းသိပေမင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားရှင်ပီပီ ...

ကရုဏာသက်ရသည်လည်း ဖြစ်ပါသောကြောင့် ငမိုက်သားရဲ့ ဒုက္ခဆင်းရဲ ကယ်လို့ ရလိုရငြား မိမိရဲ့ သစ္စာပါရမီကို အားကိုးယုံကြည်ပြီး ဘုရားရှင်ကိုရည်မှန်းလို့ သစ္စာအဓိဋ္ဌာန်ပြုလိုက်တယ်။

''ဘုရားရှင် ကိုယ်တော်မြတ်ကြီးဘုရား ... ဤငမိုက်သား၏ နောင်တကို ငဲ့ညှာသနားသောအားဖြင့် လက်တလော ဒုက္ခဆင်းရဲမှ ကယ်မ





တော်မူပါဘုရား။ ရုပ်ပွားတော်မြတ်အနီးဝန်းကျင်မှာ စောင့်ရှောက်တော်မူကြကုန်သော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ၊ အပိုင်အဆိုင်အစောင့်အရှောက်များ၊ မြင်ရမမြင်ရပုဂ္ဂိုလ်များ အားလုံးတို့အားလည်း ဘုန်းကြီးမေတ္တာရပ်ပါသည်။

ယူသွားသည့် ရှေးဟောင်းစိန်ဘုရား၊ ရွှေဘုရား ရုပ်ပွားတော်မြတ်အား နောင်တကြီးစွာရ၍ မူလနေရာသို့ လာရောက်အပ်နှံသည့် ဤနောင်တရှင်ငမိုက်သားကို လက်ရှိဒုက္ခဆင်းရဲလွတ်၍ သံသရာဘဝကျမှသာလျှင် ဘုညီမျှတသောအပြစ်ကို သင့်လျော်စွာ ခံစားခွင့်ပြုပါကုန်လော့။ ကျွန်ုပ်ထိန်းသော သစ္စာမေတ္တာကို အမှုယူ၍ ကူညီမှိုင်းမကြပါကုန်လော့။ အားလုံး ... အမျှ ... အမျှ ... အမျှ ... သာဓု ... သာဓု ... သာဓု .. ခေါ်လှည့်ကြပါကုန်လော့။

ဘုန်းကြီးက အရပ်လေးမျက်နှာကို လှည့်ပြီး မေတ္တာပို့သတယ်။ အခွင့်တောင်းတယ်။ မေတ္တာပို့သ မေတ္တာရပ်လို့လည်းပြီးရော ငမိုက်သားရဲ့ အနီးကို တိုးကပ်သွားဖို့ပြင်လိုက်တယ်။

''ကိုယ်တော် ... မကပ်ပါနဲ့ ... မသွားပါနဲ့''

''ဘုန်းဘုရား ... အနားကို မသွားနဲ့''

အဲဒီအချိန်မှာ ကောင်းကင်တစ်ခုလုံးလည်း မိုးတွေ၊ တိမ်တွေ ညို့မည်းပြီး လျှပ်စစ်မီးတဝင်းဝင်း မိုးခြိမ်းသံတဂျိန်းဂျိန်းနဲ့ ကြောက်လန့်စရာကောင်းနေချိန်မို့ အားလုံးက စိုးရိမ်ကြီးစွာ ဝိုင်းအော်တားကြတယ်။

ဘုန်းကြီးက မရပ်တန့်ဘူး။ ရဲရဲလျှောက်သွားပြီး ငမိုက်သားရဲ့ လက်ထဲက ရွှေသားရုပ်ပွားတော်ကို ရည်ရွယ်လက်အုပ်ချီပြီး တိုးကပ်သွားလိုက်တယ်။

လူမိုက်သားကလည်း မျက်ရည်စို့ရွှဲ မီးခိုးမီးကျွမ်းတငွေ့ငွေ့နဲ့ ဘုန်းကြီးဦးရက္ခိတကို အားကိုးတကြီး ကြည့်နေတယ်။

သည့်နောက် ...



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက ငမိုက်သားနောင်တရှင်ရဲ့ လက်ထဲက ဗုဒ္ဓရွှေဘုရားဆင်းတုတော်ကို ရှိုရှိုသေသေ လက်နှစ်ဖက်နဲ့ ပင့်မ,ယူလိုက်တယ်။

ဘုန်းတော်ကြီးလက်ထဲကို ရွှေသားရုပ်ပွားတော် ရောက်သွားရော လူမိုက်သားဟာ .ဘုရားရုပ်ပွားတော်ကို လှမ်းကြည့်ပြီး သူ့ပါးပြင်ပေါ်မှာ မျက်ရည်များ တလိမ့်လိမ့်စီးကျလာတယ်။ သည့်နောက် မြေပြင်ပေါ်ကို မှောက်လဲကျသွားတော့တာပဲ။

✿ ✿ ✿

| ၃၁ |

# နောက်ကြောင်းပြန်ခရီး

❑

လူဆိုးကိုမွေ့ချိုပြီး ရေစင်ရေပန်းများ သပ်ချတောက်ချ၊ တိုက်ချလိုက်မှ လူဆိုး ပြန်သတိရလာခဲ့တယ်။

သူ့အနီးမှာ ဘုန်းကြီးရဟန်းနဲ့ ကပ္ပိယများ၊ ဘုရားအကျိုးဆောင်များနဲ့ ရပ်ရွာလူကြီးများက ဝိုင်းအုံကြည့်နေကြတယ်။

"ဒကာ ..."

"ဘု ... ရား ..."

"သတိကောင်းကောင်းရပြီလား"

"ရ ... ရ ... ပါပြီ ... ဘုရား"

"ဒကာ့နာမည် ဘယ်လိုခေါ်သတုံး"

"ဝ ... ရ ... ဇိန်လို့ ခေါ်ပါတယ်ဘုရား"

"ဒကာ့အဖော် လူဆိုးနှစ်ယောက်အမည်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"ပြောင်းတိုမျက်ပြူးနဲ့ ဂဠုန်ကြီးလို့ခေါ်ပါတယ်ဘုရား"

"သူတို့ အခု ဘယ်မှာလဲ"

"မ . . . မ . . . ရှိတော့ပါ . . . ဘူး . . . ဘုရား"

"ဘယ်လိုမရှိတာတုံး"

"နှစ်ဦးစလုံး အသေဆိုးနဲ့ . . . သေ . . . သေ . . . သွားပါပြီ . . ဘုရား"

"ဟေ . . ."

"ဒကာဝရဇိန် . . ."

"ဘုရား . . ."

"ဘုန်းကြီး အစအဆုံးသိချင်တယ်။ ပြောပြမှာလား"

"မှန် . . . ပါ . . . ဘုရား . . . တပည့်တော် ငရဲကိုကြောက်ပါတယ်ဘုရား။ ဒါကြောင့် အဖြစ်မှန်အားလုံးကို အစအဆုံး ပြန်ပြောပြပါမယ်ဘုရား"

"သာဓု . . . သာဓု . . . သာဓု . . ."

"ဒီလိုပါဘုရား . . . ဒီလိုပါဘုရား . . . တပည့်တော်တို့ ပါဒခေတ်နှောင်းပိုင်း သန်လျင်ခေတ်ဦးတုန်းက ဒေါ်ရွှေဂုဏ်တို့ ညီအစ်မငါးဦးကောင်းမှု ငါးထပ်ကြီးရွှေဘုရားအကြောင်းကို 'ပေစာတစ်ခု' မှာ ဖတ်ခဲ့ရ သိခဲ့ရဖူးပါတယ်ဘုရား။ အဲဒါကို စုံစမ်းနေတာ ကြာပါပြီဘုရား"

ဒီလို စုံစမ်းမေးမြန်းနေဆဲမှာပဲ အရှင်ဘုရားတို့လည်း ကျိုက်ဒေးဝ တောနက်ထဲမှာ ရှေးဟောင်းဘုရားတစ်ဆူ ရှာဖွေနေမှန်းသိရလို့ ဘုရားတပည့်တော်တို့ အရှင်ဘုရားတို့မသိအောင် တောထဲမှာ နောက်ယောင်ခံလိုက်ခဲ့ပါတယ်ဘုရား။ တစ်နေ့ အရှင်ဘုရားတို့ ကြက်တွန်တဲ့ချုံအောက်က ရှေးဟောင်းဘုရားရသွားတာကို တပည့်တော်တို့ သိရတာပါပဲဘုရား"

ဒီမှာ ဘုန်းကြီးက ဖြတ်ပြီးမေးရော . . .

"ဒကာ . . ."

"ဘုရား . . ."

စိတ်ကူးသစ်စာပေ



"အဲဒီတုန်းက တောထဲမှာပဲ ဘာလို့ မလုယူရတာလဲ"

"ဟို . . . ဟို . . . အရှင်ဘုရားတို့နံဘေးမှာ လူအင်အားက များနေလို့ပါဘုရား"

"ဟေ . . . ငါတို့လူအင်အားများလို့။ နေပါဦး . . . အဲဒီတုန်းက ငါရယ်၊ ကပ္ပိယရယ်၊ အရူးထွန်ခြစ်ရယ်၊ ချစ်မိုးကြီးရယ် . . . လေးယောက်ထဲပါဟ"

"မ,ကပါဘူးဘုရား။ အရှင်ဘုရားတို့နဲ့ ခပ်လှမ်းလှမ်းမှာ လူမည်းမည်းအရပ်မြင့်မြင့်ကြီးတွေရော၊ သျှောင်ထုံးထိုးကွင်းနဲ့ လူကြီးအယောက်နှစ်ဆယ်လောက်ဟာ ဓါးတွေ၊ လှံတွေ၊ ဒူးလေးတွေနဲ့ ဝိုင်းရံစောင့်နေလို့ တပည့်တော်တို့သုံးယောက် ဝင်လုချင်ပေမင့် မလုရဲခဲ့ပါဘူးဘုရား"

"ဟေ . . ."

"မြတ်စွာဘုရား . . ."

"ဟာ . . . ဆန်းလှချည်လားဗျာ ဟင်"

ဒီလို အံ့အံ့သြသြဖြစ်သွားရတာ ဘုန်းကြီးတင်မဟုတ်ဘူး။ ကပ္ပိယဖိုးသန်းခေါင်နဲ့ ချစ်မိုးကြီးတို့ပါ အံ့အံ့သြသြ ဖြစ်သွားရတာ။ ကြည့်လေ ဝါးလုံးလေးမြားနဲ့ လူယောက်ျားနှစ်ဆယ် ဝိုင်းရံနေလို့တဲ့။

ကြံကြီးစည်ရာ။ အဲဒီတုန်းက သူတို့လေးယောက်ထဲဥစ္စာ။

"ဒကာဝရဇိန် . . ."

"ဘုရား . . ."

"မင်းတို့မြင်ရတာ ဟုတ်ရဲ့လား"

"မှန်ပါဘုရား . . .။ လိမ်ပြောညာပြောရင် ဟောဒီဘုရား ဓူးရပါစေရဲ့ဘုရား။ သူတို့က အရှင်ဘုရားတို့ တူးဖော်နေတဲ့ ဘုရားကုန်းဝန်းကျင်မှာ လက်နက်တွေနဲ့ ကင်းလှည့်နေလို့ တပည့်တော်တို့ ပုန်းကွယ်ကြည့်နေရတာပါဘုရား"

"ဘုရား . . . ဘုရား . . . ဆန်းလှချည်လားကွယ်ရို့။ ကိုင်း . . . ကိုင်း . . . ဆက်ပြောပါဦး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ထောင်ထွက်နာမည်ကြီးသူခိုး ကြောင်နက်ကြီးဆို သူကို အခကြေးငွေ ထိုက်ထိုက်တန်တန်ပေးပြီး ခိုးခိုင်းခဲ့ပါတယ်ဘုရား။

"ကြောင်နက်ကြီးလား"

"မှန်ပါ ဘုရား။ ကံဆိုးချင်တော့ ကြောင်နက်ကြီး ဘုရားရုပ်တု ခိုးယူနေချိန်မှာပဲ ပစ်လိုက်တဲ့မိုးကြိုးရဲ့ မိုးကြိုးစက်ကွင်းမိပြီး ညာလက်မိုး သင့်လို့ ဆေးရုံရောက်ပြီး ညာလက်ကို ဖြတ်ပစ်လိုက်ရပါတယ်။

သည်တုန်းက အရှင်ဘုရားတို့ကောင်းလို့ သူ ထောင်မကျရတာ ပါဘုရား။ အဲဒီအချိန်ကစပြီး သူခိုးကြောင်နက်ကြီးကို ဒီဘုရားထပ်ခိုးဖို့ ဆွယ်လို့ စည်းရုံးလို့မရဘူး။ အကြီးအကျယ် သူ ထိတ်လန့်သွားခဲ့ပြီကိုး။

တပည့်တော်တို့ အမျိုးမျိုး စည်းရုံးတယ်။ မေးခဲ့ပါတယ်။

"ကြောင်နက် ..."

"ဘာတုံး"

"ရွှေဘုရားရုပ်တုကို သေသေချာချာ မြင်ခဲ့မဟုတ်လား"

"မြင်တယ်"

"နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်ပါလား"

ဒီလိုမေးတော့ ကြောင်နက်ကြီးက အံကြိတ်ပြီး စိုက်ကြည့်တယ်။

"အရင်တစ်ခါထက် နှစ်ဆတိုးပေးပါ့မယ်ကွာ"

"ဆယ်ဆပေးလည်း ငါမလုပ်ဘူးပြောင်းတို့"

"ဘာဖြစ်လို့လဲ ကြောင်နက်ရာ"

"ငါ ဒီဘုရားရုပ်တုကို မပြစ်မှားရဲတော့ဘူး။ မခိုးရဲဘူး"

"သွေးမကြောင်စမ်းပါနဲ့ကွာ။ မင်းလုပ်ရင် ရပါတယ်"

"မလုပ်ဘူး။ မင်းတို့ဘာသာမင်းတို့ လုပ်ရဲလုပ်ကြ။ ငါ့မှာ ဘယ် လက်တစ်ဖက်ပဲ ကျန်ရစ်တော့တယ်။ ဒီတစ်ခါခိုးလို့ ကံဆိုးပြီး မိုးကြိုးပစ် လက်ဖြတ်ရရင် ငါ ခွေးလို၊ နွားလို စားခွက်ထဲ အင်တုံခွက်ထဲ ခေါင်းငုံ့ လေးဘက်ထောက် အစားစာရတဲ့ဘဝ ရောက်သွားလိမ့်မယ်။ လုံးဝကို မစဉ်း စားဘူး"





"မင်းက အယူကိုသည်း (သီး)လွန်းပါတယ် သူခိုးကြီး။ အေးလေ မင်းမလုပ်ချင် မလုပ်ရဲလည်း နေပါ။ ငါတို့ဘာသာ ငါတို့လုပ်ပါ့မယ်။ ပစ္စည်း ကို ငါတို့ရသွားခဲ့ရင် မင်း အားမချောင်နဲ့နော်"

"မင်းတို့သမိုင်း မင်းတို့ရေးတာ ငါဝင်တို့စရာမလိုဘူး"

"အေး ... အာချောင်ခဲ့ရင်လည်း မင်းဘဝ ဘယ်လိုဖြစ်သွား မယ်ဆိုတာ ကြိုစဉ်းစားထား။ ဟုတ်လား ..."

"ငါ့ဘဝကို ငါစဉ်းစားထားပြီးသားပါ။ မင်းတို့ စိုးရိမ်ပူပန်စရာ မလိုပါဘူး"

"မင်းက ဘယ်လိုစဉ်းစားထားလို့တုံး"

"ငါ သူခိုးဂျပိုးဘဝနဲ့ လူ့ဘဝကို နိဂုံးမချုပ်ဘူး။ ချုပ်ချင်းချုပ် ရင် သက်န်းဝတ်ဘဝနဲ့ နိဂုံးချုပ်မယ်"

"ကြားရတာ အားရသကွာ ... သူခိုးကြီးရာ။ အဟတ် ... အဟတ်"

"သာဓု ... သာဓု ... နောက်တစ်ခွန်းတော့ မင်းသင်္ကန်းဝတ် ပြီးတာမြင်မှ ခေါ်ပါရစေကွာ။ အကြွေးမှတ်ထားနော် ... သူခိုးကြီး"

"ဖွီ ..."

"ဟား ... ဟား ... ဟား ... ဟား ... ဟား ... တကယ့် သူတော်ကောင်းနဲ့ လာမှဆုံရပလေကွာ။ အဟတ် ... အဟတ် .. အဟတ်"

အဲဒီလိုနဲ့ သူခိုးကြောင်နက်ကို စည်းရုံးသိမ်းသွင်းလို့ မရတာနဲ့ ကိုယ့်ဘာသာကိုယ် လုပ်ဖို့လိုလို့ အရှင်ဘုရားတို့ကျောင်းကို အဝင်အထွက် ကိစ္စ၊ ဘုရားဖူးဟန်ဆောင်ပြီး လေ့လာခဲ့ကြတယ်။

"မင်းတို့ ဘာလို့ ဒီရုပ်ပွားတော်ကို ဘာကြောင့် လိုချင်ရတာတုံး ဒကာဝရမိန်"

"ဒီဘုရားရုပ်တုဟာ ရှေးတဘောင်စာထဲကလိုရော၊ ပေစာထဲက အတိုင်းရော ရွှေစင်ရွှေသား ငါးထပ်ဖြစ်ပြီး နဖူးသင်းကျစ်မှာ စိန်၊ ပတ္တမြား



www.burmeseclassic.com

www.burmeseclassic.com



မြ နီလာ၊ ကျောက်စိမ်း စသည့် ကျောက်ငါးလုံးပါလို့ ရှေးဟောင်းပစ္စည်းဝယ်တဲ့ကိုယ်းက ဈေးကောင်းပေးမယ်ဆိုလို့ပါဘုရား"

"ဘယ်ကိုရောင်းမှာတုံး"

"ဝယ်လက်ကနေ ထိုင်းဘက်ကို ထုတ်ရောင်းဖို့ပါ"

"မသိလို့ မေးပါရစေ။ ဘယ်ဈေးနဲ့ရောင်းမယ်တဲ့တုံး"

"သိန်းငါးဆယ်ပါဘုရား"

"အလိုလေးလေး ... များလှချည်လားကွယ်"

(မှတ်ချက် ။ လွတ်လပ်ရေးရပြီးစ ခေတ်ဦးခေတ်လယ် ဝန်းကျင်ကာလတုန်း သိန်းငါးဆယ်ငွေသည် ယနေ့ခေတ်ငွေကြေးနှင့် တွက်ပါက သိန်းပေါင်းငါးထောင်ခန့်ရှိပေသည်။)

"ကိုင်း ... ဆက်ပြောပါဦး ဝရမ်"

"တိုတိုပြောရရင် အဲဒီညတုန်းက ပြောင်းတိုက အရှင်ဘုရားကို ဓားနဲ့ထိုးသတ်ခဲ့ပြီး ရွှေဘုရားကို ယူသွားခဲ့တာ အရှင်ဘုရားအသိပါပဲ"

"အိမ်း ... သိတယ်။ ငါက်ကောင်းလို့ ပြန်ရှင်ခဲ့တာ"

✿ ✿ ✿

| ၃၂ |

## အစီစီခရီးသွားယက်မှတ်ရချက်များ

❑

ဒီလိုနဲ့ တပည့်တော်တို့ ရန်ကုန်မြို့မှာခိုပြီး ရဲနဲ့စုံထောက်များကို ရှောင်ရင်း ရန်ကုန်ဝယ်လက်ကို စောင့်နေချိန်မှာပဲ ...

အဲဒီတုန်းက ပုဇွန်တောင်ရေဆိပ် 'ကျင်ဟိန်း' တည်းခိုခန်းမှာ တည်းခိုရင်း ဝယ်လက်ကိုစောင့်နေချိန် ...

ဟိုကောင် အရူး(ထွန်းခြစ်) ရောက်လာတယ်ဘုရား။ တပည့်တော်တို့နောက်ကို လိုက်လံစုံစမ်းနေမှန်းကို ပုဇွန်တောင်သား တပည့်တော်တို့လူကပြောလို့ အသာစောင့်ကြည့်နေတုန်း အဲဒီအရူး (ထွန်းခြစ်) က ဘုရားတပည့်တော်တို့အခန်းကို ခိုးဝင်ပြီး ဝှက်ထားတဲ့ရုပ်ပွားတော်ကို ပြန်ယူသွားဖို့လုပ်တာကို ...

စောင့်ကြည့်ချောင်းနေတဲ့ တပည့်တော်တို့မိပြီး ဒီကောင့်ကို ကြိုးနဲ့တုပ်၊ ရဲတင်းနဲ့ခုတ်စိုက်လို့ လှေပေါ်တင်ပြီး ပင်လယ်ဝမြစ်သုံးဆိုင်မရောက်ခင်မှာ ရေစာကျွေးခဲ့ပါတယ်ဘုရား။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရက်စက်လိုက်ကြပါဘိကွယ်"

"တပည့်တော်တို့လည်း ဘုရားကိုပြစ်မှားမိတဲ့ဒဏ်၊ သူတော်ကောင်းများကို ပြစ်မှားစော်ကားမိတဲ့ကံ ... ကံရဲ့အကျိုးပေးကို ပြန်လည်ခံစားရတာပါပဲဘုရား။ ရန်ကုန်မှာနေလို့မဖြစ်ဘူး နယ်စပ်ကိုပြေးမှ သင့်တော်မယ်လို့ စီစဉ်ကြတယ်။

တစ်ညမှာပေါ့ဘုရား။

ပြောရရင် အဖိုးတန် စိန်ဘုရား၊ ရွှေဘုရား လက်ထဲရောက်နေလို့ အချင်းချင်း သိပ်မယုံရဲကြဘူး။ တစ်ယောက်ယောက် ဖြောင်များသွားမလားပေါ့။

ရန်ကုန်ကနေ မန္တလေးကို ရောက်သွားကြတယ်။ မန္တလေးမှာ သီးသန့်အိမ်တစ်လုံးငှားနေကြတယ်။

ခေါင်းဆောင်လုပ်တဲ့ ပြောင်းတို့မျက်ပြူးက ဂျွန်ကြီးနဲ့တပည့်တော်ကို မယုံဘူး။

ဒါကြောင့် ညဘက်အိပ်ရင် ရှေးဟောင်းရွှေဘုရားရုပ်တုကို သူအိပ်တဲ့ခေါင်းအုံးထဲ ထည့်ချုပြီး အိပ်လေ့ရှိတယ်။

နေ့ခင်းမှာ ဝယ်လက်ကို ဆက်သွယ်ဖို့စုံစမ်း။

ညဘက်ရောက်ရင် ခေါင်းအုံးထဲထည့်အိပ်ပေါ့။

တစ်ည ... သန်းခေါင်ယံမှာ ...

"အား ..."

"အား ... အစ် ... အစ် ... လုပ် ... ကြ ... ပါ ... ဦး .. အား ... အစ် ..."

ခေါင်းဆောင်လုပ်သူ ပြောင်းတို့ရဲ့ စူးစူးဝါးဝါးအော်လိုက်သံ လူးလွန့်သံကြောင့် တပည့်တော်တို့ ချက်ချင်းနိုးလာပြီး လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်ရော ...

"အမလေး ..."

"ဟာ ... ဟာ ..."





ဘုရားရေ ... ကြည့်စမ်း။ ခေါင်းဆောင်ပြောင်းတို့ရဲ့လည်ပင်းကို ပတ်ထားတာ လူကြီးခြေသလုံးခန့်တုတ်တဲ့ မြွေဟောက်ကြီးဘုရား။

ပါးပျဉ်းကြီးက ရေနွေးလင်ပန်းလောက်ရှိတယ်။ မျက်စိနှစ်လုံးက ရဲတွတ်ပြီး ပါးစပ်ကို ဖြဲပြနေတာ အစွယ်ကို ဖွေးနေတာပဲ။

ရောမမြွေဟောက်ကြီးဟာ ခေါင်းဆောင်ပြောင်းတို့ရဲ့မျက်နှာကို ဒေါသကြီးစွာ ငုံ့ပေါက်နေတာ။

ပြောင်းတို့ကလည်း အော်ဟစ်ရင်း ရုန်းကန်။ ဒီမှာပဲ ခေါင်းအုံးနဲ့သေနတ် ရုန်းကန်ရင်း တပည့်တော်တို့ရှိရာကို လွင့်စင်လာလို့ အဲဒီပစ္စည်းနှစ်ခုကို ဂျွန်ကြီးက ဖျတ်ခနဲကောက်ယူလိုက်ပြီး တစ်ခါတည်း ညတွင်းချင်း ပြေးကြတော့တာပဲ။

"ပြောင်းတို့ရော ..."

"နောက်တစ်နေ့ထုတ်သတင်းစာမှာ ပြောင်းတို့ အခဆိပ်ရှိသော အဏ္ဏဝါကိုက်လို့သေတဲ့သတင်း ဖတ်လိုက်ရတယ်။

ဒီအချိန်မှာ တပည့်တော်တို့ ထိုင်း–မြန်မာနယ်စပ်မြို့ကလေးတစ်မြို့ကို ရောက်နေကြပြီ။

ဂျွန်ကြီးနဲ့ တပည့်တော်တို့နှစ်ဦးဟာ အသေဆိုးနဲ့သေရတဲ့ ခေါင်းဆောင်ပြောင်းတို့အကြောင်းပြောပြီး ကြက်သီးထခဲ့ရတယ်။

"ဝရဇိန် ..."

"ဘာတုံး ... ဂျွန်ကြီး"

"ပြောင်းတိုကိုကိုက်တဲ့ မြွေကြီးက ဘယ်ကနေရောက်လာတာတုံးဟင်"

"မသိဘူး။ ဒါ တောကြီးမြွေဟောက်မျိုးပဲ။ အညှိုးကြီးတယ်"

"ဟို ... ဟို ..."

"မင်း ဘာဖြစ်နေလဲ ဂျွန်"

"ဟို ... ဟို ... တောနက်ထဲက ဘုရားစောင့်မြွေများလား မသိဘူးနော်"



www.burmeseclassic.com

www.burmeseclassic:com



"မဖြစ်နိုင်ပါဘူးကွာ"

"အေးလေ ... တစ်ခုတော့ ကောင်းသွားတာပဲ ဝရဖိန်"

"ဘာကောင်းတာတုံး ဂျွန်"

"ပြောင်းတိုက မင်းနဲ့ငါ့ကို မယုံဘူး။ သူ့ကိုသတ်ပြီး ဒီရွှေဘုရား၊ စိန်ဘုရားကို ငါတို့မောင်ပိုင်စီးမယ်လို့ ထင်ထားတာ။ ခုတော့ သူမရှိတော့ဘူး။ သူမရှိတော့ မင်းနဲ့ငါနဲ့ နှစ်ယောက်ပဲ ဒါကိုရောင်းပြီး ဝေယူကြတာပေါ့။ ဟုတ်လား ..."

"ဒါပေါ့ ...။ မင်းလည်း ငါ့ကိုမပတ်နဲ့ပေါ့ ဂျွန်"

"မင်းကလည်းကွာ ... ရှိတာမှ နှစ်ယောက်ဥစ္စာ။ ပတ်ရမလားကွ"

"ခြောက်လုံးပြူးက မင်းကိုင်မှာလား ဂျွန်"

"ငါကိုင်မှာပေါ့။ မင်းက ပစ်ရင် လက်တည့်လို့လား"

"အေး ... ကိုင် ... ကိုင်။ ငါ့ကိုတော့ အဲဒီလက်နက်နဲ့ မချိန်းခြောက်နဲ့"

"စိတ်ချ"

နယ်စပ်ကိုရောက်မှ ကျွန်တော်တို့ စျေးသုံးဖို့ ပိုက်ဆံပြတ်ပါရော။ အသိအကျွမ်းလည်းမရှိ၊ ရှိတဲ့ရွှေဘုရားလည်း လူတိုင်းမပြရဲဘူး။ တော်ကြာ ကိုယ့်သတ်ပြီး ပစ္စည်းယူသွားရင် ဆုံးရော။

ထိုင်းနိုင်ငံသား ဝယ်လက်ရှိတဲ့နေရာကို စုံစမ်းတော့ ဝယ်လက်က တစ်ပတ်မှတစ်ခါ နယ်စပ်အရောင်းအဝယ်နေရာကို လာလေ့ရှိတယ်လို့ သိရတယ်။

စောင့်ရဦးမှာပဲ။

အရေးကြီးတာ စျေးသုံးဖို့ ငွေလိုနေတာပဲ။

"ဝရဖိန် ..."

"ဘာတုံး ... ဂျွန်ကြီး"

"ငါတို့ ခရီးစရိတ်နဲ့ စားရေးနေရေး ငွေလိုနေပြီ"





"ဘာလုပ်မလဲ"

"ငါတို့ ဟိုဘက်နိုင်ငံထဲကို ရောက်အောင်သွားရမှာ။ ဒီတော့ ဘုရားနဖူးက ကျောက်တစ်လုံးကို ဖြုတ်ရောင်းရမှာပဲ"

"မလုပ်ပါနဲ့ ...။ လက်ရာပျက်သွားရင် စျေးကောင်းရမှာမဟုတ်ဘူး ဂျွန်"

"လစ်လပ်သွားတဲ့ကျောက်နေရာမှာ အခြားတန်ဖိုးနည်းကျောက်တစ်လုံး ကော်ကပ်ထည့်ပေးရင် ဘယ်သူသိမှာလဲကွာ"

"မလုပ်နဲ့၊ ဝယ်လက်က လူလည်တွေ။ သိသွားရင် ငါတို့ ဒုက္ခရောက်နိုင်တယ်"

"ဒါဆို မင်း ဝယ်လက်နဲ့မတွေ့မချင်း အငတ်ခံမှာလား။ အခန်းငှားခစရိတ် ဘယ်လိုပေးမှာလဲ။ မင်းမဖန်တီးနိုင်ရင် အသာနေ။ ငါကြည့်ပြီး စီစဉ်မယ်"

ဘယ်လိုမှ တားလို့မရဘူး။ ပြောလို့မရဘူး။

သည့်နောက် ဂျွန်ကြီးဟာ ခြောက်လုံးပြူးသေနတ်ကို ခါးကြားမှာထိုးပြီး ဓားမြှောင်ဓားဦးနဲ့ စိန်လုံးကို ထိုးကလော်နေတုန်းမှာပဲ ...

"ဒိုင်း ..."

"အား ... အ ... အ ..."

"ဟာ ... ဂျွန်ကြီး ... ဂျွန်ကြီး ..."

"ဝ ... ရ ... ဖိန် ... အ ... အ ... အား"

ပေါက်ကွဲသံကြားရော ဂျွန်ကြီး ထခုန်ပြီး ကြမ်းခင်းပေါ်မှာ လူးကျလဲလို့ အော်ဟစ်နေပါရောဘုရား။

ဘယ်လိုကံကြမ္မာဆိုးကြောင့်လည်းမသိဘူး ချက်ရှေ့မှာ ကပ်ထိုးထားတဲ့ ပြောင်းတိုခြောက်လုံးပြူးသေနတ်က မောင်းခလုတ်ပြုတ်ပြီး ဂျွန်ကြီးရဲ့ဆီးအိမ်နဲ့ ငယ်ပါကိုပါ ပေါက်ကွဲကြေမွသွားစေခဲ့တယ်။

သူ့ မျက်လုံးပြူးလူးလွန့်ရင်း အသက်ထွက်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ တပည့်တော်လည်း ရွှေဘုရားရုပ်တုကို ကောက်ယူလို့ လွယ်အိတ်ထဲ အဝတ်နဲ့လုံးထည့်ပြီး အိမ်ပေါ်ကနေ ပြေးရပါရော။

နောက်ဆုံး ရောက်ရာအရပ်မှာ ဒီရွှေဘုရားရုပ်တုကို ရတဲ့ဈေးနဲ့ရောင်းမယ်လို့ စဉ်းစားထားပေမင့် ...

လူစိမ်းများရှိရာအရပ်၊

ဝရမ်းပြေးများ၊ ထောင်ပြေးများရှိရာအရပ်မို့ ရဲရဲဖွင့်မတိုင်ပင်ရဲဘူး။ မပြောရဲဘူး။

အဲဒါ ရှေးဟောင်းပစ္စည်းရောင်းတဲ့ဆိုင်ကို လိုက်စုံစမ်းရင်း ...

ရန်ကုန်က ကုလားပွဲစားတစ်ဦးနဲ့တွေ့ပြီး တိုးတိုးတိုင်ပင်ရာက သူ့သူဌေးနဲ့ ဆက်ပေးမယ်ဆိုလို့ ရန်ကုန်ကို ပြန်ရောက်ခဲ့ရတယ်။

ရန်ကုန်ရောက်တော့ ကုလားသူဌေးတစ်ဦး ရောက်လာတယ်။

သူက ရန်ကုန်မြို့မှာ အကြီးစား ရှေးဟောင်းပစ္စည်းအရောင်းဆိုင်နဲ့ ရွှေတံ့သာလမ်းမှာ စိန်ရွှေရတနာဆိုင်ကြီးတစ်ဆိုင်ပါ ဖွင့်ထားတာကိုး။ အမုန်ဝယ်မှာက သူ့အစ်ကိုတဲ့။ သူက ဈေးဖြတ်တာပေါ့။

အဲဒီရွှေဘုရားရုပ်တုကိုပြပြီး ဈေးစကားပြောကြတော့ သိန်း (၃၀) နဲ့ ဆိုင်ဖြစ်သွားတယ်။ သန်ဘက်ခါနေ့ခင်း (၁၂) နာရီမှာ သူဌေးငွေလာချေမယ်လို့ ပြောသွားတယ်။

ဒါနဲ့ ပွဲစားကိုခင်မောင်မြင့် နေရာချပေးတဲ့ တိုက်ခံအိမ်မှာတည်း နေလိုက်တယ်။ စားရေးသောက်ရေးလည်း မပူရဘူး။ အချိန်တန်ရင် ထမင်းလာပို့တယ်။ လက်ဖက်ရည်၊ အရက် အစုံပေးထားတယ်။

အိမ်က လုံခြုံစိတ်ချရတယ်။

ကိစ္စဝိစ္စအောင်မြင်သွားရင် ပွဲစားကိုခင်မောင်မြင့်ကို ပွဲခသုံးသိန်းပေးရမယ်။ ဒါ နှစ်ဖက်သဘောတူညီချက်ပါပဲဘုရား။

✿ ✿ ✿

| ၃၃ |

## တစ်ထောင်တာမိုင်လေထုနဲ့ ရယူလို့ လောကြီးမိုးဝါးရမျှား

❑

ညဘက်လည်းရောက်ရော အလွန်ကို ထူးဆန်းတဲ့အိပ်မက်တစ်ခုကို မက်ပါရောဘုရား။ ဒီလို အိပ်မက်ဆန်းဆန်းပြားပြားမျိုး တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မမက်ဖူးပါဘူးဘုရား။

တပည့်တော်က ရောင်းစားမည့် ရှေးဟောင်းဘုရား စိန်ဘုရားရုပ်ပွားတော်ကို ခေါင်းရင်းမှာ ထားအိပ်ပါတယ်။ အိပ်ပေမင့်လည်း အိပ်လို့မပျော်ပါဘူး။ သူခိုးဝင်ခိုးမှာစိုးလို့ အိပ်ပျော်ရင်းက လန့်လန့်နိုးပြီး လက်နှိပ်မီးနဲ့ ထိုးထိုးကြည့်ရတယ်။

မှေးခနဲ ပြန်အိပ်ပျော်ချိန်မှာပေါ့ ...

တကယ့်ဖြစ်ရပ်မဟုတ်ဘူးနော်။

အိပ်မက် ...အိပ်မက် ...။ ဒါပေမင့် တကယ်ကိုမြင်နေရတာ အရှင်ဘုရားရယ်။ အလွန်ကို ချောမောလှပကြော့ရှင်းတဲ့ မိန်းမငါး



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါ။ ခေါင်းပေါ်မှာလည်း စည်းပုံလိုအဆောင်းတွေနဲ့၊ ဘောင်းစနစ်ဖက်လည်း ခေါင်းဘယ်ညာမှာချလို့၊ နတ်စိမ်းတွေလိုလိုပဲဘုရား။

ရင်ကိုလည်း ပဝါဖြူ၊ ပဝါနီ၊ ပဝါပြာ၊ ပဝါနက်၊ ပဝါဝါ အဆင်ကွဲကိုယ်စီနဲ့ ရင်စည်းထားတာပါဘုရား။

ဥစ္စာစောင့်လိုလို၊ နတ်သမီးများလိုလို ဘာမှန်းမသိရဘူး။

ချောလွန်းလှလွန်းလို့ တပည့်တော်ငေးပြီး ကြောင်ကြည့်နေမိတယ်။

နတ်သမီးတမျှ ချောမောလှပတဲ့ မိန်းမလှငါးဦးဟာ ရွှေဘုရား၊ စိန်ဘုရား ရုပ်ပွားတော်ကို ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပြီး ရှိုရှိုသေသေ ထိုင်ရှိခိုးနေတာကို မြင်ရတာပဲဘုရား။

''ဟုတ်ရဲ့လား ... ဒကာရယ်''

''အမှန်ပါဘုရား။ မလိမ်မညာဂါဘူးဘုရား''

''အင်း ...ဟို ,... ငါးယောက်များလားမသိဘူး။ ကဲ ...ကဲ ပြောပါဦး''

သူတို့ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ရှိခိုးနေချိန်မှာ ဘုရားခန်းထဲမှာ စောင်းသံကို ကြားရပြန်ပါရောဘုရား။

''စောင်းသံ ...''

''မှန်ပါ။ စောင်းသံက ခမ္မတေးစောင်းသံဘုရား။ ဟို ...ဟို .. 'ထူးမခြားနား'သီချင်းကြီးကို စောင်းနဲ့တီးနေသည့် အသံပါဘုရား။ စောင်းတီးနေသူက အဘိုးအိုတစ်ဦးပါဘုရား။

အဘိုးအိုက အဲဒီလို ဘုရားရောင်ခြည်တော်ဘွဲ့ကို တီးပြီး ပူဇော်ချိန်မှာပဲ ရွှေဘုရားရုပ်ပွားတော်ကနေ ရောင်ခြည်တော်ခြောက်သွယ် ... ဖြူ၊ နီ၊ ညို၊ ပြာ၊ စိမ်း၊ ဝါ ထူးဆန်းအံ့မခန်းတမျှ ထွက်ပေါ်လာလိုက်တာ ...

ဘုရားခန်း၊ အိပ်ခန်းတစ်ခုလုံး ရောင်စုံတိမ်စိုင်တိမ်အုပ်လေးတွေ လွင့်နေ ပြေးနေ ဖုံးနေသလိုပါပဲဘုရား။

ကြည့်နေရင်းမှာပဲ ...

စိတ်ကူးသစ်စာပေ



ရွှေဘုရား၊ စိန်ဘုရားရုပ်ပွားတော်က ရောင်ခြည်တော်များထွန်းပြူးပြီး မိုးကောင်းကင် ရောင်စုံရောင်ခြည်တိမ်များပေါ်မှာ ဈာန်နဲ့ကြွနေသလို မြင်ရတယ်ဘုရား။

ဟိုမိန်းမချောငါးယောက်ကလည်း တိမ်စိုင်တိမ်အုပ်များပေါ်မှာ လက်အုပ်ချီလျက်နဲ့ ကြွတက်မျောပါနေသလို ထူးထူးဆန်းဆန်း အံ့ဖွယ်ဖြစ်ရပ်ကို မြင်လိုက်ရပါတယ်ဘုရား။

ဒီလိုနဲ့ ထူးမခြားနား ဘုရားရောင်ခြည်တော်ဘွဲ့သီချင်းနဲ့ စောင်းသံလည်းဆုံးရော မိန်းမချောငါးဦးဟာ တပည့်တော်ရဲ့မျက်စိအောက်ကနေ တဖြည်းဖြည်း မှိန်ဝါးမှုန်ဝါး မှောင်ကျပြီး ပျောက်ကွယ်သွားပါတယ်ဘုရား။ ဒါနဲ့ ဘယ်များရောက်သွားပါလိမ့်လို့ ဟိုဒီလိုက်ရှာလိုက်ရော မီးတုတ်ကိုယ်စီကိုင်ထားတဲ့လူတစ်စု အိမ်ပေါ်တက်လာတာကို မမျှော်လင့်ဘဲ မြင်ရပါရော ဘုရား။

ရှေ့ဆုံးက ပိတ်ဖြူစင်ကြယ်ဝတ် အဘိုးအိုတစ်ဦး။

အသားက မည်းနက်နေတယ်။ သျှောင်တစ်စောင်းကို ပိုးပဝါပေါင်းထားတယ်။

သူ့နောက်မှာ ထွားထွားကျိုင်းကျိုင်း၊ ထိုးကွင်းမင်ကြောင်စေ့နေအောင် ဒူးကနေခါးအထိ ထိုးထားတာက ကြည့်လို့ အလွန်ရဲရင့်ပေ့ါ။

သူတို့က ကညင်ဆီမီးတိုင် ကိုယ်စီကိုင်ထားကြတာမို့ အခန်းတစ်ခုလုံးဟာ လင်းထိန်နေတယ်။

ပိုပြီး အံ့ဩဖို့ကောင်းတာက သူတို့နောက်လူစုပဲဘုရား။

ရှေးတုန်းက စစ်သူကြီးများ စစ်သူရဲများ ဝတ်ဆင်သကဲ့သို့ စစ်ဝတ်စစ်တပ်ဝတ်ထားတဲ့ မောက်တို၊ မောက်ရှည်နဲ့ လွယ်ဓားကိုယ်စီ၊ လှံကိုယ်စီကိုင်ထားတဲ့ လူနှစ်ဆယ်ခန့် အုပ်စုပါပဲဘုရား။

သူတို့က တပည့်တော်ကို စူးစူးရဲရဲ စိုက်ကြည့်နေကြတယ်။

သူတို့ကို တပည့်တော် မြင်ဖူးတယ်ဘုရား''

''ဘယ်မှာမြင်ဖူးတာတုံးဟဲ့''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားတို့ တောထဲမှာ ဘုရားတူးဖော်နေတုန်း မနီးမဝေးကနေ ပတ်ရုံစောင့်နေတာ အဲဒီရှေးခေတ်လူကြီးတွေပါဘုရား"

"ဟော . . . ကျားသားမိုးကြိုး"

"မင်းဟာက အိပ်မက်နဲ့တကယ်နဲ့ ရောနေသလား"

"ဆက်စပ်နေလို့ အံ့ဩရပါတယ်ဘုရား"

"အိမ်း . . . ဒါနဲ့ . . ."

အဲဒီမှာ အသားမည်းမည်း သျှောင်တစ်စောင်း၊ ပိတ်ဖြူစင်ကြယ်ဝတ် အဘိုးကြီးက . . .

"ဝရဖိန် . . ."

"ဘာလဲ"

တပည့်တော်လည်း ရိုင်းသွားပါတယ်ဘုရား။ ကိုယ့်ဘိုးအေအရွယ်ကြီးကို ဘာလဲလို့ ပမာမခန့် ပြောမိလိုက်ပါတယ်။ သူ့ကို ကိုယ်မသိပေမင့် သူက ကိုယ့်အမည်ကို တန်းသိနေလို့ပါကလား။

"မင်း ပြန်ပို့လိုက်တော့"

"ကျုပ်က ဘာကို ပြန်ပို့ရမှာလဲ အဘိုးကြီး"

"ဟောဟိုက ငါးထပ်ကြီးရွှေဘုရားရုပ်ပွားတော်ကို မင်းတို့ယူလာခဲ့သည့် ဘုန်းကြီးကျောင်းကို အမြန်ပြန်ပို့လိုက်ပါ . . . လူကလေး"

"အို . . . ဘာလို့ ပို့ရမှာတုံးဗျ။ ဒါ ကျုပ်နဲ့ထိုက်လို့ ကျုပ်လက်ထဲ ရောက်နေဦးစွာ။ ကျုပ်ပိုင်ပစ္စည်းဖြစ်သွားပြီ။ ခင်ဗျားက ဘာလဲ။ ဘယ်သူလဲ။ ဘယ်ကလဲ။ ခင်ဗျားနဲ့ ဘာဆိုင်နေလို့လဲ"

"မမိုက်ချင်နဲ့တော့ . . . လူကလေး။ ဒါ လူကလေးတို့ပိုင်တဲ့ ပစ္စည်းမဟုတ်ဘူး။ လူကလေးရဲ့ အမွေခံပစ္စည်းလည်းမဟုတ်ဘူး။ ဒီပစ္စည်းရဲ့ မူလပိုင်ရှင်အစစ်၊ အလှူရှင်အစစ်က မရွှေဂုဏ်၊ မရွှေအုံ၊ မရွှေသုန်၊ မရွှေမှုန်၊ မရွှေစုံတို့ ညီအစ်မငါးဦးရဲ့ ကောင်းမှုဒါနပဲ။

နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်ကို ရည်စူးပြီး လှူဒါန်းခဲ့တဲ့ဘုရား။ စေတီဌာပနာခဲ့တဲ့ ဘုရားရုပ်ပွားတော်ပဲ . . . လူကလေး။ မင်း





လည်း မပိုင်ဘူး၊ တို့လည်း မပိုင်ဘူး။ ရေမြေရှင် ရှင်ဘုရင်လည်း မပိုင်ဘူး။ အရိမေတ္တေယျဘုရားနဲ့ပဲ ဆိုင်သွားပြီ။

မူလအလှူရှင် မရွှေဂုဏ်တို့က ဝေမာနိကပြိတ္တာဘုံသားလို့ခေါ်တဲ့ အောက်နတ်ဘဝကို အကြောင်းအားလျော်စွာ အစွဲအလမ်းစိတ်ကြောင့် ရောက်နေကြတယ်။ အခု ဘဝဟောင်း၊ ဘဝသစ်က ဆွေတော်မျိုးတော်များထံ အကူအညီတောင်းခံပြီး သာသနာထပ်ပြုပေးဖို့ မြေကြီးသြဇာဘဝနဲ့ မြေကြီးတောထဲ မပျောက်ပျက်စေချင်လို့ သာသနာပြုပုံရမိရှင်ကိုရှာပြီး အကြောင်းအကျိုးဆက်ခဲ့ကြတာပါ။

ဒီလို သာသနာပြုပုံရမိရှင်များထံ ရောက်ရှိနေချိန်မှာ လူကလေးတို့ မလုပ်ကောင်း၊ မကြံစည်ကောင်းတဲ့ ကာယကံအမှု၊ ဝစီကံအမှု၊ မနောကံအမှုများကို ကျူးလွန်ခဲ့ကြတယ်။ မင်းတို့ ဘယ်လိုဘေးဆိုး၊ ဥပါဒ်ဆိုး ကြုံခဲ့ရသလဲဆိုတာကို လူကလေးလည်းသိတယ်။ ကြုံခဲ့ရတယ်။ သူတို့ မဟာအဝီစိငရဲကို ဖောက်ထိုးဆင်းရဦးမယ်။ လူကလေးလည်း မဟာအဝီစိငရဲကို ဖောက်ထိုးမဆင်းချင်ပါနဲ့လူကလေး . . .။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပစ်မှားစော်ကားရင် အဲဒီအပြစ်ဟာ ဘုရားတစ်ဆူပွင့်မှ၊ ကံကောင်းဦးမှ ကျွတ်ရဖွယ်ရှိတယ်။ အနှစ်သိန်းနဲ့ချီ ခံစားရမယ်။ လူကလေး ငရဲကို မသွားချင်ပါနဲ့။ နိဗ္ဗာန်မီးကောင်းကင်ကို မျှော်မှန်းပါ။ ဒါကြောင့် မီးလင်းရင် မူလနေရာကို ပြန်ပို့လိုက်ပါလို့ မေတ္တာရပ်ခံပါတယ်"

"မပို့ရင်ကောဗျာ"

"တောက် . . ."

"ဟင်း . . . ဟင်း . . ."

"တယ် . . ."

"ရှို . . . ရှို . . . ရှို . . ."

တပည့်တော်ရဲ့ပါးစပ်က ဒီလို ပမာမခန့်ပြောလိုက်ရော မီးတုတ်ကိုင် လူမည်းလူထွားကြီးတွေရဲ့ ပါးစပ်ကနေ တောက်ခတ်သံများမြိန်းထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသလို အံကြိတ်သံနှင့် မာန်ဖီသံများကို အကျယ်ကြီးကြားရတယ်။

ပိုခိုးသွားတာက နောက်က စစ်သူကြီးနဲ့ စစ်သည်တော်များပဲ။

သူတို့ ဓားအိမ်ကနေ ဓားဆွဲထုတ်လိုက်သည့်အသံဟာ မြားအစင်းများစွာ နားရွက်နားကဖြတ်သွားသလို မြည်သွားတယ်။

ဒါနဲ့အတူ ဓားရောင်ဖွေးဖွေးများက မီးရောင်အောက်မှာ ဝင်းလက်ပြိုးပြက်ဖြစ်သွားခိုက် ...

ပိတ်ဖြူစင်ကြယ်နဲ့ အဘိုးအိုက လက်ဝါးထောင် ကာပြလိုက်လို့ အားလုံး ပြန်ငြိမ်သွားကြတယ်။ ဒါနဲ့အတူ ဓားဆောင့်သွင်းသံနဲ့ လှံဆောင့်သံများကိုလည်း ကြက်သီးထဖွယ် ကြားရတယ်။

သူတို့အားလုံးရဲ့ မီးဝင်းဝင်းတောက် မျက်လုံးများအကြည့်များက တပည့်တော်ကိုယ်ကို ပြာကျသွားစေနိုင်တယ်လို့ ထင်မှတ်ရတယ်။

''ပို့ဖြစ်အောင်ပို့လိုက်ပါ ... လူကလေး။ အဘ မင်းရဲ့ကောင်းကျိုးကို ရှေးရှုပြီး မေတ္တာရပ်ခံရတာပါ''

''မပို့ရင် ဘာဖြစ်သွားနိုင်လဲဆိုတာ ပြောပါဗျ''

''လူကလေးရှေ့က ဒုက္ခရောက်သွားတဲ့ လူမိုက်တွေထက်မလျော့တဲ့ ဒုက္ခဆင်းရဲ၊ ဝဋ်ဆင်းရဲကို လူကလေး မုချမသွေ ကြုံရမယ်။ ပြီး ကံကြီးထိုက်လိမ့်မယ်။ အဲဒါ မြေကြီးလက်ခတ်မလွဲပဲ။ ကိုင်း ... အဘ တာဝန်ပြီးပြီ။ အားလုံးသွားစို့ဟေ့''

''ဝုန်း ...''

''တောက် ...''

နှုတ်ခမ်းမွေးကားကားနဲ့ လူမည်းခေါင်းတုံးနှစ်ယောက်က ခြေတစ်ချက်ဆောင့်၊ တောက်တစ်ချက်ခတ်လိုက်တာ အိမ်ကို သိမ့်သိမ့်တုန်သွားတာပဲ။ သည့်နောက် အဘိုးကြီးရဲ့နောက်ကနေ ခြေလှမ်းကျဲကြီးများနဲ့ လိုက်ပါရင်း မျက်စိအောက်ကနေ ပျောက်သွားကြပါရော။

မိုးလင်းတော့ ညတုန်းကမက်ခဲ့တဲ့ ထူးထူးဆန်းဆန်းအိပ်မက်ကို ပြန်စဉ်းစားတယ်။

---

စိတ်ကူးသစ်စာပေ



ဘယ်ကလူတွေလဲ။

မရွှေဂုဏ်၊ မရွှေအုံ၊ မရွှေသုန်၊ မရွှေမှုန်၊ မရွှေစုံဆိုတဲ့ အမည်ငါးမျိုးကို အဘိုးကြီးက ရွတ်ပြသွားတယ်။

ဒီအမည်တွေက သူတို့ရထားတဲ့ ဘုရားရုပ်တုရဲ့ မူလအလှူရှင်ဆိုတာ ပေရွက်တစ်ရွက်မှာ ဖတ်ဖူးတယ်။ သိုက်စာညွှန်း ပါလည်းပါတယ်။ ရွတ်ဖူးဖတ်ဖူးတယ်။

ဟို ... အဘိုးကြီးက ဘယ်သူတုံး။

မရွှေဂုဏ်တို့အဖေလား၊ အဘိုးလား။

သူတို့က ဘယ်လိုကနေ မိမိတို့အကြောင်းကို အပ်ချမတ်ချသိနေကြတာတုံး။ သူတို့က လူပဲလား၊ နတ်လား၊ ရုက္ခစိုးလား၊ သိုက်စောင့်တွေလား၊ ပုဂ္ဂိုလ်ထူးဆိုတာတွေလား ... မစဉ်းစားတတ်ဘူး။

အို ... ဒါတွေမယုံကြည်တာ အကောင်းဆုံးပါပဲ။

အရေးကြီးတာက ကိုယ့်ဘဝတစ်သက်တာ ချမ်းသာဖို့ပဲ အရေးကြီးတယ်။ တိုက်နဲ့ကားနဲ့၊ စားကောင်းသောက်ဖွယ်နဲ့၊ ဇနီးမယားချောချောလေးနဲ့ စမတ်ကျကျ နေသွားနိုင်ဖို့ အရေးကြီးတယ်။ မပူမပင်နေရဖို့ အရေးကြီးတယ်။

အားလုံးကို ... ခေါက် ...။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၄ ]

❑

အရက်ကို ဇိမ်နဲ့ထိုင်သောက်ရင်း ဝယ်လက်လာချိန်ကို မျှော်နေတုန်း အိမ်ရှေ့ကို ကားတစ်စီး ထိုးဆိုက်လိုက်တဲ့အသံ ကြားရတယ်။

မကြာဘူး ...

ပွဲစားကိုခင်မောင်မြင့်နဲ့ ဝယ်လက်အစစ်လို့ထင်ရသူ ကုလားဝဝခန့်ခန့်ကြီး ပေါင်းနှစ်ယောက် လက်ဆွဲအိတ်ဖောင်းဖောင်းကိုယ်စီနဲ့ အပေါ်ထပ်ကိုတက်လာကြတယ်။

"ကိုဝရဇိန် ..."

"ပြော ... ကိုခင်မောင်မြင့်"

"ဒါ ဝယ်လက်ရင်း သူဌေးဟူစိန်လို့ခေါ်တယ်"

"ဟုတ်ကဲ့ ... ကျွန်တော် ဝရဇိန်ပါသူဌေး။ ထိုင်ကြပါခင်ဗျာ"

"ဟိုတစ်နေ့က ချွန်နုပ်ရဲ့ညီ ရာဖြတ်ကြည့်ပြီး အကဲဖြတ်သည့်ဈေးကို နှစ်သက်ရဲ့လား ... ဘရားဆပ်"





"ကြိုက်ပါတယ် သူဌေး"

"ဒါဆို ဒီမှာ ငွေသားကျပ် သိန်းသုံးဆယ်ပါ။ ဘုရားဆပ်ရဲ့ ရွှေသားရုပ်တုကို ပြပါ ဆပ်"

သူက ငွေအိတ်ကြီးရဲ့ဇစ်ကို ဖွင့်ပြတယ်။ ရာတန်အုပ်တွေ အများကြီးကို တွေ့လိုက်ရလို့ ရင်ကို အေးသွားတာပဲ။

ဒါနဲ့ ကတ္တီပါအိတ်နဲ့ထည့်ထားတဲ့ ကျောက်စီရွှေသားရုပ်တုရှေးဟောင်းဘုရားရုပ်ပွားတော်ကို သူတို့ပြမလို့ အိတ်ဖွင့်ပြီး ကိုင်မ,ထုတ်လိုက်ရော ...

"အား ..."

"ဟာ ... ဟာ ... ဟေ့လူ ... ဘာဖြစ်လို့တုံး"

"ဟေ့လူ ... ကိုဝရဇိန် ဘာဖြစ်လို့တုံးဗျ"

သူတို့ကို ချက်ချင်း စကားပြန်မပြောနိုင်သေးဘူး။ ရွှေသားဘုရားရုပ်ပွားတော် လွတ်ကျသွားမှာစိုးလို့ စားပွဲပေါ် အမြန်တင်ချရင်း လက်ဝါးနှစ်ဖက်ကို ပါးစပ်နဲ့မှုတ်နေမိတယ်။

"ဟေ့လူ ... ဘာဖြစ်တာတုံး၊ ပြောစမ်းပါ"

"အာ ... ဘယ်လိုဖြစ်မှန်း မသိပါဘူးဗျာ။ အမလေး ... ပူ .. ပူ ... လိုက်တာဗျာ။ အား ..."

ဟိုနေ့တွေကလည်း ကိုင်နေကြပါဘုရား။ ဒီနေ့ အရောင်းအဝယ်ငွေချေမည့်နေ့ကျမှ ရုပ်ပွားတော်ကို လက်နှစ်ဖက်နဲ့ မ,ကိုင်ထုတ်ယူလိုက်ရော ...

ညာလက်တစ်ချောင်းလုံး မီးရဲရဲဖုတ်ထားသည့် သံတုံးသံခဲသံချောင်းကို ကိုင်မိလိုက်သလို ခံစားရပြီး အပူစီးကြောင်းများဟာ လက်ငါးချောင်းကနေ ဦးခေါင်းပေါ် ငယ်ထိပ်ထိအောင်ဆန်တက် ပူလောင်သွားလို့ လက်ထဲကရုပ်ပွားတော်ကို အမြန်ချလိုက်ရတယ်။

ဒီမှာ ဝယ်လက်သူဌေးဟူစိန်က စားပွဲပေါ်လွတ်ကျလုလုနဲ့ ထင်ထား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ရွှေသားရုပ်ပွားတော်ကို လိုချင်လောဘမျက်စိနဲ့ အလျင်စလို ကောက်ယူကိုင်လိုက်ရော ...

"အား ... မလေး ... အား ... ယိုး ... ယိုး ... အား ... ဘား ... ဘား ... ပူတယ် ... အား ... ပူလိုက်တာ ... သေပါပြီ ... အဘား ... ဘား ..."

ဝယ်လက်သူဌေး ကုလားဟူစိန်ဟာ လက်တစ်ချောင်းလုံး ပူလောင်သည့်ဒဏ်ကို မခံနိုင်လို့ ရွှေသားရုပ်ပွားဆင်းတုကို ပစ်ချပြီး လက်ကို ခါတယ်။ ပါးစပ်နဲ့မှုတ်တယ်။ ဘယ်လက်နဲ့ ပူနေသည့်ညာလက်ကို ထိန်းဆုပ်ကိုင်ရင်း ကြောက်ခမန်းလိလိအော်နေတော့တာပဲ။

"သူဌေး ... သူဌေး ... ဘယ်လိုဖြစ်တာတုံး သူဌေး"

"အား ... ဘား ... ဘား ... အား ... လား ... လား ... ပူလိုက်တာဗျာ။ အလ္လာအရှင်ရော ... ကာလီမယ်တော်ရော ... ကယ်တော်မူပါဗျာ ... အား ..."

"ပူလို့ ဟုတ်လား"

"အေး ... အေး ... အား ..."

တပည့်တော်နဲ့ ကုလားသူဌေးဟူစိန်တို့ ရုပ်ပွားတော်ကို လက်နဲ့ကိုင်ဆုပ်မိတာနဲ့ မီးကျီးရဲရဲသံတုံးကို ဆုပ်ကိုင်မိသလိုဖြစ်ပြီး လက်ဖဝါးမှာ မီးလောင်ဖုကြီးများ ထလာတာကို ကြည့်လို့ ပွဲစားကိုခင်မောင်မြင့် အရမ်းအံ့ဩနေတယ်။

"ဟုတ်ရဲ့လား သူဌေးရာ"

"အား ... တိရစ္ဆာန်ကောင်။ နင်မယုံရင် ကိုင်ကြည့်။ အား ... အား ..."

ဒီမှာပဲ ပွဲစားကုလားဒိန်ခင်မောင်မြင့် (ခေါ်) ဂျမားက မယုံလို့ စားပွဲပေါ် တုံးလုံးလဲနေတဲ့ ရွှေသားဆင်းတုကို ညာလက်နဲ့ကောက်ကိုင်လိုက်ရော ...

"အား ..."





"သေဟ ... သေ ... သေ ... ယုံပီလား"

"အားပါးပါး ... အားရားရား ... မယ်တော်ကြီး ... ကယ်တော်မူပါ"

ပွဲစားခင်မောင်မြင့်ရဲ့ ညာလက်ဝါးကနေ မီးခိုးတွေအူထွက်လာပြီး မီးမြိုက်မီးကင်ခံရသည့် အသားမီးလောင်နံ့ထွက်လာပြီး ပွဲစားခင်မောင်မြင့်ဟာ သူ့လက်ကို နီးရာသောက်ရေအိုးထဲနှစ်လို့ အပူဒဏ်သက်သာအောင် လုပ်ရင်း တုန်လှုပ်နေတယ်။

ဘုရား ... ဘုရား ...

အလွန့် အံ့ဩထိတ်လန့်ဖွယ်ရာပါပဲဘုရား။

တပည့်တော်တို့သုံးယောက်စလုံး ဘုရားရုပ်တုကို ကိုင်မိတာနဲ့ အသားကို မီးလောင်သွားတာ၊ ဝယ်လက်ကုလားသူဌေးနဲ့ ပွဲစားတို့ဟာ အလွန်ထူးဆန်းသည့် ဘုရားရုပ်တုကိုကြည့်လိုက်၊ မီးလောင်ထားတဲ့ သူတို့လက်ကို ကြည့်လိုက်နဲ့ ဘာလုပ်ရမှန်းမသိဘူး။

ဒီမှာ ပွဲစားခင်မောင်မြင့်က ရေတစ်ခွက်ခပ်ပြီး ဗုဒ္ဓရုပ်ပွားတော်ပေါ်ကို ပက်လိုက်ရော ...

"ရှဲ ..."

"ဟာ ..."

"အလို ..."

"အမလေးဟ ..."

ဘုရားရုပ်တုပေါ်ကို ရေထိသွားရော ရှဲခနဲအသံမြည်ပြီး ဝင်းခနဲ မီးလုံးတစ်လုံး ဝင်းလက်ပွင့်သွားတာကို မြင်ရတာနဲ့ တပည့်တော်တို့သုံးယောက် အမြန်ခုန်ပြီး နောက်ကိုဆုတ်လိုက်ကြတယ်။

အဲဒီအချိန်မှာပဲ ရယ်သံနက်နက်ကြီးတွေ ကြားရတာပါပဲဘုရား။

ရယ်သံများဟာ ...

အိမ်ခေါ်မိုးပေါ်ကနေ ရယ်လိုက် ...

ပြီး အိမ်ခေါင်းရင်းကနေ လူအုပ်လိုက်ဟစ်ပြီး ရယ်လိုက် ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူတွေလဲလို့ သိချင်လို့ ပြတင်းတံခါးဖွင့်ကြည့်ရင် …

ရယ်သံတွေက အိမ်အောက်ကနေ ကြမ်းခင်းကို လက်နဲ့တဘုန်းဘုန်းပုတ်ပြီး ရယ်ကြပါရောဘုရား။

လူလုံးလူယောင် မမြင်ရဘဲ အသံနက်နက် အက်အက်ကွဲကွဲ ရင်ခေါင်းသံနဲ့ရယ်လိုက်တဲ့ ရယ်သံတွေကို ကြားရရော တပည့်တော်တို့သုံးယောက် နေစရာရပ်စရာမရှိအောင် အံ့ဩကြောက်လန့်လာရောဘုရား။

တပည့်တော်လည်း ကြောက်လွန်းလို့ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထ ခေါင်းနားပန်းကြီးနေပြီ။ အဲဒီမှာပဲ ဝုန်းဒိုင်းနဲ့ အိမ်ကိုပုတ်သံ၊ ကြမ်းပြင်ကိုထုရိုက်သံ၊ အိမ်ကို ကိုင်လှုပ်သံများကြားရပြီး နှစ်ထပ်အိမ်ကြီးလျှော်လှုပ်သလို လှုပ်နေတာပဲဘုရား။

"အား … အား …"

"အမေ … အမေ …"

"အဘား … အဘား …"

သုံးယောက်သား ကြောက်လွန့်လွန်းလို့ ဘယ်ပြေးရမှန်းမသိဘူး။ ကြမ်းပြင်ပေါ် လေးဘက်ထောက်ပြီး 'အမေ … အဖေ' တနေရတယ်။

အဲဒီမှာ ကုလားသူဌေးနဲ့ ပွဲစားတို့ဟာ အိမ်ပေါ်မှာမနေရဲတော့ဘဲ အမြန်စုန်ချလို့ ကားပေါ်တက်ပြေးကြပါရော။

အိမ်ကြီးပေါ်မှာ တပည့်တော်နဲ့ ဗုဒ္ဓရုပ်ပွားတော်ပဲကျန်တယ်။ တပည့်တော်ကလည်း ဗုဒ္ဓရုပ်ပွားရွှေဘုရားကို စွန့်ပြီး မပြေးနိုင်ဘူး။

တုန်လှုပ်နေတုန်း အရဲစွန့် အကဲခတ်နေတုန်းမှာပဲ ခေါင်းပေါ်က ဆံပင်တွေပူပြီး မီးစွဲသလို အညှော်နံ့ရလာလို့ သောက်ရေအိုးထဲကရေနဲ့ ခေါင်းပေါ်လောင်းချပြီး အပူမီးကို ငြိမ်းသတ်ရတယ်။

သည်မှာ အိပ်မက်ရှင်အဘိုးအိုရဲ့စကားကို နားထဲမှာ ကြားနေရတယ်။

"မူရင်းနေရာကို ပြန်ပို့လိုက်"

"မင်းက မူလပိုင်ရှင်မဟုတ်ဘူး"





"ဘုန်းကြီးကျောင်းကို ပြန်ပို့လိုက် လူကလေး"

"မပို့ရင်ကောဗျာ"

"မပို့ခဲ့ရင်၊ အလွဲသုံးစားပြုလုပ်ခဲ့ရင် မင်းရှေ့ကလူတွေ ဖြစ်ခဲ့ကြုံခဲ့သည့်အတိုင်း ကြမ္မာဆိုးနဲ့ ကြုံရလိမ့်မယ်"

ဝတ်ဖြူစင်ကြယ်အဘိုးအိုရဲ့ ဆုံးမသတိပေးစကားက နားထဲမှာပဲတင်ထပ်နေတယ်။

ဒါနဲ့အတူ ဝုန်းဒိုင်းကြဲဆူညံသံနဲ့ အသံနက်နက်ရယ်သံများကိုလည်း နားကွဲမတတ် ကြားနေရတယ်။

တပည့်တော် ရူးများ သွားပလား။

အမြင်ပဲ မှောက်နေသလား။

ကြောက်စိတ်နဲ့ ဦးနှောက်ပျက်သွားတာလား မသိဘူး။

မျက်လုံးထဲမှာ ဓား၊ လှံ၊ လေးမြားနဲ့ လူတွေကို မြင်နေရတယ်။ သူတို့ဟာ တပည့်တော်ရှိနေတဲ့အိမ်ကြီးကို ဝိုင်းထားပြီး လက်နက်တွေနဲ့ ချိန်လို့ အော်ဟစ်ရယ်မော ကြိမ်းဝါးနေကြတယ်။

ဒါနှင့်အတူ …

ဘုရားတပည့်တော်မျက်လုံးထဲမှာ အိမ်ပြင်ကို တင်းဘုတ်နဲ့ တဝုန်းဝုန်း တဒိုင်းဒိုင်းထုနေတဲ့ လူကြီးကို မြင်လိုက်ရပြီး လူဟာ ကြက်သေသေသလို ဖြစ်သွားရတယ်။

အိမ်ကြမ်းပြင်နဲ့ နံရံကို တင်းဘုတ်နဲ့ထုနေတာ လူမဟုတ်ဘူး ဘီလူးနှစ်ကောင်။ ဘီလူးနှစ်ကောင်က ဒေါသအရမ်းကြီးနေပုံပဲဘုရား။

ဘုရားတပည့်တော်ရဲ့ ရင်ထဲကို ကြောက်စိတ်တွေ စိုးမိုးလာပြီး သွေးပျက်လုနီးနီး စိတ်တွေ ချောက်ချားချင်သလို ဖြစ်လာပြီး …

ငါ. ဘာလုပ်ရမလဲ။

ရွှေဘုရားကို ကောက်ယူပြီး ထွက်ပြေးရမလား။

ရွှေဘုရားကလည်း အခုကိုင်ရင် ငရဲမီးလို ပူနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေဘုရားကိုယူပြီး ပြေးရင်ကော အိမ်ပတ်ပတ်လည်ဝိုင်းထားတဲ့ ရွှေခေတ်စစ်သားများနဲ့ လူကြမ်းလူမည်းကြီးများကို ထိုးဖောက်ပြီး ပြေးလို့ ရမှာလား။

ဟို ဘိလူးနှစ်ကောင်ကလည်း အိမ်ကိုဖြိုနေတာ။ မကြာခင် အိမ်ပြိုတော့ရင် တိုက်ပိသေရတော့မယ်။

ပြေးဖို့လို့ကလည်း ထွက်ပေါက်လုံးဝမရှိဘူး။

အိပ်မက်ရှင် ဝတ်မြူစင်ကြယ်အဘိုးအိုရဲ့ သတိပေးစကားသံတွေ ကလည်း နားဝမှာ ဝေ့ဝဲနေတယ်။

"မှုရင်းနေရာကို ပြန်ပို့လိုက်"

"မင်း ပိုင်ရှင်အစစ်မဟုတ်ဘူး"

"ပိုင်ရှင်အလှူရှင်အစစ်က မရွှေဂုဏ်တို့ ..."

"ဘုန်းကြီးကျောင်းကို ပြန်ပို့လိုက် လူကလေး"

"မပို့ရင် ...ကြမ္မာဆိုးနဲ့ ကြုံရလိမ့်မယ်"

နောက်ဆုံး ခံစားနေရသည့်ဝေဒနာနဲ့ ကြောက်စိတ်လန့်စိတ်များ ကို အံ့ကြိတ်မာန်တင်းခံလိုက်ရင်း ...

စားပွဲပေါ်က ရွှေဘုရားဗုဒ္ဓရုပ်တုကို ဒူးထောက်ပြီး ရှိရှိသေသေ ဦးကုန်းချ ရှိခိုးလိုက်တယ်။

"အရှင်မြတ်ဘုရား ..."

"ဘုရားတပည့်တော် ...အရှင်မြတ်ဘုရားကို မပြစ်မှားတော့ပါ ဘူးဘုရား။ အရှင်မြတ်ဘုရားရဲ့ ရွှေသားရုပ်တု စိန်ဘုရား၊ မြဘုရားကို ထုခွဲရောင်းချခြင်း၊ ကိုယ်ကျိုးအတွက်အတွက် အသုံးပြုခြင်း လုံးဝမပြုလုပ် တော့ပါဘူး ...ဘု ...ရား။

ဘုရားတပည့်တော် ...ကြောက်လန့်ကြီးစွာဖြင့် နောင်တအမှား မှန်း သိရပါပြီဘုရား။ ဒါကြောင့် အိပ်မက်ရှင်အဘိုး သူတော်ကောင်းကြီး များ ညွှန်ကြားသည့်အတိုင်း မူလခိုးတိုက်ယူခဲ့သည့် ဘုန်းတော်ကြီးကျောင်း





တိုက်ကို ပြန်ပို့မှာမို့ ဤဒုက္ခဆင်းရဲ ဝဋ်ဆင်းရဲဝေဒနာများအား ရပ်တန့် ဖယ်ရှားပေးတော်မူပါ အရှင်မြတ်ဘုရားနှင့် အပိုင်အဆိုင် အစောင့်အရှောက် ပုဂ္ဂိုလ်အပေါင်းတို့ဘုရား"

ပါးစပ်က အဲဒီလိုပြောပြီး ဦးအကြိမ်ကြိမ်ချ ရှိခိုးကန်တော့လိုက် ရော အံ့သြစရာကောင်းလိုက်တာဘုရား။

အသံနက်ကြီးများနဲ့ ခေါ်ဟစ်ရယ်မောနေသည့်အသံတွေ တဖြည်း ဖြည်း ငြိမ်ကျသွားတယ်။

ပြီး အိမ်ကို တင်းဘုတ်နဲ့ စိတ်ကြိုက်ထုနက်ဖြိုနေတဲ့ ဘိလူးနှစ် ကောင်လည်း ထုနက်တာကို ချက်ချင်းရပ်ပစ်လိုက်တယ်။

အိမ်ကိုဝိုင်းရံထားတဲ့ လူမည်းသိုးကွင်းကြီးများနဲ့ ရှေးစစ်သားများ ဟာ လက်နက်များကိုချပြီး ရွှေသားရုပ်ပွားတော်ကို မြေပြင်ဒူးထောက်ပြီး ရိုသေစွာ ရှိခိုးနေတာကို တပည့်တော် အံ့ဖွယ်သနန်း မြင်ရတာပါပဲဘုရား။

အိပ်မက်မဟုတ်ဘူးဘုရား။

တပည့်တော်မျက်လုံးနဲ့ အထင်အရှားမြင်နေရတာ။

တစ်ယောက်တည်း မြင်နေရတာပါ။

အဲသည့်နောက် အားလုံးက မျက်စိရှေ့မှောက်ကနေ တဖြည်းဖြည်း မှိန်ဝါးပျောက်ကွယ်လို့ သွားကြပါရောဘုရား။

အခု အိမ်မည်းကြီးပေါ်မှာ တပည့်တော်နဲ့ ရှေးဟောင်းရွှေသား ရုပ်ပွားတော်မြတ်ပဲ ရှိပါတော့တယ်။

တပည့်တော် ယတိပြတ်ဆုံးဖြတ်ပြီးပါပြီ။

ဒီရှေးဟောင်းဘုရားဟာ အလွန့်ကိုတန်ဖိုးကြီးသည့် ဘုရားရုပ် ပွား။

အစောင့်အရှောက်များရံနေသည့် ရုပ်ပွားတော်မြတ်ပါ။

ဒီရုပ်ပွားတော်ကို ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးနဲ့ ပြစ် မှားလို့မရဘူး။ ပြစ်မှားကျူးလွန်မိသည်နှင့် ဒုက္ခဆိုး ကြမ္မာဆိုး၊ ဘေးဆိုး ဆိုးနဲ့သေရတာကို ကိုယ်တွေ့ကြုံခဲ့ရပါပြီဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် တန်ခိုးကြီးလွန်း၊ အစောင့်အရှောက်များလွန်းတဲ့ ထူးခြားဆန်းကြယ် ရွှေပောင်းရွှေသား ငါးထပ်ကြီးရုပ်ပွားတော်ကို မူလကျောင်းရှိရာအရပ်ပြန်ပို့ပြီး အမှားကို ဝန်ချတောင်းပန်လို့ ပေးဆပ်မှုအပြစ်ဒဏ်ကို လိုလားစွာ ခံစားပါ့မယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ ...

ဗုဒ္ဓရုပ်ပွားတော်ကို ပိုက်လို့ အရှင်ဘုရားရဲ့ ကျောင်းဝိုင်းရှိရာကို ရောက်ခဲ့ရပါတယ်ဘုရား။

အဲဒီမှာ နောက်ဆုံး မြေမျိုသကဲ့သို့ ခံစားရပြီး ခြေလှုပ်မရ၊ လက်လှုပ်မရနဲ့ အပြစ်ရဲ့နောက်ဆက်တွဲအကျိုးကို ခံစားနေရတုန်း အရှင်သူမြတ်ဘဘုန်းဘုရားရဲ့ သစ္စာအဓိဋ္ဌာန်၊ မေတ္တာအဓိဋ္ဌာန်ကြောင့်လည်းကောင်း ..

အပိုင်အဆိုင်အစောင့်အရှောက်များရဲ့ ခွင့်လွှတ်မှုကြောင့်လည်းကောင်း ...

ဘုရားတပည့်တော်ရဲ့ အပြစ်ဝန်ခံမှုကြောင့်လည်းကောင်း ...

ခြေရောလက်ရော လှုပ်လို့ရပါပြီဘုရား။

ဒေါ်ရွှေဂုဏ်တို့ကောင်းမှုတော် ရွှေသားရုပ်ပွားတော်ကို တပည့်တော် လူမိုက် ပြန်လည်အပ်နှံခဲ့ပါပြီဘုရား။

ဘုရားတပည့်တော်ကို ဒေါသရဲ၊ လောဘရဲ၊ မောဟရဲ၊ လောကရဲရဲ့ ပင်ပန်းဆင်းရဲခြင်းမှ ကယ်မတော်မူပါဘုရား။ ဟီး ... ဟီး ဟီး ...''

လူမိုက်ဝရဖိန်ဟာ သူတို့ကြုံခဲ့ရတဲ့ မိုက်ပြစ်ဇာတ်ကြောင်းအစုံကို ရင်မသည်းဖို့ ပြောဆိုရှင်းပြပြီး ချုံးပွဲချလို့ ငိုလေရဲ့။

''အေးလေ ... အမှားကို အမှားမှန်းသိတာ မလွန်သေးဘူး။ အပြစ်ကို အပြစ်မှန်းသိတာလည်း မလွန်သေးဘူး။ ဟီရိဩတပ္ပ–ရှက်ရမှန်း၊ ကြောက်ရမှန်းသိလို့ ဝန်ချတောင်းပန်ရင် တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဇာတသတ်ဘုရင်ကိုတောင် အမြင်မှန်ရသူလို့ ဆိုခဲ့မဟုတ်လား။

စိတ်ကူးသစ်စာပေ



ဒကာကြီး ... အခု ဒကာကြီးလည်း လောကရဲ၊ ဒေါသရဲ၊ လောဘရဲ၊ မောဟရဲကို လက်ငင်းတွေ့ကြုံခံစားခဲ့ရပြီပဲ။ အဇာတသတ်မင်းကြီးဟာ ဘုရားရှင်နဲ့တွေ့ပြီးနောက် သူ့အပြစ်ကိုဝန်ခံပြီး ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်သူ ဆည်းကပ်သူဖြစ်သွားခဲ့တယ်။ သာသနာပြုမင်း ဖြစ်သွားခဲ့တယ်။ ဒကာကြီးလည်း တရားဥပဒေရဲ့ စီရင်မှုကိုနာခံပြီးရင် ကိုယ့်ဘဝရှေ့ရေးအတွက် ကောင်းမှုကုသိုလ်များများလုပ်၊ ဝိပဿနာများများလုပ်။

အဇာတသတ်မင်းကြီးတောင် အဖကိုသတ်ခဲ့သူဖြစ်ပါသော်လည်း ရတနာမြတ်သုံးပါးကို ယုံကြည်ဆည်းကပ်ပြီး လုပ်ကျွေးခဲ့တယ်။ ဘုရားသာသနာကို ပြန့်ပွားအောင် လုပ်ခဲ့တယ်။ ဒါကြောင့် အဝီစိငရဲက လွှဲဖယ်ပြီး လောဟကုမ္ဘီငရဲငယ်ကိုပဲ သက်သာစွာ ကျခဲ့ရတယ်။ ဒါကလည်း ကံ၊ ကံရဲ့အကျိုးကို ကံပြုသူခံစားရတာပဲကိုး။ ကောင်းကံပြုသူကျတော့ ကောင်းကံကျိုး ခံစားရတာပဲပေါ့။

ကိုင်း ... ဒကာကြီးရဲ့ရောဂါကို ဘုန်းကြီးပျောက်ကင်းအောင် ကုသပေးပါမယ်''

ဘုန်းတော်ကြီး အရှင်ရက္ခိတနှင့် ကပ္ပိယကြီး ဖိုးသန်းခေါင်တို့ ရပ်ရွာလူများဟာ ထူးခြားစွာ ပြန်လည်ရောက်ရှိလာခဲ့တဲ့ ရွှေပောင်းရွှေဆင်းတုရုပ်ပွားကို ကြည်ပြီး ကြည်ညိုအံ့ဩ ဖူးလို့မဝ ဝမ်းသာကြလေရဲ့။

ဒါနဲ့အတူ နောင်တရှင် ဝရဖိန်ကိုလည်း ဆေးဝါးများကုသပေးပြီး အပြစ်မှုလျှော့ပေါ့ရအောင် ဘုန်းကြီးကိုယ်တိုင် သက်ဆိုင်ရာကို ပြောဆိုအပ်နှံပေးခဲ့လိုက်တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၅ |

## အရှင်ငါးယောက် အေးအေးတော်တော့နေ

❑

လူဆိုးဓားပြများ လုယက်ယူငင်သွားတဲ့ ရွှေဟောင်း ရွှေဘုရား ရုပ်တုတော်မြတ် ပြန်လည်ရောက်ရှိလာပြီဆိုတဲ့သတင်းကို ကြားကြရော ..

ဘုရားဖူးပရိသတ်တွေ ဘုန်းကြီးကျောင်းဝိုင်းထဲမှာ နေ့ရောညပါ ဖူးလာလိုက်ကြတာ အုတ်အော်သောင်းတင်းပဲ။

ဆရာတော်နဲ့ ဂေါပကအဖွဲ့ကလည်း ဝမ်းသာလွန်းလို့ နေ့စဉ် သက်သတ်လွတ်ထမင်း လာသမျှပရိသတ်ကို ကျွေးတယ်။

ရုပ်ပွားလည်း ပြန်ရပြီ။

စေတီလည်း တည်မည်ဆိုလို့ လှူလိုက်ကြတာလည်း သောက်သောက်လဲ။

မူလတုန်းကတော့ ဒေါ်ရွှေဂုဏ်တို့ကောင်းမှုတော် ရွှေဘုရားကို ဂန္ဓကုဋိတိုက်ခန်းနဲ့ အများကြည့်ရှုဖူးမြော်ရန် စီမံဆောင်ရွက်မည်လို့ အစီအမံရှိပါသော်လည်း ...





ဟောဒီလူ့လောကမှာ ...

လူကောင်းတွေလည်းရှိတယ်။

မကောင်းတဲ့ လူဆိုး လူသွမ်းတွေလည်း ရှိနေတယ်။

ရိုးသားသူလည်းရှိတယ်။

မရိုးသားသူလည်းရှိတယ်။

နိဗ္ဗာန်ကို မျှော်မှန်းသူ လျှောက်လှမ်းသူလည်း ရှိနေတာပဲ။ ဘုရားရဟန္တာ မဖြစ်ကြသေးသမျှ အာသဝေါတရား မကုန်သေးသမျှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မဖြစ်သေးသမျှ ...

လောဘအရောင် တောက်နေဦးမှာပဲ။

ဒေါသအရောင် ရင့်မာနေဦးမှာပဲ။

မောဟအရောင် ဖုံးပိတ်မှောင်နေကြဦးမှာပဲ။

လောကကြီးက ဆန့်ကျင်ဘက်တရားတွေနဲ့ တည်ရှိနေတဲ့ လောကကြီး။ အပူနဲ့အအေး၊ အလင်းနဲ့အမှောင်၊ အနိမ့်နဲ့အမြင့်၊ အဝိဇ္ဇာနဲ့ဝိဇ္ဇာ၊ မေတ္တာနဲ့အမုန်း၊ အပြုံးနဲ့အမဲ့၊ အချိုနဲ့အခါး၊ အရှေ့နဲ့အနောက် ဆန့်ကျင်ဖီလာရှိနေကြတာပဲ။

ပစ္စည်းဥစ္စာတစ်ခု တန်ဖိုးအနည်းထိုက်တန်သည်လို့သိလျှင် လောဘငရဲကို ဥပေက္ခာပြု နောက်ကျောခိုင်းပြီး အမိုက်တိုက်ကို တိုးချဲ့ကြတာပဲ။

ဒါဆို ငရဲတောမှာ လူနေကြပ်တော့မယ်။

ဒါကြောင့် အဖိုးတန် စိန်ဘုရား၊ ရွှေဘုရားကို ဖူးမြော်ခံတိုက်နဲ့ ထားဖို့ အစီအစဉ်ဖျက်လိုက်ရတယ်။ လုံခြုံရေး စိတ်မချရဘူး။ အများသဘောတူ စေတီတော်ရဲ့အတွင်းတော် ဌာပနာတိုက်မှာ ထည့်သွင်းမြှုပ်နှံပူဇော်ကြမည်လို့ ဆုံးဖြတ်လိုက်ကြတယ်။

အဲဒီအချိန်မှာပဲ ...

အရှင်ငါးယောက်ဟာ သေငယ်ဇောနဲ့ မြောနေတဲ့ ထွန်းခြစ်ရဲ့အိမ်ရှေ့မှာ ထူးထူးဆန်းဆန်းကခုန်နေတဲ့သတင်း ကျောင်းကိုရောက်လာပါရောဘုရား။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ကပ္ပိယတို့၊ ချစ်မိုးကြီးတို့၊ ရွှေဘ၊ တင်ညွန့်တို့အုပ်စု သွားပြေးကြည့်ရော ...

ဟုတ်ပခင်ဗျာ ...

ဘုရားပါသွားပြီးနောက် မကြာခင် ကျောင်းကိုရောက်လာတဲ့ အရူးငါးယောက်ပါဗျာ။

ကြည့်စမ်း ...

အရူးငါးယောက်ဟာ လက်ချင်းချိတ်ပြီး ထွန်ခြစ်နဲ့ မသိန်းမြစ်တို့ အိမ်ရှေ့မှာ ပျော်ပျော်ပါးပါး ဝိုင်းပတ်ကနေကြတာ ...

ပါးစပ်က တဘောင်သီချင်း သံချပ်သီချင်းတွေ ရွတ်ဆိုလို့။

"ရွှေဟောင်းဘုရား ... ရေသောက်ငြား ...

အရူးရောဂါပျောက်လိမ့်မည်"

"ဟုတ်ပါပေ့ ... မှန်ပါပေ့ ... ကျိမ်းတပ်တပ် ကျိမ်းတပ်တပ်"

"ပေါ်တော်မူဘုရား ... မပြစ်မှားနှင့် ... ပြစ်မှားသည့်လူ ...

အပါယ်ပူ ... နေဆယ်ရူလို ပူလိမ့်မည် ..."

"ဟုတ်ပါပေ့ ... မှန်ပါပေ့ ... ကျိမ်းတပ်တပ် ကျိမ်းတပ်တပ်"

အလို ... သူတို့က လက်ချိတ်ဝိုင်းပတ်ပြီး သံချပ်ထိုးနေကြတာကိုး။ လူအုပ်ကြီးကလည်း ဝိုင်းကြည့်လို့။ လူမမာထွန်ခြစ်ရဲ့မိန်းမ မသိန်းမြစ်ကတော့ စိတ်ညစ်ပြီး သူ့လင်အနီးမှာ ငိုနေတယ်။

"ဘုရားရေသောက် ... အရူးပျောက် ...

သေလောက်သူတောင် ကောင်းလိမ့်မည်ဟေ့"

"မှန်ပါပေ့ ... ဟုတ်ပါပေ့ ... ကျိမ်းတပ်တပ် ကျိမ်းတပ်တပ်"

"ဘုရားရေသောက် ... အရူးပျောက် ...

သေလောက်သူပင် ရှင်လိမ့်မည်ဟေ့ ..."

"တိုက်ဆိုရင် မြန်မြန်တိုက် ... သောက်ဆိုရင် မြန်မြန်သောက်"

"ကျိမ်းတပ်တပ် ကျိမ်းတပ်တပ်"





ထူးဆန်းနေတယ်။ အရူးငါးယောက်က ဒီသံချပ်များကို ထပ်ကာတလဲလဲထိုးနေတယ်။ နောက်တစ်ခု ဒီအရူးတွေကို ဒီအရပ်မှာ တစ်ခါမှ မမြင်ဖူးဘူး။

ဘယ်အရပ်က အရူးတွေလည်းမသိဘူး။

အရူးထွန်ခြစ်ကိုသိတယ်လို့ တစ်ခါပြောသွားဖူးတယ်။

ဘုန်းကြီးဦးရက္ခိတ သူတို့ဆိုနေတဲ့ သီချင်းသံချပ်တဘောင်ရဲ့ စာသားကို အနုလုံ ပဋိလုံ စဉ်းစားတယ်။

အခု သေကောင်ပေါင်းလဲဖြစ်နေသည့် ထွန်ခြစ်ဟာ တစ်ချိန်တုန်းက အရူးစိတ်မနှံ့သူပဲ။ အဲဒါ ပေါ်တော်မူဘုရားကို ကပ်တဲ့ စွန့်တော်ကျ သောက်ရေကိုသောက်ပြီးနောက်ပိုင်း အရူးရောဂါ၊ စိတ်နောက်ရောဂါ ပျောက်သွားတာ ဘုန်းကြီး မျက်မြင်ကိုယ်တွေ့ပဲ။

နောက်တစ်ချက် ...

ရွှေဟောင်းပေါ်တော်မူ ရွှေဘုရားကို လုယက်ပြစ်မှားသွားတဲ့ လူဆိုးမားပြသုံးယောက်။

သူတို့သုံးဦးစလုံး အသေဆိုး၊ အဖြစ်ဆိုးနဲ့ ကြုံရပြီး ဘဝနိဂုံးချုပ်သွားကြတယ်။

အဲဒါ ဘုန်းကြီးကြားဖူးတဲ့ တဘောင်နိမိတ်ရဲ့ လက္ခဏာပဲ။

အခု သည်တဘောင်အဆန်းတွေကို ပြန်ကြားနေပြန်ပြီ။

ဒါလည်း နိမိတ်ထူးပဲ။

အရူးစကား၊ ကလေးစကား၊ သဘင်သည်စကားတဲ့။ သည်သုံးယောက်စကား အလေးအနက်ထားရမယ်တဲ့။

ဘာတဲ့ ...

'ဘုရားရေသောက် ... အရူးပျောက် ... သေလောက်သူပင် ... ရှင်လိမ့်မည်' တဲ့။

ဟုတ်ပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



ငါ့တပည့်မောင်ထွန်းခြစ်ဟာ ဘဝကူးရတော့မယ်။ သူဟာ ဆိုးခိုး တိုက်ခိုက်ရင်း ဒဏ်ရာရလို့ အသေဆိုးနဲ့ ဘဝကူးရမှာမဟုတ်ဘူး။

သူ ယုံကြည်မြတ်နိုးအလေးထားတဲ့ ရှေးဟောင်းရွှေဘုရားလုယက်သွားတဲ့ လူဆိုးဓားပြများနောက်ကို ရဲရဲဝံ့ဝံ့လိုက်ရှာရင်း သေလုမျောပါးရခဲ့တဲ့ဒဏ်ရာဝေဒနာ . . .

ဟုတ်ပြီ။

ဟိုအရှုးငါးယောက်ရွတ်နေတဲ့ သံချပ်တဘောင်ဟာ ငါ့တပည့်ရဲ့ အသက်နဲ့ သူတို့အရူးငါးယောက်ရဲ့ဘဝကို ကယ်မည့် ဆေးညွှန်းသနေတ်ဆေး၊ သီကြားဆေး၊ ဘုရားဆေးပဲ။

ဘုန်းကြီး သည်လိုဆင်ခြင်သုံးသပ်မိသည်နှင့် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ကျောင်းရှိရာကို သုတ်ခြေတင်ခဲ့လိုက်တယ်။

သည့်နောက် . . .

ကျောင်းပေါ်က ရွှေတုရား စိန်ဘုရား ရုပ်ပွားတော်ရှေ့မှာ လက်အုပ်ချီလိုက်တယ်။

"ရွှေကိုယ်တော်မြတ်ကြီးဘုရား . . . စိန်ကိုယ်တော် ပတ္တမြားကိုယ်တော်မြတ်ကြီးဘုရား . . . ရှိသေစွာ လက်အုပ်ချီမိုး၍ လျှောက်ထားအပ်ပါသည်ဘုရား . . . ရောဂါဝေဒနာသည်းနေသည့် သူတောင်ကောင်း လူရွှယ်ရဲ့ရောဂါနှင့် ရတနာသုံးပါးကို ယုံကြည်အားကိုးနေရှာသည့် အရူးလူရွှယ်ငါးယောက်ရဲ့ရောဂါကို ကုသပေးလိုပါသဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ သောက်တော်ရေကို ဆေးညွှန်းသအဖြစ် ချီးမြှင့်စွန့်ပေးတော်မူပါဘုရား"

ဘုန်းကြီးဦးရက္ခိတဟာ သောက်တော်ရေခွက်ငါးခွက်ထဲက စွန့်ရေကို ဆေးရေအမှတ်နှင့် မောင်းထောင်ချိုင့်ထဲမှာထည့်ပြီး ရွှေဘုရားရုပ်ပွားတော်ကို ပိုက်လို့ ကျောင်းရှိ ရဟန်းလေးပါးပါခေါ်ပြီး ထွန်းခြစ်တို့အိမ်ရှိရာကို အမြန်လာခဲ့လိုက်တယ်။

"ဆရာတော်တို့ ကြွလာတယ်ဟေ့"

"ဘုန်းဘုန်းကြီးဘုရား ကြွလာတယ်။ လမ်းဖယ်ကြဟေ့"





ဘုန်းဘုရား ရွှေဘုရားကိုပိုက်လို့ ရေမောင်းထောင်ချိုင့်ကိုင်ပြီး ကြွလာတာကိုမြင်ရော အရူးငါးယောက် ကလည်းမကဘူး . . .

တဘောင်သီချင်းများကိုလည်း မဆိုကြတော့ဘူး။

အိမ်ထဲဝင်ငြိမ်ပြီး ဘုရားကို အာရုံပြုနေကြတယ်။

"ဟဲ့ . . . သိန်းမြစ်"

"ရှင် . . . အဘကပ္ပိယကြီး"

"နင့်အိမ်ကို ဘုန်းဘုန်းကြီးကြွလာပြီဟဲ့။ ဖျာအမြန်ခင်းစမ်းဟဲ့"

"ဟုတ် . . . ဟုတ်ကဲ့ရှင့်"

"ကြွပါဘုရား . . . ခေါင်းရင်းကို ကြွကြွပါဘုရား"

သိန်းမြစ်က ဖျာတစ်ချပ်ကို ခေါင်းရင်းဘက်မှာ ခင်းပေးလိုက်တယ်။ ဆရာတော် ဖျာပေါ်မှာထိုင်ရင်း သူ့တပည့်လူမမာကို လှမ်းကြည့်လိုက်တယ်။ ကျန်သံဃာများကလည်း သင့်ရာနေရာမှာ ထိုင်ကြတယ်။

ထွန်းခြစ်က သတိမရရှာဘူး။ ပက်လက်ဆန့်ဆန့်ကြီး။ အသက်တော့ မထွက်သေး။ ကိုယ်ငွေ့လေး ငွေ့ငွေ့ရှိနေဆဲ။

ဆေးရုံက လက်လျှော့လိုက်လို့ သူ့အသိ ရန်ကုန်သားစိန်မားမြှောင်ဆိုသူက အိမ်အရောက်လာပို့သွားခဲ့တာ။

ခုဆို တစ်ပတ်နီးပါးရှိခဲ့ပြီ။

ညဘက်ညဘက် သန်းခေါင်တိုင်လျှင် ခွေးတွေအူသတဲ့။

အိမ်မြှောင်လည်း စုတ်ထိုးသတဲ့။

အိမ်ခေါင်မိုးပေါ်ကတော့ မဟုတ်။ ဟိုးခပ်လှမ်းလှမ်းကနေ လင်ကောင်ပိုးငှက်ခေါ် ငှက်ဆိုးအော်သံထိုးသံကို ကြားရတိုင်း မိသိန်းမြစ်ခမျာ ဘုရားတရင်း ဖွဖွလုပ်ရင်း ချစ်လင်ရဲ့မျက်နှာကို ထကြည့်ရတယ်။ အသက်ရှိမရှိ စမ်းရတယ်။

နဖူးမှာ ချွပ်ရိုးရာကြီးက မနည်းဘူး။

အစာမစားနိုင်တော့ လူက ရက်ပိုင်းအတွင်း ပိန်ချိုင့်သွားတယ်။

"ဒကာမကြီး . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘု . . . ရား . . . အင့် . . . ဟီး . . ."

"မငိုပါနဲ့လေ။ အားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်းဥစ္စာ။ တစ်နေ့ အားလုံး သခါရနောက်လိုက်ရမှာပဲ။ အရေးကြီးတာက ဘဝကူးကောင်းဖို့ပဲ။ အခု ဘုန်းကြီး ရွှေဟောင်းရုပ်ပွားတော်မြတ်ထံမှာ အဓိဋ္ဌာန်ပြုပြီး သောက်တော်ရေစင်ယူခဲ့တယ်။

ဒကာမောင်ထွန်းခြစ်ဟာ တစ်ချိန်တစ်ခါ ရှုးသွပ်နေတုန်းကလည်း ဒီရွှေဘုရား၊ စိန်ဘုရားရဲ့ သောက်တော်ကျကို သူ့ဘာသာခံယူသောက်သုံးပြီး အရူးစိတ်နော်က်ရောဂါ ပျောက်သွားတာကို အံ့ဖွယ်ဘနန်း မြင်ခဲ့ရတယ်။ အခု ဘုန်းကြီး သူ့ဘဝကူးကောင်းအောင် ဘုရားရုပ်ပွားရှေ့မှာပဲ သရဏဂုံနဲ့ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ်ကို ရွတ်မယ်။ ဘုန်းကြီးတို့ အသင့်လုပ်ပါဘုရား"

သည့်နောက် ဆရာတော်က သတိလစ်မေ့မျောနေသည့် လူမမာ ထွန်းခြစ်ရဲ့နဖူးပေါ်မှာ လက်ကိုင်ပဝါအဖြူအုပ်ပြီး ရွှေဘုရားရုပ်တုကိုတင်လို့ ကိုင်ထားတယ်။

"ကိုင်း . . . ဒကာမောင်ထွန်းခြစ်၊ လွင့်မျောနေသည့် သင့်ဝိညာဉ်သည် ဤရုပ်ခန္ဓာရှိရာသို့ ပြန်လာလှည့်လော့။ ယခုအချိန်ကစပြီး သင်သရဏဂုံတည်စေဖို့ ဘုန်းကြီးတို့ သရဏဂုံကို ရွတ်တော့မည်။ ဒကာမောင်ထွန်းခြစ်ရဲ့ ရုပ်နာမ်ဝိညာဉ် နာယူပေရော့။

သည့်နောက် သရဏဂုံကို ရဟန်းများက ပြိုင်တူရွတ်ကြတယ်။

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ"

"ဓမ္မံသရဏံ ဂစ္ဆာမိ"

"သံဃံသရဏံ ဂစ္ဆာမိ"

"ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ"

"ဒုတိယမ္ပိ ဓမ္မံသရဏံ ဂစ္ဆာမိ"

"ဒုတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ"

---





သည့်နောက် နတ်ဒေဝတာများကို ပင့်ဖိတ်ပြီး မေတ္တာသုတ်ကို ရွတ်ဆိုကြတယ်။ လူပရိသတ်များလည်း နာယူကြတယ်။

အရှုးငါးယောက်ကလည်း ငြိမ်သက်စွာ နေကြတယ်။

မေတ္တာသုတ်ပြီးတော့ ပုဗ္ဗဏှသုတ်ကို သံပြိုင်ရွတ်ဆိုကြတယ်။

* ယံ ဒုန္နိမိတ္တံ၊ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသမေန္တု။

* ယံ ဒုန္နိမိတ္တံ၊ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသမေန္တု။

* ယံ ဒုန္နိမိတ္တံ၊ အဝမင်္ဂလဉ္စ၊
ယောစာမနာပေါ သကုဏဿ သဒ္ဒေါ။
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသမေန္တု။

" . . . သောသောပြင်းထန်၊ ဗညဲ့ညံ့နှင့် ဆူသံကျစ်လျစ်၊ မြည်ဟစ်ကျော်ကျော်၊ မတော်နားဝ၊ မခံလှအောင်၊ လင်းတခင်ပုပ်၊ ဒီးဒုတ်ထင်းဂက်၊ နွှောင့်ယှက်အထူး၊ တစ်တီတူး၏ လန့်ဟူးရှုံ့ထိတ်၊ စိတ်မသန့်ရွယ်၊ ကျယ်ကျယ်လောင်လောင်၊ ထက်ခေါင်အိမ်မိုး၊ ဝင်ထိုးညံ့စီ၊ အကြင်ငှက်တို့၏အသံသည်လည်းကောင်း . . .

" . . . ဆိုးဝါးသောသူ၊ ပြောတူကာထေ၊ တစ္ဆေမှုစ်တ၊ ယကြာယက္ခ်ိုက်၊ အတိုက်အမြှုပ်၊ အနုတ်အဖွဲ့၊ အစွဲအလမ်း၊ အကြမ်းအနု၊ မြုပြုသမျှ များစွာအပေါင်း၊ အကြင်မကောင်းသော၊ ပြုဟ်စီးအသား၊ ကံကြမ္မာများသည်လည်းကောင်း . . .

---



www.burmeseclassic.com

www.burmeseclassic.com



" . . . မြွေကင်းသစ်ကျား၊ ကိုယ်စားနှိပ်စက်၊ ခါးချက်လုံ့တံ၊ ကောင်းကင်ပျံက၊ ကောင်းကင်ကျနှင့်၊ မီးပြမီးသင့်၊ နိမ့်မြင့်လူးလာ၊ များစွာသောင်းသောင်း၊ အကြင်မကောင်းသော အိပ်မက်အပေါင်းတို့သည်လည်း ကောင်း . . .

" . . . ဘုရားရှင်၏ များဖျင်ဂုဏ်တော်၊ အာနုဘော်ကြောင့်၊ မြတ်ဘုရား၏ တရားဂုဏ်တော်၊ အာနုဘော်ကြောင့်လည်းကောင်း၊ ဘေးအပေါင်းရန်အသွယ်သွယ် အန္တရာယ်ဟူသမျှ မြူမျှမရောက်၊ မနှောင့်မယှက်၊ ပျောက်ပျက်လွင့်ကင်း၊ အေးမြခြင်းသို့ ရောက်ကြပါစေကုန်သတည်း . . .

ပုဗ္ဗဏှသုတ်ဆုံးရော ဆရာတော်ဘုန်းကြီးက ဘုရားသောက်တော်ရေနဲ့ ထွန်ခြစ်ရဲ့ဆံပင်မျက်နှာများကို ဖျန်းတောက်သပ်ပေးလိုက်တယ်။

ပြီး တစ်ကိုယ်လုံးကိုဖျန်းလို့ ပါးစပ်ကလည်း ဆုတောင်းတယ်။

"အနာရောဂါဝေဒနာတို့ ပျောက်ကင်းချမ်းသာစေသတည်း"

ပြီး ပါးစပ်ကိုဖြဲလို့ သောက်တော်ရေစင်ကို လောင်းချပေးလိုက်တယ်။ ရေ ပါးစပ်ကနေ ပြန်မထွက်ဘူး။ ဘုန်းကြီး နည်းနည်းဝမ်းသာသလိုရှိသွားပေမင့် လူက လုံးဝ မျက်လုံးမဖွင့် မလှုပ်တော့ မျှော်လင့်ချက်က မှေးမှိန်လို့သွားပြန်တယ်။

အေးလေ . . . သတ္တဝါတစ်ခု ကံတစ်ခုပဲဥစ္စာ။

လူ့ဘဝမှာ ဒီရွှေဒီမျှပဲ နေခွင့်ရတဲ့သူ ဒီရွှေဒီမျှပဲနေပေါ့။ အားလုံး သခါရချည်းဥစ္စာ။ ဘယ်အရာမှမမြဲ။ လူရော၊ နတ်ရော၊ ဗြဟ္မာရော မမြဲဘူး။ ဘုရားရှင်လည်း သခါရနောက် ပါရတာပဲဥစ္စာ။

နိဗ္ဗာန်နဲ့ ဝေးနေကြသူတွေ၊

နေရမည့်ရက်များပြီး သေရမည့်တစ်ရက်ကို မေ့နေသူတွေ၊

ကိုယ့်ကိုယ်ကိုယ် ကိုယ်ပိုင်တယ် ထင်နေကြတာ။

အဝိဇ္ဇာပိတ်ကာဆို့ပြီး မိစ္ဆာမြို့ထဲ ခေါင်းမော့လျှောက်နေကြသူတွေ၊ ငါစွဲတွေနဲ့ ရှင်သန်နေကြ၊

အမှန်က အနတ္တ။

စိတ်ကူးသစ်စာပေ



ငါ့ပိုင်လည်းမဟုတ်၊ ငါလည်းမဟုတ်။ ငါ့ကိုယ်ငါမပိုင်။ မပိုင်လို့သာ ဝေဒနာဒုက္ခတွေနဲ့ လုံးရစ်ပတ်နှောင်ဖွဲ့နေတာပေါ့။

ပိုင်ရင် ဖယ်ပစ်ကြမှာပေါ့။

ရှောင်တိမ်းကြမှာပေါ့။ ပုန်းကွယ်နေကြမှာပေါ့။

မပိုင်လို့ လောကဓံရဲ့ အနိုင်ကျင့်ခံနေရသည့်ဘဝမှာ ဘုန်းကြီးဦးရက္ခိတ ရသမျှအချိန်လေး မသိန်းမြစ်ကိုတရားပြပြီး နိဂုံးအချုပ်မှာ . .

"အရှင်ဘုရား . . . "

"ဟဲ့ . . . ဘယ်သူတုံး"

"တပည့်တော်တို့ပါဘုရား"

အသံလာရာ လှမ်းကြည့်လိုက်တော့ ကြမ်းခံပြင်အောက်ဆင့်မှာ ထိုင်နေသည့် အရူးငါးယောက်။ အဝတ်အစားတွေကလည်း ဖြုတ်စဖျင်းတောင်းနဲ့။ အချို့က မုတ်ဆိတ်တွေ၊ ပါးမြိုင်းမွေးနဲ့။

တစ်ယောက်က မင်းသားခေါင်းပေါင်းနဲ့။

တစ်ယောက်ကလည်း ဆရာဝန်။ နားကြပ်လည်ပင်းမှာချိတ်ပြီး ဆရာဝန်ဂျူတီကုတ်အဖြူနဲ့။

တစ်ယောက်ကလည်း ဂါဝန်ဝတ် ပလပ်စတစ်မိန်းမရုပ်ကို ဖက်ဖက်နမ်းလို့။

အရူးတစ်ယောက်က ကျောက်စရစ်လုံးတွေကို လက်ဝါးထဲဖြန့်ပြပြီး သိန်းစကား သန်းစကားပြောတုန်း . . .

"ဟဲ့ . . . နင်တို့ မပြန်ကြသေးဘူးလားဟဲ့"

"တပည့်တော်တို့ စောင့်နေတာ ကြာပြီဘုရား"

"ဘယ်သူ့ကို စောင့်နေတာတုံး"

"ကိုထွန်ခြစ်ကိုပါ ဘုရား"

"ဟေ . . . "

အရူးငါးယောက်က မေ့မြောနေသည့် ထွန်ခြစ်ကို စောင့်နေသည်လို့ပြောလို့ အနီးရှိလူကောင်းတွေ အံ့သြကြရ၊ လန့်ကြရပါရော။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်တွေ ..."

"ဘုရား ..."

"နင်တို့က အရူးလား၊ အကောင်းလားဟဲ့"

"ရူးတစ်လှည့်၊ ကောင်းတစ်လှည့်ပါဘုရား"

"ဗုဒ္ဓေါ ...။ နင်တို့ လူလား၊ တစ္ဆေလား မှန်မှန်ပြော"

"လူအစစ်ပါဘုရား"

"နင်တို့ ဘာလို့ သူ့ကိုစောင့်နေတာတုံး"

"သူလို အရူးရောဂါပျောက်ချင်လို့ပါဘုရား"

"ဟဲ့ ... ငါက အရူးကုဆေးဆရာ မဟုတ်ဘူးဟဲ့။ ငါက သာသနာပြုဖို့ ကြိုးစားနေတဲ့သံဃာ"

"အရှင်ဘုရား ..."

"ဘာတုံး"

"ကိုထွန်းခြစ်က ပြောသွားဖူးပါတယ်ဘုရား"

"ဘယ်လိုပြောသွားတုံး"

"ငါလို အရူးရောဂါပျောက်ချင်ရင် ပေါ်တော်မူစိန်ဘုရား ရွှေဘုရားရဲ့ သောက်တော်ရေကျူကို သောက်တဲ့။ ဒါကြောင့် အဲဒီသောက်တော်ရေကျူကိုသောက်ဖို့ စောင့်နေရတာလည်း ကြာပါပြီဘုရား"

"ဟော ..."

"အခု သောက်ပါရစေဘုရား"

"ဟ ... ဒီလိုလား"

"မှန်ပါဘုရား"

"ကိုင်း ... ကိုင်း ... ဒါဆို ရေ့တိုးကြဟဲ့ ... ရေ့တိုးကြ။ ဒီမှာ ပေါ်တော်မူဘုရား သောက်တော်ရေစွန့် ရေကျန် ရှိသေးသဟ။ ကိုင်း ... သောက်ကြ၊ သောက်ကြ"

ဘုန်းကြီးက မောင်းတောင်ချိုင့်ထဲက လက်ကျန်ပေါ်တော်မူရုပ်ပွားစွန့်တော်ရေ သောက်တော်ရေကို တစ်ခွက်စီ ခပ်တိုက်ရော ...

---

စိတ်ကူးသစ်စာပေ



အရူးငါးယောက်ဟာ ဝမ်းသာအားရ ထယူသောက်ပြီး အဲဒ်ရှေ့မှာ ကကြခုန်ကြပါရော။ တားလို့မရ၊ ပြောလို့မရပါပဲ။

နောက်ဆုံး ပြောနေမေ့နေသည့် လူမမာကို ထိခိုက်မှာစိုးလို့ မနည်းပြောဆိုကြမှ လမ်းမထွက် အော်ဟစ်ခုန်ပေါက် ကကြ၊ ပါးစပ်ကလည်း စောစောတုန်းက တဘောင်သီချင်းများကို အော်ဟစ်ဆိုပြီးနောက် ကျိုက်ဒေးဝဘုရားကုန်းရှိရာ တောင်နှစ်လုံးလမ်းကြားအတိုင်း ဟိုးကုန်းဘုရားပေါ်ကို အပြေးတက်သွားကြတာကို လူအချို့က မြင်လိုက်ကြရလေရဲ့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၃၆ |

# နီမှာန်မိုးမျှော်

❑

ဒီနေ့ ဥပုသ်ပိတ်ပွဲနဲ့ ထီးတော်တင်လှူပွဲနေ့လေ။

စေတီရဲ့ဝန်းကျင်မှာ ဘုရားဖူးကုသိုလ်ရှင်တွေ ပျားပန်းခတ်လှုပ်ရှားနေကြတယ်။

အိုးစည်ဗုံမောင်းသံတွေကလည်း စည်စည်ဝေလို့။

မင်္ဂလာစည်တော်အဖွဲ့ကလည်း သုတိသံသာသီချင်းများ သီဆိုပြီး စည်တော်ကြီးကို တီးပြီးကလို့။

သာသနာ့အလံများကလည်း စေတီအဝင်လမ်းတောက်လျှောက် တလူလူလွင့်ပျံလို့။

သည့်နောက် သံဃာတော်အရှင်သူမြတ်များနဲ့အတူ ရပ်လူကြီး၊ ရွာလူကြီး၊ မြို့လူကြီးများ၊ ရပ်မိရပ်ဖများ၊ ကျောက်မျက်ရတနာ အလှူရှင်များကလည်း စေတီဝန်းကျင်မှာ နေရာယူလိုက်ကြတယ်။





ဂေါပကလူကြီးများက ရတနာဗန်းကိုင်ထားကြတယ်။

တစ်ယောက်က ဥပုသ်မည့်အလှူရှင်နှင့် အလှူပစ္စည်းစာရင်းကို ဖတ်ပြတယ်။

"ဦးရွှေကို၊ ဒေါ်ယဉ်လှ ... သုံးမူးသား ရွှေလက်စွပ်တစ်ကွင်း"

အဲဒီလက်စွပ်ကို ဥပုသ်တိုက်ရှိရာ လှမ်းပေးလိုက်တယ်။ တာဝန်ရှိသူများက အများရှေ့မှောက်မှာ ဥပုသ်ကြတယ်။

"ဦးတင်ထွန်း၊ ဒေါ်စကီနာ တစ်မတ်သားဆွဲကြိုးတစ်ကုံး"

"သာဓု ... သာဓု ... သာဓု ..."

အများရှေ့မှာ ဥပုသ်ထည့်ပြလိုက်တယ်။

အားလုံးက သာဓုခေါ်ကြတယ်။

"ဦးသိန်းဝင်း၊ ဒေါ်ခါးပိန် (လှိုင်) မဟူရာကျောက်တစ်လုံး"

"သာဓု ... သာဓု ... သာဓု ..."

"ဦးဝင်းနိုင်၊ ဒေါ်ပြားကြီး (ရွှေပြည်သာ) ငါးမူးသား ရွှေကြိုးတစ်ကုံး"

"သာဓု ... သာဓု ... သာဓု ..."

"ဦးကျော်ဦး၊ ဒေါ်မည်းတူ (လပွတ္တာ) မဟူရာကျောက်တစ်လုံး"

"သာဓု ... သာဓု ... သာဓု ..."

ဒီလိုနဲ့ ရွှေငွေကျောက်သံ၊ ဘုရားဆင်းတု၊ ရွှေပြားအင်း၊ ငွေပြားအင်း၊ ဓာတ်တော် စသည်များကို တစ်ခုပြီးတစ်ခု ဥပုသ်လိုက်ကြ၊ ကြွရောက်ကြည်ညို ဖူးမြော်ကြသူများက လက်အုပ်ချီပြီး သံပြိုင်သာဓုခေါ်လိုက်ကြ။

အားရစရာ၊ ကြည်ညိုစရာပါပဲ။

မင်္ဂလာစည်တော်ကလည်း တိုးတိုးငြိမ့်ငြိမ့် ဖော့ဖော့လေးတီးလို့။

"နောက်ဆုံးဥပုသ်မည့် ပစ္စည်းကတော့ ဆရာတော် အရှင်ရက္ခိတတို့ အိပ်မက်အရ ကြိုးစားပမ်းစား ရှာဖွေတွေ့ရှိခဲ့တဲ့ ရှေးဟောင်းရွှေသား ငါးထပ်ကြီး စိန်ဘုရား မြဘုရား ပတ္တမြားဘုရား ရုပ်တုတော်ငါးပါးခင်များ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... ဒီရွှေသားငါးထပ် ရုပ်ပွားတော်မြတ်ကြီးရဲ့ မူလကောင်းမှုကုသိုလ်ရှင်က မင်းတုန်းမင်းနဲ့ သီပေါမင်းလက်ထက်တော်တုန်းက ဒဂုံ (ခေါ်) ရန်ကုန်မြို့မှာနေထိုင်ကြသည့် သူဌေးမကြီးများဖြစ်သော မရွှေဂုဏ်၊ မရွှေအုံ၊ မရွှေသုန်၊ မရွှေမှုန်၊ မရွှေစုံတို့ ညီအစ်မငါးဦးရဲ့ ကောင်းမှုတော်ပဲဖြစ်ပါတယ်။

အရိမေတ္တေယျဘုရားရှင်ကို ရည်စူးပြီး ကျိုက်ဒေးဝတောစပ်၊ ကျိုက်ဒေးဝဘုရားစေတီအနီး တည်ခဲ့ပါသော်လည်း နှစ်ပေါင်းရာကျော်လို့ ခေတ်အမျိုးမျိုးပြောင်းခဲ့ပြီး တောကြီးမျက်မည်း စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးပျောက်ဆုံးခဲ့တာ ခုမှ ဆရာတော်ဦးရက္ခိတနဲ့ တပည့်တပန်းများရဲ့ ကြိုးစားရှာဖွေမှုကြောင့် ကျွန်တော်တို့အားလုံး ပြန်လည်ဖူးမြင်ရပါပြီ။

ဒါကြောင့် ကွယ်လွန်သူကုသိုလ်ရှင် ဒေါ်ရွှေဂုဏ်တို့ ညီအစ်မငါးဦးကိုရည်စူးပြီး ယနေ့ ခုနစ်နေ့သားသမီးများက နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင်ကို ရည်စူး၍ သာသနာပြုပါသည်။ စေတီတည်ပါသည်။ ဌာပနာသွင်းပါသည်။ အားလုံး ကြားကြားသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့ ... အမျှ ... အမျှ ... အမျှ ... အားလုံး သာဓုခေါ်ဆိုကြပါကုန်။

"သာဓု ... သာဓု ... သာဓု ..."

ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ရွှေဆင်းတုကို ဌာပနာသွင်းပြီး အများရှေ့မှာ ဌာပနာအင်္ဂါတေနဲ့ လုံခြုံစွာ ဌာပနာပိတ်လိုက်ကြတယ်။

ဒီအချိန်မှာ မင်္ဂလာစည်တော်က အောင်ပါစေသီချင်းကို မြိုင်မြိုင်တီးခတ်လို့ ပူဇော်ကြတယ်။

လူပရိသတ်၊ ရဟန်းပရိသတ်၊ ရှင်ပရိတ်သတ်တို့ရဲ့ သာဓုသံမြိုင်ခေါ်သံကလည်း မိုးလုံးပြိမ့်ပြိမ့်မည်ပါရော။

သည့်နောက် မင်္ဂလာအချိန်ရောက်ကြောင်း အောင်မောင်းတီးသံကြားရသည်နှင့် ပန်းရထားနဲ့ စေတီထီးတော်ကို ကပ်လှူကြတယ်။

ပန်းရထားနဲ့ စက်သီးကြိုးကို ရဟန်းပရိသတ်က ရှေ့ဆုံးကကိုင်ပြီး ကိုရင်ပရိသတ်၊ ပြီး သီလရှင်ပရိသတ်၊ ပြီး ယောဂီပရိသတ်၊ သည့်





နောက် နတ်ဗြဟ္မာအလှဆင်ပရိသတ်၊ သူတို့နောက်ကနေမှ လူပရိသတ်က ကြိုးကိုင်ပြီး ဆွဲကြမှာဖြစ်တယ်။

ဒုတိယမင်္ဂလာမောင်းကို တီးချိန်မှာပဲ လက်ပြပြီး ခပ်သုတ်သုတ်လှမ်းအော်တဲ့ ရဟန်း (၆)ပါးကို မြင်လိုက်ကြလို့ ကြိုးဆွဲတာကို ခဏရပ်လိုက်ပြီး သူတို့ရောက်လာတာကို စောင့်လိုက်ရတယ်။

ထိုရဟန်းသစ် (၆)ပါး အနီးရောက်ရော အားလုံး အံ့သြကြရပါရောဗျာ။

"ဟ ... ဟ ... အဲဒါ ..."

"ဟာ ... ဒါ ... ဒါ ... ဟို ... အရှူးငါးယောက်မဟုတ်လား"

"ဟုတ်တယ်ဟေ့ ... ဘုရားရေ ... မရူးတော့ဘူးဟ"

"ဟာ ... အံ့သြစရာကွာ"

"အဲဒါ ဟိုရှေးဟောင်း ရွှေဘုရားရုပ်တုရဲ့ သောက်တော်ရေစွန့်သောက်ပြီး နောက် ကောင်းသွားတာဗျ"

"ဟင် ... ဟုတ်လား"

ဒီမှာပဲ ညာလက်တစ်ဖက်မရှိတဲ့ ရဟန်းတစ်ပါးကိုမြင်ရပြီး ဘုန်းကြီးတို့၊ ကပ္ပိယကြီးတို့ အံ့သြရ၊ ဝမ်းသာရဖြစ်ပြန်ပါရော။

"အဲဒါ ကိုကြောင်နက်ကြီးမဟုတ်လားဟေ့ ... ဟင်"

"ဟုတ်တယ်ဟ ... ကြောင်နက်ကြီးဟ"

"ထူးဆန်းလိုက်တာကွာ"

"ရွှေဘုရားရုပ်တုက တန်ခိုးတယ်ကြီးပဲနော်"

"သူတို့ (၆)ဦးဘဝ ဝိမုတ္တိဖြစ်ပြီပေါ့ကွာ"

"ကိုယ်တော်တို့ ... ဒီနောက်ကို ... ကြွ ... ကြွ ..."

ဟိုနေ့များတုန်းက စိတ်နောက်နေတဲ့ အရူးငါးဦး။ အခု သူတို့ စိတ်မှန်လူမှန် ရဟန်းငါးပါးဖြစ်သွားကြပါပြီ။ အားလုံး လက်ပြတ်ကိုယ်တော်နဲ့ (၆) ပါး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဝမ်းသာအားရရောက်လာပြီး ရဟန်းကြီးများက သူတို့နောက်မှာ နေရာပေးလိုက်တယ်။

ရဟန်းသစ် (၆)ပါးက ထီးတော်တင်ကြိုးကို မြဲမြဲစွာ ဆုပ်ကိုင်လိုက်တယ်။

ဒီအချိန်မှာပဲ ...

"နေကြပါဦးတော့"

"ခဏလေး ရပ်ထားပေးပါဦး"

"ကျွန်မတို့ကို စောင့်ကြပါဦးတော်"

ခပ်လှမ်းလှမ်းက အသံကုန်ဟစ်သံကြားကြလို့ ထီးတော်တင်ကြိုး ဆွဲမည့်ပရိသတ်မှာ အသံလာရာကို ပြိုင်တူ လှည့်ကြည့်ရပြန်ရော။

ဒီမှာ မိန်းမရွယ်တစ်ယောက်က လူရွယ်တစ်ယောက်ကို ဖေးပြီး ထီးတော်တင်ရာကို တရွေ့ရွေ့လာနေတာ မြင်ရတယ်။

"ဟဲ့ ... အဲဒါ ဘယ်သူတုံးဟဲ့"

"မြင်ဖူးသလိုလိုပဲဟေ့"

"အလို ... ဒါ ... ဒါ ..."

"ဟဲ့ ... ဟဲ့ ... အဲဒါ အကြော်သည်သူဌေးမ မသိန်းမြစ်ဟဲ့"

"ဟုတ်တယ်ဟေ့ ... အလို ... ဟိုလူကရော"

"ဟာ ... အဲဒါ မသိန်းမြစ်ယောကျ်ား ကိုထွန်းခြစ်ကြီးဟ"

"ဟော ... ဒါနဲ့ ထွန်းခြစ်သေပြီဆို"

"မသေလို့ လာနေတာပေါ့ဗျ။ ဟိုမှာ မမြင်ဖူးလား"

"သိန်းမြစ် ..."

"ရှင် ..."

"ထွန်းခြစ် ..."

"ဗျာ ..."

အို ... အပေါင်းအသင်းလေးတွေ ထွန်းခြစ်သေမလိုကနေ ပြန်





ရှင်လာတာကိုမြင်ရရော ဝမ်းသာအားရ ပြေးကြိုကြပါရော။ ပွေ့ဖက်ကြ တွဲခေါ်ကြရော။

"မင်း ... မင်း ... မသေဘူးနော်"

"ဟုတ် ... ကဲ့ ... မသေဘူး။ ထီးတော်တင်ချင်လို့ ကြိုးဆွဲမျှ ဖော်ချင်လို့ ရောက်အောင်လာခဲ့တာကွာ"

"ဟာ ... ဝမ်းသာလိုက်တာ ... သူငယ်ချင်းရာ။ မင်း တယ် ကံကောင်းတဲ့ကောင်ပါလားကွာ"

ဒီမှာ အသံချဲ့စက်ကနေ ဆော်ဩသံကြားရတယ်။

"သူတော်ကောင်း ရဟန်းရှင်လူ၊ နတ်ဗြဟ္မာအပေါင်းတို့ ရွှေထီး တော်တင်လှူရန် အချိန်ကျရောက်ပါသဖြင့် မင်္ဂလာစည်တော်နှင့်အတူ ရွှေ ထီးတော်တင်ရထားကြိုးကို စတင်၍ ဆွဲတင်တော်မူကြပါခင်ဗျား"

အဲဒီအချိန်မှာပဲ မင်္ဂလာစည်တော်ကြီးက မင်္ဂလာစည်တော်တီးသံ ဟာ ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာတယ်။

ဒါနှင့်အတူပါပဲ ...

ပန်းရထားကြိုးကို ရဟန်းရှင်လူ၊ နတ်ဗြဟ္မာပရိသတ်များက ဖြည်း ဖြည်းချင်း စည်တော်သံအလိုက်နဲ့ ဆွဲတင်လိုက်ကြတာ စိန်ရောင်ရွှေရောင် တောက်နေသည့် ပန်းရထားဟာ ရွှေထီးတော်ကို သယ်ထမ်းပြီး ဟိုးကောင်း ကင်ကို တရွေ့ရွေ့တက်နေတယ်။

ထွန်းခြစ်ဟာ ကြိုးကို အားရပါးရဆုပ်ပြီး မော့လို့ဆွဲလိုက်တယ်။

မသိန်းမြစ်ကလည်း ချစ်လင်ရဲ့မျက်နှာကို ပြုံးပြုံးကြီးကြည့်ပြီး ရွှေကြိုးကို ပြိုင်တူဆွဲလိုက်တယ်။

မင်္ဂလာစည်တော်ကြီးရဲ့ မင်္ဂလာစည်သံက ကျက်သရေမင်္ဂလာ အပေါင်းအစုံအလင်နဲ့ သာသနာ့နယ်တစ်ခွင်မှာ စည်လွှင်နေတယ်။

နိဗ္ဗာန်ကိုမျှော်မှန်းကြတဲ့ ဗုဒ္ဓဘာသာအနွယ်ဝင်တို့ရဲ့ အားမာန် အပြုံးများကလည်း စည်တော်သံနဲ့ ဖူးပွင့်ဝေဆာနေတယ်။

အပြုံးသစ် ...



www.burmeseclassic.com

www.burmeseclassic.com



အားမာန် ...

ယုံကြည်မှု ...

ကိုးကွယ်အားထားခြင်း ...

ဖြူစင်သန့်ရှင်းခြင်း ...

ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံခြင်း စသည်ထုံမွှမ်းနေသည့် မင်္ဂလာမနက်ဟာ ...

အဝီစိငရဲကို နောက်ကျောခိုင်းပြီး ...

နတ်ပြည် (၆)ထပ်၊

ဗြဟ္မာဘုံ (၂၀)၊

နိဗ္ဗာန်မဂ်ဖိုလ်ကို ရှေးရှုလို့ သန့်ရှင်းစင်ကြယ်သော မနုသီနဲ့ တစ်လှမ်းချင်း ရွေ့လျားနေကြတယ်။

ဝိမုတ္တိလမ်းဆိုတာ ...

ခုန်ကျော်လှမ်းလို့ မရဘူး။

ရတနာမြတ်သုံးပါးကို ယုံကြည်ကိုးကွယ်ခြင်းနဲ့အတူ တရွေ့ရွေ့လှမ်းမှ မြတ်စခန်းက ပန်းရနံ့မွှေးမွှေး သပြေနု ငွေခရုသံ ချိုတအေးအေးနဲ့ ကြိုနေမှာ အမှန်ပါပဲလေ။

မောင်ညိုမှိုင်း(သန်လျင်)

BURMESE CLASSIC .com

www.burmeseclassic.com